www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃-ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀၊
တန်ဖိုး-၁၀၀ဝိ/-

ထုတ်ဝေသူ
ဒေါ်ခင်မာချို(ပန်းဝေဝေစာပေ)၊
အမှတ် (၃၆၀) ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဒေါ်အေးအေးကြူ (၀၅၆၄၄)၊
မိုးဝင်းပုံနှိပ်တိုက်၊ အမှတ် ၂၂၊ သိမ်ကြီးလမ်း၊
ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးကျင်ရင် (မြ-၀၅၄၁၇)၊
ရွှေခြသေ့ပုံနှိပ်တိုက်၊
အမှတ် ၂၀၈၊ ၃၁-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။

၈၉၅.၈၃
တြိသင်
နဝမမြောက် ကျောက်ပြဒါးလမ်း/ တြိသင် ရန်ကုန်
ဝဏ္ဏထွန်းစာပေ၊ ၂၀၁၃
(၂၆၀) စာ၊ ၁၂.၅ x ၁၈.၃ စင်တီ
နဝမမြောက် ကျောက်ပြဒါးလမ်း

ဝဏ္ဏထွန်းစာပေ
အမှတ် ၉၀(ဘီ)၊ ၅-လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။



www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com

# ဒေသနလက်ဆောင်

ချစ်သူနှစ်ယောက်အတွက်ပဲဖြစ်ဖြစ်
အနုပညာဖန်တီးမှုတစ်ခုခုပဲဖြစ်ဖြစ်
မြတ်နိုးမှုမပါရင်
မလှပါဘူး။
မြတ်နိုးခြင်းနဲ့တန်ဆာဆင်မှ
အရာအားလုံးလှပလာစေနိုင်ပါတယ်။

ချစ်ခြင်းမေတ္တာစိတ်ဟာ
ထိန်းသိမ်းပေးတတ်ရင်
သူက ကြင်နာမှုပေးတတ်ပါတယ်
ထိန်းသိမ်းမှုမရှိရင်တော့
နာကျင်မှုတွေပေးလေ့ရှိပါတယ်။

ရေရှည်သဘာဝက
မြင့်ရာကနိမ့်ရာကိုဆင်းရတယ်
လူတစ်ယောက်ရဲ့ဓလေ့အမိပ္ပာယ်ဆိုတာ
နိမ့်ရာကမြင့်ရာရောက်အောင်
ကြိုးစားမှုပြုကြရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## ဤဝတ္ထုတွင်ပါဝင်သောအခန်းများ


အခန်း( ၁ ) တံတားပေါ်မှဝီညာဉ်တစ္ဆေများ

အခန်း( ၂ ) ချွေးတပ်စခန်းမှဖုတ်ဝင်နေသောအလောင်း

အခန်း( ၃ ) ခေါင်းဖြတ်တံတားမှသန်းကြွယ်မှုများ

အခန်း( ၄ ) ချွေးတပ်စခန်းရောက်လာသောဆာဒူး

အခန်း( ၅ ) ထူးဆန်းသောမှော်ဝင်မြွေပတ်

အခန်း( ၆ ) မှော်ရုံတောမှမာယာကွန်ယက်

အခန်း( ၇ ) ကျတ်လောကသားတို့မှာယာဝက်ပါ

အခန်း( ၈ ) ဒုတိယမြောက်ကျတ်ကုန်းတံတား

အခန်း( ၉ ) ရေတွင်းမှလွတ်မြောက်ခွင့်ရခြင်း

အခန်း( ၁၀ ) ထူးဆန်းသောကာဒူးဆီးယပ်(စ)

အခန်း( ၁၁ ) လီဒိုလမ်းပေါ်မှအန္တရာယ်

အခန်း( ၁၂ ) နာဂရွာမှစိတ်ဝင်စားဖွယ်ရာဇာတ်လမ်း

အခန်း( ၁၃ ) အင်ဖာရွှေမြို့တော်သဲလွန်စ

အခန်း( ၁၄ ) အမှောင်ရိပ်ထဲမှအန္တရာယ်

အခန်း( ၁၅ ) ပျောက်ကွယ်နေသောရွှေမြို့တော်

အခန်း( ၁၆ ) နဝမမြောက်မရဏာတံတား

အခန်း( ၁၇ ) နှလုံးသားချင်းဆက်တွဲလက်မကွာ


BURMESE CLASSIC .com

## ဒဿနလက်ဆောင်

စိတ်ကူးကောင်းတစ်ခုရပေမယ့်
"ဖြစ်မယ်မထင်ဘူး"
စိတ်ကဝင်ဖျက်တတ်ပါတယ်။
ထိုထက်ပိုသိုးခြင်းက
ထိုစိတ်ကူးကို
စတင်အကောင်အထည်မဖော်မိခြင်း
ဖြစ်သည်။

တစ်ယောက်နဲ့တစ်ယောက်
စိတ်ကူးချင်းတူသော်လည်း
အကောင်အထည်ဖော်မှုချင်းမတူပါဘူး။
ဒါကြောင့် ရရှိတဲ့အကျိုးရလာဘ်ခြင်းလည်း
မတူညီနိုင်တော့ပါဘူး။

အလုပ်တစ်ခုကိုစတင်ကြိုးစားစဉ်မှာတော့
အတားအဆီးအနှောင့်အယှက်တွေနဲ့
မလွဲမသွေတွေ့ရမှာပါပဲ။
အဲဒါတွေဟာ
မိမိအရည်အချင်းထက်မြက်ဖို့
ဓားသွေးကျောက်တုံးတွေလိုပဲသဘောထားပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ဒသယနုလက်ဆောင်

အခွင့်အရေးကောင်းတစ်ခုဆိုတာ
လက်ထဲရောက်လာပြီးမှ
မသုံးတတ်ရင်
လေကိုဖမ်းရခက်သလို
ချက်ချင်းပြန်ထွက်သွားတတ်ပါတယ်။

ချစ်ခြင်းမေတ္တာဆိုတာ
အတိုင်းအတာမရှိပါဘူး။
အသုံးပြုတဲ့သူပေါ်မှာမူတည်ပြီး
ခံစားမှုနဲ့ စွမ်းအားထက်မြက်မှု
ကွာခြားသွားနိုင်ပါတယ်။

နှလုံးသားထဲက
စိမ့်ထွက်လာတဲ့စကားတစ်လုံးဟာ
အခြားသူတစ်ယောက်ရဲ့နှလုံးသားထဲကို
စိမ့်ဝင်သွားဖို့မခက်ခဲလှပါဘူး။

BURMESE CLASSIC .com

## အခန်း(၁)

## တံတားပေါ်မှဝိညာဉ်တစ္ဆေများ

ကမ္ဘာပေါ် မှာရော မြန်မာနိုင်ငံမှာပါ တစ်နေရာနှင့်တစ်နေရာ ကူးသန်းသွားလာရန်အတွက် တံတားအမျိုးမျိုးတို့တည်ဆောက်အသုံးပြုခဲ့ကြရသည်။

တံတားနှင့်ပတ်သက်ပြီး အသုံးပြုသူတို့စိတ်ထဲမှာ အသိအမှတ်ပြုသည်ဖြစ်စေ မပြုသည်ဖြစ်စေ အလျဉ်းသင့်သောအခါတွင် မလွှဲမရှောင်သာ အသုံးပြုကြရပေသည်။

အသုံးပြုပြီးလျှင်တော့ မေ့ချင်မေ့သွားတတ်ကြလေသည်။

သို့သော် တစ်ကြိမ်ရောက်ဖူးပြီးလျှင် ဒါမှမဟုတ် တစ်ကြိမ်အသုံးပြုခဲ့ပြီးနောက်တွင် စိတ်ထဲတွင် မေ့ပျောက်မသွားပဲ



www.burmeseclassic.com

www.burmeseclassic.com



အမှတ်တရရှိနေစေသော ရှိနေတတ်သောတံတားအမြောက်အများ ရှိနေခဲ့ကြသည်။

၎င်းတံတားတို့မှာ ကမ္ဘာ့နေရာအနှံ့အပြား၌ တည်ရှိနေကြလေသည်။

အချို့တံတားကြီးများမှာ နာမည်ကျော်ကြား လူသိများသဖြင့် မမေ့နိုင်ကြခြင်းဖြစ်သည်။

ဥပမာ နိုင်းမြစ်ပေါ်မှ ဖြတ်ဆောက်ထားသော ကြိုးတံတားမျိုးမှာ ထိုကြိုးတံတားပေါ်သို့ တစ်ကြိမ်ရောက်ခဲ့ဖူးပါက မမေ့နိုင်စရာ တံတားမျိုးဖြစ်သည်။

'တံတား'ဟူသော ဝေါဟာရမှာ ကူးသန်းခြင်း၊ ဖြတ်သန်းသွားလာခြင်းဟု အဓိပ္ပာယ်ရှိလေရာ ထိုအဓိပ္ပာယ်နှင့်ပတ်သက်သောတံတားတိုကလေးများမှ မျက်စိတဆုံးရှည်လျားပြီး ကြီးကျယ်ခမ်းနားလှသောတံတားရှည်ကြီးများအထိ အကျုံးဝင်လေသည်။

ကမ္ဘာ့နေရာအနှံ့အပြားတွင် မရေမတွက်နိုင်အောင် များပြားလှစွာရှိသောတံတားပေါင်းမြောက်များစွာတို့တွင် အချို့တံတားများမှာ ထူးခြားဆန်းကြယ်မှုများဖြင့် ပြည့်နေတတ်သည်။

ထိုအထဲတွင် တစ္ဆေသရဲခြောက်လှန့်မှုကြမ်းသောတံတားများလည်း ရှိကြသည်။

တံတားများနှင့်ပတ်သက်ပြီး ထူးခြားဆန်းကြယ်မှုများကို တစိုက်မတ်မတ်လေ့လာခဲ့သူ ဂျွိုင်းမေနာ(Joy Maner)သည် အမေရိကန်ပြည်ထောင်စု(U.S.A)တွင် တစ္ဆေခြောက်သည်ဟု





နာမည်ကြီးသောတံတားအချို့ကို လေ့လာခဲ့သည်။

ထိုသို့လေ့လာသောအခါ ထူးခြားဆန်းကြယ်လှသော တံတားအချို့ကိုတွေ့ရပြီး မှတ်တမ်းတင်ထားခဲ့လေသည်။

အမှတ်(၁) အနေဖြင့် ဖော်ပြထားသောတံတားမှာ ၁၈၄၄ ခုနှစ်တွင် တည်ဆောက်ခဲ့သော အယ်မလီတံတား (Emily's Bridge) ပင်ဖြစ်သည်။

အချို့ကတော့ အယ်မလီတံတားဟု မခေါ်ကြဘဲ ရွှေချောင်းငယ်တံတား (Gold Brook Bridge) ဟု အခေါ်များကြသည်။

အယ်မလီဟူသောအမည်မှာ အမျိုးသမီးတစ်ယောက်၏အမည်ဖြစ်ပြီး ထိုအမျိုးသမီး၏အမည်ကိုအစွဲပြုပြီး တံတားအမည်ကိုပေးထားခဲ့ခြင်းဖြစ်၏။

အယ်မလီဆိုသောအမျိုးသမီးမှာ ချစ်သူနှင့်ကွေကွင်းခဲ့ရပြီးနောက်တွင် ထိုတံတားဘောင်ပေါ်မှာ ကြိုးဆွဲချပြီး သေဆုံးသွားခဲ့သည်။

အယ်မလီသည် လူကသေသွားခဲ့သော်လည်း ၎င်း၏ဝိညာဉ်က ထိုတံတားပေါ်မှာပင်ရှိနေလေသည်။

အချိန်မတော် ထိုတံတားပေါ်မှဖြတ်သွားမိလျှင်တော့ စူးစူးဝါးဝါးအော်သံများ ကြားရတတ်သည်။

တံတားပေါ်မှာ ခေါက်တုံ့ခေါက်ပြန်သွားလာနေသောဝိညာဉ်ပုံရိပ်များကို တွေ့ရတတ်သည်။

အချို့လည်း တစ်ကိုယ်လုံး အဝတ်ဖြူများဝတ်ထားပြီး



www.burmeseclassic.com

www.burmeseclassic.com



တံတားဘောင်၌ ကြိုးတန်းလန်းဖြင့် သေဆုံးနေသည့်အမျိုးသမီး တစ်ယောက်အလောင်းကို တွေ့မြင်ကြရသည်။

အဝတ်စများက လေထဲမှ တလူလူလွင့်နေပြီး ကြိုးတန်းလန်းဖြင့် ဟိုယမ်းဒီယမ်းဖြစ်နေသောအလောင်းကိုတွေ့မြင်ရသူတို့မှာ စိတ်မချမ်းမသာဖြစ်ခြင်းကိုပင် သတိမရနိုင်လောက်အောင် ချောက်ချားဖွယ်ရာဖြစ်ကြရသည်။

အမှတ်(၂) ဖော်ပြပေးလိုသောတံတားမှာ အိုဟိုင်အို (Ohio)ရှိ ဘရူဘေကာတံတား(Brubaker Bridge)ပင် ဖြစ်သည်။

၁၉၃၀ ခုနှစ်လောက်က ထိုတံတားပေါ်မှာကြောက်မ ရာကောင်းသော မော်တော်ကားတိုက်မှုတစ်ခု ဖြစ်ခဲ့သည်။

ကားတိုက်မှုကြောင့် အနီးဝန်းကျင်မှ လယ်သမားများ သွားရောက်ကြည့်သောအခါ သေဆုံးနေသော အလောင်း(၁၂) လောင်းကို တွေ့ကြရသည်။

နောက်ပိုင်း လေ့လာစစ်ဆေးသောအခါ သေဆုံးသူမှာ ၁၂ ဦးမဟုတ်ပဲ ၁၃ ဦးဖြစ်နေသည်။ သို့သော်လည်း အလောင်းတစ်လောင်းကိုတော့ လယ်သမားများက မတွေ့မိခဲ့ကြပေ။

၁၉၃၀ ခုလောက်က အမေရိကန်(United States)တွင် ခရီးသည် ၁၃ ဦးတင်ဆောင်ထွက်သွားသော ကားသုံးစင်းရှိပြီး တစ်စင်းမှာ ပျောက်စီးသွားခဲ့လေသည်။

ဘရူဘေကာတံတားပေါ်မှာတော့ ညအချိန်ကားမောင်းနေသော တစ္ဆေကိုသော်လည်းကောင်း၊ အချိန်မတော်ကားဖြတ်





မောင်းလာသူတို့အား နောက်ယှက်လေ့ရှိသောတစ္ဆေနှင့်တော့ သွားသူတိုင်း တွေ့ကြုံကြရပေသည်။

အမှတ်(၃)အဖြစ် ဖော်ပြထားသောတံတားမှာ နော်ဖော့(လ) (ခ)(Norfolk)ရှိ အက်ဆလီတံတား(Acle Bridge)ပင် ဖြစ်၏။

ဂျွန်ဘာ့(ဂျ) (စ) (John Burges)ဆိုသူသည် သူ့ဇနီးဖြစ်သူအား တံတားပေါ်မှာ ရက်ရက်စက်စက်သတ်ဖြတ်ဖြစ်ခဲ့သည်။

သေသွားသော အမျိုးသမီး၏အစ်ကိုဖြစ်သူက ဂျွန်ဘာ့(ဂျ) (စ)ကို မကျေနပ်သဖြင့် လက်စားချေရန် အခွင့်ကောင်းစောင့်နေပြီး အခွင့်သာသောအခါ ထိုတံတားပေါ်မှာပင် သတ်ဖြတ်ပစ်ခဲ့သည်။

ထိုသို့သတ်ခဲ့ပြီး သူကတော့ အခြားတစ်နယ်တစ်ကျေးသို့ ရှောင်ပြေးသွားလေသည်။

ဂျွန်ဘာ့(ဂျ) (စ)က သူ့ဇနီးကိုသတ်စဉ်က လည်ပင်းကို ကြိုးဖြင့်ရစ်သတ်ခဲ့သလို သူသေသောအခါမှာလည်း ကြိုးတစ်ချောင်းက တင်းတင်းရစ်ပတ်ထားသဖြင့် လည်ပင်းအစ်ကာ သေဆုံးခဲ့ရခြင်းဖြစ်၏။

နောက်ပိုင်းမှာတော့ တံတားပေါ်မှာ,အချိန်အခါမဲ့သွားလာကြသောအခါ ပုံရိပ်များမြင်ရခြင်း၊ စူးစူးဝါးဝါးအော်သံများကိုပါ ကြားကြရသည်။

တစ်ခါတစ်ရံ ကားဖြင့်ဖြတ်သွားသောအခါ သွေးစွန်းနေ



www.burmeseclassic.com

www.burmeseclassic.com



သူများက လမ်းပေါ်ထွက်လာပြီးတားကာ အကူအညီတောင်းခြင်းမျိုးနှင့်တွေ့ကြုံကြရလေသည်။

အမှတ်(၄)အဖြစ် ဖော်ပြပေးရမည့်တံတားမှာ. . . နော့ဖော့(လ) (ခ) (Norfolk)မှ တံတား(၁၂)စင်း (12 Bridges)အကြောင်းပင် ဖြစ်၏။

ထိုတံတားနှင့် ပတ်သက်သည့်စိတ်ချောက်ချားဖွယ်ကောင်းသောတစ္ဆေပုံရိပ်မှာ အယ်နီဘိုလေယန်(Anne Boleyn)၏ဖခင် ဖြစ်သည်။

အယ်နီဘိုလေယန်အား နိုင်ငံတော်သစ္စာဖောက်မှုဖြင့် တရားစွဲဆိုသောအခါ သူ့ဖခင်က သက်သေအထောက်အထားပြုခဲ့သည်။ ထို့ကြောင့် အသတ်ခံရသည်။

သမီးဖြစ်သူ အယ်နီဘိုလေယန်သေဆုံးရခြင်းမှာ သူ၏ပယောဂမကင်းဟု ဖခင်ဖြစ်သူ ဆာသောခတ်(စ) (Sir Thomos)က ယူဆထားသည်။

ဆာသောမတ်(စ)မကွယ်လွန်မီ ရေးထားခဲ့သောစာအရ သူသေဆုံးသွားသည့်တိုင် နှစ်ပေါင်းများစွာကြာသည်အထိ ထိုပြစ်မှုအတွက် ပေးဆပ်ရလိမ့်မည်ဟု ဖော်ပြထားလေသည်။

ထို့ကြောင့် ဆာသောမတ်(စ)ကွယ်လွန်သွားခဲ့ပြီးနောက် အယ်နီဘိုလေယန်သေဆုံးခဲ့ရသောနှစ်ပတ်လည်နေ့ရောက်တိုင်း ဆာသောမတ်(စ)ဝိညာဉ်ကိုတွေ့ကြရသည်။

ထိုနေ့သို့ရောက်တိုင်း ဦးခေါင်းမပါသောမြင်းလေးကောင်ဆွဲသောရထားတွဲပေါ်တွင် ဆာသောမတ်(စ)ကိုတွေ့





မြင်ကြရသည်။

ဆာသောမတ်(စ)သည် သူ၏ဦးခေါင်းပြတ်အား လက်တစ်ဖက်ဖြင့် ပွေ့သွင်းကိုင်ထားပြီး ကျန်လက်တစ်ဖက်ဖြင့် မြင်းရထားကိုမောင်းနှင်ကာ တံတား ၁၂ စင်းတို့အား ဖြတ်ကျော်သွားလေ့ရှိသည်။

ဆာသောမတ်(စ) လိုက်ပါလာသောရထားကိုတွေ့မြင်ပါက တစ်နေရာသို့ရှောင်နေခြင်းဖြင့်သော်လည်းကောင်း သို့မဟုတ်ပါက ရထားနှင့်မျက်နှာချင်းဆိုင်တွေ့သောအခါတွင် မကြည့်မိအောင် မျက်နှာလွှဲထားရသည်။

အကယ်၍ အမှတ်တမဲ့ကြည့်နေမိသည်ကို ဆာသောမတ်(စ)ကတွေ့မြင်သွားပါက ကြည့်နေသူကို ၎င်းနှင့်အတူ ခေါ်ဆောင်သွားပေလိမ့်မည်။

အမှတ်(၅)အဖြစ် ဖော်ပြပေးရမည့်တံတားမှာ ဒန်ဒီ(Dandee)၌ရှိသော တေးတံတား(The Tay Bridge) ပင်ဖြစ်သည်။

၁၈၇၉ ခုနှစ်တွင် ဒန်ဒီ၌ရှိသောတေးတံတား ပြိုကျခဲ့လေသည်။

ထိုတံတားပြိုကျသွားချိန်တွင် တံတားပေါ်၌ ခရီးသည်ဘင်ရထားကြီးတစ်စင်းလည်းရှိနေသဖြင့် ရထားကြီးပါ ပါသွားလေတော့သည်။

ရထားပေါ်တွင်ပါသောခရီးသည်(၇၅)ဦးနှင့် ရထားမောင်းသူအပါအဝင် အမှုထမ်းများအားလုံးလည်း သေဆုံးသွား

www.burmeseclassic.com



ခဲ့ကြရပေသည်။

ထိုဖြစ်ရပ်သည် ဗြိတိန်တွင် တံတားပြိုကျသဖြင့် ဘေးအန္တရာယ်ထိုးကျရောက်မှုများထဲတွင် အဆိုးဆုံးအဖြစ်အပျက်တစ်ခုပင် ဖြစ်တော့သည်။

တစ်ခါတစ်ရံ ထိုနေရာရောက်သွားသူတို့မှာ ရထားကြီးခုတ်မောင်းလာပုံ၊ တံတားပေါ်သို့ရောက်လာပုံ၊ တံတားပြိုကျသွားသဖြင့် အောက်သို့ထိုးကျသွားပုံ၊ ရေထဲသို့မရောက်ခင် စူးစူးဝါးဝါးအော်သံများတို့ကိုကြားရရုံမကပဲ မြင်ကွင်းများကိုလည်း တစ်ခုချင်းမြင်တွေ့ကြရလေသည်။

အမှတ်(၆) အဖြစ် ရေးသားဖော်ပြမည့်တံတားမှာ မကောင်းဆိုးဝါးများ ကပ်စီနေသည့်တံတားများ(Devil Bridges) ပင်ဖြစ်သည်။

မကောင်းဆိုးဝါးများစီနေခြင်းဆိုသည်မှာ ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာကောင်းလှသည့်ဝိညာဉ်များ ပူးကပ်နေခြင်းကို ဆိုလိုခြင်းပင်ဖြစ်၏။

ထိုကဲ့သို့သော မကောင်းဆိုးဝါးများ ပူးကပ်နေကြသည့် တံတားများမှာ နေရာအတော်များများ၌ ရှိနေတတ်ကြလေသည်။

ဥပမာအားဖြင့် ဂျာမနီနိုင်ငံတွင် ဆက်ဆင်ဟောဆာတံတား (Sachsenhauser Bridge)နှင့် ဘင်း(မ)ဘာ့တံတား (Bamberg Bridge)တို့သည် မကောင်းဆိုးဝါးကြောင့် တံတားဆောက်လုပ်မှုနှောင့်နှေးကြန့်ကြာခြင်းများဖြင့် ရင်ဆိုင်ခဲ့ရသည်။





တံတားဆောက်လုပ်သူသည် မှော်ဆရာအဘိုးကြီးနစ်(ခ)ထံမှာ အကူအညီတောင်းခံရသည်။

မှော်ဆရာက'တံတားပေါ်သို့ ပထမဦးစွာဖြတ်လျှောက်သူ၏ဝိညာဉ်ကိုမကောင်းဆိုးဝါးတစ္ဆေသည် ပိုင်ဆိုင်ခွင့်ရစေမည်"ဟူသောသဘောတူညီချက်ဖြင့် တံတားကိုအပြီးသတ်နိုင်ခဲ့သည်။

တံတားဆောက်လုပ်သူများသည် ကြက်ဖတစ်ကောင်ကို. . . "ရှူး. . . ရှူး"ဟုဆိုကာ တံတားပေါ်သို့ အတင်းမောင်းလွှတ်၍ ဖြတ်ပြေးစေသည်။

ထိုသို့ပြုလုပ်ခြင်းဖြင့် မကောင်းဆိုးဝါးအမှောင်မင်းသား (Prince Of Darkness) ကို အလွန်ဒေါသထွက်စေခဲ့လေသည်။

ဆိုမာဆက် (Somerset) ဒေသရှိ တားစတက် (Tar Steps) ကျောက်တုံးတံတားတွင် မကောင်းဆိုးဝါးမိစ္ဆာများသည် ဘာလီမြစ် (River Barle) ကိုဖြတ်၍ နင်းလျှောက်သွားနိုင်မည့် တံတားကို အပိုင်ယူရန် ဆုံးဖြတ်ခဲ့သည်။

ဒေသခံလူများက တံတားပေါ်တွင် ခြောက်လှန့်ခြင်းများကိုမနှစ်သက်သဖြင့် မိစ္ဆာကောင်နှင့် ယှဉ်ပြိုင်ခဲ့ကြသည်။

ပထမဦးစွာ ကြောင်တစ်ကောင်ကို တံတားပေါ်သို့ဖြတ်ပြေးရန် လွှတ်ပေးလိုက်သည်။

ထို့ကြောင့် ထိုတံတားပေါ်ရှိ မကောင်းဆိုးဝါးမိစ္ဆာကောင်က ကိုက်သတ်စားလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဒေသခံပရလောကက ဆရာတစ်ဦးသည် ယခု အခါ မကောင်းသည့်အရာမှန်သမျှကို ကြောင်က အစတေးခံ၍ ချိုးဖက်လိုက်ပြီဟုပြောဆိုကာ တံတားပေါ် မှဖြတ်လျှောက်ပြလေ သည်။

ထိုသို့နှစ်ဖက်ပြင်းထန်စွာ ပြိုင်ဆိုင်ကြပြီးနောက် ညှိုးနွမ်း သွားသည့်သစ်ပင်များရှိသော်လည်း ပရလောကဆရာက အနိုင် ရကာ တံတားကိုအန္တရာယ်ကင်းကင်းဖြင့် လူတို့အသုံးပြုနိုင်လာခဲ့ လေသည်။

ဝက်(စ)မော်လင်း(West Morland) အရပ်ရှိ ကားလီ လော်(စ)ဒေး(Kirkby Lonsdale) ဒေသတွင် အဘွားအိုတစ် ဦးသည် သရဲမိစ္ဆာကောင်၏ အကူအညီဖြင့် တံတားဆောက်လုပ် ခဲ့သည်။

ဂျာမန်နိုင်ငံမှ တံတားဆောက်သူများကဲ့သို့ပင် တံတား ကို ပထမဆုံးဖြတ်သွားသည့် သက်ရှိသတ္တဝါကို သရဲမိစ္ဆာက ပိုင်ဆိုင်ခွင့်ရှိသည်ဟူသော ညှိနှိုင်းချက် ပြုလုပ်ကြသည်။

အဘွားအိုသည် သူမ၏ သနားစရာကောင်းသောခွေး ကလေး'ကျူ(Cue)ကို ပထမဆုံးတံတားဖြတ်ရန် စေလွှတ်ပေးခဲ့ ရသည်။

ကက်သလစ်ဘုန်းတော်ကြီး(၃)ပါးသည် ထိုတံတားကို ဖြတ်သန်းကြရာ သရဲမိစ္ဆာများနှင့်တွေ့ကြုံကြရပြီး သေလုနီးပါး ဖြစ်ကြရသည်ဟု ပြောသူများလည်းရှိသည်။

ရင်းမှာ တစ္ဆေတို့၏ကြောက်မက်ဖွယ်ခြောက်လှန့်မှု ဖြစ်





သည်။

အမှတ်(၇)အဖြစ် ရေးသားဖော်ပြမည့်စကော့တလန် နိုင်ငံ၊ ဒန်ဘာတန်မြို့အနီးရှိ အိုဗာတန်တံတား (Overtoun Bridge) သည် မကောင်းသတင်းဖြင့် ထင်ရှားကျော် ကြား လူသိ များခဲ့သည်။

၁၈၉၅ ခုနှစ်က နမ်းဖတ်ကျောက်များဖြင့် ဆောက်လုပ် ခဲ့သည့် အဆိုပါတံတားသည် မကြာမီနှစ်များကမူ'ခွေးများ ကိုယ့် ကိုယ်ကိုသတ်သေသည့်တံတား' (Dog Suicide Bridge) ဟု ထင်ရှားကျော်ကြားလာခဲ့သည်။

လွန်ခဲ့သည့်နှစ်(၅၀)ခန့်က ခွေးများသည် အဆိုပါတံ တားမှ မိမိအလိုလို စိတ်လိုလက်ရ ခုန်ချပြီး အောက်ဖက်ရှိ ကျောက်ဆောင်များနှင့်တိုက်မိကာ ဒဏ်ရာပြင်းထန်စွာရပြီး သေ ဆုံးကြကြောင်း သတင်းဆိုးများကိုကြားသိခဲ့ရပေသည်။

၂၀၀၅ ခုနှစ်တွင် (၆)လတာအတွင်းမှာပင် ခွေးငါး ကောင်ခန့်သည် ထိုနည်းဖြင့် သေဆုံးခဲ့ကြောင်း သိရှိရပြန်သည်။

ထူးခြားသည်မှာ ထိုခွေးများသည်ခုန်ချသည့်တံတား အက်ခြမ်းမှာ တူညီကြပြီး ကျသည့်နေရာမှာလည်း နီးနီးစပ်စပ် ရှိလှပေသည်။

အချို့လူများက ထိုတံတားတွင် တစ္ဆေခြောက်သည် (သို့မဟုတ်) တစ္ဆေဝိညာဉ်များ ၏အင်အားဖြင့် သေလောက် အောင် ဖန်တီးခဲ့ကြသည်ဟု ယုံကြည်ကြသည်။

တက်ဆက်(Texas)ရှိ အော်(လ)တန်တံတားဟောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးသည် အမေရိကန်ရှိတစ္ဆေခြောက်သည်ဟု အကျော်ကြားဆုံးသောတံတားများတွင် တစ်ခုအပါအဝင်ဖြစ်သည်။

ထိုတံတားကို ၁၈၈၄ တွင် ဆောက်လုပ်ခဲ့သည်။

မွှမ်းမံပြင်ဆင်မှု အနည်းငယ်ပြုလုပ်ထားသောထိုတံတားကို ယခုအချိန်ထိ အသုံးပြုနေကြသည်။

ဒေသခံများပြောကြားချက်အရ ဖြစ်စဉ်ပေါင်းများစွာပါဝင်ပတ်သက်လျက်ရှိပြီး ထိုအရပ်ဒေသက ဆိတ်ကျောင်းသမားဟုခေါ်သည့် လယ်သမားကြီး ကူကလပ်(ဇ)ကလန် (Ku Klux Klar)အကြောင်းနှင့် အခြားကြောက်မက်ဖွယ်ရာ များစွာကို ကြားသိရသည်။

လူအချို့ကပြောကြသည်မှာ အကယ်၍ သင်သည် ဟောလိုဝင်းညတွင် ထိုတံတားပေါ်သို့သွား၍ သင်၏ကားဟွန်းကို နှစ်ချက်တီးလိုက်ပါက ဆိတ်ကျောင်းသမား၏ ရဲရဲနီနေသောမျက်လုံးတစ်စုံကို တွေ့မြင်ရမည် ဖြစ်ပေသည်။

အချို့သောလူများ၏စကားအရမူ လိမ္မော်ရောင်ထွက်ပေါ်လာသည့် ထူးခြားသောမြူများဆိုင်းနေသည်ကိုတွေ့ရလျှင် ဓာတ်ပုံရိုက်ကြည့်ပါက ထူးခြားသောဓာတ်ပုံများစွာကိုရရှိသည်ဟု သိရှိရသည်။

ထိုတံတားကြီးသည် 'ရှင်းမပြနိုင်သည့်သဘာဝလွန်ဖြစ်ရပ်များကိုလေ့လာသည့်အဖွဲ့' (THE ASSOCINTION FOR THE STUDY OF UNEXPLAINED PHENOMENA) (ASUP)အဖို့ အာရုံစူးစိုက်မိရာ နေရာတစ်ခုဖြစ်လာခဲ့





သည်။

ထိုအဖွဲ့၏ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျွိုင်းမေနာ (Joy Maner)သည် ဒေါ်(လ)တန်တံတားဟောင်းကြီးနှင့် ပတ်သက်သည့်ဖြစ်ရပ်များစွာတို့ကို ညဘက်တွင် စုံစမ်းမှုများအပါအဝင် အသေးစိတ်လေ့လာမှုပြုခဲ့သည်။

ဂျွိုင်းမေနာပြောပြသည့်အချက်တစ်ချက်မှာ စိတ်ဝင်စားဖွယ်ဖြစ်ပေသည်။

"ညဘက်(၁၁)နာရီကျော်အချိန်တွင် တစ်စုံတစ်ယောက်သည် ထိုတံတားသို့လာရောက်ပြီး အမျိုးမျိုးသောသဘာဝလွန်ဖြစ်ရပ်ဆန်းများကိုပြသသည်။ ကိုယ်တိုင်တွေ့မြင်ရသည့်ဖြစ်ရပ်ဆန်းများဖြစ်သည်။"

ထိုစကားကိုဆိုခဲ့သည့်ဂျွိုင်းနှင့် အဖွဲ့ဝင်မိတ်ဆွေတစ်ဦးတို့သည် ပထမအကြိမ်ထိုနေရာသို့ရောက်ရှိခဲ့စဉ်က တံတား၏ဘယ်ဘက်ခြမ်းချောင်းကမ်းဘေးတွင် လမ်းလျှောက်ခဲ့ကြသည်။

တစ်နေရာအရောက်တွင် ဂျွိုင်းတို့နှစ်ဦးစလုံး၏မျက်နှာကို အေးစက်နေသောရေအေးနှင့် လှမ်းပက်ခြင်းခံလိုက်ရသည်။

ထိုသို့သော အေးစက်မှုမျိုးကို အလွန်သိသာစွာ ခံစားလိုက်ရခြင်းဖြစ်သည်။

ထိုအကြောင်းအရာကို သိသိမှတ်မှတ်ခံစားရပြီးနောက် အခင်းဖြစ်ရာ နေရာမှဆက်လက်လျှောက်လာရာ ဘယ်ဘက်ခြမ်းမှတစ်ယောက်ယောက် လိုက်ပါလာသည်ဟု ခံစားရပြီးဂျွိုင်း



www.burmeseclassic.com

www.burmeseclassic.com



တို့ကိုနောက်တစ်ကြိမ် ထပ်၍ ကျောကုန်းများကိုထိုးနှက်သည်ကို ခံကြရပြန်သည်။

ပြုလုပ်သူကိုမူ မမြင်တွေ့ရပေ။

ထိုစဉ်က ဂျိုင်းသိရှိခံစားခဲ့ရသည်မှာ သူမ၏ဘယ်ဘက်လက်မောင်းကိုတစ်စုံတစ်ယောက်က ဆွဲထားသည့်အတွက် ခပ်တင်းတင်းဖြစ်နေသည်ဟူသောအသိ ဖြစ်သည်။

အဆိုပါစုံစမ်းမှုများ ပြီးဆုံးသွားသောအခါ မေနာသည် ထိုနေရာတွင် ဖြစ်ပွားခဲ့သောပြင်းပြင်းထန်ထန်အဖြစ်အပျက်များ၏ ထင်ရှားသည့်အထောက်အထားတစ်စုံတစ်ရာမျှ မတွေ့ရပေ။

သို့ဖြစ်၍ ထိုတံတားတွင် တစ္ဆေခြောက်သည်ဆိုသည့် တစ်ချက်သာဖြစ်နိုင်ချေရှိကြောင်း ရှင်းပြခဲ့သည်။

အဆိုပါဒေသတွင် နေထိုင်သူအချို့သည်သေဆုံးကြပြီးနောက် ထိုနေရာကိုစွဲလန်းစိတ်ဖြင့် မကျွတ်မလွတ် ဖြစ်နေကြခြင်း ဖြစ်နိုင်ပေသည်။

လတ်တလောစူးစမ်းလေ့လာချက်များအရ အီး၊ ဗွီ၊ ပီ (EVP)အသံဖမ်းစက်ဖြင့် ဖမ်းယူရရှိခဲ့သည့်စကားသံမှာ စူးစမ်းလေ့လာသူများကိုအံ့သြမှု ဖြစ်စေသည်။

"တို့တွေအားလုံး ဒီမှာနေကြတယ်"ဟူသောစကားသံ ဖြစ်သည်။

စူးစမ်းလေ့လာသူများအနေဖြင့်မူ လိမ္မော်ရောင်မြူများဆိုင်းနေခြင်းကိုနားမလည်နိုင်အောင် ဖြစ်မိသည်။





ခန့်မှန်းချက်အရ "လူတစ်ဦးတစ်ယောက်၏ဝိညာဉ်သည် ဤပုံစံဖြင့်ဖော်ပြနေခြင်း"ပေလောဟု မှတ်ချက်ပြုမိသည်။

လေ့လာရေးအဖွဲ့အတွက် စေလွှတ်ထားသောစူးစမ်းလေ့လာသူအသစ်များသည် အော်(လ)တန်တံတားအိုကြီး(Old Alton Bridge) နှင့်ပတ်သက်၍ တွေ့ရှိချက်အသစ်များကို အစီရင်ခံစာပို့လေ့ရှိသည်။

ထိုအစီရင်ခံစာထဲတွင် ထူးခြား၍ စိတ်ဝင်စားဖွယ်အကြောင်းအရာအဖြစ်အပျက်များစွာ ပါဝင်နေသမျှသည် တံတားပေါ်မှဝိညာဉ်ဆိုးများနှင့်ဆက်စပ်မှု ရှိနေပေတော့သည်။

အထက်ပါဖော်ပြသကဲ့သို့ပင် ကမ္ဘာ့နေရာအတော်များများတွင် စိတ်ဝင်စားစရာ၊ ထိတ်လန့်စရာ၊ ကြောက်ရွံ့ဖွယ်ရာအကောင်းဆုံးသောတံတားအမြောက်အများ ရှိကြလေသည်။

ရှေးအခါ တံတားအဆောက်အဦးများ တည်ဆောက်ကြသောအခါ လူနှင့်တိရစ္ဆာန်တို့အား ယဇ်ပူဇော်ကြသောအလေ့အထများရှိခဲ့သည်ကိုလည်း မှတ်တမ်းအချို့တွင် တွေ့ကြရသည်။

ထိုကဲ့သို့ပြုလုပ်သောဓလေ့များမှာ ဝိညာဉ်များကိုအစောင့်အဖြစ်ထားခြင်း၊ သို့မဟုတ် ထိုတံတားကို ဝိညာဉ်လှောင်အိမ်အဖြစ်အသုံးပြုခဲ့ကြခြင်းဖြစ်တန်ရာသည်။

မြန်မာနိုင်ငံမှာလည်း လူအသက်ကိုစတေးပြီး တည်ဆောက်ခဲ့ကြသည်မဟုတ်စေကာမူ လူထောင်ပေါင်းများစွာတို့၏အသက်ကိုလည်း အရင်းအနှီးပြုလုပ်၍ တစ်နည်းဆိုရပါမူ စ



www.burmeseclassic.com

www.burmeseclassic.com



တေးပြီး တည်ထောင်ခဲ့ကြသောသေမင်းတမန်လမ်းမကြီးအချို့ ရှိပေသည်။

သံဖြူဇရပ်ချွေးတပ်မီးရထားလမ်းနှင့် လီဗိုလမ်းမကြီးတို့ပင် ဖြစ်ကြပေသည်။



## အခန်း(၂)

## ချွေးတပ်စခန်းမှဖွတ်ဝင်နေသောဘဝလောင်း

အရှေ့တောင်ဘက်တွင် ယိုးဒယားမြန်မာမီးရထားလမ်းသည် သေမင်းတမန်လမ်းမကြီးပင်ဖြစ်၏။

"သေမင်းတမန်လမ်း"ဟူသောအမည်မှာ ဆရာကြီးလင်းယုန်သစ်လွင် တင်စားရေးသားခဲ့သောအမည်တစ်ခုဖြစ်ပေသည်။

ထိုလမ်းမကြီးမှာ ဒုတိယကမ္ဘာစစ်အတွင်းက ဖောက်လုပ်ခဲ့သောလမ်းမကြီးဖြစ်ပြီး လူအသေအပျောက်အများဆုံးသောလမ်းလည်း ဖြစ်သည်။

နိုင်ငံအရပ်ရပ်မှ အသိအမှတ်ပြု မှတ်တမ်းတင်ထားခဲ့ရသောမီးရထားလမ်းလည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာများက ထိုလမ်းကို"ယိုးဒယားမြန်မာမီးရထားလမ်း"ဟူ၍ လည်းကောင်း၊

"ချွေးတပ်မီးရထားလမ်း"ဟူ၍ လည်းကောင်း၊

"သံဖြူဇရပ်မီးရထားလမ်း"ဟူ၍သော်လည်းကောင်း ခေါ်ဝေါ်ကြသည်။

နိုင်ငံအရပ်ရပ်ရှိ အစိုးရအဖွဲ့အစည်းများကမူ"အရှေ့တောင်အာရှ၏ သေမင်းမီးရထားလမ်း"(The Railaway Of Death)ဟု ခေါ်ဝေါ်အသုံးပြုခဲ့ကြပေသည်။

ထိုမီးရထားလမ်းနှင့်ပတ်သက်ပြီး စာအုပ်အချို့တွင်ရေးသားဖော်ပြခဲ့ပြီး ဖြစ်လေသည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်းက သေမင်းတမန်လမ်းဟု ခေါ်ဝေါ်ထိုက်သောယိုးဒယားမြန်မာမီးရထားလမ်းကို (၁၉၄၂)ခုနှစ်မှ (၁၉၄၅)ခုနှစ်အထိ ဂျပန်တို့ဖောက်လုပ်ခဲ့လေသည်။

ယိုးဒယားနိုင်ငံ ဘန်ပေါင်(Ban Pong)ဘူတာမှ မြန်မာနိုင်ငံသံဖြူဇရပ်ဘူတာအထိ(၁၇၅)မိုင်ရှည်လျားသော မီးရထားလမ်းဖြစ်သည်။

မီးရထားလမ်းဖောက်လုပ်ရာတွင် ယိုးဒယားနိုင်ငံကရာ(Kra)ကျွန်းဆက်ကိုဖြတ်၍ ချန်ပုံ(Churn Phan)မှ ဝိတိုရိယအငူမြောက်ဘက်ရှိ ပတ်ချန်(Pak Chan)မြစ်ကမ်းနဖူးအထိ စတင်ဖောက်လုပ်ခဲ့သည်။

ခရီးမိုင်အကွာအဝေးမှာ(၅၅)မိုင် ရှည်လျားသည်။

ဂျပန်တို့သည် ယိုးဒယားမြန်မာမီးရထားလမ်းဖောက်





လုပ်ရာတွင် မြန်မာပြည်အနယ်နယ်အရပ်ရပ်မှ ချွေးတပ်သားပေါင်း(၁၇၇၀၀၀)တစ်သိန်းခုနစ်သောင်းခုနစ်ထောင်ရရှိအောင် စုဆောင်းခဲ့ရလေသည်။

သို့ရာတွင် ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသွား၍ မဟာမိတ်စစ်သချႋင်းကော်မရှင်က ဂျပန်တို့ကိုစစ်ဆေးသည့်အခါ၌မူ မြန်မာပြည်အရပ်ရပ်အနယ်နယ်မှချွေးတပ်သားပေါင်း(၁၃၃၀၀၀)တစ်သိန်းသုံးသောင်းစုဆောင်းခဲ့ကြောင်း။

ထိုအထဲမှ(၄၀၀၀၀)လေးသောင်းသည် လမ်းခုလတ်တွင်ထွက်ပြေးခဲ့ကြောင်း. . .

ချွေးတပ်သားပေါင်း (၁၃၅၀၀)တစ်သောင်းသုံးထောင်ငါးရာတို့ကို ၎င်းတို့အလုပ်တာဝန်များပြီးဆုံးသောအချိန်တွင် နေရပ်သို့ပြန်လည်စေလွှတ်လိုက်ကြောင်း အစီရင်ခံတင်ပြလေသည်။

ဂျပန်တို့တင်ပြလာသောအစီရင်ခံချက်ကို 'စစ်သချႋင်းကော်မရှင်'က စိတ်ချယုံကြည်နိုင်ဖွယ်မရှိဟု ယူဆခဲ့ပေသည်။

၁၉၄၇ ခု၊ အောက်တိုဘာလ(၇)ရက်နေ့စွဲဖြင့် ထုတ်ပြန်ကြေညာချက်တစ်ခုထွက်ပေါ်လာသည်။

ထိုထုတ်ပြန်ချက်ကို လန်ဆန်မြို့ ဗြိတိသျှနိုင်ငံခြားရေးဌာနရုံးမှထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ထိုထုတ်ပြန်ချက်၌မူ မြန်မာနိုင်ငံဘက်မှချွေးတပ်သားပေါင်း(၈၀၀၀၀) ရှစ်သောင်းကျော် သေဆုံးပျောက်စီးသည်ဟု ခန့်မှန်းဖော်ပြထားလေသည်။

စစ်သချႋင်းကော်မရှင်ကလည်း (၃၀၀၀၀)သုံးသောင်း



www.burmeseclassic.com

www.burmeseclassic.com



မှ(၈၀၀၀၀)ရှစ်သောင်းအထိ သေကျေပျက်စီးမည်ဟု ခန့်မှန်းကြလေသည်။

ထိုခန့်မှန်းချက်တို့မှာ မြန်မာနိုင်ငံဘက်မှသေကျေပျက်စီးမှုများ၏ခန့်မှန်းခြေစာရင်းသာ ဖြစ်သည်။

ထိုခန့်မှန်းချက်စာရင်းတွင် ယိုးဒယားပြည်ဘက်မှ ဖောက်လုပ်ထားသောမီးရထားလမ်းအတွက် အသုံးပြုခဲ့သော ယိုးဒယား၊ မလေးရှား၊ အိန္ဒိယ၊ အင်ဒိုနီးရှားနှင့်တရုတ်အမျိုးသားစသော ချွေးတပ်သားများမပါဝင်သေးပေ။

အထက်ဖော်ပြသောခန့်မှန်းချက်စာရင်းများမှာလည်း သာမန်အရပ်သားဖြစ်သောချွေးတပ်အလုပ်သမားများစာရင်းသာ ဖြစ်ပေသည်။

စစ်သုံ့ပန်းချွေးတပ်သားစာရင်းတို့မပါဝင်သေးပေ။

စစ်သချိုင်းကော်မရှင်က စစ်သုံ့ပန်းချွေးတပ်သားများနှင့်ပတ်သက်ပြီး သေကျေပျက်စီးမှုများကို အောက်ပါအတိုင်း ဖော်ပြထားလေသည်။

သံဖြူဇရပ်စစ်သချိုင်းတွင် စစ်သုံ့ပန်းချွေးတပ်သားဖြစ်ကြသောဗြိတိသျှစစ်သားပေါင်း(၁၇၂၈)၊ တစ်ထောင့်ခုနစ်ရာနှစ်ဆယ့်ရှစ်ယောက်။

ဩစတေးလျ စစ်သားပေါင်း(၁၁၆၃) တစ်ထောင့်တစ်ရာခြောက်ဆယ့်သုံးယောက်၊ ဒတ်ချ်စစ်သုံ့ပန်းချွေးတပ်သား (၆၂၁) ခြောက်ရာနှစ်ဆယ့်တစ်ယောက်၊ စုစုပေါင်း(၃၅၁၂) သုံးထောင့်ငါးရာတစ်ဆယ့်နှစ်ယောက်မြုပ်နှံခဲ့ရကြောင်း ဖော်ပြထား





လေသည်။

တစ်ဖန် ထိုစာရင်းတွင် ယိုးဒယားပြည်၌ မြုပ်နှံခဲ့ရသော စစ်သုံ့ပန်းချွေးတပ်သားတို့မပါဝင်သေးပေ။

ယိုးဒယားပြည်တွင် ဗြိတိသျှ၊ ဩစတြေးလျနှင့် ဒတ်ချ် စစ်သုံ့ပန်းချွေးတပ်သား(၈၄၀၀)ရှစ်ထောင့်လေးရာ မြုပ်နှံခြင်းပြုခဲ့ရသည်ဟု စစ်သချိုင်းကော်မရှင်ကဖော်ပြထားလေသည်။

နောက်တစ်ဖန် စစ်သချိုင်းကော်မရှင်မှဖော်ပြထားချက်များမှာ ယိုးဒယားနိုင်ငံ၌သော်လည်းကောင်း၊ မြန်မာနိုင်ငံသံဖြူဇရပ်စစ်သုံ့ပန်းအလောင်းများအပါအဝင် သေမင်းတမန်မီးရထားလမ်းကို အကြောင်းပြုလျက် သေကျေပျက်စီးခဲ့ရသော စစ်သုံ့ပန်းချွေးတပ်သားပေါင်း(၁၃၅၀၀) တစ်သောင်းသုံးထောင်ငါးရာထက်မနည်းရှိလိမ့်မည်ဟုလည်း ခန့်မှန်းဖော်ပြထားခဲ့ပေသည်။

ဂျပန်တို့သည် သေမင်းတမန်မီးရထားလမ်းကိုဖောက်လုပ်ရာ လိုအပ်သောသံလမ်းများအား ရန်ကုန်မီးရထားလမ်း၌ အသုံးပြုထားသောမီးရထားသံလမ်းတစ်လမ်းကို ဖြုတ်ယူအသုံးပြုခဲ့ကြလေသည်။

စစ်ကြီးပြီးသွားသောအခါ ဗြိတိသျှအစိုးရသည် ယိုးဒယားနိုင်ငံဘက်မှမီးရထားလမ်းကို ပေါင်တစ်သန်းကျော်ဖြင့် ရောင်းချပြီး မြန်မာနိုင်ငံဘက်မှလမ်းကိုမူ ပေါင်တစ်ဆယ့်ခြောက်သန်းဖြင့် ရောင်းချလေသည်။

ထိုမှရသောငွေများကို အသက်မသေပဲကျန်ခဲ့ကြသော



www.burmeseclassic.com

www.burmeseclassic.com



ဗြိတိသျှစစ်သုံ့ပန်းတို့အား ခွဲဝေပေးခဲ့လေသည်။

သံဖြူဇရပ်စစ်သချိုင်းဖွင့်ပွဲအခမ်းအနားကို တနင်္သာရီခရိုင်သံဖြူဇရပ်မြို့တွင် ၁၉၄၆ ခုနှစ်၊ ဒီဇင်ဘာလ(၈)ရက်နေ့၌ ကျင်းပခဲ့လေသည်။

ထိုအခမ်းအနားဖွင့်ပွဲသို့ လွတ်လပ်ရေးခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်း၊ မြန်မာပြည်ဘုရင်ခံဆာဟူးဘတ်ရန့်စ်၊ တနင်္သာရီတိုင်းမင်းကြီး ဦးခင်မောင်ရင်၊ ခရစ်ယာန်သင်းအုပ်ဘုန်းတော်ကြီးလော့အိရှောပ်စသောပုဂ္ဂိုလ်ကြီးများနှင့် ထိုအချိန်က အစိုးရအဖွဲ့ဝင်လူကြီးများ တက်ရောက်ခဲ့ကြလေသည်။

အထက်ပါအကြောင်းအရာများမှာ (The Burma Siam Railway ၁၉၄၂-၄၅)စာအုပ်၌ ဖော်ပြထားသောမှတ်တမ်းအကြောင်းအရာ အချက်အလက်များပင်ဖြစ်သည်။

ယိုးဒယားမြန်မာ့မီးရထားလမ်း သို့မဟုတ် ဆရာကြီးလင်းယုန်သစ်လွင်ရေးခဲ့သော 'သေမင်းတမန်လမ်း'ကိုဖောက်လုပ်ရာမှာတော့ ဂျပန်တပ်သားများနှိပ်စက်မှုကြောင့် နိုင်ငံအချို့မှစစ်သုံ့ပန်းများ၊ မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်မှ ချွေးတပ်သားပေါင်းသောင်းနှင့်သိန်းနှင့်ချီကာ သေဆုံးခဲ့ရလေသည်။

ထို့ကြောင့် တံတားပေါင်းများစွာအပါအဝင် အဝင်လမ်းဖောက်ရာတွင် လူ့အသက်ပေါင်းများစွာ စတေးခဲ့ရပြီး လူအသေအပျောက်အများဆုံးသောလမ်းတစ်ခုတွင် ပါဝင်နေခြင်းဖြစ်ပေသည်။

ကျွန်တော့်အနေဖြင့် ဤဝတ္ထုကိုရေးသားသောအဓိက





ရည်ရွယ်ချက်မှာ လမ်းတံတားများနှင့်ပတ်သက်ပြီး ထူးခြားဆန်းကြယ်သောအကြောင်းများကို ရေးသားလိုခြင်းကြောင့် ဖြစ်ပေသည်။

ရှေ့အခန်းများတွင် ဖော်ပြခဲ့သည့်အတိုင်း အချို့နေရာများ၌ရှိသောတံတားများမှာ ကြောက်ရွံ့ထိတ်လန့်ဖွယ်ကောင်းသောအဖြစ်အပျက်များ ရှိနေတတ်သည်။

ထိုကဲ့သို့ပင် မြန်မာနိုင်ငံအတွင်း နေရာအနှံ့အပြား၌ ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာများရှိနေသောလမ်း၊ တံတား၊ မီးရထားလမ်းအချို့ရှိပေသည်။

အချို့တံတားများမှာ ထိုတံတားပေါ်မှအဖော်မပါပဲ ဖြတ်လျှောက်သွားပါက တံတားပေါ်မှခုန်ချချင်သောစိတ်များဖြစ်ပေါ်လာသဖြင့် အချို့မှာ ခုန်ချသွားတတ်ကြသည်။

အဘယ်ကြောင့်ဆိုသော် ထိုတံတားပေါ်မှာ တစ်ချိန်က အမျိုးသမီးတစ်ယောက်တံတားအောက်သို့ခုန်ချပြီး သေဆုံးသွားခဲ့ဖူးသောကြောင့်ဖြစ်သည်။

အချို့တံတားများမှာ ထိုတံတားပေါ်မှ ကားဖြတ်မောင်းသွားစဉ် တံတားအလယ်ရောက်တော့မှ ရှေ့တည့်တည့်မှရှေ့မီးနှစ်လုံးဖွင့်ပြီး အရှိန်ပြင်းပြင်းဖြင့်မောင်းလာသောခရီးသည်တင်ကားကြီးတစ်စင်းနှင့် ခေါင်းချင်းဆိုင်မိတော့သည်။

ထိုအခါ ကားမောင်းသူက ကြောက်ကြောက်လန့်လန့်နှင့်မိမိမောင်းလာသောကားကို ထိုကားကြီးနှင့်လွတ်စေရန် ဘေးသို့ရှောင်ထွက်လိုက်ပါက တံတားလက်ရမ်းများကိုကျော်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ချောက်ထဲသို့ပြုတ်ကျရုံမှတစ်ပါး အခြားမရှိတော့ပါချေ။

ထိုသို့ပြုတ်ကျလျှင်လည်း ကားပေါ်မှာပါသူများ အသက်ရှင်ခွင့်ရကြတော့မည်မဟုတ်ပေ။

အကယ်၍ အသက်မသေပဲ ကံကောင်းထောက်မစွာဖြင့် ကျန်နေခဲ့သူရှိပါက စောစောကတံတားပေါ်ကြည့်မည်ဆိုလျှင် စောစောက ခေါင်းချင်းဆိုင်ပြီးဝင်လာသောခရီးသည်တင်မော်တော်ကားကြီး၏အရိပ်အယောင်ကိုတွေ့မြင်ရတော့မည်မဟုတ်ပါချေ။

အဘယ်ကြောင့်ဆိုသော် ထိုခရီးသည်တင်မော်တော်ကားကြီးမှာ လွန်ခဲ့သောနှစ်အနည်းက ကားပေါ်တွင် ခရီးသည်အပြည့်တင်ဆောင်လျက်မောင်းလာရာ ထိုတံတားပေါ်ရောက်မှဘီးပေါက်ပြီး ချောက်ထဲထိုးကျသွားရာ ကားမောင်းသူအပါအဝင်ကားပေါ်မှာပါလာသူအားလုံး အသက်သေဆုံးသွားခဲ့သောကြောင့်ဖြစ်သည်။

အခြားတံတားတစ်ခုကတော့ အတော်ထူးဆန်းသည်။ လကွယ်ရက်လိုမျိုးအလင်းရောင်မရှိသောအချိန်ရောက်လျှင် ထိုတံတားလက်ရမ်းပေါ်မှာ ဆီမီးခွက်များတန်းစီပြီး သွန်းထားသည်ကိုတွေ့ရတတ်သည်။

သစ်လွင်တောက်ပသောအဝတ်အစားအသစ်များ ဝတ်ဆင်ထားသောလူအချို့သွားလာနေသည်ကိုလည်း တွေ့မြင်နိုင်သည်။

အကယ်၍ ရပ်ဝေးမှလာသူတစ်ဦးတစ်ယောက်က ထို





အကြောင်းများကိုမသိပဲ တံတားပေါ်မှဖြတ်လျှောက်သွားပါက ထိုလူများက ခေါ်ပြောနှုတ်ဆက်ကြပေလိမ့်မည်။

အကယ်၍သာ သူတို့ကိုပြန်ပြီး စကားပြောလိုက်မိပါက ထိုသူ့အတွက် ပြန်လမ်းမရှိနိုင်တော့ပေ။

တံတားပေါ်မှာထွန်းထားသောမီးရောင်များ ချက်ချင်းကွယ်ပျောက်သွားပြီး တံတားတစ်ခုလုံးမှောင်ကျသွားလေသည်။

သွားလာနေသူတို့လည်း ရုတ်တရက် ပျောက်သွားပေမည်။

နောက်တစ်နေ့ နေ့အလင်းရောင်ရလာလျှင်တော့ တံတားပေါ်မှာသေဆုံးနေသောအလောင်းကိုသာ တွေ့ရမည်ဖြစ်ပြီး အခြားဘာမှတော့ တွေ့မြင်ရတော့မည်မဟုတ်ပေ။

ဒေသခံများကတော့ ထိုတံတားဆောက်ထားသောနေရာအောက်တည့်တည့်တွင် ကျွတ်ကုန်းမြေရှိနေသောကြောင့် ကျွတ်များက အကြောင်းမသိသူတို့၏အသက်ကိုနှုတ်ယူသွားခြင်းဖြစ်သည်ဟု ထင်မြင်ယူထားလေသည်။

ယခုဖော်ပြမည့်အကြောင်းအရာမှာ သေမင်းတမန်ရထားလမ်းဖောက်လုပ်စဉ်က တွေ့ကြုံခဲ့ရသောထိတ်လန့်ကြောက်ရွံ့ဖွယ်ရာအကြောင်းများပင် ဖြစ်သည်။

အချိန်မှာ '၁၉၄၃' ခုနှစ် ပတ်ဝန်းကျင်အချိန်လောက်ကဖြစ်သည်။

ဂျပန်များဝင်ရောက်လာပြီး တိုင်းပြည်တစ်ဝှမ်းရှိလူတို့ကိုခြိမ်းကုန်ယမ်းကုန်နှိပ်စက်နေသောအချိန်လည်း ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနှစ်မှာပင် ဂျပန်တို့က မြန်မာယိုးဒယားလမ်းကိုစတင်ဖောက်လုပ်သောအချိန်ဖြစ်ရာ တစ်ပြည်လုံးမှာရှိသောယောက်ျားများကိုဖမ်းဆီးခေါ်ဆောင်ပြီး သံဖြူဇရပ်ချွေးတပ်စခန်းသို့ပို့ပေးနေသောအချိန်လည်း ဖြစ်သည်။

ဖက်ဆစ်ဂျပန်တို့က အနယ်နယ်အရပ်ရပ်ရှိ ကျေးလက်တောရွာများမကျန် ရသမျှ လူတို့ကိုချွေးတပ်ဆွဲပြီး ချွေးတပ်စခန်းသို့ပို့ပေးနေသောအချိန်လည်း ဖြစ်သည်။

အများအားဖြင့်တော့ ဧရာဝတီတိုင်း(ယခုတိုင်းဒေသကြီး)ဒေသဘက်မှလူများ အတော်များများပါကြလေသည်။

ထိုအထဲတွင် ကံအကြောင်းမလှစွာဖြင့် နီမောင်တို့လည်းပါလာခဲ့လေသည်။

နီမောင်က ဗိုလ်ကလေးနယ်ဘက်မှဖြစ်ပြီး သူနှင့်အတူအခြားအဖော်များလည်း ပါကြလေသည်။

နီမောင်နှင့်တစ်ရွာတည်းနေသော ဦးမွန်ထော်၊ သံပချိုင်၊ စောထီး၊ ငမဲအောင်တို့အပြင် အခြားလူအတော်များများပါလာကြသည်။

ဖက်စစ်ဂျပန်တို့က မြို့ပေါ်မှာရော ရွာများပါမကျန်ဆင်းပြီး ယောက်ျားမှန်သမျှ အတင်းအဓမ္မခေါ်ခဲ့ခြင်းဖြစ်သည်။

အချို့ရွာများ နယ်များမှာတော့ ဂျပန်များ ချွေးတပ်ဆွဲနေပြီဆိုသောသတင်းကိုကြားသဖြင့် သတိဖြင့်နေကြရာ ဂျပန်များရောက်လာသောအခါ တိမ်းရှောင်သွားနိုင်သူများလည်း ရှိလေသည်။





အချို့နေရာ ရွာများကတော့ အမှုမဲ့အမှတ်မဲ့နေကြသဖြင့် ဂျပန်များရောက်လာသောအခါ ပြေးပေါက်မရတော့ပဲ တစ်ရွာလုံးရှိရှိသမျှ ယောက်ျားများပါသွားသည်မျိုးလည်း ရှိသည်။

မည်သို့ပင်ရှိစေ. . . .

ထိုအချိန်မှာတော့ ဂျပန်များနောက်ပါသွားသူများရော ရွာမှာကျန်နေခဲ့သူများပါ ဒုက္ခပင်လယ်ဝေကာ မျက်ရည်စက်လက်ဖြစ်ကြရလေတော့သည်။

သံဖြူဇရပ်ချွေးတပ်စခန်းသို့ရောက်စမှာပင် ငရဲကျသကဲ့သို့ဖြစ်တော့သည်။

အနေဆင်းရဲ အစားဆင်းရဲဖြစ်ကြရုံမက ဂျပန်တို့နှိပ်စက်မှုကိုလည်း အလူးအလဲခံကြရသည်။

ဒီကြားထဲစိတ်မထင်လျှင် သတ်ပစ်တာခံရသေးသည်။

တောထဲတောင်ထဲမှာ ရာသီဥတုဆိုးဝါးသည့်အပြင် ငှက်ဖျားရောဂါကိုလည်း အလူးအလဲခံကြရသည်။

ဂျပန်တို့က ချွေးတပ်သားများကို ငှက်ဖျားရောဂါကာကွယ်ဆေးများပေးထားသော်လည်း မလုံလောက်ပေ။

ချွေးတပ်သားတို့မှာ အလုပ်ပင်ပန်းသည့်ဒဏ်ကိုခံကြရသည့်အပြင် အစားအစာကလည်း ပြည့်ဝအောင်မရကြပေ။

ထို့ကြောင့် ငှက်ဖျားရောဂါအပါအဝင် ရောဂါတစ်ခုခုနှင့်ပြီဆိုပါက သေရတာများသည်။

ချွေးတပ်စခန်းတွင် အခြားအန္တရာယ်ကြောင့်သေရ



www.burmeseclassic.com

www.burmeseclassic.com



သည်ထက် ငှက်ဖျားရောဂါကြောင့်သေရသည်က ပိုများလေသည်။

နီမောင်တို့အဖွဲ့မှာတော့ ဆေးဝါးနှင့်ပတ်သက်လျှင် အတန်အသင့်နားလည်သောဦးမွန်ထော်ပါလာသောကြောင့် အခြေအနေမဆိုးလှပေ။

"ဂျပန်တွေပေးတဲ့ငှက်ဖျားဆေးက ဒီလောက်စိတ်မချရဘူး၊ သဘာဝကပေးတဲ့ဆေးက ပိုပြီး စိတ်ချရတယ်"

"ဘာဆေးလဲ အဘ"

"မြေကြီး. . . ."

"ဗျာ. . . မြေကြီးကို ဘယ်လိုလုပ်ရမှာလဲ"

"မြေကြီးကဆေးပဲပေါ့. . . မြေကြီးကိုစားရင် ငှက်ဖျားရောဂါမဖြစ်ဘူး"

"မြေကြီးက ဒီလောက်စွမ်းလို့လား အဘ"

"မြေကြီးဆိုတာ ပထဝီဓာတ်ပဲ၊ ပထဝီဓာတ်က ပူတယ် . . . ငှက်ဖျားက သီတဓာတ်လို့ခေါ်တဲ့အအေးပတ်ဖွဲ့မှုကြောင့်ဖြစ်တာ၊ ရေများ ရေနိုင် မီးများ မီးနိုင်ဆိုတာရှိတယ်၊ သဘောကတော့ အပူများရင် အပူကနိုင်ပြီး အအေးများရင် အအေးကနိုင်တာပေါ့"

"ဟုတ်ပါတယ်"

"ဥပမာပြောရရင် ရေနည်းနေရင် ရေကာတာလို့ခေါ်တဲ့ တာတမံအတွင်းမှာနေရတယ်၊ အဲ ရေများလာရင်တော့ ရေကာတာဆိုတဲ့မြေသားကိုဖြိုဖျက်ပြီး အပြင်ထွက်သွားနိုင်သလို





ပေါ့"

"အခုမှပဲ ရှင်းတော့တယ်"

"ငှက်ဖျားဆိုတာ တနင်္လာနဲ့ကြာသပတေးနဲ့တွဲထားတာ၊ မြေကြီးက ကြာသပတေးနဲ့တနင်္လာနဲ့တွဲထားတာ. . . ဒီတော့ ကကက်ကင်းဓာတ်မိတယ်၊ ကက်ကင်းဓာတ်မိရင် ဆေးဖြစ်တယ်"

"ဆေးဖြစ်တာကတော့ ဟုတ်ပါပြီ. . . ဘယ်ကမြေကြီးကိုယူပြီး ဘယ်လောက်စားရမှာလဲ"

သံပချိုင်က ဝင်မေးလိုက်သည်။

"ဘာမှမခက်ဘူး၊ ကိုယ်ရောက်နေတဲ့နေရာက မြေကြီးကိုကွမ်းသီးလုံးလောက်ယူပြီး ပါးစပ်ထဲထည့်၊ ရေနဲ့သာမျှောချလိုက်၊ ဘယ်တော့မှငှက်ဖျားမဖြစ်ဘူး"

ဟုပြောသဖြင့် နီမောင်တို့တတွေကလည်း ယုံယုံကြည်ကြည်နှင့်ပင် မြေကြီးကိုယူပြီး စားထားကြရာ သံဖြူဇရပ်ချွေးတပ်စခန်းမှာရှိနေကြစဉ် ကာလတစ်လျှောက်လုံးမှာ သူတို့အဖွဲ့သားများ ငှက်ဖျားရောဂါမဖြစ်ကြပေ။

ချွေးတပ်စခန်းမှလူများကို အလုပ်လုပ်သောနေရာသို့ လွှတ်ကာနီးတွင် တန်းစီပြီး 'ကွီနိုင်' အဖျားပြတ်ဆေးများ ဝေငှပေးသည်။

ထိုဆေးများကို ချက်ချင်းသောက်ရသည်။ ချန်မထားရပေ။ သိမ်းမထားရပေ။

နီမောင်တို့အတွက်တော့ ကွီနိုင်ဆေးများမလိုသဖြင့် ပါး



www.burmeseclassic.com

www.burmeseclassic.com



စပ်ထဲထည့်ဟန်ဆောင်ပြီး မသောက်ပဲသိမ်းထားကာ ရောဂါဖြစ်နေသူများကိုဝေငှပေးသည်။

၎င်းတို့နေသောတဲအတွင်းမှာ ငှက်ဖျားရောဂါဖြစ်ပြီး သေလုမျောပါးဖြစ်နေကြသူအချို့ရှိသည်။

ပါလာစဉ်ကပင် ကျန်းမာရေးမကောင်းသူများဖြစ်နေကြရာ ချွေးတပ်စခန်းသို့ရောက်သောအခါမှာတော့ ပုန်းပုန်းလဲကာ အရိုးပေါ်အရေတင်ဘဝသို့ရောက်ကြရတော့သည်။

ထိုလူနာများထဲမှာ'မှတ်ကြီး'ဆိုသူမှာ အခြေအနေအဆိုးဆုံးဖြစ်သည်။

၎င်းက ဒေးဒရဲနယ်ဘက်ကဖြစ်ပြီး အသားမည်းမည်းနှင့်ဦးခေါင်းကြီးသူဖြစ်ရာ တစ်ကိုယ်လုံး ပိန်ကျသွားပြီး အရိုးပေါ်အရေတင်ဘဝသို့ရောက်သောအခါ ဦးခေါင်းကပိုကြီးလာသကဲ့သို့ရှိလေသည်။

မျက်နှာမှာလည်း အရိုးခေါင်းတစ်လုံးကဲ့သို့ဖြစ်နေပြီး ကြောင်တောင်တောင်ဖြစ်နေသောမျက်လုံးနှစ်လုံးက အပြင်ဘက်သို့ပြူးထွက်နေသည်။

ယခင်က ခါနေသောသွားများက ပါးရိုးနားရိုးများချိုင့်ဝင်သွားသောအခါ အပြင်ဘက်သို့ငေါ်ထွက်လာသကဲ့သို့ ဖြစ်နေတော့သည်။

မှတ်ကြီးဆိုသူမှာ အိပ်ယာမှပင်မထနိုင်တော့ပဲ ခွေခွေကလေးသာရှိတော့သည်။

မည်သည့်အစားအသောက်မှမစားတော့ပေ။





တစ်ညမှာတော့ တောထဲမှ ချွေးဟောင်သံ၊ ချွေးအူသံများကြားကြရသည်။

ထိုသို့ကြားရပြီး မရှေးမနှောင်းမှ နေရာမှမထနိုင်တော့သော မှတ်ကြီးမှာနေရာမှထကာ ဆောင့်ကြောင့်ထိုင်နေတော့သည်။

အခြားလူများကတော့ တစ်နေ့လုံး ပင်ပင်ပန်းပန်းအလုပ်လုပ်ခဲ့ကြရသောကြောင့် ညအိပ်ချိန်မှာတော့ ဆင်အော်လို့တောင် နိုးတော့မည်မဟုတ်ပဲ နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျနေကြသောအချိန်လည်း ဖြစ်သည်။

မှတ်ကြီးက နေရာမှထလာပြီး ဟိုဟိုဒီဒီလိုက်ကြည့်နေသည်။ ပြီးသောအခါ တဲနောက်ဘက်မှအပြင်ဘက်သို့ထွက်သွားလေသည်။

၎င်းထွက်သွားသည်ကို အစောင့်ကျနေသောဂျပန်စစ်သားက မမြင်လိုက်ပေ။

မှတ်ကြီးက ဒယိမ်းဒယိုင်ဖြင့်လျှောက်သွားရာ ရိက္ခာဂိုဒေါင်နားရောက်တော့ ကင်းစောင့်နေသောဂျပန်စစ်သားတစ်ယောက်က မြင်သွားသည်။

"ဟော့. . . ခူးတကား၊ မကောင်းဘူးရှိတယ်ကား၊ အခုရပ်လိုက်စမ်း. . . ဘိရုမာ"

ထိုသို့ပြောသော်လည်း မှတ်ကြီးက ဂရုမစိုက်ပဲ ရိက္ခာဂိုဒေါင်ထဲဝင်သွားလေသည်။

ထိုအခါ လှံစွပ်တပ်ထားသောသေနတ်ကိုကိုင်ထား



www.burmeseclassic.com

www.burmeseclassic.com



သောဂျပန်စစ်သားက ဒေါသတကြီးဖြင့် နောက်မှဝင်လိုက်သွားလေသည်။

အတွင်းသို့ရောက်သောအခါ အစားအသောက်များကို ရှာဖွေစားသောက်နေသောမှတ်ကြီးကိုတွေ့ရသည်။

"ခူးတကား၊ ဘိရုမာ. . . မကောင်းဘူးရှိတယ်ကား"

ဟု အော်ဟစ်ပြောဆိုကာ သူ့ဘက်သို့ကျောပေးပြီး အစားအသောက်များကို ဆောင့်ကြောင့်ထိုင်စားနေသောမှတ်ကြီးကျောပြင်ကို လှံစွပ်ဖြင့် ထိုးစိုက်ချလိုက်လေသည်။

ဒေါသတကြီးဖြင့်ထိုးစိုက်ချလိုက်သဖြင့် လှံစွပ်က ကျောမှရင်ဘတ်သို့ပေါက်ဝင်သွားလေသည်။

"စွပ်. . . ."

မှတ်ကြီးက ရှေ့သို့ဖောက်ဝင်လာသောလှံစွပ်ကိုငုံ့ကြည့်နေသည်။

ဂျပန်စစ်သားက လှံစွက်ကိုပြန်ဆွဲထုတ်လိုက်သည်။

ထိုအချိန်မှာ မှတ်ကြီးကနေရာမှထရပ်လာသည်။

ဂျပန်စစ်သားက ရှေ့ဘက်မှနောက်တစ်ချက် ထပ်ထိုးလိုက်ပြန်သည်။

အနီးကပ်ထိုးခြင်းဖြစ်သောကြောင့် လှံစွပ်က နောက်ဘက်သို့ထိုးဖောက်ဝင်သွားပြန်သည်။

ထိုအခါ မှတ်ကြီး၏လက်နှစ်ဖက်ကထွက်လာပြီး ဂျပန်စစ်သား၏လည်ပင်းကိုဆုပ်ကိုင်ပြီး ညှစ်ချလိုက်လေတော့သည်။

မမျှော်လင့်သောအခြေအနေကြောင့် ဂျပန်စစ်သားမှာ





မျက်လုံးပြူးသွားတော့သည်။

ထို့နောက် သေနတ်ကိုပြန်နှုတ်ပြီး ပစ်လေတော့သည်။

"ဒိုင်း. . . ဒိုင်း. . . ဒိုင်း"

တိတ်ဆိတ်နေသောအချိန်တွင် သေနတ်သံက ဆူညံစွာပေါ်ထွက်လာလေရာ အိပ်ပျော်နေသူများလည်း ပြန်နိုးလာကြလေသည်။

သူတို့အတွက်ကတော့ ညဘက်အချိန်များတွင် သေနတ်သံကြားရခြင်းမှာ အဆန်းမဟုတ်တော့ပေ။

ချွေးတပ်စခန်းရောက်နေသူတို့မှာ ယခုလို ညအချိန်ရောက်သောအခါ မကြာခဏ ထွက်ပြေးကြပြီး ဂျပန်စစ်သားများကလည်း အလွတ်မပေးပဲ ပစ်သတ်နေကြဖြစ်သည်။

ထွက်ပြေးဖို့ကြိုးစားရင်း သေနတ်ဖြင့် ပစ်သတ်ခံရလျှင်များစွာ သက်သာလှသည်။

အကယ်၍သာ အသက်ရှင်လျက်ပြန်ဖမ်းမိပါက အရှင်လတ်လတ်ငရဲရောက်ရသကဲ့သို့ ခံရလေတော့သည်။

အရှင်လတ်လတ် လက်သည်းခွံခွာခြင်း၊ ရေနွေးပူဖြင့်လောင်းခြင်း၊ မီးရဲနေသောသံပြားဖြင့် ကပ်ခြင်း၊ သံချွန်ဖြင့်ထိုးခြင်းအပြင် မျက်လုံးဖောက်ခြင်း၊ လျှာဖြတ်ခြင်းစသောနှိပ်စက်မှုများကို မချိမဆံ့ခံရပြီးမှ အသတ်ခံရမည်ဖြစ်သည်။

သို့ကြောင့် အချို့လည်း မထူးဆန်းတော့သလို ပြန်အိပ်ရန်ကြိုးစားကြလေသည်။

သေနတ်သံကြားသဖြင့် အခြားဂျပန်စစ်သားများ



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသောလှံစွပ်တန်းလန်းဖြင့် မသေသေးသောမှတ်ကြီးနှင့်လည်ပင်းကျိုးကာ သေဆုံးနေသောဂျပန်စစ်သားကိုတွေ့ရသဖြင့် မှတ်ကြီးကိုသေနတ်ဖြင့် ထပ်ပစ်လိုက်သည်။

သို့တိုင်အောင် မသေသေးပဲရှိသဖြင့် ဂျပန်စစ်ဗိုလ်ကဓားကိုထုတ်ပြီး မှတ်ကြီးလည်ပင်းကိုဖြတ်ချလိုက်တော့မှ ခေါင်းတခြား ကိုယ်တခြားဖြစ်ကာ ငြိမ်ကျသွားလေတော့သည်။

ထိုစခန်းနှင့်မနီးမဝေးမှာ ဆောက်လက်စချောင်းကူးတံတားတစ်စင်းရှိနေပြီး လက်စမသပ်သေးပေ။

ဂျပန်စစ်သားအချို့က မှတ်ကြီးခေါင်းနှင့်ကိုယ်ကို ဒရွတ်တိုက်ဆွဲယူသွားပြီး ချောင်းထဲသို့ပစ်ချလိုက်ကြလေတော့သည်။

ထိုအချိန်တွင် တောထဲမှတောခွေးအူသံများ စူးစူးဝါးဝါးပေါ်လာပြန်လေသည်။



# အခန်း(၃)

## ခေါင်းပြတ်တံတားမှဆန်းကြယ်မှုများ

ချွေးတပ်စခန်းမှာ ထိုကဲ့သို့သောအဖြစ်အပျက်များကအဆန်းတကြယ်တော့ မဟုတ်ပါချေ။

နေ့မြင်ညပျောက်ဆိုသလို ယခုတွေ့မြင်နေရပေမယ့်နောက်တစ်နေ့တွင် တွေ့မြင်ချင်မှတွေ့မြင်ရသည်။

အချို့လည်း ဆင်းရဲပင်ပန်းမှုဒဏ်မခံနိုင်ကြသဖြင့် ထွက်ပြေးကြသည်။ ပြန်မိလျှင် ရက်ရက်စက်စက်ညှင်းပန်းနှိပ်စက်ပြီးအသတ်ခံရသည်။

ကံကောင်းထောက်မ၍ လွတ်မြောက်သွားခဲ့လျှင်လည်းအရှင်လတ်လတ် ငရဲတွင်းကျနေရသောဘဝမှ လွတ်မြောက်ခွင့်ရကြမည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ချွေးတပ်စခန်းရောက်နေသူများမှာ လူအမျိုးမျိုးရှိကြလေသည်။ အချို့က ရောက်လေရာအရပ်တွင် သေမထူးနေမထူးဘဝဖြင့် ကြုံသလို ဖြစ်သလိုနေတတ်ကြသည်။

အချို့ကတော့ မလွှဲသာမရှောင်သာသောကြောင့်သာ အဖမ်းခံရကာ ချွေးတပ်စခန်းသို့ပါလာကြသော်လည်း အချိန်နှင့်အမျှ နေ့စဉ်နှင့်အမျှ ငရဲတွင်းမှလွတ်မြောက်အောင် ကြံစည်အားထုတ်နေကြလေသည်။

ထိုအထဲတွင် နီမောင်တို့လည်း အပါအဝင်ဖြစ်သည်။

ချွေးတပ်စခန်းတွင် ခင်ရာမင်ရာ စုပြီးနေကြရာ နီမောင်၊ ဦးမွန်ထော်၊ သံပချိုင်၊ စောထီး၊ ငမဲအောင်တို့မှာတစ်ဖွဲ့ဖြစ်နေသည်။

သူတို့ငါးယောက်မှာ အခွင့်ကောင်းရသည်နှင့်ထိုစခန်းမှ ထွက်ပြေးကြရန် အမြဲတစေ ကြံစည်စိတ်ကူးနေကြသူများဖြစ်ကြသည်။

အလုပ်သိမ်းပြီး တဲအတွင်း၌ ပြန်လည်စုမိသောအခါ ထိုအကြောင်းကိုတိုးတိုးတိတ်တိတ် တိုင်ပင်ကြရလေသည်။

ထိုအကြောင်းကို လူသိခံ၍မဖြစ်ပေ။ အကယ်၍ ထိုအကြောင်းကို ဂျပန်တို့သိသွားပါက အရှင်လတ်လတ်နှိပ်စက်ခံရပြီး နောက်ဆုံး အသတ်ခံရမည်ဖြစ်သည်။

ထို့ကြောင့် တိုင်ပင်လျှင်လည်း အခြားသူမသိစေရန် တိုးတိုးတိတ်တိတ် တိုင်ပင်ကြရသည်။

"နောက်တစ်ပတ်လောက်ဆိုရင် အခုဆောက်နေတဲ့





ချောင်းကူးတံတားပြီးနိုင်တယ်"

ဦးမွန်ထော်က ပြောသည်။

"ဟုတ်တယ် အဘ. . . ဒီတံတားပြီးတာနဲ့ကျွန်တော်တို့တတွေ ဟိုတောထဲကို စခန်းပြောင်းကြရဖို့များတယ်"

"သေချာတာပေါ့. . . ရထားသံလမ်းဖောက်ဖို့ လမ်းအူကြောင်းဆွဲတဲ့အခါ သစ်ပင်တွေလှဲရမယ်၊ တောင်ချိုတွေရှင်းရမယ်၊ တောင်တွေရှိရင် တောင်ကြားလမ်းတွေလုပ်ကြရမှာဆိုတော့ အဲဒီနေရာကို မလွှဲမသွေလိုက်ရမှာပဲ"

"ရာသီဥတုကလည်း မကောင်းဘူး။ မိုးစွတ်စွတ် ရေစွတ်စွတ်နဲ့တောထဲမှာ ငှက်ဖျားမိပြီး သေကြဦးမှာပေါ့ကွာ"

"အခုလည်း သေနေကြတာပါပဲ. . . ဘာမှတော့ သိပ်မထူးလှပါဘူး။ ဒါထက် တစ်နေ့က မှတ်ကြီးတစ်ယောက်သေသွားတာ စိတ်မကောင်းစရာပဲ"

စောထီးကပြောရာ ကျန်လူများက စိတ်မကောင်းသဖြင့် ငြိမ်သက်သွားကြသည်။

"ဘယ်တတ်နိုင်ပါ့မလဲ. . . သူ့ရောဂါက အတော်လေးဆိုးနေပြီ. . . ဂျပန်မသတ်လည်း ရောဂါကြောင့်သေမှာပါပဲ. . . အခုလိုမြန်မြန်သေသွားတော့ မြန်မြန်ဝဋ်ကျွတ်သွားတာပေါ့"

သံပချိုင်က ဝင်ပြောလိုက်သည်။

"ဒါထက် သူမသေခင် ဂျပန်စစ်သားတစ်ယောက်ကိုလည်ပင်းညှစ်သတ်သွားတယ်လို့ပြောသံကြားတယ်. . . ဒီ



www.burmeseclassic.com

www.burmeseclassic.com



လောက်အားမရှိတဲ့လူက ဂျပန်ကို ဘယ်လိုသတ်သွားတာလည်း မသိဘူး"

ငမဲအောင်စကားကြားသောအခါ ဦးမွန်ထော်က ရှင်းပြလေသည်။

"ဂျပန်သေတာ မှတ်ကြီး သတ်လို့သေရတာမှမဟုတ်တာ"

"ဟင်. . . ဘယ်သူဝင်သတ်တာလဲ၊ ပြောသံကြားတာကတော့ မှတ်ကြီးကိုယ်တိုင် လှံစွပ်နဲ့ဝင်ထိုးတဲ့ဂျပန်စစ်သားကို လည်ပင်းညှစ်သတ်လိုက်တာလို့ပြောတယ်"

"သတ်တာကတော့ မှတ်ကြီးပါပဲ. . . ဒါပေမယ့် သူသတ်တာမဟုတ်ဘူး"

"အဘပြောတဲ့စကားကလည်းဗျာ. . . နှစ်လုံးထဲနဲ့ရှုပ်နေတာပဲ"

ငမဲအောင်က ညည်းညည်းညူညူပြောလိုက်သဖြင့် နံဘေးမှလူများက သဘောကျစွာ ပြုံးလိုက်ကြသည်။

"မင်း စဉ်းစားကြည့်ပေါ့. . . ငှက်ဖျားဖြစ်နေလို့ လေပြင်းပြင်းတိုက်ရင်တောင် လဲကျတော့မယ့်သူက ဂျပန်စစ်သားကို ဘယ်လိုသတ်မှာလဲ. . . သူ့ကိုယ်ထဲဝင်နေတဲ့ မကောင်းဆိုးဝါးက ဝင်သတ်သွားတာပေါ့"

ထိုအခါမှ ငမဲအောင်မှာ မျက်လုံးပြူးသွားလေတော့သည်။

"ဟင်. . . ဒါဖြင့် ဖုတ်ဝင်နေတာပေါ့"





"အိပ်ယာထဲလဲနေတဲ့လူမမာက စားဖို့ဆောင်အထိ လမ်းလျှောက်သွားတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား၊ နောက်ပြီး လှံစွပ်နဲ့ထိုးပြီး မသေမှတော့ ဖုတ်ဝင်နေတာပဲဖြစ်မှာပေါ့"

ဦးမွန်ထော်က အေးအေးဆေးဆေးပင် ရှင်းပြလေသည်။

"ဖုတ်ကောင်ဝင်တယ်ဆိုတော့ သူက သေသွားလို့ပေါ့နော်"

"ဒါပေါ့ကွ. . . သေလို့သာ ဖုတ်ကောင်ဝင်နိုင်တာပေါ့။ မသေသေးရင် ပူးကပ်တာလောက်ပဲရမှာပေါ့၊ သူရောဂါကြောင့် အသက်ထွက်သွားတဲ့အချိန်မှာ အနီးပတ်ဝန်းကျင်မှာရှိနေတဲ့ ဖုတ်ကောင်က သူကိုယ်ထဲဟန်မပျက်ဝင်လာပြီး ဟန်မပျက်သွားလာနေတာပေါ့"

"ဒါဖြင့် ကျွန်တော်တို့ပတ်ဝန်းကျင်မှာ ဒီလိုအခြေအနေမျိုးကို အဆင်သင့်စောင့်နေတဲ့မကောင်းဆိုးဝါးတွေ အများကြီးရှိရမှာပေါ့နော်"

နီမောင်က ဝင်ပြောလိုက်သည်။

"ရှိတာပေါ့. . . သာမန်လူတွေ မျက်စိနဲ့မမြင်ရပေလို့သာ တကယ်လို့သာမြင်ရရင် မြေပေါ်မှာ ခြေထောက်ချစရာတောင် နေရာမရှိဘူး"

ထိုစကားကြောင့် ပါးစပ်အဟောင်းသားဖြစ်သွားကြလေသည်။

"သစ်ပင်တွေမှာဆိုရင်လည်း သစ်ကိုင်း၊ သစ်ခက် သစ်



www.burmeseclassic.com

www.burmeseclassic.com



ရွက်တွေပေါ်မှာမကျန် နေရာလပ်မရှိအောင် မှီခိုနေကြရတယ်၊ မြေကြီးပေါ်မှာဆိုရင်လည်း ခြေချစရာ နင်းစရာမရှိတော့အောင် များတယ်"

"ဒါဖြင့် ကျွန်တော်တို့ကျတော့ ဘာကြောင့်မမြင်ရတာလည်း ဘဘ"

"သာမန်လူတွေကတော့ ဘယ်မြင်ရမလဲ. . . သူတို့ကို မြင်နေရင်လည်း ဘာမှလုပ်စားလို့မရလောက်အောင် ခြောက်လန့်နေကြမှာပေါ့. . . ငါတို့လို သာမန်လူတွေက မမြင်ရပေမယ့် တိရစ္ဆာန်တွေက မြင်ရတယ်. . . ခွေးတွေ ကြောင်တွေဟာ ဝိညာဉ်တွေကိုမြင်ရတယ်"

"ဒါကြောင့် ရွာတွေထဲကို မကောင်းဆိုးဝါးတွေဝင်လာရင် ခွေးအူသံ၊ ခွေးဟောင်သံတွေကြားရတတ်တာကိုး"

"လူတွေမှာလည်း သီလနဲ့ပြည့်စုံသူတွေ သိဒ္ဓိပေါက်နေတဲ့ပုဂ္ဂိုလ်တွေ၊ ရဟန်းတွေက ဝိညာဉ်လောကသားတွေကို မြင်တွေ့နိုင်ကြတယ်"

တစ်ခါက ဆရာတော်ကြီးတစ်ပါး ဆွမ်းခံကြွလာသောအခါ ရွာထဲမှာရှိနေသူများကထွက်ပြီး ဆွမ်းလောင်းကြသည်။

ထိုဆရာတော်ကြီးမှာ မုံရွာဘက်မှ သုသာန်ဓုတင်ဆောက်တည်နေသော ရွာမွန်ဆရာတော်ကြီးပင် ဖြစ်၏။

ထိုဆရာတော်ကြီးမှာ ရွာမွန်သုသာန်အုတ်ဂူများကြားမှာ ယာယီကျောင်းဖြင့် သီတင်းသုံးနေထိုင်ကာ တရားအားထုတ်နေသောပုဂ္ဂိုလ်ဖြစ်သည်။





ဆွမ်းခံကြွချိန်ရောက်လျှင် ရွာမွန်ရွာတွင်းသို့ ဆွမ်းခံကြွသည်။ အိမ်ထဲမဝင်ပဲ သပိတ်ပိုက်ကာ ရွာလမ်းအတိုင်း ဆွမ်းခံကြွလေ့ရှိသည်။

ရွာသူရွာသားများက သက်သတ်လွတ်ထမင်းဟင်းများ လောင်းလှူကြလေသည်။

တစ်နေ့တော့ ဆရာတော်ကြီးဆွမ်းခံကြွလာစဉ် ခြေလှမ်းက ရှေ့သို့သိပ်မရောက်ပဲ ရှေ့တစ်လှမ်းတိုးလိုက် ရပ်ပေးလိုက်၊ အတန်ကြာမှ ရှေ့တစ်လှမ်းတိုးလိုက်နှင့် လှမ်းလျှောက်နေသည်ကို သတိပြုမိသောဒကာတစ်ယောက်က လျှောက်ထားသည်။

"အရှင်ဘုရား. . . ရွာလမ်းမှာ ဆူးငြောင့်ခလုတ်ရှင်းပါတယ်ဘုရား၊ ဘာကြောင့် ခြေလှမ်းတုံ့နေရတာပါလည်း ဘုရား"

"ဆူးငြောင့်ခလုတ်ထက် ပိုများတာတွေ လမ်းပေါ်မှာရှိနေကြတယ်. . . သူတို့လမ်းဖယ်ပေးပြီးတဲ့အထိ စောင့်ပေးနေရတယ်"

ထိုဒကာက ရွာလမ်းပေါ် လှမ်းကြည့်တော့လည်း ခွေးတစ်ကောင် ကြောင်တစ်မြီးမှပင်မတွေ့ရပေ။

တကယ်တော့ ရွာလမ်းတစ်လျှောက်တွင် သာမန်လူတို့မျက်စိဖြင့်မမြင်ရသောဝိညာဉ်များ၊ ပြိတ္တာတို့မြောက်များစွာ ရှိနေကြသည်။

ဘယ်လောက်များသလဲဆိုလျှင် ရေကန်တစ်ခုထဲမှာ ရေမှော်များ နေရာလပ်မရှိအောင်ပြည့်နေသကဲ့သို့ပင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုပြိတ္တာများ၊ ဝိညာဉ်လောကသားတို့သည် သာမန်လူတို့သွားလာနေလျှင် မထောင်းသာပေ။

သီလနှင့်ပြည့်စုံသော ရဟန်းတို့ကြွလာလျှင်တော့ ဒုက္ခကြီးစွာ ရောက်ကြရလေသည်။

အဘယ်ကြောင့်ဆိုသော် အရိပ်နှင့်လွတ်အောင် သင်္ကန်းနှင့်မထိမိအောင် လမ်းဖယ်ပေးကြရသောကြောင့်ဖြစ်သည်။

ထိုအခါ တစ်ဦးနှင့်တစ်ဦးမလွတ်ပဲ ဖိကြ၊ နင်းကြနှင့်ပွဲလန့်သကဲ့သို့ ဖြစ်လေသည်။

ရဟန်းကြွသွားသောလမ်းပေါ်မှာတော့ ဘာမှမရှိဘဲရှင်းလင်းနေသော်လည်း ဘေးတစ်ဖက်တစ်ချက်မှာတော့ ရေထဲမှဗေဒါပင်များ ဆယ်တင်ပြီးပုံထားသကဲ့သို့ အပုံလိုက်၊ အထပ်လိုက်ဖြစ်ကျန်ခဲ့လေသည်။

ရှင်းအောင် ဥပမာပြရလျှင် ရေမှော်ပင်များဖြင့် ပြည့်နေသောရေကန်ထဲသို့ လှေတစ်စင်းဖြတ်လှော်သွားသောအခါ လှေသွားသောလမ်းကြောင်းမှာရှင်းနေပြီး ဘေးတစ်ဖက်တစ်ချက်၌ ရေမှော်များ ပုံထပ်ကျန်ခဲ့သလိုမျိုး ဖြစ်ပေသည်။

ခဏကြာတော့လည်း မူလရှိနေသည့်အတိုင်း ရှိမြဲရှိနေမြဲနေကြ ကွက်လပ်မရှိပြန်ဖြစ်သွားပြန်တော့သည်။

"ဒါကြောင့် သီလရှိတဲ့ရဟန်းသံဃာတွေ လမ်းထွက်တဲ့အခါ သင်္ကန်းကို သေသေသပ်သပ်ဖြစ်အောင် လိပ်ထိုးပြီး ကြွကြရတာပေါ့၊ သင်္ကန်းတဖားဖားနဲ့သွားချင်ရာသွား နေချင်သလိုနေရင်တော့ ပရလောကသားတွေအတွက် အတော်ဒုက္ခရောက်ကြရတယ်၊ သင်္ကန်းဝတ်ရုံထားတဲ့ပုဂ္ဂိုလ်က သီလမရှိရင်တော့ သင်္ကန်းဆိုတာက သိဒ္ဓိရှိလေတော့ မခံနိုင်ကြဘူး"

ဟု ဦးမွန်ထော်က ပြောပြလေသည်။

"အဘပြောသလိုဆိုရင် ဝိညာဉ်လောကသားလို့ခေါ်ကြတဲ့ပြိတ္တာတွေဟာ အတော်များတာပဲ၊ ဒါကြောင့်လည်း အချို့သေပြီး ချက်ချင်းဖုတ်ဝင်ပြီး လူတစ်ယောက်လိုဟန်မပျက် ဆက်နေနိုင်ကြတာကိုး"

ထန်းပင်ပေါ်မှပြုတ်ကျသေပြီး ဖုတ်ဝင်လာသဖြင့် လူကောင်းကဲ့သို့ပြန်ထလာပြီး နောက်သုံးနှစ်ခန့်နေရာ ထိုသူနှင့်ကလေးပင်ရသော ထန်းတက်သမားငပြအကြောင်း. . .

တောထဲမှာ ဓားပြဝင်ဖမ်းရင်း သေနတ်မှန်သဖြင့် သေဆုံးသွားခဲ့ပြီး ဖုတ်ဝင်လာသောကြောင့် ပြန်ထလာကာ ရွာသို့ပြန်လာနေပြီး နောက်ပိုင်း ရွာသူကြီးပင်ဖြစ်ခဲ့သော ဖုတ်သူကြီးဖိုးတုတ်. . . စသည်အကြောင်းတို့မှာ အခြားစာအုပ်များတွင် ထည့်သွင်းရေးသားဖော်ပြခဲ့ပြီးဖြစ်သောကြောင့် အကျယ်မရေးတော့ပေပြီ။

ယခုလည်း မှတ်ကြီးတစ်ယောက်ဖုတ်ဝင်ပြီး ဂျပန်စစ်သားကိုသတ်ဖြတ်ခဲ့သောကြောင့် သူတို့သာသိကြပြီး အခြားသူများကတော့ စိတ်ဝင်စားမှုလည်းမရှိ၊ သိလည်းသိဟန်မတူကြပေ။

သို့သော်လည်း နောက်ပိုင်းတော့ တဖြည်းဖြည်းနှင့်သိသာကြရလေသည်။







www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့်ဆိုသော် မှတ်ကြီးမှာ ငှက်ဖျားရောဂါကြောင့်သေ၊ သေပြီးတော့မှဖုတ်ဝင်၊ ဖုတ်ဝင်ပြီး ပြန်ရှင်လာတော့မှ ခေါင်းဖြတ်အသတ်ခံရသော မှတ်ကြီးတစ်ယောက် သရဲဘဝသို့ရောက်ကာ စခန်းမှလူများကို မကြာခဏလာရောက်ခြောက်လှန့်နေသောကြောင့် ဖြစ်သည်။

ညအချိန်ရောက်လာလျှင် ဆောက်လက်စတံတားဘက်မှခွေးအူသံ၊ ခွေးဟောင်သံများ အမြဲလိုကြားကြရသည်။

ထို့နောက်မှာတော့ အမှောင်ရိပ်ထဲမှာ ဦးခေါင်းပြတ်ကြီးကို လက်တစ်ဖက်မှကိုင်ထားကာ ခေါက်တုံ့ခေါက်ပြန်လျှောက်နေသောခေါင်းပြတ်တစ္ဆေကို တွေ့မြင်ကြရလေသည်။

အချို့လည်း အပြင်ဘက်ထွက်ကာ အပေါ့အပါးသွားနေရင်း နောက်ဘက်မှခြေသံလိုလိုကြားရတော့မှ လှည့်ကြည့်လိုက် ဦးခေါင်းပြတ်တစ်လုံးကို လက်မှာဆွဲထားသောဦးခေါင်းပြတ်တစ္ဆေကို အနီးကပ်တွေ့ရတော့မှ ကြောက်လန့်တကြား ထပြေးရသည်မျိုးလည်းရှိသည်။

ထို့ထက်ပိုပြီး ကြောက်စရာကောင်းသောအဖြစ်အပျက်များက ဆောက်လက်စတံတားနှင့်ပတ်သက်သည့်အဖြစ်အပျက်အချို့ပင် ဖြစ်၏။

နေ့အချိန်တွင် တံတားဆောက်လုပ်နေသော ချွေးတပ်သားအချို့တို့မှာမမျှော်လင့်ပဲ ခေါင်းပြတ်တစ္ဆေကိုတွေ့မြင်ကြရလေသည်။

ထိုသို့တွေ့မြင်ရသည်နှင့်ကြောက်လန့်တကြား အော်





တစ်ထွက်ပြေးသောအခါ အစောင့်ဂျပန်တို့၏နှိပ်စက်မှုကိုခံကြရတော့သည်။

"ဘာဖြစ်တာလဲ ဘိရုမာ"

"တံတားပေါ်မှာ ခေါင်းပြတ်တစ္ဆေကိုတွေ့ရပါတယ် မာစတာ"

"ဘယ်မှာလဲ. . . ပြပါ"

ထိုသို့ပြောတော့လည်း သူမြင်ခဲ့ရသောခေါင်းပြတ်တစ္ဆေတံတားပေါ်မှာအရိပ်အယောင်မှ မတွေ့ရတော့ပေ။

ထိုအခါ ဂျပန်စစ်သားက အလုပ်မလုပ်ပဲ လိမ်ညာပြောသည်ဆိုကာ ပါးကို ဘယ်ပြန်ညာပြန်ရိုက်ခြင်း၊ သေနတ်ဒင်ဖြင့်ဆောင့်ခြင်း၊ ကြိမ်လုံး၊ ဝါးစိမ်းတုတ်တို့ဖြင့် ကျွဲရိုက်၊ နွားရိုက်သလိုရိုက်ခြင်းကိုခံကြရသည်။

တစ်ကြိမ်မှာ တံတားပေါ်၌ အလုပ်လုပ်နေသောလူတစ်ယောက် ခေါင်းပြတ်တစ္ဆေနောက်မှရောက်လာပြီး တွန်းချလိုက်သဖြင့် ချောက်ထဲပြုတ်ကျကာ သေဆုံးသွားလေသည်။

ထိုကဲ့သို့ဖြစ်သော်လည်း ဂျပန်စစ်သားများက မယုံကြည်ကြပေ။

နောက်ပိုင်းမှာလည်း ထိုတံတားကိုဆောက်လုပ်နေစဉ်ကာလအတွင်း ခေါင်းပြတ်တစ္ဆေ၏နှောက်ယှက်မှုများကို အမျိုးမျိုးကြုံတွေ့ကြရသည်။

နောက်ဆုံးအလုပ်သမားများတစ်ယောက်ချင်း၊ နှစ်ယောက်ချင်းသွားလာပြီး အလုပ်မလုပ်ဝံ့တော့လောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေသည်။

သို့သော်လည်း ဂျပန်တို့ကတော့ ထိုတံတားကိုလူအင်အားသုံးကာ ပြီးစီးအောင် ဆောက်လုပ်ကြလေသည်။

ထိုကဲ့သို့တည်ဆောက်နေစဉ်ကာလအတွင်း သစ်လုံးများလိမ့်ကျခြင်း၊ ထူထားသောတိုင်များ လဲကျခြင်း၊ တပ်ဆင်ထားသောတံတားဘောင်များ ပြုတ်ကျခြင်းကြောင့် လူအချို့ ထပ်မံသေဆုံးကြရသည်။

ထိုသို့သေဆုံးသောလူများမှာ ချွေးတပ်သားများသာမကပဲ ဂျပန်စစ်သားအချို့ပင်ပါလေသည်။

အခိုင်အခံ့တပ်ဆင်ပြီးသော တံတားဘောင်ကြီးတစ်ခုမှာ တစ်စုံတစ်ယောက်က ရိုက်ဖြုတ်လိုက်သကဲ့သို့ ပြုတ်ထွက်ပြီး အောက်မှလူများပေါ်သို့လာရာ ချွေးတပ်သားများရော ဂျပန်စစ်သားအချို့ပါ သေဆုံးသွားရခြင်းဖြစ်သည်။

ထူးဆန်းသောအချက်မှာ ဂျပန်စစ်သားတစ်ယောက်မှာ တံတားဘောင်များပြုတ်ကျလာသည်ကိုမြင်သောအခါ အလန့်တကြားဖြင့် ရှောင်ပြေးရာ ခလုတ်တိုက်မိပြီးလဲကျသွားသဖြင့် လည်ပင်းက သစ်တုံးတစ်တုံးပေါ် ရောက်နေစဉ်မှာ အပေါ်မှာတပ်ဆင်ထားသောသစ်သားပိုင်းတစ်ခုက လည်ပင်းပေါ်သို့ကျသွားလေရာ ဓားဖြင့်ခုတ်ဖြတ်လိုက်သကဲ့သို့ တိတိရိရိပြတ်ထွက်သွားသောကြောင့် ခေါင်းတခြား ကိုယ်တခြားဖြစ်လျက် သေဆုံးသွားလေသည်။

ပထမက ထိုတံတားဖြတ်ထားသောချောင်းအမည်ကိုခေါ်





ပြီး တံတားကိုလည်း ထိုအမည်ပင်ပေးခဲ့လေသည်။

သစ်ခေါင်းတုံးကျသောချောင်းဖြစ်သဖြင့် ဒေသခံများက 'ခေါင်းတုံးကျချောင်း'ဟု ခေါ်ဝေါ်ကြသဖြင့် တံတားဆောက်သောအခါ 'ခေါင်းတုံးကျတံတား'ဟု ခေါ်ကြသည်။

နောက်ပိုင်းမှာတော့ ထိုကဲ့သို့ပေးထားသော မူလတံတားနာမည်ပျောက်သွားပြီး'ခေါင်းပြတ်တံတား'ဟု အမည်တွင်ခဲ့လေသည်။

ထိုခေါင်းပြတ်တံတားသည် နီမောင်တို့တွေ့ကြုံခဲ့ရသောကြောက်ရွံ့ထိတ်လန့်ဖွယ်ကောင်းသောတံတားများထဲတွင် ပထမဦးစွာ ကြုံတွေ့ခဲ့ရသောတံတားတစ်စင်းလည်း ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၄)

## ချွေးတပ်စခန်းရောက်လာသောဆာနူး

နီမောင်တို့တတွေ ချွေးတပ်စခန်းမှာရှိနေကြဆဲအချိန်မှာ ထိုစခန်းမှလွတ်မြောက်အောင် ကြံစည်ကြိုးစားကြသော်လည်း အခွင့်အရေးမသာပဲ အထမမြောက်သေးပဲရှိကြလေသည်။

ထို့ကြောင့်လည်း သည်းခံပြီး ကြိတ်မှိတ်ကာ အခွင့်အရေးကိုသာ စောင့်ကြရလေသည်။

နောက်ပိုင်းတွင် ဖောက်နေသောရထားသံလမ်းက သံဖြူဇရပ်နှင့်တဖြည်းဖြည်း ဝေးလာပြီး တောတွင်းသို့ရောက်သွားကြသည်။

မိုးရာသီကလည်း မကုန်သေးသောကြောင့် မိုးရေထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



အလုပ်လုပ်ကြရသည်။

ပင်ပန်းဆင်းရဲမှုများက ပြောဖွယ်ရာမရှိတော့ပေ။

တောထဲရောက်သောအခါ သစ်ဝါးများဖြင့် ယာယီတဲကြီးများထိုးကာ နေကြရသည်။

ဖြစ်သလိုဆောက်ကြရသဖြင့် မိုးမလုံပေ....။

ဒီနေရာမိုးယိုလျှင် ဟိုနေရာရွှေ့နေရသည်။

အစားအသောက်ကရှားပါးသည့်အပြင် ဆေးဝါးကလည်း မလုံလောက်သဖြင့် ငှက်ဖျားရောဂါအပါအဝင် အခြားရောဂါများဖြစ် သေဆုံးသူက များလာသည်။

ဂျပန်တို့က သေသူများကိုဂရုစိုက်မနေပဲဖြစ်သလိုပင် မြှုပ်နှံသဂြိုလ်ပစ်ကြသည်။

အလောင်းကို တောထဲသို့ဒရွတ်တိုက်ဆွဲခေါ်သွားပြီး မြေကျင်းတူးပြီး မြှုပ်ပစ်သည်။

တစ်နေ့တည်း နှစ်လောင်းသုံးလောင်းသေလျှင် မြေကျင်းတစ်ကျင်းထဲတူးပြီး အလောင်းများကိုစုပုံပြီး မြှုပ်နှံစေရာ အချို့မလုံပေ။

မြေကျင်းများကတိမ်သောကြောင့် မြှုပ်ထားသောအလောင်းများက ခြေပေါ်လက်ပေါ်၊ အချို့ဦးခေါင်းများ ပေါ်နေတတ်သည်။

ညအချိန်ရောက်လာလျှင် အလောင်းများမြှုပ်ထားသောနေရာသို့ တောခွေးများအပါအဝင် သားရဲတိရစ္ဆာန်များရောက်လာပြီး တူးဖော်စားသောက်ကြရာ နောက်တစ်နေ့





ရောက်လျှင် ထိုနေရာမှာ အလောင်းများ၏အပိုင်းအပြတ်တို့ကို တွေ့ကြရသည်။

သရဲခြောက်မှုကလည်း အတော်များသည်။

နေဝင်သွားသည်နှင့်နည်းမျိုးစုံနှင့် လာရောက်ခြောက်လှန့်တတ်ကြလေသည်။

ချွေးတပ်စခန်းမှာရောက်နေကြသူများမှာ ရာသီဥတုကြမ်းသောတောထဲတောင်ထဲမှာ တစ်နေကုန် တစ်နေခမ်း အလုပ်လုပ်ကြရသည်။

ပင်ပန်းမှုကတော့ ဆိုဖွယ်မရှိတော့ပေ။

ထိုကဲ့သို့ ပင်ပင်ပန်းပန်းလုပ်ရသော်လည်း ခွန်အားပြန်ဖြစ်အောင်တော့ ပြည့်ပြည့်ဝဝမစားသောက်ကြရပေ။

ဆန်ကြမ်း ပဲ၊ သစ်သီးကိုချက်သောဟင်းရည်ကျဲအချို့လောက်သာ မဝရေစာစားသောက်ကြရသည်။

သို့ကြောင့် ရောဂါဝင်လာလျှင် ပျောက်ကင်းရန်ခက်ခဲပြီး အသက်သေရန်သာ များလေသည်။

တစ်နေ့တော့ နီမောင်တို့ရှိသောတဲကြီးအတွင်းသို့သံဖြူဇရပ်စခန်းမှ ထပ်ပို့ပေးလိုက်သောလူသစ်များ နောက်ထပ်ရောက်လာကြသည်။

ထိုအထဲတွင် ဆာဒူးတစ်ယောက်နှင့်ပုံသဏ္ဍာန်တူသော ကုလားလူမျိုးတစ်ယောက်လည်း ပါလာသည်။

၎င်းသည် အဝတ်ဟောင်းကြီးတစ်ထည်ကိုခြုံထားပြီး ပါးသိုင်းမွေး၊ မုတ်ဆိတ်မွေးရှည်များက မျက်နှာပေါ်မှာဖုံးအုပ်တွဲ



www.burmeseclassic.com

www.burmeseclassic.com



ကျနေသည်။

လည်ပင်းမှာ ပုတီးတစ်ကုံးဆွဲထားပြီး တောင်ဝှေးတစ်ချောင်းနှင့်လွယ်အိတ်ဟောင်းတစ်လုံးလည်း ပါသေးသည်။

ဆာဒူးများမှာနေရာအနှံ့ လှည့်လည်သွားလာနေကြပေရာ ဂျပန်စစ်သားများကတွေ့သဖြင့် ဖမ်းခေါ်လာပြီး ချွေးတပ်စခန်းသို့ပို့လိုက်ကြခြင်းဖြစ်ဟန်ရှိသည်။

တဲအတွင်းသို့ရောက်သောအခါ ဆာဒူးကြီးက ဘယ်သူကိုမှစကားမပြောပဲ တစ်နေရာမှာထိုင်ကာ ပုတီးစိပ်နေလေသည်။

ပါးစပ်မှလည်း ဂါထာမန္တာန်ကဲ့သို့သောစာများကို အသံမတိုးမကျယ်ဖြင့် ရွတ်ဆိုနေသည်။

၎င်းရွတ်ဆိုနေပုံကြည့်ရသည်မှာ ကောင်းသောမေတ္တာပို့ခြင်းနှင့်မတူပဲ တစ်စုံတစ်ခုကိုမကျေမနပ်ဖြစ်နေသဖြင့် ကျိန်ဆဲနေသောအမူအယာမျိုးဖြစ်နေသောကြောင့် နီမောင်က မနီးမဝေးမှာသွားထိုင်ကာ ကြည့်နေလေသည်။

၎င်းရွတ်ဆိုနေသောအသံနှင့်ပုတီးချသံမှာ အတော်ကလေးအသံကျယ်သော်လည်း အပြင်ဘက်၌ မိုးတဖွဲဖွဲရွာနေသောကြောင့် ဂျပန်များရှိသောနေရာဆီမှကြားရဟန် မတူပေ...။

ဆာဒူးကြီးက အတန်ကြာအောင်ရွတ်ဆိုနေပြီးမှရပ်သွားကာ မျက်လုံးပြန်ဖွင့်လာသည်။

ထိုအခါ အနားမှာရောက်နေသည့်နီမောင်ကိုတွေ့သောအခါ ဦးခေါင်းတစ်ချက်ညိတ်ပြလေသည်။





ထိုသို့ပြုလုပ်ခြင်းက အနားမှာရောက်နေသူအား အသိအမှတ်ပြုသည့်သဘောမျိုးပင် ဖြစ်ဟန်ရှိသည်။

(နီမောင်ပြောသောစကားကို ဆာဒူးကြီးကကောင်းစွာနားမလည်သော်လည်း အတန်အသင့်တော့သိဟန် တူလေသည်။ သို့သော်လည်း စာဖတ်သူအတွက် ရှုပ်ထွေးမည်စိုးပါသဖြင့် မူလစကားပြေအတိုင်းနှင့်သာ ရေးသားဖော်ပြပေးပါမည်)

"ခင်ဗျား ဘာလုပ်နေတာလဲ"

"သူတို့ကို ကျိန်စာတိုက်နေတာ"

"ဟင်... ဘယ်သူတွေကိုကျိန်စာတိုက်နေတာလဲ"

"ငါတို့ကိုနှိပ်စက်တဲ့မိစ္ဆာကောင်တွေကိုပေါ့"

"ဂျပန်တွေကိုပြောတာလား"

နီမောင်ကရှေ့တိုးပြီး လေသံတိုးတိုးဖြင့် မေးလိုက်သည်။

"ဟုတ်တယ်... အဲဒီမိစ္ဆာကောင်တွေကို ကျိန်စာတိုက်နေတာ၊ ဒီမိစ္ဆာကောင်တွေက အပြစ်မရှိတဲ့လူတွေကိုနှိပ်စက်နေကြတယ်"

"သူတို့က ဒီလိုကျိန်စာတိုက်နေရင်ကော သိပ်မလား"

"မင်းမယုံရင် ကြည့်နေပေါ့... မကြာခင် အဲဒီမိစ္ဆာကောင်တွေ အစုလိုက်အပြုံလိုက် သေအောင် ငါလုပ်ပြမယ်"

"ဒါထက် ခင်ဗျားက ဆာဒူးတစ်ယောက်မဟုတ်လားဟင်"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကလာတာလဲ. . . ဘယ်လိုဖြစ်ပြီး ဒီနေရာကိုပါ လာတာလဲ"

"ငါက ဒါဂျီလင်မှာနေတယ်. . . ဒါပေမယ့် ဒီလိုပဲနေရာအနှံ့လျှောက်သွားနေရင်းကနေ မိတ္တာကောင်တွေက ဖမ်းခေါ်လာပြီး ဒီနေရာပို့လိုက်တာပဲ"

နီမောင်က ဆာဒူးကြီးကို အကဲခတ်ကြည့်ကာ စိတ်မကောင်းဖြစ်သွားလေသည်။

"ခင်ဗျားကြည့်ရတာ ဘာမှစားရသေးပုံမတူဘူး၊ ဘယ်လိုအစားအသောက်မျိုးတွေ စားသလဲ"

"ငါက သက်သတ်လွတ်အစားအသောက်ပဲစားတယ်"

နီမောင်က ဆာဒူးကြီးအတွက် ဘယ်လိုအစားအသောက်မျိုးပေးရမလဲဟု စဉ်းစားကြည့်သည်။

သူ့ဆီမှာဝှက်ထားသောမုန့်ခြောက်အချို့နှင့် နို့ဆီတစ်ဗူးတော့ရှိသည်။

အရေးအကြောင်းရှိလျှင် စားသောက်ရန် ဝှက်ထားသောအစားအစာများဖြစ်သည်။

ထို့ပြင် ထမင်းခြောက်တစ်ထုပ်လည်းရှိသေးသည်။

"ကျွန်တော့်ဆီမှာ မုန့်ခြောက်၊ ထမင်းခြောက်နဲ့နို့ဆီတော့ ရှိတယ်. . . ဘာစားမလဲ"

"ထမင်းခြောက်နည်းနည်းနဲ့ရေရရင် ဖြစ်ပါတယ်"

"ရပါတယ်"

နီမောင်က ကပျာကယာနေရာမှထသွားပြီး ထမင်းခြောက်အချို့နှင့်ရေဗူးကိုပေးလိုက်သည်။

ဆာဒူးကြီးက နီမောင်ပေးသောထမင်းခြောက်အချို့ကိုယူပြီး ကြေးခွက်ထဲသို့ထည့်သည်။

ထို့နောက် ရေအနည်းငယ်ထည့်လိုက်ပြီး အတန်ကြာအောင် စောင့်သည်။

ထမင်းခြောက်များ ပွတက်လာတော့မှ ဆားဗူးထဲမှဆားအနည်းငယ်ယူထည့်ပြီး ဒီအတိုင်းစားသောက်ပစ်လိုက်သည်။

ခဏကြာတော့ ကြေးခွက်ထဲမှထမင်းခြောက်မှာ ကုန်သွားတော့သည်။

ဆာဒူးကြီးလည်း အတော်ကလေး လန်းဆန်းလာသည်။

"မင်း အခုလို ကျွေးမွေးတဲ့အတွက် အကျိုးတစ်ခုရအောင် ငါကူညီပေးပါ့မယ်"

"ရပါတယ်. . ကျွန်တော်က စေတနာနဲ့ပေးတာပါ"

"စေတနာနဲ့ပေးရင် ပိုပြီး အကျိုးကျေးဇူးရတာပေါ့. . . စေတနာအကျိုးဆိုတာ မလိုချင်လို့မရဘူး၊ အတိတ်ဘဝက ပြုခဲ့တဲ့ကုသိုလ်ကောင်းမှုအကျိုးဆိုတာ အချိန်တန်မှအကျိုးပေးလေ့ရှိတယ်. . . စေတနာအကျိုးဆိုတာ ချက်ချင်းအကျိုးပေးတတ်ပါတယ်"

ထို့နောက် ဆာဒူးကြီးက ထမင်းစားရာတွင် အသုံးပြုသောကြေးခွက်ကို လွယ်အိတ်ထဲပြန်ထည့်ရင်း မေးလိုက်လေသည်။







www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ ဒီနေရာက ထွက်ပြေးဖို့ကြံစည်စိတ်ကူးနေကြတယ် မဟုတ်လား"

နီမောင်ကလည်းမငြင်းပဲ အသာအယာခေါင်းညိတ်ပြလိုက်လေသည်။

"ဟုတ်ပါတယ်"

"အခုတော့ အထမမြောက်သေးဘူး. . . ဒါထက် မင်းတို့ကြောက်စရာကောင်းတဲ့ပထမတံတားတစ်စင်းကို ကျော်ခဲ့ရပြီမဟုတ်လား"

နီမောင်က အတန်ကြာအောင်စဉ်းစားနေရာမှ ခေါင်းပြတ်တံတားကိုသတိရသောကြောင့် ထပ်မံခေါင်းညိတ်ပြလိုက်သည်။

"မြန်ပါတယ်"

"ရှေ့မှာ ဒုတိယတံတားတစ်စင်းဆောက်ကြရဦးမယ် . . . အဲဒီတံတားမှာလည်း လူတွေ အများကြီးသေကြရလိမ့်ဦးမယ်. . . အဲဒီတံတားဆောက်ပြီးတဲ့အထိ မင်းတို့ ဒီနေရာက မလွတ်နိုင်ကြသေးဘူး"

"လူတွေအများကြီး သေမယ်ဆိုတော့ ဘယ်လိုအန္တရာယ်မျိုးတွေနဲ့တွေ့ရမှာလဲ"

"မိစ္ဆာကောင်တွေဆိုတော့ မိစ္ဆာကောင်တွေကပဲ လာသတ်ကြမှာပေါ့"

ထိုအဓိပ္ပာယ်ကို ကောင်းစွာ နားမလည်သော်လည်း နီမောင်က နောက်ထပ်မမေးတော့ပေ။





"ဒါထက် ခင်ဗျားက အသက်လည်းကြီးပြီ. . . ချွေးတပ်စခန်းပါလာတာဆိုတော့ သူတို့ခိုင်းတဲ့အလုပ်တွေ လုပ်နိုင်ပါ့မလား"

"ငါ့အတွက်စိတ်မပူပါနဲ့. . . ဒီအလုပ်တွေက ငါလုပ်နေစရာမလိုပါဘူး"

ဟု ပြန်ပြောလေသည်။

ထို့နောက်မှာတော့ နီမောင်လည်း သူ့နေရာ သူပြန်လာလေသည်။

ဆာဒူးကြီးကတော့ ထိုနေရာမှာပင် တင်ပလ္လင်ခွေထိုင်ကာ မျက်စိမှိတ်လျက် ပုတီးစိပ်နေလေသည်။

နီမောင် နေရာပြန်ရောက်လာတော့ ကျန်လေးယောက်က အကျိုးအကြောင်းမေးသဖြင့် ပြောပြလိုက်သည်။

ထိုစကားကြားသောအခါ ဦးမွန်ထော်က ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေရာမှမှတ်ချက်ချသည်။

"မကြာခင်တော့ ပွဲကြီးပွဲကောင်းတွေ တွေ့ရမြင်ရနီးတော့မှာပေါ့ကွာ"

"ဆာဒူးတွေက ဒီလိုလုပ်နိုင်ကြလို့လား"

"ဒါထက်မက လုပ်နိုင်ကြတာပေါ့ကွာ"

သံဝချိုင်က ထိုအဖြေကိုဘတ်ကျဟန် မတူပေ။

"ဒီလိုတန်ခိုးသိဒ္ဓိရှိပါရက်နဲ့ဘာကြောင့် ဂျပန်တွေဖမ်းခေါ်လာတာကို လိုက်လာရတာလဲ"

"ဘာကြောင့်လိုက်လာတာတော့ ငါမသိဘူး. . . ဒါပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် သူမှာအကြောင်းတစ်ခုခုရှိလို့ တမင်လိုက်လာမှန်းတော့ ငါသိတယ်"

ထိုသို့ပြောသောအခါ သံပချိုင်လည်း ထပ်မပြောတော့ပေ။

နောက်တစ်နေ့ နံနက်ပိုင်းအချိန်ရောက်သောအခါမှာတော့ ဦးမွန်ထော်ပြောသည့်အတိုင်း ပွဲကြီးပွဲကောင်းတွေ့ရတော့သည်။

မနက်ပိုင်းအချိန်ရောက်လျှင် တဲအတွင်းမှာရှိသောချွေးတပ်သားများအားလုံးအပြင်ထွက်ပြီး တဲရှေ့ကွက်လပ်သို့ထွက်ပြီး တန်းစီရပ်ကြရသည်။

ချွေးတပ်သားတို့ကိုစီမံအုပ်ချုပ်သောဂျပန်က မြန်မာစကားမပီကလာ ပီကလာဖြင့်ပြောသည်။

သူပြောနေသောစကားများထဲတွင်. . .

"ထွက်ပြေးလျှင် သေဒဏ်"

ဆိုသောစကားက မကြာခဏ ပါသည်။

"ဒီမီးရထားလမ်းက မင်းတို့ကောင်းစားဖို့အတွက် ငါတို့က အပင်ပန်းအနစ်နာခံပြီး ဖောက်ပေးတာ၊ ဒီမီးရထားလမ်းကြီး ဖောက်ပြီးသွားရင် မင်းတို့ယိုးဒယားကို အလွယ်တကူသွားနိုင်ကြမယ်"

ဟူသောစကားကိုလည်း တတ်သရွေ့ မှတ်သရွေ့ ဗမာစကားဖြင့်ပြောသည်။

ထိုစကားကြားသောအခါ အချို့ကတိုးတိုးပြောသည်။





"ဒီပုံအတိုင်းဆိုလို့ကတော့ ယိုးဒယားရောက်မရောက်တော့ မသေချာဘူး၊ သေမင်းလက်ထဲရောက်ဖို့ကတော့ အတော်သေချာနေပြီ"

"တိုးတိုးပြောပါဟ. . . တော်ကြာ ကြားသွားလို့ ချက်ချင်းအရှင်လတ်လတ် ငရဲပြည်ရောက်နေပါဦးမယ်"

ဂျပန်စစ်ဗိုလ်က ပြောစရာရှိတာကိုဆက်ပြောနေသည်။

"မင်းတို့အလုပ်ကောင်းကောင်း လုပ်ပါ. . . ထွက်ပြေးဖို့ကြံစည်ရင်တော့ အရေခွံခွာပြီး သတ်ပစ်မယ်"

ဟု ကြိမ်းမောင်းပြောဆိုပြီးနောက် တောထဲသို့အလုပ်သွားကြမည့်ချွေးတပ်သားများ ငှက်ဖျားဆေး(ကွီနိုင်ဆေးပြား)များကိုလိုက်လံဝေငှပေးသည်။

ထိုဆေးများကိုရလျှင် သိမ်းမထားရပေ။ ဖွက်မထားရပေ။

လက်ထဲရောက်သည်နှင့် ချက်ချင်းသောက်ကြရသည်။

နီမောင်တို့အုပ်စုကတော့ ဦးမွန်ထော်ပြောသည့်အတိုင်း ရောက်သည့်နေရာမှ မြေကြီးအနည်းငယ်စားထားကြရာ ငှက်ဖျားရောဂါမဖြစ်ကြပေ။

သူပြောသည့်ဆေးနည်းကပင် အစွမ်းထက်လေသလား။

အကြောင်းတိုက်ဆိုင်လို့လားတော့ မပြောတတ်ပေ။ အခြေအနေကောင်းနေသည်ကတော့ အမှန်ပင်ဖြစ်ပေသည်။

ထိုအချိန်မှာ ဂျပန်စစ်သားတစ်ယောက်က တဲအတွင်း



www.burmeseclassic.com

www.burmeseclassic.com



ဝင်ကြည့်ရာ တဲဒေါင့်တစ်နေရာမှာ ပုတီးစိပ်နေသောဆာဒူးကြီးကိုတွေ့ရသဖြင့် ဒေါပွသွားလေတော့သည်။

ထို့ကြောင့် ကပျာကယာ အနားလျှောက်သွားပြီး ခြေထောက်ဖြင့် ဆောင့်ကန်လိုက်သည်။

"ဗုန်း . . . "

ဖိနပ်ဖြင့်အကန်ခံရသဖြင့် ပုတီးစိပ်နေသောဆာဒူးကြီးမှာ ဘေးသို့လဲကျသွားလေတော့သည်။

"ခူးတကား၊ ဘိရုမာ. . . မကောင်းဘူးရှိတယ်ကား"

"ခူးတကား၊ ဘိရုမာ. . . မကောင်းဘူးရှိတယ်ကား"

ထိုသို့အော်ဟစ်ပြောဆိုနေရင်းမှပင် လဲကျနေသောဆာဒူးကိုယ်ပေါ်သို့ စစ်ဖိနပ်ဖြင့် နှစ်ချက်သုံးချက်ကန်လိုက်သေးသည်။

ပြီးတော့မှ အပြင်သို့ခေါ်ထုတ်သွားလေတော့သည်။



## အခန်း(၅)

## ထူးဆန်းသောမှော်ဝင်မြေပတ်

ဆာဒူးကြီးကြိုတင်ပြောခဲ့သည့်အတိုင်းပင် ဖြစ်လာခဲ့ချေပြီ။

ဂျပန်စစ်သားများကိုဦးဆောင်ပြီး စစ်ဗိုလ်တစ်ယောက်က အလုပ်စခန်းနေရာသို့ ဂျစ်ကားဖြင့်သွားသည်။

ထိုဂျစ်ကားပေါ်မှာ ဂျပန်စစ်ဗိုလ်နှင့်အတူ ဂျပန်စစ်သားအချို့က လိုက်ကြသည်။ အချို့ကတော့ ချွေးတပ်သားများကိုကြည့်ကြပ်ပြီး ခြေလျင်လိုက်ကြရသည်။

လမ်းကကောင်းလှသည်တော့ မဟုတ်. . .

တောထဲမှာ ဂျစ်ကားတစ်စီးသွားသာရုံ လမ်းဖောက်ပြီးသွားရသဖြင့် ခက်ခက်ခဲခဲတော့သွားရသည်။ အချို့နေရာများမှာ



www.burmeseclassic.com

ဖွက်နှစ်နေသဖြင့် လူအားဖြင့် တွန်းပေးရသည်။

သစ်လုံးများဖြတ်ပြီး ကန့်လန့်ချပေးတန် ချပေးရသည်။

ဂျစ်ကားဦးခေါင်းခန်းမှာ ဂျပန်စစ်ဗိုလ်နှင့်ကားမောင်းသူရှိသည်။ နောက်ခန်းမှာတော့ ဂျပန်စစ်သားအချို့ရှိသည်။

ချေးတပ်သားများကတော့ နောက်ဘက်မှခြေလျင်လိုက်ကြရသည်။ ဂျစ်ကားသွားမည့်လမ်းမှာ ကြိုတင်ဖောက်ပေးထားရသောလမ်းဖြစ်သည်။

တစ်နေရာရောက်သော ကားသွားမည့်လမ်းပေါ်မှာ သစ်ပင်တစ်ပင်လဲကျနေသောကြောင့် ရှေ့ဆက်သွား၍မရတော့ပေ။ ထိုအခါ ကားကိုရပ်ပြီး ချေးတပ်သားများက ထိုသစ်ပင်ကို လွှ၊ ဓားများဖြင့် ပိုင်းဖြတ်နေကြသည်။

ကားနောက်ပိုင်းမှာ ထိုင်နေသော ဂျပန်စစ်သားများလည်း အောက်သို့ဆင်းနေကြရသည်။ ထိုအချိန်တွင် ကြောက်စရာကောင်းသော အဖြစ်အပျက်တစ်ခု ပေါ်လာလေတော့သည်။

အခြားမဟုတ်ပေ. . . . လမ်းနံဘေးမှာရှိသော သစ်ပင်ကြီးတစ်ပင်က လေမတိုက်မိုးမရွာပါပဲနှင့် ဂျစ်ကားပေါ်သို့ တည့်တည့်လဲကျလာခြင်း ကြောင့်ဖြစ်သည်။

"ဝုန်း. . . ."

သစ်ပင်ကြီးလဲကျမှုကြောင့် ဂျစ်ကားရှေ့ပိုင်းတစ်ခုလုံး စေ့စေ့ညက်ညက်ကြေကာ ကားပေါ်မှာထိုင်နေသူများနှင့် ကားနံဘေး၌ ရပ်နေသူတို့မှာ သစ်ပင်ကြီးအောက်သို့ပြားပိသွားကြလေတော့သည်။





ကြောက်လန့်တကြားအော်သံများက ပတ်ဝန်းကျင်တစ်ဝိုက်ပေါ်ထွက်လာလေတော့သည်။

ထိုအခြေအနေကြောင့် ဂျပန်စစ်သားများက ကပျာကယာရောက်လာပြီး သစ်ပင်ပိနေသောသူများကိုကယ်ထုတ်ပေးကြလေသည်။

အထူးသဖြင့် သစ်ပင်အောက်ရောက်နေသောဂျစ်ကားထဲမှာပိတ်မိနေသော ဂျပန်စစ်ဗိုလ်ကိုကယ်ထုတ်နိုင်ရန် ဝိုင်းဝန်းကြိုးစားကြရလေသည်။

ထိုအခြေအနေကို အခွင့်ကောင်းယူပြီး အချို့ချေးတပ်သားများမှာ ထွက်ပြေးကြသဖြင့် ဂျပန်စစ်သားအချို့က တောထဲသို့လိုက်လံရှာဖွေဖြင့် ပြန်တွေ့သောသူများကိုနေရာမှတင် သတ်ပစ်ခဲ့လေသည်။

အခြေအနေက အတော်ကလေး ရှုတ်ရှုတ်သဲသဲ ဖြစ်သွားသည်ဟုဆိုရပေမည်။

မိုးက တဖွဲဖွဲရွာချနေရာ ရေစွတ်စွတ် မိုးစွတ်စွတ်အောက်မှာပင် သစ်ပင်ပိနေသောဂျစ်ကားနှင့်ဂျပန်စစ်သားတို့ကို ခက်ခက်ခဲခဲ ပြန်ထုတ်ယူကြရသည်။

အချိန်အတော်ကြာအောင် ဝိုင်းဝန်းလုပ်သောအခါမှ ပိနေသောသစ်ပင်သစ်ကိုင်းများ ရှင်းလင်းသွားလေတော့သည်။

ထိုအခါ ခြေကျိုးလက်ကျိုးဖြစ်သူများအပြင် ဂျပန်စစ်သားသုံးယောက်ကတော့ နေရာမှာပွဲချင်းပြီး သေဆုံးသွားလေသည်။

www.burmeseclassic.com



ဂျပန်စစ်ဗိုလ်ကတော့ ကံကောင်းထောက်မစွာ အသက်မသေပဲ ကျန်ခဲ့သော်လည်း နံဘေးမှရှိသောကားမောင်းသူကတော့ ဇက်ကျိုးကာ သေသွားလေသည်။

ထိုအခါ ဂျပန်စစ်သားတစ်ယောက်က ဂျပန်စစ်ဗိုလ်ရှိရာရောက်လာပြီး သတင်းပို့လေသည်။

"ဂျပန်စစ်သားတစ်ယောက် သစ်ပင်ပိနေတာ ဆွဲထုတ်လို့မရဘူး ဗိုလ်ကြီး"

ထိုအခါ ဂျပန်စစ်ဗိုလ်က လိုက်ကြည့်လေသည်။ အခြေအနေက အတော်ဆိုးလှသည်။ မြင်ကွင်းကလည်း မကောင်းပေ။

ဂျပန်စစ်သားတစ်ယောက်၏ ခြေထောက်ကိုလဲကျနေသောသစ်ပင်မှ သစ်ကိုင်းကြီးတစ်ချောင်းက ဖိချထားရာ မြေကြီးထဲသို့ပင် တစ်ဝက်ခန့်နစ်မြုပ်နေသည်။

ထိုဂျပန်စစ်သား၏အော်သံကလည်း နားမခံသာအောင်ရှိလေသည်။ ထိုစစ်သားမှာ အခြားမဟုတ်ပေ. . .။

တဲအတွင်းမှာ ဆာဒူးကြီးကို ခြေထောက်ဖြင့်ကန်ခဲ့သောသူပင်ဖြစ်သည်။ အခြားသူများက ထိုခြေထောက်ကို အပြင်ဆွဲထုတ်ရန် အမျိုးမျိုးကြိုးစားကြသော်လည်း မရပေ. . .။

အရှိန်ဖြင့်ကျလာသောသစ်ကိုင်းက ခြေထောက်ကိုင်းသဖွယ်ဖြစ်နေပြီး မြေကြီးထဲသို့မြုပ်ဝင်နေသဖြင့် လွှဖြင့် ဖြတ်၍လည်းမရ။

ခြေထောက်ကိုပြန်ဆွဲထုတ်ဖို့လည်း မလွယ်တော့ပေ။ ကြည့်ရသည်မှာ ခြေထောက်မှာလည်း အရိုးများ အပိုင်းပိုင်းကျိုး





နေလောက်ပေပြီ။

ထိုအခါ ဂျပန်စစ်ဗိုလ်က ဂျပန်ဘာသာဖြင့် တစ်စုံတစ်ခုအမိန့်ပေးလိုက်ရာ အနီးမှာရှိနေသောဂျပန်စစ်သားတစ်ယောက်က အနားသို့ကပ်လာကာ ထိုခြေထောက်ကို ဓားဖြင့် ဒူးဆစ်နေရာမှပိုင်းဖြတ်ပစ်လိုက်တော့သည်။

"ဒုတ်. . . ."

"အား. . . ."

မချိမဆန့်အော်လိုက်သောအသံကြီးက ပတ်ဝန်းကျင်၌ ပျံ့နှံ့သွားလေတော့သည်။

ခြေထောက်ပြတ်သွားသောနေရာမှ သွေးများ မြင်မကောင်းအောင်ထွက်လာရာ အဝတ်ဖြင့်ပတ်ထုပ်ထားရလေသည်။

ဂျစ်ကားမှာလည်း ခေါင်းပိုင်းတစ်ခုလုံးပျက်စီးသွားသောကြောင့် ရှေ့ဆက်သွား၍မရတော့ပေ။

ထို့ကြောင့် ဂျပန်များလည်း ရှေ့ဆက်သွား၍မဖြစ်တော့ပဲ ပိတ်နေသောသစ်ပင်သစ်ကိုင်းများကို ချွေးတပ်သားတို့အား ခုတ်ထွင်ဖယ်ရှားခိုင်းလေတော့သည်။

ထိုသို့ရှင်းလင်းရာမှာ မနီးမဝေးမှာ အခြားလူများနှင့်အတူရောပြီး အလုပ်လုပ်နေသောဆာဒူးကြီးကိုလှမ်းမြင်ကြရသဖြင့် စောထီးက ပြောလိုက်သည်။

"သူကြည့်ရတာ အခုတော့လည်း တစ်မျိုးပါလား၊ အသက်ကြီးတယ်ဆိုပေမယ့် တခြားလူတွေထက်တောင်ပိုပြီး အလုပ်လုပ်နိုင်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါထက် စောစောက ခြေထောက်အဖြတ်ခံလိုက်ရတဲ့ဂျပန်စစ်သားက မနက်က ဆာဒူးကြီးကို တဲအတွင်းက ဒရွတ်တိုက်ပြီး ဆွဲထုတ်လာတဲ့သူမဟုတ်လား"

"ဟုတ်တယ်လေ"

"ဒါဖြင့် ချက်ချင်းဝင့်လည်တာပဲ ဖြစ်မယ်"

ထိုသို့ပြောနေသည်ကို ဦးမွန်ထော်ကြားသောအခါ ဝင်ပြောလိုက်သည်။

"ငါပြောခဲ့တယ် မဟုတ်လား၊ မကြာခင် ပွဲကြီးပွဲကောင်းတွေမြင်ရတော့မယ်ဆိုတာလေ. . . အခု စမြင်ရပြီမဟုတ်လား"

"ဒါက တိုက်ဆိုင်မှုလည်း ဖြစ်နိုင်တာပဲ"

သံပချိုင်က ဝင်ပြောလိုက်သည်။

"မင်းက အခုထိမယုံသေးပဲကိုး. . . ငါပြောစရာတာတစ်ခုတော့ရှိတယ်. . . ဆာဒူးကြီး ဒီစခန်းရောက်လာတာ အကြောင်းမဲ့တော့မဟုတ်နိုင်ဘူး"

"ဘယ်လိုအကြောင်းမျိုးလဲ"

"ဒါတော့ မသိနိုင်သေးဘူးဗျ၊ ဒါပေမယ့် မကြာခင်မှာတော့ ဆန်းကြယ်တဲ့အကြောင်းတွေတွေ့ရလိမ့်မယ်လို ငါ ပြောရဲတယ်"

ထိုစကားကြားသောအခါ နီမောင်တို့စိတ်ထဲမှာ များစွာစိတ်ဝင်စားမှုဖြစ်သွားကြသည်။

နီမောင်စိတ်ထဲမှာတော့. . . .

"ဆာဒူးကြီးပြောသလို ငါတို့လွတ်မြောက်အောင် အထူ





အညီပေးမယ်ဆိုတာ မှန်များ မှန်နေသလား၊ နောက်ထပ်တံတားတစ်စင်းဆောက်ပြီးရင် ငါတို့လွတ်မြောက်နိုင်မယ်ဆိုတာ တကယ်များ ဖြစ်နေမလား"

ဟု တွေးမိလေသည်။

ထိုနေ့က နေစောင်းသောအခါ မိမိတို့စခန်းသို့ပြန်လာကြရာ တဲအတွင်းရောက်သောအခါ နီမောင်မှာ မိမိမျက်စိကိုပင် မယုံကြည်နိုင်လောက်အောင်ဖြစ်သွားလေသည်။

ကျန်လေးယောက်ကလည်း ပါးစပ်အဟောင်းသားဖြစ်သွားကြလေသည်။

စောစောက မယုံကြည်သည့်သဘောဖြင့် ခပ်ပေါ့ပေါ့ပြောနေသောသံပချိုင်ပင် အတော်အံ့ဩသွားဟန်ရှိလေသည်။

သူတို့မြင်ကြရသည်မှာ အခြားမဟုတ်ပေ. . . .။

တဲဒေါင့်တစ်နေရာမှာ အေးအေးဆေးဆေးထိုင်ပြီး ပုတီးစိပ်နေသည့်ဆာဒူးကြီးကိုတွေ့ကြရသောကြောင့် ဖြစ်သည်။

ဆာဒူးကြီးမှာ သူတို့ရှေ့မှသွားပြီး သူတို့အရင်တဲထဲရောက်နေသည်ဟု ထင်စရာရှိသော်လည်း မဖြစ်နိုင်ပေ။

အဘယ်ကြောင့်ဆိုသော် တဲအတွင်းသို့ အရင်ဆုံးဝင်ရောက်လာကြသူမှာ သူတို့အဖွဲ့ပင်ဖြစ်ပေသည်။ ထို့ပြင် ဆာဒူးကြီးတစ်ကိုယ်လုံးမှာ ရွှံ့နှင့်ရေများ စွတ်စိုပေကျံနေခြင်းမရှိပဲ ခြောက်သွေ့နေသည်ကိုလည်း အံ့ဩဖွယ် ရာတွေ့ကြရသည်။

နီမောင်တို့တဲအတွင်းရောက်လာတော့ ဆာဒူးကြီး ငူတီးစိပ်နေခြင်းကိုရပ်ပြီး မျက်စိဖွင့်ကြည့်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ပြန်ရောက်လာကြပြီလား"

"ဟုတ်တယ်. . . ခင်ဗျား ဘယ်အချိန်ကပြန်ရောက်နေတာလဲ"

"ငါက တစ်နေ့လုံး ဒီတဲထဲမှာပုတီးစိပ်နေတာပဲ. . . ဘယ်မှမသွားဘူး"

ထိုသို့ပြောသောအခါ ဦးမွန်ထော်က 'ငါမပြောဘူးလား' ဟူသောသဘောမျိုးပါသည့်အကြည့်မျိုးဖြင့် ကျန်လေးယောက်ကိုကြည့်လိုက်လေသည်။

"နေ့ခင်းက တောထဲမှာ ခင်ဗျား အလုပ်လုပ်နေတာမြင်လိုက်မိသလိုပဲ"

"အဲဒါ ငါမဟုတ်ပါဘူး. . . ကိုယ်ပွားတွေပါ"

"ဒီအတိုင်းသာဆိုရင်တော့ ဂျပန်တွေသိသွားရင် ခင်ဗျားတော့ အသတ်ခံရတော့မှာပဲ"

"သူတို့ ငါ့ကို ဘယ်နည်းနဲ့မှ မသတ်နိုင်ပါဘူးကွာ"

ထိုသို့ပြောသောအခါ သံပချိုင်လည်း ဘာမှထပ်မပြောသာတော့ပေ။ ညဦးပိုင်းထမင်းစားချိန်ရောက်တော့ နီမောင်က ဆာဒူးကြီးအတွက် ထမင်း၊ ပဲဟင်းအချို့ကိုယူပေးရာ စားသောက်လေသည်။

တဲအတွင်းမှာ ချွေးတပ်သားအတော်များများရှိသည်။ အမြို့မြို့အနယ်နယ်မှ လူမျိုးပေါင်းစုံတို့ပါဝင်လေသည်။ အများဆုံးကတော့ မြန်မာ၊ မွန်၊ ကရင်လူမျိုးတို့ ဖြစ်ကြလေသည်။

သို့သော်လည်း ဆာဒူးကြီးက နီမောင်တို့ငါးယောက်အ





နားမှာပင် နေသည်။

"ခင်ဗျား တစ်နေ့လုံး ဒီမှာရှိနေတယ်ဆိုတာ အမှန်ပဲလား"

ထမင်းစားသောက်ပြီးတော့ နီမောင်က ခပ်တိုးတိုးကပ်မေးလိုက်သောအခါ ဆာဒူးကြီးကခေါင်းညိတ်ပြသည်။

"ဒါပေမယ့် တောထဲမှာ ဘာတွေဖြစ်ခဲ့တယ်ဆိုတာတော့ ငါအားလုံးသိပါတယ်၊ လမ်းမှယာတင် သစ်ပင်ပိလို့ ကားလည်းပျက်၊ ဂျပန်တွေလည်း သေကြတယ်မဟုတ်လား၊ ငါ့ကိုခြေထောက်နဲ့ကန်သွားတဲ့မိစ္ဆာကောင်တော့ ခြေထောက်အဖြတ်ခံလိုက်ရတယ် မဟုတ်လား"

"အမှန်ပါပဲ"

"မကြာခင် တံတားတစ်စင်းဆောက်ကြရတော့မယ် . . . အဲဒီတံတားဆောက်ရင် လူတွေအများကြီး သေကြရဦးမယ်"

"အဲဒီတံတားပြီးရင် ကျွန်တော်တို့ ဒီနေရာက လွတ်မြောက်နိုင်မလား"

နီမောင်က သိချင်တာကိုမေးလိုက်သည်။

"မင်းတို့က တတိယမြောက်တံတားဆောက်ပြီးရင်တော့ လွတ်မြောက်ခွင့်ရကြမှာပါ"

"ဝမ်းသာလိုက်တာဗျာ. . . ဒါပေမယ့် မေးစရာရှိတာတော့ မေးရဦးမယ်. . . ခင်ဗျားက ဒီနေရာကို ဘာကြောင့်လာရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"လူတွေကိုနှိပ်စက်နေတဲ့ မိစ္ဆာကောင်တွေကို သုတ်သင်ပစ်ချင်လို့ပေါ့ကွာ၊ ဒါထက် မင်းကို သတိပေးထားရဦးမယ်"

"ဘာများလဲ. . . ."

"ရှေ့မှာ ဒုတိယမြောက်တံတားဆောက်တဲ့အခါ မိစ္ဆာဝိညာဉ်တွေနဲ့ တွေ့ကြရလိမ့်မယ် သတိထားပါ"

"ဒါဖြင့် ဘယ်လိုလုပ်ရမလဲ"

"ရသမျှ ဘုရားစာ၊ တရားစာတွေကိုသာ များများရွတ်ပြီး လုပ်ပေတော့၊ ငါလည်း မင်းတို့ကို အကူအညီပေးပါ့မယ်"

ဟုပြောကာ ဂှင်းလွယ်အိတ်ကြီးထဲမှ ပစ္စည်းအချို့ကို အပြင်သို့ထုတ်လိုက်လေသည်။

နီမောင်ကလည်း စိတ်ဝင်စားစွာ ကြည့်နေလေသည်။

ထိုလွယ်အိတ်အတွင်းမှာ ကြေးဖြင့်ပြုလုပ်ထားသောဘူးတစ်ဘူးကို အရင်ထုတ်သည်။ ပြီးမှအဖုံးဖွင့်ကာ အတွင်းမှ ပစ္စည်းတစ်ခုကိုထုတ်ယူပြီး နီမောင်ကိုပေးသည်။

ယူကြည့်လိုက်သောအခါ ဝင်းလက်တောက်ပြောင်နေသောကြေးပြားတစ်ချပ်ပင်ဖြစ်သည်။ ထိုကြေးပြားက နှစ်လက်မပတ်လည် အရွယ်အစားခန့်ရှိပြီး အဝိုင်းပုံသဏ္ဌာန်ဖြစ်သည်။

မျက်နှာပြင်နှစ်ဖက်တွင် ရုပ်ပုံနှစ်ခုပါသော်လည်း တစ်ပုံနှင့်တစ်ပုံ မတူပေ။

တစ်ပုံက တုတ်တစ်ချောင်းတွင် မြွေနှစ်ကောင်ရစ်ပတ်ထားသောပုံဖြစ်ပြီး တစ်ဖက်တွင် မြွေတစ်ကောင်၏ဦးခေါင်းကို အခြားအရာဝတ္ထုတို့က ဝန်းရံထားသောပုံဖြစ်၏။





"ဒါ ဘာလဲ ဆရာဒူးကြီး"

"ဒီပစ္စည်းက 'မှော်ဝင်မြွေပတ်'လို့ခေါ်တဲ့မြွေအပါအဝင် အဆိပ်ရှိတဲ့သတ္တဝါအားလုံးကိုနိုင်တယ်၊ ဒါအပြင် မကောင်းတဲ့ မိစ္ဆာကောင်တွေလည်း ကြောက်ကြတယ်"

"ကျွန်တော်က အဲဒါတွေသိပ်နားမလည်ဘူး၊ ဘယ်လိုသုံးရမှာလဲ"

"သိပ်လည်း စိတ်ပူမနေစမ်းပါနဲ့ကွာ. . . နောက်တော့ မင်း ဘယ်လိုသုံးရမယ်ဆိုတာ အလိုလိုသိလာပါလိမ့်မယ်၊ တစ်ခုတော့ ရှိတယ်. . . ဒီအကြောင်းကို တခြားသူတွေတော့ မသိစေနဲ့"

"စိတ်ချပါ. . . မသိစေရပါဘူး"

ထိုသို့ပြောပြီး ဆရာဒူးကြီးက မျက်စိမှိတ်ပြီး ပုတီးပြန်စိပ်နေရာ နီမောင်လည်း ထိုနေရာမှပြန်ထလာလေသည်။

သူ့နေရာသို့ပြန်ရောက်သောအခါ ဦးမွန်ထော်က အကျိုးအကြောင်းမေးသဖြင့် ပြောပြလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ဒီပစ္စည်းမျိုးက သာမန်မဟုတ်ဘူး၊ ဒါကြောင့် ဘယ်သူမှမသိအောင် ဂရုတစိုက်နဲ့သိမ်းထားပေတော့"

"ဒါပေမယ့် သူက ဒါကိုပဲပေးလိုက်တာ. . . ဘယ်ပုံဘယ်နည်းသုံးရမယ်ဆိုတာ ပြောမပြလိုက်ဘူး"

"စိတ်မပူပါနဲ့ကွာ. . . သိဒ္ဓိရှိတဲ့ပစ္စည်းဆိုတာ ကိုယ်က သုံးစရာသိပ်မလိုပါဘူး၊ အရေးအကြောင်းပေါ်လာတာနဲ့ သူ့ဖာသာ ကာကွယ်တားဆီးပေးပါလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောသောအခါ နီမောင်လည်း စိတ်သက်သာရာရ သွားပြီး ဆာဒူးကြီးပေးသောကြေးပြားလေးကို အဝတ်တစ်ခုဖြင့် ပတ်ကာ ကိုယ်နှင့်မကွာ သိမ်းထားလိုက်သည်။

ညအချိန်ရောက်သောအခါ ၎င်းတို့နေသောတဲနှင့်မနီး မဝေးသစ်တောများထဲမှ မြွေတွန်သံများကြားရသည်။

အချို့လည်း တဲနှင့်အတော်နီးသောနေရာမှ တောတိုး လာသောအသံများကိုပါ ကြားကြရသည်။ ထို့ကြောင့် တဲအတွင်း မှာ ရှိနေကြသူများရော အပြင်ဘက်၌ရှိနေကြသော ဂျပန်စစ် သားများပါ အထိတ်တလန့် ဖြစ်ကြလေသည်။

ဂျပန်စစ်သားတို့က ၎င်းတို့အချင်းချင်း ဂျပန်ဘာသာ ဖြင့် အော်ဟစ်ပြောဆိုကာ အနီးပတ်ဝန်းကျင်တစ်ဝိုက်မှာရှိသော သစ်ချုံများအတွင်းသို့ မီးရောင်များဖြင့်ထိုးကြည့်ကြသည်။

ထိုသို့ထိုးလိုက်တော့မှ ဟသ်ာပြဒါးခဲကဲ့သို့ ရဲရဲနီနေ သောအနီစက်အတော်များများကို လှမ်းမြင်ကြရသည်။ သို့သော် မည်သည့်အရာများဖြစ်သည်ကိုတော့ သူတို့မသိကြပေ။

အချိန်က တဖြည်းဖြည်းနှင့်ညဦးပိုင်းအချိန်ကျော်လာ ခဲ့ပြီဖြစ်ရာ ထိုအချိန်ရောက်တော့မှ ကြားနေရသောမြွေတွန်သံ များပျောက်သွားပြီး အနီရောင်များကိုလည်း မတွေ့ကြရတော့ ပေ။



# အခန်း(၆)

## မှော်ရုံတောမှမာယာကွန်ယက်

နောက်တစ်နေ့ နံနက်ပိုင်းအချိန်မှာတော့ ထုံးစံအတိုင်း ချွေးတပ်သားများကို တန်းစီလူစစ်ပြီးနောက် တောထဲသို့သွားကြ ရသည်။

ဂျပန်စစ်ဗိုလ်က နောက်ဂျစ်ကားတစ်စင်းဖြင့်သွားပြီး ဂျပန်စစ်သားများက ခြေလျင်လျှောက်ပြီး လိုက်ကြရသည်။

နီမောင်က ချွေးတပ်သားများကြားထဲသို့ကြည့်ရာ အများနှင့်ရောပါလာသောဆာဒူးကြီးကိုလှမ်းမြင်ရသည်။

ထိုသို့မြင်ရသော်လည်း စိတ်ထဲမှာတော့. . . .

"အင်း ဒီအချိန်လောက်ဆိုရင် ဆာဒူးကြီးတော့ တဲထဲမှာ တစ်ယောက်တည်း ပုတီးစိပ်နေလောက်ရောပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု တွေးမိလေသည်။

ခွေးတပ်သားများ နောက်ထပ်အလုပ်လုပ်ရန် ရောက်သွားကြသောနေရာမှာ ချောင်းကမ်းစပ်တစ်နေရာပင် ဖြစ်ပေသည်။

ချောင်းမှာ အတော်ကလေးကျယ်ဝန်းပြီး ထိုနေရာမှာတံတားဆောက်ကြရမည် ဖြစ်သည်။

နီမောင်တို့အတွက်တော့ ကြောက်စရာကောင်းသောခေါင်းပြတ်တံတားပြီးတော့ နောက်ထပ်ချောင်းကူးတံတားတစ်စင်းကိုတွေ့ကြရခြင်းပင်ဖြစ်၏။

ချောင်း၏အနေအထားမှာ ပေ ၂၀၀ ကျော်ခန့် ကျယ်ဝန်းပြီး ကမ်းတစ်ဖက်တစ်ချက်စီတွင် မှိုမောက်နေသောတောင်ကုန်းများ ရှိနေသည်။

ထိုတောင်ကုန်းများကိုဖြိုပြီး တံတားဆောက်ကြရန်ဖြစ်သည်။

အလုပ်သမားများက သစ်ပင်ခုတ်သူခုတ်၊ ပေါက်တူးတူရွင်းပြားတို့ဖြင့် တောင်ကုန်းဖြိုသူက ဖြိုရန် ပြင်ဆင် တောထဲမှာလူသံသူသံများ ကြားလာရသည်။

ကြားနေရသောအသံများမှ မဝေးလှပေ။

သစ်ပင်များ၊ ချုံများခြားနေသောနေရာနောက်ကွယ်ဘက်ဆီမှဖြစ်သည်။

ထိုအသံများကြားတော့ နီမောင်အပါအဝင်အလုပ်လုပ်နေကြသူတို့မှာ များစွာ အံ့ဩသွားကြလေသည်။





အဘယ်ကြောင့်ဆိုသော် ခွေးတပ်ဆွဲခံရမည် ကြောက်နေကြသဖြင့် ဂျပန်စစ်သားဆိုလျှင် ဝေးဝေးမှရှောင်ပြေးနေကြရသည်။

အချို့လည်း မတွေ့အောင် ပုန်းနေကြရသည်။

တောရွာများ၌ နေသူတို့ဆိုလျှင် ပိုဆိုးသည်။

ဂျပန်စစ်သားများ လာနေပြီဆိုသောအသံလိုက်ရုံနှင့်ပင် တောထဲသို့ဝင်ပြေးကြရလေသည်။

ယခုတော့ ဒီလိုမဟုတ်ပြန်ပေ။

တောထဲမှာနေကြသူများက ဂျပန်စစ်သားများကို မကြောက်မရွံ့နှင့်ရှေ့တိုးလာနေကြဟန်တူသည်။

စကားပြောသံများ၊ ဆူဆူညံညံအသံများက တဖြည်းဖြည်းနှင့်နီးလာသည်။

ဂျပန်စစ်သားများကလည်း သေနတ်များကို အသင့်ကိုင်ထားကာ အသံကြားရာသို့ကြည့်နေကြသည်။

ကြားနေရသောအသံများကတော့ မျိုးစုံဖြစ်သည်။

ယောက်ျားသံ၊ မိန်းမသံ၊ ကလေးငိုသံများအပြင် ခွေးဟောင်သံတို့ကိုပါ အတိုင်းသားကြားနေရသည်။

"ဟေ့. . . ဘယ်သူတွေလဲ၊ အပြင်ထွက်ခဲ့ကြစမ်း"

ဂျပန်စစ်သားတစ်ယောက်က ထိုနေရာဘက်သို့သေနတ်ဖြင့် ချိန်ထားရင်းမှ မပီကလာ ပီကလာစကားသံဖြင့် လှမ်းပြီး အမိန့်ပေးလိုက်သည်။

ထိုသို့အော်ပြောလိုက်တော့ ချုံနောက်ဘက်မှအသံများ



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သက်သွားသည်။

ဘာသံမှမကြားရတော့ပေ။

"ဟေ့. . . ပြောနေတာ မကြားဘူးလား၊ ထွက်မလာရင် သေနတ်နဲ့ပစ်လိုက်မယ်"

ထိုသို့ထပ်ပြောတော့လည်း ငြိမ်မြဲငြိမ်နေပြီးမှ အတော်ကြာတော့မှ ချုံများနောက်မှ လူတစ်ယောက်တိုးထွက်လာသည်။

အဝတ်အစားစုတ်စုတ်ပြတ်ပြတ်များ ဝတ်ဆင်ထားပြီး အသက်အရွယ်ကြီးလှပြီဖြစ်သော ကရင်အဘိုးကြီးတစ်ယောက်ပင်ဖြစ်သည်။

"ခင်ဗျား တစ်ယောက်တည်းပဲလား"

"ဟုတ်တယ်. . ငါတစ်ယောက်ထဲပဲ"

"ကျန်တဲ့လူတွေရော ဘယ်မှာလဲ"

"မသိဘူး. . . မရှိဘူး"

"မညာနဲ့နော်. . . စောစောကလူသံတွေ အများကြီးကြားရတယ်"

"မင်းမယုံရင် ဝင်ကြည့်ပေါ့"

ထိုသို့ပြောသဖြင့် ဂျပန်စစ်သားအချို့က ချုံများ နောက်သို့ဝင်ရောက်ရှာဖွေကြည့်ကြရာ လူမပြောနှင့်ခွေးတစ်ကောင်ကြောင်တစ်မြီးမှမတွေ့ကြရပေ။

"ဟိုလူတွေ ဘယ်ရောက်သွားပြီလဲ"

"ငါ မသိဘူး"

"မပြောရင် သေနတ်နဲ့ပစ်မယ်"





"ပစ်ချင်လည်း ပစ် မပစ်ချင်လည်း နေ ငါကတော့ ဂရုမစိုက်ဘူး၊ ငါ အခုလာတာ ပြောစရာရှိလို့လာတာပဲ"

"ဘာပြောမှာလဲ"

"ဒီနေရာက ငါတို့တစ်သက်လုံး နေလာခဲ့တဲ့နေရာပဲ . . . ရွာတွေရှိတယ်၊ အိမ်တွေရှိတယ်. . . မင်းတို့လုပ်ချင်တိုင်း လုပ်လို့ မရဘူး၊ ငါတို့နေရာမှာ လာမလုပ်ပါနဲ့"

ဟုပြောစရာ ထိုစကားကြားသောအခါ ဂျပန်စစ်သားမှာ မျက်နှာတစ်ခုလုံး ရဲရဲနီတက်လာပြီး ဒေါသထွက်လာလေတော့သည်။

"ဘာစကားပြောတာလဲ. . . ငါတို့မာစတာတွေက တိုင်းပြည်တစ်ခုလုံးကိုတောင် သိမ်းပိုက်ထားပြီးမှပဲ. . . ဒါတွေ တို မင်းတို့မသိသေးဘူးလား၊ ဘယ်နေရာမဆို ငါတို့လုပ်ချင်ရာ လုပ်မယ်. . . မင်းပြောလို့ တားလို့မရဘူး"

"ဘာပဲဖြစ်ဖြစ် ငါတို့နေရာမှာတော့ လုပ်လို့မရဘူး၊ ဇွတ်တိုးလုပ်ရင်တော့ ငါတို့အဆိုးမဆိုနဲ့"

ဟုပြောပြောဆိုဆိုနှင့်ကရင်အဘိုးကြီးက နောက်ဘက်သို့ပြန်လှည့်ဝင်သွားလေသည်။

"ဟေ့. . . နေဦး"

ဂျပန်စစ်သားက တားလည်းတား၊ သေနတ်ဖြင့်လည်း ပစ်လေသည်။

"ဒိုင်း. . . ဒိုင်း"

သို့သော် ချုံနောက်ဘက်ဝင်သွားသော အဘိုးကြီးက



www.burmeseclassic.com

www.burmeseclassic.com



တော့ တစ်ချက်ကလေးမှလှည့်မကြည့်ပဲ ချုံနောက်သို့တိုးဝင်သွားလေတော့သည်။

ထိုအခါ သေနတ်ကိုင်ထားသောဂျပန်စစ်သားသုံးလေးယောက်က နောက်မှပြေးလိုက်သွားကြသည်။

သို့သော် အဘိုးကြီး၏အရိပ်အယောင်ကိုမှမတွေ့ရပဲ သစ်ပင်ကြီးတစ်ပင်ခြေရင်းမှကျောမီလျက်သား အနေအထားဖြင့် သေဆုံးနေသောလူတစ်ယောက်၏အရိုးစုတစ်ခုကိုသာ တွေ့ခဲ့ကြရသည်။

ထို့နောက်မှာတော့ အလုပ်သမားများက အလုပ်ဆက်လုပ်ကြရပေသည်။

သစ်ပင်လှဲသူလှဲ. . . ချုံနွယ်ပိတ်ပေါင်းများရှင်းသူရှင်း တောင်ပို့များကို ဖြိုသူကဖြို. . . .

ဂျပန်စစ်သားနှင့်အလုပ်သမားများနေရန် တဲများဆောက်သူက ဆောက်ကြရသည်။

တဲများ ဆောက်ပြီးလျှင်တော့ မူလတဲများရှိရာမပြန်ရတော့ပဲ ထိုတဲများမှာပင် နေကြရမည်ဖြစ်သည်။

ညနေပိုင်းအလုပ်နားသောအခါ အလုပ်သမားများ ဆောက်လက်စတဲများမှာ နေကြရသည်။

လေမလုံ မိုးမလုံသောအခြေအနေမျိုးဖြစ်ရာ မိုးရွာလျှင်များစွာ ဒုက္ခရောက်ကြရသည်။

မိုးရွာနေသောကြောင့် မီးမွေး၍မရသဖြင့် မီးဖိုလည်း မရှိသေးပေ။





သို့ကြောင့် အလုပ်သမားများမှာ မိုးရေစွတ်စွတ်ဖြင့်သာ နေကြရသည်။

ဘစ်နေကုန် ပင်ပန်းကြရသည့်အပြင် အစားအသောက်ကလည်း လုံလောက်စွာ မစားကြရပေ။

နေရတော့လည်း သစ်တောထဲမှာ မိုးရေစိုစိုစွတ်စွတ်နှင့် နေရသောအခါ ကျန်းမာရေးမကောင်းဘူး၊ ငှက်ဖျားရောဂါအခံရှိသူတို့မှာ ရောဂါသဲလာကြလေတော့သည်။

ထိုအခါ နီမောင်တို့လိုကျန်းမာရေးကောင်းသူတို့က ဝိုင်းဝန်းပြုစုပေးကြသည်။

အဝတ်ဟောင်း၊ စောင်အဟောင်းများဖြင့် ဖုံးပေးခြင်း၊ ၎င်းတို့သိမ်းထားသောငှက်ဖျားဆေး(ကွီနိုင်ဆေး)များကိုတိုက်ခြင်းများ ပြုလုပ်ပေးကြရသည်။

ဂျပန်များကတော့ မိုးကာအင်္ကျီများပါသဖြင့် မိုးရွာသော်လည်း၊ ဂရုမစိုက်ပေ။

မိုးကာအင်္ကျီများဝတ်ထားခြင်း၊ ထူထဲသောအင်္ကျီ၊ ဘောင်းဘီများဝတ်ထားခြင်း၊ ဖိနပ်စီးထားခြင်း၊ နားရွက်ဖုံးသောဦးထုပ်များ ဆောင်းထားသည့်အပြင် မိုးလေလုံသောရွက်ဖျင်တဲများအတွင်းမှာနေကြသောကြောင့် အခြေမဆိုးကြပေ။

နီမောင်တို့လိုအလုပ်သမားများက ဆင်းရဲဒုက္ခများကို ရင်စည်းခံကြရသည်။

ညဦးပိုင်းအချိန်ရောက်ပြီး အအေးဓာတ်များသောအခါ အလုပ်သမားများနေသောတဲများအတွင်းမှအော်ဟစ် ညည်းညူ



www.burmeseclassic.com

www.burmeseclassic.com



သံများပေါ်ထွက်လာသည်။

အချို့မှာမခံနိုင်သောကြောင့် ညည်းညူနေကြသလို အချို့ကျတော့ သတိလစ်ကာ ကယောင်ကတမ်းဖြင့် အော်ဟစ်နေကြခြင်းဖြစ်သည်။

ထိုအော်သံတို့ကို ဂျပန်စစ်သားများကြားလျှင် တဲအတွင်းသို့ဝင်လာပြီး စစ်ဖိနပ်ဖြင့်ကန်သွားကြသေးသည်။

ညဦးပိုင်းအချိန်ကျော်လာတော့ လေငြိမ်သွားသည်။ မိုးကလည်း စဲသွားသည်။

"နီမောင်. . . ဒီအတိုင်းဆိုရင်တော့ မီးဖိုရအောင်မွေးမှဖြစ်မယ်၊ မဟုတ်ရင် သေကုန်ကြလိမ့်မယ်"

"ဂျပန်တွေသိရင် ခွင့်ပေးမှာမဟုတ်ဘူး"

"မီးအပူရှိန်မရပဲ ဒီအတိုင်းဆက်နေရရင်တော့ မနက်မိုးလင်းရင်တော့ နှစ်ယောက် သုံးယောက်တော့ ထပ်သေဦးမှာပဲ"

ဦးမွန်ထော်ကစိတ်မချမ်းသာစွာ ရေရွတ်ပြောဆိုလိုက်သည်။

"ဘယ်တတ်နိုင်ပါ့မလဲ အဘရယ်. . . ဖြစ်သမျှအကြောင်း အကောင်းလို့ပဲ သဘောထားရတော့မှာပဲ"

အပြင်မှာကင်းစောင့်နေသော ဂျပန်စစ်သားများက မီးဖိုခွင့်မပေးသဖြင့် ဒီအတိုင်းပင်နေကြရသည်။

ညဉ့်နက်ပိုင်းအချိန်ရောက်သောအခါ မနီးမဝေးနေရာမှမီးရောင်များ ပေါ်ထွက်လာသည်။

ယောကျ်ားသံ၊ မိန်းမသံ၊ ကလေးငိုသံ၊ ခွေးဟောင်သံများကြားလာရသည်။

ထိုအသံများမှာ အလုပ်သမားများ စခန်းချနေသောတဲများနှင့်မဝေးလှပေ။

ထိုအသံများကြောင့် ဂျပန်စစ်သားအချို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

၎င်းတို့ဘာသာစကားဖြင့် ကွိကွိကွကွပြောဆိုနေကြသည်။

ခဏကြာတော့ ချုံများကြားမှလျှောက်လာသောခြေသံတို့ကြားရသဖြင့် ကြည့်နေကြစဉ် တောထဲမှထွက်လာသောအမျိုးသမီးနှစ်ယောက်ကို လှမ်းမြင်ရသည်။

အမျိုးသမီးနှစ်ယောက်စလုံး ငယ်ရွယ်သူများဖြစ်ပြီးလက်ထဲမှာ မီးတုတ်တစ်ချောင်းစီ ကိုင်ထားသည်။

ဂျပန်စစ်သားများကလည်း အချိန်မတော်ကြီး အမျိုးသမီးနှစ်ယောက်တည်း မီးတုတ်များကိုင်ပြီး ထွက်လာသည်ကိုမြင်သောအခါ မျက်လုံးပြူးထွက်မတတ် လှမ်းကြည့်နေကြသည်။

၎င်းတို့အမူအယာမှာ မမျှော်လင့်ပဲ မျက်စေ့အောက်ရောက်လာသော သမင်ပျိုကို တွေ့မြင်လိုက်ရသောတောကောင်တဲ့သို့ မျက်လုံးများ အရောင်လက်လာလေတော့သည်။

ထိုအမျိုးသမီးနှစ်ယောက်ရပ်နေသောနေရာမှာ သူတို့ရှိသောနေရာနှင့် မဝေးလှသလို တဲများနှင့်လည်း နီးသည်

ဂျပန်များ လှမ်းကြည့်နေစဉ် အမျိုးသမီးနှစ်ယောက်ဂျပန်စစ်သားများနေသော ရွက်ဖျင်တဲများဘက် လျှောက်သွားကာ




ဝဏ္ဏထွန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှာကိုင်လာသော မီးတုတ်များကို ရွက်ဖျင်တဲများပေါ်သို့ ပစ်တင်ကာ နောက်ဘက်သို့ပြန်လှည့်သွားကြလေသည်။

ထိုအခါမှ အစောင့်ဂျပန်များမှာ မျက်လုံးပြူးသွားပြီး ရွက်ဖျင်တဲဘက်သို့ပြေးသူက ပြေးကြသည်။

ဂျပန်နှစ်ယောက်ကတော့ တောထဲသို့ပြန်ဝင်သွားသော အမျိုးသမီးနှစ်ယောက်နောက်သို့ ပြေးလိုက်သွားကြသည်။

အမျိုးသမီးနှစ်ယောက်တို့မှာ ထိုအခါမှပင် ကြောက်လန့်တကြားထွက်ပြေးကြရာ အတော်ဝေးဝေးရောက်သောအခါ တစ်ယောက်တစ်နေရာစီ ကွဲသွားကြသည်။

နောက်မှလိုက်ကြသောဂျပန်နှစ်ယောက်ကလည်း တစ်ယောက်တစ်နေရာစီ သဲကြီးမဲကြီးလိုက်ကြလေသည်။

တစ်နေရာရောက်သောအခါ အနောက်ဘက်တောထဲသို့ဝင်ပြေးသောအမျိုးသမီးမှာ ဆက်မပြေးနိုင်တော့ပဲ ကွက်လပ်တစ်ခုသို့ရောက်သောအခါ မြေပေါ်သို့မှောက်လျက်သား လဲကျသွားလေတော့သည်။

ထိုအခါ နောက်မှရောက်လာသောဂျပန်လည်း သေနတ်ဖြင့်ချိန်ကာ အနားကပ်သွားတော့သည်။

"ထစမ်း"

ထိုသို့ပြောသဖြင့် အမျိုးသမီးကထလာပြီး တဖြည်းဖြည်းနှင့်သူ့ဘက်လှည့်လာသည်။

"ဟင်. . . ."

ဂျပန်စစ်သားမှာ မျက်လုံးပြူးသွားလေသည်။





"ဟင်. . . နင့်မျက်နှာက စောစောကမြင်ရတဲ့မျက်နှာမျိုး မဟုတ်တော့ပါလား. . . နင် ဘယ်သူလဲ"

ဂျပန်စစ်သားက ကြောက်ကြောက်လန့်လန့်ဖြင့် မေးလိုက်တော့ ရယ်ပြလေသည်။

ထိုသို့ရယ်ပြလိုက်တော့မှ ပိုဆိုးလာသည်။

"ဟီး. . . ဟီး"

"ဟင်. . . နင်. . . နင် လူ. . . လူမှမဟုတ်တာ"

ထိုသို့ပြောပြီး သေနတ်ဖြင့် ပစ်ချလိုက်သည်။

"ဒိုင်း. . . ."

အနီးကပ်ပစ်ရသဖြင့် ကျည်ဆံက ထိသည်။

သို့သော် ထိုအမျိုးသမီးကလဲကျမသွားပဲ ရှေ့တိုးလာသည်။ နောက်တစ်ချက် ထပ်ပစ်သည်။

"ဒိုင်း. . . ."

ထိုအမျိုးသမီးက ကြောက်စရာကောင်းသောအမူအယာမျိုးဖြင့် ရယ်ပြရင်း ရှေ့သို့တိုးလာရာ အနားသို့ရောက်လာလေတော့သည်။

မရှေးမနှောင်းမှာပင် ထိုနေရာတစ်ဝိုက်မှသေနတ်သံများနှင့်အတူ ကြောက်မက်ဖွယ်ရာအော်လိုက်သောအသံများပေါ်ထွက်လာလေတော့သည်။

ထိုကဲ့သို့ပင် မရှေးမနှောင်းမှာပင် အရှေ့ဘက်မှလည်း သေနတ်သံနှင့်စူးစူးဝါးဝါး အော်ဟစ်သံများ ထွက်ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



တောနက်ထဲမှ ထိုကဲ့သို့သောအသံများကြားရသလို စခန်းချသောနေရာမှာလည်း ရုတ်ရုတ်သဲသဲနှင့်ဆူညံနေတော့သည်။

ဂျပန်စစ်ဗိုလ်နှင့်စစ်သားများနေသော ရွက်ဖျင်တဲများ မီးစွဲလောင်နေသောကြောင့် ဝိုင်းဝန်းငြိမ်းသတ်ကြရာ ဆူညံနေတော့သည်။

မိုးရေစိုစွတ်နေသောကြောင့် မီးလောင်မှုမှာ နှေးကွေးနေသော်လည်း မီးငြိမ်းသွားသောအခါ ရွက်ဖျင်တဲနှစ်တဲစလုံးမှာ ရစရာမရှိအောင် ပေါက်ပြဲနေတော့သည်။

မိုးရွာချလျှင် ရွက်ဖျင်တဲများအတွင်းမှာနေမရတော့လောက်အောင် အခြေအနေဆိုးသွားတော့သည်။

တစ်ဘက်တဲအတွင်းမှာရှိနေကြသော အလုပ်သမားများကတော့ ထိုမြင်ကွင်းကိုကြည့်ပြီး သဘောအကျကြီးကျနေကြတော့သည်။

"ငါတို့ကိုနှိပ်စက်ပြီး မိုးရေထဲထားတဲ့ဂျပန်ငပုတွေတော့ ဝဋ်လည်နေကြပြီ၊ မိုးရွာရင်တော့ ကြွက်စုတ်တွေဖြစ်ပြီ"

"စောစောက မီးတုတ်လာပစ်သွားတဲ့မိန်းမနှစ်ယောက်နောက်ကိုလိုက်သွားတဲ့ဂျပန်နှစ်ယောက်လည်း ပြန်မလာကြသေးပါလား"

ငမဲအောင်က ပြောလိုက်သည်။

"ပြန်လာတော့မယ် မထင်ပါဘူး"

"ဟင်. . . ဘယ်လိုဖြစ်လို့လဲ"





"မီးတုတ်လာပစ်သွားတာ လူတွေမှမဟုတ်တာ. . . ဒီအချိန်မျိုးမှာလူကောင်းက ဒီလိုလာဝံ့ပါ့မလား၊ တောထဲမှာ အချိန်မတော်ကြီးကျမှ မကောင်းဆိုးဝါးလှည့်စားတဲ့နောက်ပါသွားပြီဆိုမှတော့ ဘယ်လိုမှအသက်ရှင်စရာမရှိတော့ဘူး၊ စောစောကသေနတ်သံတွေကြားလိုက်တာ. . . အဲဒီနေရာကပဲ ဖြစ်မှာပေါ့"

ဦးမွန်ထော်က အေးအေးဆေးဆေးနှင့်ပင် ပြောပြနေသော်လည်း နားထောင်နေသူများကတော့ ထိတ်လန့်အံ့ဩနေကြသည်။

အတန်ကြာတော့ တောထဲမှဆူဆူညံညံအသံများ ကြားရသဖြင့် တဲပေါက်မှကြည့်ကြသောအခါ ဂျပန်စစ်သားအချို့ထွက်လာသည်ကို လှမ်းမြင်ရသည်။

၎င်းတို့နှင့်အတူ အလောင်းနှစ်လောင်းလည်း သယ်ယူလာကြသည်။

မကြာသေးခင်အချိန်က မိန်းမနှစ်ယောက်နောက်သို့လိုက်သွားသူနှစ်ယောက်ဖြစ်ပြီး ယခုတော့ ရုပ်ပျက်ဆင်းပျက်နှင့်အသက်ပျောက်နေကြလေပြီ။

တောတောင်များထဲတွင် မိမိတို့မျက်စိဖြင့် မမြင်နိုင်သော မိမိတို့ဉာဏ်တစ်ထွာတစ်မိုက်ဖြင့် လိုက်မမီနိုင်သောအဖြစ်အပျက်၊ အကြောင်းအရာ မြောက်များစွာတို့ရှိနေကြသည်။

မမြင်၍လည်း မယုံ၍မရ. . . .

မသိသဖြင့်လည်း မကြောက်ရွံ့၍ မဖြစ်ပေ။

ဘာမှမသိပဲနှင့်လူမိုက်အားကိုး၊ ဆင်ကန်းတောတိုးအ



www.burmeseclassic.com

www.burmeseclassic.com



နေမျိုးဖြင့် ဖွတ်တိုးလုပ်မိပါက အသက်ဆုံးရှုံးကြရမည်သာဖြစ်သည်။

ပရလောကဆိုသည်မှာ ဆန်းကြယ်မှုများစွာတို့ဖြင့် ပြည့်နှက်နေတတ်ပေသည်။

မှော်ရုံတောကဲ့သို့ ရှုပ်ထွေးမှု၊ ဆန်းကြယ်မှုများဖြင့်ရှိနေတတ်ပေရာ ၎င်းတို့ဖြန့်ကျက်ထားသောမာယာကွန်ယက်အတွင်း သက်ဆင်းမိပါက လွတ်မြောက်ရန် လမ်းမရှိနိုင်တော့ပေ။

သို့ကြောင့်လည်း'ပရလောက မာယာဝက်ပါ'ဟု ပြောဆိုရေးသားကြခြင်းပင် ဖြစ်ပေသည်။



## အခန်း(၄)

## ကျတ်လောကသားတို့မာယာဝက်ပါ

ဒုတိယမြောက်တံတားဆောက်မည့်နေရာမှာ သာမန်နေရာမျိုးတော့မဟုတ်ပေ။

ချောင်းဟိုဘက် သည်ဘက်မှာရှိသောတောင်ပို့ကြီးများမှာ'ကျတ်ရွာ'များ ဖြစ်ကြသည်။

ကျတ်ရွာဆိုသည် ပြိတ္တာဟုခေါ်သော ပရလောကသားအရင်းဝင်ကျတ်များနေသောနေရာပင် ဖြစ်သည်။

အချို့က'ကျတ်တစ္ဆေ'ဟု ခေါ်ဝေါ်ကြသည်။

'ကျတ်'ဟူသောဝေါဟာရကိုကြားသည်နှင့်ပင် လူကိုခြောက်လှန့်ဖမ်းဆီးတတ်သောမကောင်းဆိုးဝါးမှန်း လူတိုင်းသိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် မကောင်းသောရေကို'ကျတ်ငန်ရေ'၊ မကောင်းသောမြေကို'ကျတ်ကုန်းမြေ'(အချို့က ကျတ်တီးကုန်းမြေဟု ခေါ်ကြသည်)ဟု ခေါ်ကြသည်။

ကျတ်ငန်ရေမှာသုံး၍ သောက်၍မရသလို ကျတ်ကုန်းမြေဖြစ်နေလျှင်လည်း မည်သည့်အပင်မှစိုက်ပျိုး၍ မရနိုင်ပေ။

ကျတ်တို့သည် ကမ္ဘာဇီဝဗိဒ္ဓတန်ခိုးအတန်အသင့်ရှိကြသဖြင့် လူနှင့်တူအောင် ဖန်ဆင်းနိုင်သည်။

ရွာနှင့်တူအောင် ဖန်ဆင်းနိုင်ကြသည်။

ကျန်သောပရလောကသား အတော်များများက မီးရောင်ကြောက်ရွံ့ကြသည်။

ကျတ်များက မီးရောင်မကြောက်ကြပေ။

ညအချိန်မှောင်လာလျှင် တောထဲမှာသော်လည်းကောင်း၊ လူတို့နှင့်ဝေးသောနေရာများမှာသော်လည်းကောင်း တစ်နေရာမှတစ်နေရာသို့ မီးရောင်တထိန်ထိန်ဖြင့် သွားလာနေတတ်ကြသည်။

ထိုမီးရောင်များကို'ကျတ်မီး'ဟု ခေါ်ကြသည်။

ကျတ်မီးဆိုသည်မှာ စုန်းတောက်စားသောမီးနှင့်မတူကြပေ။

စုန်းတောက်စားသောမီးများက ပေါ်လာလိုက် ပျောက်သွားလိုက်နှင့်ရှိကြသော်လည်း ကျတ်မီးကတော့ ထိုသို့မဟုတ်ပေ။

တောထဲမှာ အတန်းလိုက်သွားလာနေသောကျတ်





များ၊ ရွာတန်းကြီးသဖွယ် လင်းထိန်နေသောကျတ်မီးများကို အချို့သူများ မျက်မြင်တွေ့ကြရသည်။

ကျတ်များက တစ္ဆေသရဲများနှင့်မတူကြပေ။

တစ္ဆေ၊ သရဲတို့က တစ်နေရာစီမှာ တစ်ကောင်ချင်းခွဲနေလေ့ရှိကြသော်လည်း ကျတ်များကတော့ စုပေါင်းပြီးနေတတ်ကြသည်။

ရွာတည်ပြီး နေလေ့ရှိကြသည်။

ကျတ်ရွာသို့ရောက်ဖူးသူများ၊ ကျတ်တို့ကျွေးသောအစားအသောက်များကိုစားသောက်ပြီး ထိုရွာမှာ ညအိပ်ဖူးကြသူများလည်း ရှိသည်။

ညဦးပိုင်းတွင် မီးရောင်တဝင်းဝင်းနှင့်အိမ်ကြီးပေါ်မှာ အိပ်ခဲ့ရသော်လည်း မိုးလင်းတော့မှ တောထဲရောက်နေပြီး သစ်တုံးခေါင်းအုံးအိပ်နေသည်ကို တွေ့ကြရသည်။

ညဦးပိုင်းက အိမ်ရှင်များကျွေးသောစားကောင်းသောက်ဖွယ်များကို စားသောက်ခဲ့ရပြီး နောက်တစ်နေ့ ဝမ်းသွားသောအခါမှ အစာဝမ်းမျိုးမဟုတ်ပဲ သစ်ရွက်၊ သစ်ခေါက်များချည်းပါသည်ကိုလည်း တွေ့ကြရသည်။

ကျတ်များစွာတည်လေ့ရှိသောနေရာများမှာ သစ်ပင်မပေါက်သောကွင်းများ၊ တောင်ပို့တောင်ကုန်းများ၊ ကုန်းတန်းများရှိသောနေရာများ၌ ဖြစ်သည်။

ရင်းတို့ရွာတည်ထားသောနေရာတွင် ထင်းစည်းများ ညီညီညာညာပုံထားခြင်း။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်တုံးကျောက်ခဲတို့ကိုအစီအရီ စုပုံထားခြင်းများ တွေ့ရလေ့ရှိသည်။

ထင်းစည်းများတွေ့ပါက ယူ၍မရပေ။

အကယ်၍ မသိသဖြင့် အိမ်သို့သယ်ယူလာမိပါက ညအချိန်ရောက်သည်နှင့်လာတောင်းလေတော့သည်။

တစ်ခါက ဆားလင်းကြီးနယ်ဘက်တွင် တောထဲသို့ ထင်းရှာရန်သွားသော အမျိုးသမီးတစ်ယောက်သည် တောစပ်တစ်နေရာရှိ သစ်ပင်တစ်ပင်အောက်တွင် ညီညီညာညာစုပုံထားသော ထင်းစည်းအချို့ကိုတွေ့ရလေသည်။

ထင်းခွေသူများ မေ့ကျန်ခဲ့သောထင်းစည်းများ ထင်သဖြင့် အိမ်သို့သယ်ယူလာခဲ့သည်။

ညအချိန်ရောက်တော့ အမှောင်ရိပ်ထဲမှထင်းစည်းလာတောင်းနေသောအသံကို အတိုင်းသားကြားရလေသည်။

"ငါ့ထင်းစည်းပြန်ပေး. . . ငါ့ထင်းစည်းပြန်ပေး"

ထိုအသံကြားတော့ ထင်းစည်းသယ်လာသောအမျိုးသမီးမှာ ထိတ်လန့်သွားလေသည်။

"ငါ့ထင်းစည်းပြန်ပေး. . . ငါ့ထင်းစည်းပြန်ပေး"

"နင့်ထင်းစည်း ဘယ်တုန်းကယူလို့လဲ"

အမှောင်ထဲမှအဆက်မပြတ်အော်နေသောကြောင့် အရဲစွန့်ပြီး ပြန်မေးလိုက်သည်။

အရဲစွန့်ပြီး ပြန်မေးလိုက်သည်။

"နင် နေ့ခင်းက သစ်ပင်အောက်ကယူလာတာတွေက





ငါ့ထင်းစည်းတွေပဲ ပြန်ပေး"

အသံအကျယ်ကြီးဖြင့်ပြောနေရာ နံဘေးအိမ်များမှ ကြားသွားမည်စိုးသောကြောင့် အသံခပ်အုပ်အုပ်ဖြင့် ပြန်ပြောလိုက်သည်။

"ငါမသိလို့ယူလာခဲ့တာ. . . နင့်ထင်းစည်းတွေဆိုရင်လည်း ဟိုအိမ်ရှေ့မှာပုံထားတယ်၊ နင်ဖာသာပြန်ယူသွားပေတော့"

"နင်ယူလာတဲ့နေရာ နင်ပြန်ပို့ပေး"

ထိုစကားကြောင့် အနည်းငယ်ထိတ်လန့်သွားလေသည်။

ယခုလိုမှောင်မည်းနေသောအချိန်မျိုးမှာတော့ တောစပ်ဆီပြန်သွား၍ မဖြစ်တော့ပေ။ မသွားဝံ့တော့ပေ။

"ဒီလိုဆိုရင်လည်း မနက်လင်းတော့ ငါယူလာခဲ့တဲ့ထင်းစည်းတွေကို တစ်ချောင်းမကျန်အောင် ပြန်ပို့ပေးမယ် အခုညတော့ လာတောင်းမနေနဲ့"

ဟု အရဲစွန့်ပြီး ပြန်ပြောလိုက်တော့မှ အပြင်ဘက်မှ ထင်းစည်းတောင်းနေသောအသံတိတ်သွားသည်။

ထိုအခါမှပင် ဖြောင့်ဖြောင့်အိပ်ရလေတော့သည်။

နောက်တစ်နေ့ မနက်လင်းသောအခါ သူယူလာသော ထင်းစည်းများကို တစ်စည်းမကျန်ပြန်ယူသွားပြီး မူလယူလာသောသစ်ပင်အောက်သို့ ပြန်ပို့ပေးရလေတော့သည်။

အခြားအဖြစ်အပျက်တစ်ခုကတော့ မြစ်ဝကျွန်းပေါ်



www.burmeseclassic.com

www.burmeseclassic.com



နယ်ဘက်တွင် ဖြစ်သည်။

ပြင်စလူကျွန်းတစ်နေရာတွင် ဖြစ်ပွားခဲ့သောအဖြစ်အ ပျက်ပင်ဖြစ်၏။

ဗြိတိသျှများသိမ်းပိုက်ထားစဉ်က မြစ်ဝကျွန်းပေါ် အောက်ဘက်ဒေသရှိ သစ်တောကြီးများမှာ ညို့နေအောင် ကောင်းလှသည်။

ဗိုလ်ကလေးနယ်ဘက်တွင် မိန်းမလှကျွန်းအပါအဝင် မြင်ဒရယ်သစ်တောကြီးများမှာ ထင်ရှားသလို မော်ကျွန်းနယ် ဘက်၌ရှိသော ပြင်စလူသစ်တောကြီးများမှာလည်း လူတိုး ပေါက်အောင် ကောင်းလှသည်။

နောက်ပိုင်းသစ်ခုတ်သူများက စည်းကမ်းမဲ့စွာ ခုတ်ယူ ကြသဖြင့် ၁၉၆၀-၁၉၇၀ ခုနှစ်ကာလ နောက်ပိုင်းရောက်လာ သောအခါ သစ်တောကြီးများ တဖြည်းဖြည်း ပြုန်းတီးသွားတော့ သည်။

ထိုအခါ ထိုနေရာများနှင့်နီးသောရွာများမှာနေသူ များက တောရိုင်းများကိုခုတ်ထွင်ပြီး လယ်လုပ်ကြသည်။

နောက်ပိုင်းတော့ တဖြည်းဖြည်းနှင့်လယ်မြေများ တိုးပွား လာလေတော့သည်။

သို့သော်လည်း မူလတောရှိသောနေရာများမှာတော့ န နှောက်အယှက်များ ရှိလေသည်။

တစ်နေ့တော့ လယ်ရိုင်းတိုးနေသူတစ်ဦးထံသို့ အဘိုး ကြီးတစ်ယောက်ရောက်လာပြီးပြောသည်။





"ဒီနေရာမှာလယ်လုပ်လို့ မရဘူးကွယ့်"

"ဘာကြောင့်လဲဗျာ. . . တောထဲမှာ ဒီလိုပဲ တောခုတ်ပြီး လယ်လုပ်နေကြတာပဲဟာ"

"ဒီနေရာက ငါတို့ပိုင်တဲ့မြေကွ"

ထိုသို့ပြောသဖြင့် ကြည့်တော့လည်း လူနေသည့်အရိပ် အယောင်မတွေ့ရပေ။

လူမရှိသောတောရိုင်းမြေအဖြစ်နှင့်သာတွေ့ရသဖြင့် ဇဝေဇဝါဖြစ်သွားလေသည်။

"ဒီတော့ ဘယ်လိုလုပ်ရမလဲ. . . တခြားနေရာသွားပြီး တောခုတ်နေရင်လည်း ဒီနှစ်အဖို့ စပါးစိုက်ဖို့အချိန်မီတော့မယ် မထင်ဘူး"

တောခုတ်နေသူက ညည်းညည်းညူညူပြောလိုက်သော အခါ အဘိုးကြီးကပြောသည်။

"မင်း ဒီနေရာမှာလယ်လုပ်ချင်ရင် ငါတို့နဲ့အပေးအယူ လုပ်မှရမယ်"

"ဘယ်လိုအပေးအယူမျိုးလဲ"

"ငါတို့နေရာမှာလုပ်ချင်ရင် စပါးဝမ်းစာထည့်ပေးရမယ် . . . လယ်ငှားခသဘောမျိုးပေါ့"

"ထည့်ပေးတာကတော့ ဟုတ်ပါပြီ. . . စပါးက ဘယ် လောက်ထည့်ပေးရမှာလဲ"

"တင်း ငါးဆယ်"

ထိုစကားကြောင့် မျက်လုံးပြူးသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ပါဘူးဗျာ. . . စ ပါးတောင် အခုမှစပြီး စိုက်ရမှာဆိုတော့ စပါးတင်းငါးဆယ်ပေး ဖို့နေနေသာ ဝမ်းတတောင်ရဖို့မလွယ်လှပါဘူး"

ထိုစကားကြားတော့ အဘိုးကြီးကပြန်ပြောသည်။

"ငါပြောတဲ့တင်းငါးဆယ်ဆိုတာက တင်းတောင်းနဲ့မ ဟုတ်ပါဘူးကွာ၊ ဂဏန်းခွံနဲ့ခွက်ငါးဆယ်ကိုပြောတာပါ"

"ဟင်. . . ဂဏန်းခွံနဲ့ခွက်ငါးဆယ် ဟုတ်လား"

"ဟုတ်ပါတယ်. . . မင်း အခုလုပ်မယ့်လယ်ရဲ့ ဟိုဘက် နားမှာ ကနစိုပင်ကြီးတစ်ပင်ရှိတယ်၊ အဲဒီသစ်ပင်ကြီးရဲ့ခြေရင်း မှာ စပါးထည့်ဖို့ စပါးကျီတစ်လုံးဆောက်ပြီး နှစ်စဉ်စပါးတင်းခွက် ငါးဆယ်မှန်မှန်ထည့်ပေးရင် မင်းကို ဒီလယ်လုပ်ခွင့်ပေးပါတယ်"

"ဟန်ကျလိုက်တာဗျာ. . . ဒီလောက်တော့ အပန်းမ ကြီးပါဘူး၊ ထည့်ပေးပါ့မယ်. . . နှစ်စဉ်လဲ ထည့်ပေးပါ့မယ်"

ထိုသို့ကတိပေးလိုက်သောအခါ အဘိုးကြီးလည်း ကျေ နပ်လက်ခံသောအမူအယာမျိုးဖြင့်ခေါင်းညိတ်ကာ တောထဲသို့ ပြန်ဝင်သွားလေတော့သည်။

ထိုအခါ လယ်လုပ်မည့်သူလည်း အဘိုးကြီးပြောသော ကနစိုပင်ကြီးကိုလိုက်ရှာပြီး ၎င်းသစ်ပင်ကြီးခြေရင်း၌ ဂဏန်းခွံ နှင့်ခွက်ငါးဆယ်ခန့်လောက်သော စပါးကျီတစ်လုံးဆောက် သည်။

တစ်ပေပတ်လည်လောက်ကျယ်ပြီး အမြင့်ကလည်း သိပ်မရှိသောကြောင့် ခဏချင်းပင် ဆောက်ပြီးသွားသည်။





ကြည့်လျှင်တော့ ကလေးကစားစရာအိမ်ကလေးနှင့်ပင် တူနေသေးတော့သည်။

ထိုစပါးကျီသေးသေးထဲတွင် စပါးကို ဂဏန်းခွံဖြင့် ခွက် ငါးဆယ်ချင်ပြီး ထည့်ပေးလိုက်သည်။

စပါးတစ်ပြည်စာလောက်ပင် ရှိလေသည်။

ထို့နောက်. . . .

"ကိုင်းဗျာ. . . ဤနေရာ ဤလယ်မြေကိုပိုင်ဆိုင်သည် ဆိုသော သက်ဆိုင်ရာပုဂ္ဂိုလ်တို့ခင်ဗျား ခင်ဗျားတို့အတွက် စား သုံးရန် လယ်မြေငှားခစပါးတင်းငါးဆယ်ထည့်ပေးပြီးပါပြီ၊

သို့ကြောင့် ဤနေရာ ဤလယ်မြေကိုလုပ်ခွင့်ပေးပါ၊ ဘေးဥပါဒ်အန္တရာယ်များမရှိစေရန် ကာကွယ်စောင့်ရှောက်ပေး ပါ၊ ခင်ဗျားတို့ကလည်း အနှောက်အယှက်မပေးကြပဲ ကူညီ စောင့်ရှောက်မှုပေးကြပါခင်ဗျား"

ဟု ပြောဆိုတိုင်တည်ပြီး လယ်လုပ်ရာ မည်သည့်အ နှောက်အယှက် အဖျက်အဆီးမှမတွေ့ရတော့ပဲ ဖြစ်ထွန်းအောင် မြင်မှုရကာ အကျိုးစီးပွားတိုးတက်မှုများစွာ ရှိလေသည်။

တစ္ဆေ သရဲများသည်လည်းကောင်း၊ ကျတ်များသည် လည်းကောင်း အမျိုးအစားများစွာရှိကြသည်။

အဆင့်အတန်းချင်းမတူကြသဖြင့် အမျိုးအစားလည်းမ တူကြပေ။

ကျတ်များမှာ ဗြိတ္တာစာရင်းဝင်ပရလောကသားများဖြစ် ပြီး အဓိကဗြိတ္တာကြီးလေးမျိုးရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



( ၁ ) ပရဒတ္တုပဇီဝိကပြိတ္တာ
( ၂ ) နုပ္ပိပါသိကာပြိတ္တာ
( ၃ ) နိဇ္ဈာမတဏှိုပြိတ္တာ
( ၄ ) ကာလကဉ္စိကပြိတ္တာ

ဟူ၍ ဖြစ်ကြသည်။

ထိုပြိတ္တာကြီးလေးမျိုးဘဝ ရောက်ပါက. . . .

- သူတစ်ပါးစွန့်ကြဲပေးကမ်းမှစားသောက်ရခြင်း
- ထမင်းအစရှိသောအစားအစာနှင့်ရေကို မရရှိပဲ အမြဲ မြင်တပ်မွတ်နေခြင်း
- မီးလောင်ခံရသကဲ့သို့ ပူပြင်းသောဝေဒနာမျိုးကို အမြဲ တစေခံနေရခြင်း
- အသုရကာယ်မျိုးနွယ်တို့ဖြစ်သဖြင့် ဖန်ဆင်းနိုင်သောကမ္မဇိဒ္ဓိတန်ခိုးရရှိခြင်းစသည်တို့ကို ခံစားခံစားကြရပေသည်။

ထိုလေးမျိုးမှခွဲလျှင် ပြိတ္တာ(၁၂)မျိုး ရှိပြန်သည်။

( ၁ ) ဝန္တာသပြိတ္တာ ၊ ( ၂ ) ကုဏပါသပြိတ္တာ
( ၃ ) ဂူထခါဒကပြိတ္တာ၊ ( ၄ ) အဂ္ဂိဇာလမုခပြိတ္တာ
( ၅ ) သုခိမုပြိတ္တာ ၊ ( ၆ ) တဏှာဋ္ဋိကပြိတ္တာ
( ၇ ) သုနိမုပြိတ္တာ ၊ ( ၈ ) သတ္တင်္ဂပြိတ္တာ
( ၉ ) ပဗ္ဗတင်္ဂပြိတ္တာ ၊ ( ၁၀ ) အဇဂရင်္ဂပြိတ္တာ
( ၁၁ ) ဝေမာနိကပြိတ္တာ၊ ( ၁၂ ) မဟိဒ္ဓိကပြိတ္တာ. . . .

ထိုပြိတ္တာ ၁၂ မျိုးတို့တွင် ဝေမာနိကပြိတ္တာနှင့်မဟိဒ္ဓိပြိ





တ္တာနှစ်မျိုးလောက်သာ ဘုံဗိမာန်နှင့်နေရပြီး ကမ္မဇိဒ္ဓိတန်ခိုးရှိနိုင်ကြသော်လည်း ကျန်ပြိတ္တာများကတော့ ဒုက္ခဆင်းရဲအမျိုးမျိုးတို့ ၏နှိပ်စက်မှုတို့ကိုခံနေကြရသည်။

ကျွတ်များမှာလည်း ပြိတ္တာမျိုးနွယ်များဖြစ်ကြသောကြောင့် သူ့အဆင့်နှင့်သူ ခံရသည်လည်းရှိသည်။

စံရသည်လည်း ရှိကြသည်။

အချို့ကျွတ်များကတော့ လူယောင်ဆောင်ပြီး လူတို့နှင့် ပြောဆိုနိုင်သောအဆင့်မျိုးရှိကြသည်။

ဘုံဗိမာန်နှင့်မနေကြစေကာမူ ရွာများတည်က တစ်စုတဝေးတည်း နေနိုင်ကြသည်။

လူတို့ ကျွတ်ရွာသို့ရောက်သွားသည်မှာ ထိုရွာမျိုးဖြစ်သည်။

တစ်ခါ မြို့အုပ်တစ်ယောက်သည် လှည်းဖြင့် မြို့ရွာတို့ကို လှည့်လည်စစ်ဆေးကြည့်ရှုပြီး အပြန်တွင် ထူးဆန်းမှုတစ်ခုနှင့်ကြုံတွေ့ရဖူးသည်။

နေဝင်ရီတရောအချိန်လောက်တွင် လှည်းက တောတန်းတစ်နေရာသို့ရောက်သွားရာ မီးရောင်တထိန်ထိန်ဖြင့် ကျင်းပနေသည့်ပွဲခင်းတစ်ခုကိုလှမ်းမြင်ရသောကြောင့် ထိုနေရာဘက်သို့သွားလေသည်။

ပွဲခင်းအနီးရောက်တော့ မင်းသား၊ မင်းသမီး၊ လူပျက်တို့ဖြင့် ကခုန်နေသော ဇာတ်စင်တစ်ခုကိုတွေ့ရသည်။

ဇာတ်စင်ရှေ့မှာ ဖျာခင်းပြီးကြည့်နေကြသောပွဲကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်အချို့ကိုလည်း ဝိုးတဝါးမြင်ရသည်။

မြို့အုပ်မင်းပါသောလှည်းသည် ပွဲခင်းအနီးရောက်သွားသောအခါ ရွှေငွေနှင့်ဝတ်ကောင်းစားလှဝတ်ဆင်ထားသောလူကြီးတစ်ယောက်နှင့် မိန်းမကြီးတစ်ယောက်ပြေးထွက်လာကာ ခရီးဦးကြိုပြုကြလေသည်။

"မြို့အုပ်မင်းလှည်းပါလား. . . ခရီးဝေးကလာမှရတယ်ထင်ပ၊ ဒီနေရာမှာခေတ္တနားပါဦး. . . ပွဲလည်းကြည့်ရင်း ကွမ်းဆေး၊ လက်ဖက်နဲ့ဧည့်ဝတ်ပြုပါရစေ"

ဟုပြောသဖြင့် လှည်းကို ခေတ္တနားရန် အမိန့်ပေးလိုက်သည်။

လှည်းပေါ်မှာနွားမောင်းသူနှင့် သေနတ်ကိုင်ထားသော ပုလိပ်နှစ်ယောက်တို့လည်း ပါလေသည်။

မြို့အုပ်မင်းအပါအဝင် လှည်းပေါ်မှာလိုက်ပါသူများက မရိပ်မိကြသော်လည်း နွားများကသိသည်။

ထိုလူများ အနားကပ်လာသည်နှင့်နှာမှုတ်တံပေးရင်း တရှူးရှူး တရှဲရှဲဖြစ်နေကြရာ လှည်းမောင်းသူက အတော်ကြီးပင် ထိန်းထားရလေသည်။

ခဏကြာတော့ ပွဲကျင်းပနေသူလူကြီးနှင့်မိန်းမကြီးပြန်ရောက်လာပြီး လက်ဖက်ရည်ပွဲ၊ ကွမ်းဆေးလက်ဖက်စားသောက်ဖွယ်ရာများဖြင့် ကျွေးမွေးဧည့်ခံရာ လှည်းပေါ်၌ပင် အမောပြေ စားသောက်ကြသည်။

ဆီစိမ်ထားသောလက်ဖက်၊ ငါးခြောက်ဖုတ် ပူပူနွေးနွေး





ပင်ရှိသေးသောကြက်ကြော်၊ လက်ဖက်ရည်တို့မှာအရသာရှိကြပေရာ မောမောပန်းပန်းနှင့်မြိန်ရေယှက်ရေ စားသောက်ရင်း ပွဲကြည့်ကြသည်။

ဇာတ်စင်ပေါ်မှာတော့ မင်းသားနှင့်မင်းသမီးကနေကြပြီး လူပျက်နှစ်ယောက်က နံဘေးမှလက်ခုပ်တီးကာ အားပေးနေကြလေသည်။

ခဏကြာတော့ မင်းသားကခုန်တက်လိုက်ရာ ခြေထောက်ကရှည်ထွက်သွားပြီး ပြန်ကျမလာတော့ပေ။

ထိုအခါ မင်းသမီးကပါ မင်းသားလက်ကိုလှမ်းမီစေရန် လက်ဖြင့် လှမ်းဆွဲရာ လက်က ရှည်ထွက်သွားပြန်လေသည်။

ထိုမြင်ကွင်းကိုမြင်သောအခါ နံဘေးမှာရှိနေကြသော လူပျက်နှစ်ယောက်တို့က လက်ခုပ်လက်ဝါးတီးရင်း. . . .

"ဒါမျိုးမှ ကြိုက်သဟ"

"ဟန်ကျတယ်ဟေ့"

"ဟား. . . ဟား. . . ဟား၊ ဟီး. . ဟီး. . . ဟီး"

ဟု ရယ်မောလိုက်ရာ ပါးစပ်ကြီးများက အဆမတန်ကျယ်ထွက်သွားလေရာ ပြန်စေ့၍ပင်မရတော့ပေ။

ထိုအခါမှ လှည်းပေါ်မှာရှိနေကြသူတို့မှာ သူတို့ကိုသရဲခြောက်နေမှန်းသိကြရသဖြင့် ထိုနေရာမှထွက်ပြေးကြရလေတော့သည်။

ထိုအခါ လှည်းနောက်မှတစ်အုပ်စုလုံး ပြေးလိုက်လာပြီး လှည်းကိုဆွဲတော့မလိုလုပ်ကြရာ မြို့အုပ်က သေနတ်ဖြင့်ပစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပစ်လိုက်တော့မှ ပျောက်ကွယ်သွားလေတော့သည်။

အတော်ဝေးဝေးရောက်တော့မှ လှည်းပေါ်မှာပါလာသောပစ္စည်းများကိုကြည့်မိရာ ကြက်ရိုးများ၊ ရွှံ့များ၊ ထုထောင်းထားသောသစ်ခေါက်များ၊ သစ်ရွက်များ သစ်ရွက်ခြောက်များပြုတ်ထည့်ထားသောမြေအိုးဟောင်း၊ သစ်ရွက်၊ ပန်းကန်ကွဲများကိုတွေ့ကြရသည်။

စောစောက ကြက်ကြော်များမှာ ကြက်ရိုးများဖြစ်နေပြီး ငါးခြောက်ဖုတ်မှာ သစ်ခေါက်များထုထောင်းထားခြင်းဖြစ်၏။

လက်ဖက်ပွဲမှာလည်း ရွှံ့နှင့်သစ်ရွက်ခြောက်များဖြစ်ပြီး လက်ဖက်ရည်အိုးမှာ ရေထဲကို သစ်ရွက်ခြောက်များချေထည့်ထားခြင်းဖြစ်သည်။

ထိုအစားအသောက်များထဲမှာ ပုတ်သင်ညှိအသေတစ်ကောင်ပင် ပါလိုက်သေးသည်။

ထိုအခါမှ စောစောက အားရပါးရစားသောက်ထားသမျှမှ ကြက်ကြော်၊ ငါးခြောက်ဖုတ်စသည်တို့မဟုတ်ပဲ ကြက်ရိုးနှင့်သစ်ခေါက်များဖြစ်နေသည်ကိုသိကြပေရာ အော့အန်ကြလေတော့သည်။

ထိုကဲ့သို့ဆန်းကြယ်လှသောအဖြစ်အပျက်များ အများအပြားရှိကြလေသည်။

ကျွတ်များမှာ ကမ္ဘာ့ဇီတ္တိတန်ခိုးရှိရာ ဖန်ဆင်းနိုင်သောအစွမ်းမျိုးရှိကြသည်။

ရှေ့၌ရေးသားဖော်ပြပေးခဲ့သည့်အတိုင်း လူများနှင့်မ





ခြား ရွာများဖန်ဆင်းပြီး နေနိုင်သည်။

လူယောင်ဖန်ဆင်းပြီး လူများနှင့်အတူ ရောနှောနေနိုင်ခြင်း၊ လူတို့အသုံးပြုသောရွှေဒင်္ဂါး၊ ငွေဒင်္ဂါးတို့ကိုအစစ်နှင့်မခြားပြုလုပ်အသုံးပြုနိုင်ခြင်း။

သေဆုံးသွားသောအခါ ကျွတ်သေများကို ခေါင်းတလားထဲထည့်ကာ တစ်နေရာမှာထားခြင်း စသောပြုလုပ်မှုတို့ကိုပြုလုပ်နိုင်ကြသည်။

ကျွတ်တို့အသုံးပြုသောဒင်္ဂါးများကို'ကျွတ်ဒင်္ဂါး'ဟု ခေါ်ပြီး ဒီအတိုင်းတော့ မသိနိုင်ပေ။

ထိုဒင်္ဂါးကို ရေထဲချကြည့်လျှင်တော့ ဒင်္ဂါးမဟုတ်တော့ပဲ သစ်ရွက်တစ်ရွက်ဖြစ်နေသည်ကို အံ့သြဖွယ်ရာတွေ့မြင်ကြရသည်။

တစ်ခါတစ်ရံ တောတောင်များအတွင်းသို့လှည့်လည်သွားလာနေကြသောမုဆိုးများ၊ သစ်ခုတ်သမားများတို့သည်ချောက်ကမ်းပါးနံရံများ၊ လူသူအရောက်အပေါက်နည်းသောဂူကြီးများအတွင်း၌ ချိတ်ဆွဲထားသောခေါင်းတလားများကိုတွေ့ရတတ်သည်။

သစ်သားကို အလုံးလိုက်ထွင်းထားပြီး နှစ်ဖက်ပိတ်ဖြစ်ကာ အပေါ်မှအဖုံးပါသည်။

အရွယ်အစားကတော့ အမျိုးမျိုးတွေ့ရတတ်သည်။

အချို့လူကြီးများထည့်သောခေါင်းတလားလိုမျိုး အရတော်အသင့်ကြီးပြီး အချို့ကတော့ ကလေးအရွယ်ထည့်သော



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတလားလိုမျိုး သေးသေးဖြစ်သည်။

တောတောင်များထဲ၌ ထိုကဲ့သို့သောခေါင်းတလားမျိုး တွေ့ပါက မဖျက်ဆီးရပေ။ ယူလာ၍ မရပေ။

ဖျက်ဆီးထားခဲ့လျှင် တောထဲမှာပင် ဘေးအန္တရာယ်တစ်ခုခုနှင့်တွေ့ရပြီး သေကြေပျက်စီးရသည်။

အကယ်၍ ယူဆောင်လာမိလျှင်လည်း သူ့နေရာသို့ပြန်မပို့မချင်း နောက်မှလိုက်တောင်းတတ်သည်။

ထိုသို့တောင်း၍မှ ပြန်မပို့လျှင်တော့ ဘေးအန္တရာယ်နှင့်တွေ့ရတတ်ပေသည်။

အချို့က ကျောက်ခေါင်းတလားရလျှင် လာဘ်ခေါ်ကောင်းသည်ဟု ထင်သဖြင့် တွေ့လျှင် ယူဆောင်လာလေ့ရှိသည်။

ထိုသို့ယူဆောင်လာမိပါက လာဘ်မဝင်ခင် အန္တရာယ်က အရင်ရောက်လာပြီး အသက်သေတတ်သည်။

ကျောက်များအပါအဝင် ပရလောကသားတို့သည် လူများကို အခါခပ်သိမ်းအန္တရာယ်မပေးတတ်ကြသော်လည်း ၎င်းတို့နှင့်ပတ်သက်ပြီဆိုလျှင်တော့ အန္တရာယ်ပေးတတ်ကြသည်။

ယခုသေမင်းတမန်လမ်းဟုခေါ်သော မြန်မာယိုးဒယားလမ်းဖောက်ရာမှာလည်း ပရလောကသားများ၊ ဗြိတ္တာများတို့နေရာများနှင့်ထိတွေ့ရသည်များ ရှိသဖြင့် ဘေးအန္တရာယ်အမျိုးမျိုးတို့နှင့်တွေ့ရပြီး လူအတော်များများသေခဲ့ကြရပြီဖြစ်၏။

လမ်းဖောက်ရာတွင် လမ်းတစ်လျှောက်လုံးတွင် တံတား





အကြီးအသေးများ တည်ဆောက်ကြရသည်။

ထိုစခန်းသို့ နီမောင်တို့ရောက်ခဲ့ပြီးမှ တံတားအချို့တည်ဆောက်ကြရာ 'ခေါင်းပြတ်တံတား'ဟု အမည်တွင်ခဲ့သောပထမတံတားဖောက်ရာတွင် လူအသေအပျောက်ဖြစ်ခဲ့ကြရသည်။

ယခု ကျောက်ကုန်းမြေဟု နာမည်ကြီးသောနေရာတွင် တံတားတစ်စင်းဆောက်ကြရာတွင် မမျှော်လင့်ပဲ အန္တရာယ်အနှောက်အယှက်တို့ဖြင့် တွေ့ကြုံကြရသည်။

ထိုတံတားသည် နီမောင်တို့အတွက် ဒုတိယမြောက်တံတားပင် ဖြစ်ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၈)

## ဒုတိယမြောက်ကျတ်ကုန်းတံတား

ဒုတိယတံတားကိုမဆောက်ခင်ကပင် အနှောက်အယှက်များနှင့်ကြုံတွေ့ရသောကြောင့် အလုပ်သမားအချို့နှင့်ဂျပန်စစ်သားများပါ သေကြရသည်။

သို့သော်လည်း ဂျပန်များက ထိုတံတားကိုမဖြစ်မနေတည်ဆောက်ကြလေသည်။

ဦးစွာ တံတားအတွက် သစ်လုံးတိုင်များ စိုက်ထူကြသည်။ မိုးရေထဲတွင် အလုပ်သမားများမှာ ခက်ခက်ခဲခဲနှင့် ပင်ပင်ပန်းပန်းလုပ်ကြရသည်။

ရွှံ့များ၊ ရေများရှိသောချောင်းထဲမှာကြီးမားသော သစ်လုံးတိုင်ကြီးများကိုစိုက်ထူရသည်မှာ မလွယ်လှပေ။

ဝဏ္ဏထွန်းစာပေ

www.burmeseclassic.com

တိုင်အကူများ၊ ကြိုးများဖြင့် အုပ်ဆိုင်းကာ ထူကြ သည်။ အဆင်မသင့်သဖြင့် အလုပ်သမားများ အပေါ်သို့ပြိုလဲ ကျပါက သေကြရပြန်သည်။

ထိုချောင်းတံတားဆောက်သောနေရာမှာလည်း နီ မောင်၊ ဦးမွန်ထော်၊ စောထီး၊ ငမဲအောင်၊ သံပချိုင်တို့အပြင် ဆာဒူးကြီးလည်း ပါလာလေသည်။

နေ့အချိန် အလုပ်လုပ်သောအချိန်များတွင် ဆာဒူးကြီး ကို အခြားအလုပ်သမားများကြားမှတွေ့မြင်ရသော်လည်း သူက တော့ တစ်နေရာမှာ ပုတီးစိပ်နေလေသည်။

ညနေ နီမောင်တို့အလုပ်သိမ်းပြီး တဲများအတွင်း ပြန် ရောက်လာလျှင်တော့ သူလည်း ပြန်ရောက်လာတတ်သည်။

ထိုအကြောင်းကို နီမောင်တို့သာသိပြီး အခြားသူများက မရိပ်မိကြပေ။ ဂျပန်စစ်သားများကလည်း မသိကြပေ။

ယခုအခါမှာတော့ ချောင်းကူးတံတားအတွက် ကြီးမား သောသစ်လုံးတိုင်ကြီးများကိုစိုက်ပြီးသော အခြေအနေရောက် ရှိနေချေပြီ။

နောက်တစ်ရက်တွင် တံတားဘောင်များ တင်ကြရပေ တော့မည်။

နီမောင်ထံမှာ ဆာဒူးကြီးပေးထားသော'မှော်ဝင်မြွေ ပတ်'ဟုခေါ်သော ကြေးပြားလေးရှိနေသည်။

ထိုကြေးပြားလေးမှာ အရောင်ဝင်းလက်နေပြီး နှစ်လက် မပတ်လည်ခန့်အရွယ်အစားရှိကာ မျက်နှာနှစ်ဖက်တွင် အရုပ်





များရှိသည်။

ဆာဒူးကြီးက ထိုမှော်မြွေပတ် ကြေးပြားသည် သိဒ္ဓိတန် ခိုးရှိပြီး အကြောင်းရှိပါက အသုံးပြုနိုင်သည်ဆိုသော်လည်း ယ ခုအချိန်အထိတော့ အသုံးပြုခွင့်မရသေးပေ။

နီမောင်က ထိုကြေးပြားလေးကို လျှို့ဝှက်စွာဖြင့် ကိုယ် နှင့်မကွာဆောင်ထားလေသည်။

ညအချိန် ဆာဒူးကြီးနှင့်တွေ့တော့ နီမောင်ကမေး သည်။

"နေ့ဘက်မှာ ခင်ဗျားကို အလုပ်လုပ်နေတာမြင်ရတယ် . . . ခင်ဗျား ကိုယ်ပွားပဲ မဟုတ်လား"

"ဟုတ်တယ်"

"ခင်ဗျားက ဘယ်သွားနေသလဲ"

"ငါက သူတို့ရွာသွားနေတာပေါ့"

"ဟင် . . . ဒီတောထဲမှာ ရွာမရှိပါဘူး . . . ဘယ်ရွာကို သွားတာလဲ"

"ဒီနားမှာရွာတွေ ရှိပါတယ် . . . မင်းတို့မမြင်ရလို့ပါ"

"ကျတ်တွေနေတဲ့ရွာကိုပြောတာလား"

ဆာဒူးကြီးက ခေါင်းညိတ်ပြသည်။

သို့ကြောင့် နီမောင်အပါအဝင် အနီးမှာရှိနေသူများက စိတ်ဝင်စားသွားကြသည်။

"ခင်ဗျား ရောက်သွားတော့ သူတို့က ဘာပြောကြသလဲ"

"တံတားဆောက်တဲ့နေရာက သူတို့နေတဲ့နေရာဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



တော့ ဆောက်လို့မရအောင် ဖျက်ပစ်မယ်လို့ပြောနေကြတယ်

ထိုစကားကြောင့် နီမောင်တို့မှာအံ့သြသွားကြသည်။

တဆက်တည်း စိတ်ပျက်လက်ပျက်လည်း ဖြစ်သွားကြသည်။

အဘယ်ကြောင့်ဆိုသော် ယခုအခါ တံတားတိုင်များ စိုက်ထူပြီးသောအခြေအနေရောက်နေချေပြီ။

ထိုအခြေအနေပြီးအောင်ပင် အတော်ကြီးလုပ်ထားကြရပေသည်။

ပျက်သွားလျှင်တော့ ပိုပြီးပင်ပန်းကြရပေဦးတော့မည်။

"ဘယ်လိုမှ သူတို့နဲ့လွတ်ကင်းမှာလဲ... ခင်ဗျားက မေးမကြည့်ဘူးလား"

"ဟိုဘက်ကမ်း ဒီဘက်ကမ်းမှာ တောင်ကုန်းတွေရှိတဲ့နေရာနဲ့လွတ်အောင်ဆောက်မှ တံတားဆောက်လုပ်လို့ရမယ်"

"ခက်တာပဲဗျာ... ဒီအကြောင်းတွေကို ဂျပန်တွေက သိလည်း မသိကြဘူး၊ ယုံလည်းယုံကြမှာ မဟုတ်ဘူး၊ တကယ်လို့ ဆောက်လို့မရဘူးဆိုရင်လည်း ကျွန်တော်တို့ပဲ ထပ်ပြီးပင်ပန်းကြရဦးမှာပဲ"

ညည်းညည်းညူညူ ပြောလိုက်လေသည်။

"ဒီလောက်လည်း စိတ်ပျက်မနေကြပါနဲ့ကွာ... ဒီတံတားပြီးလို့ နောက်တံတားတစ်စင်းဆောက်နေတဲ့အချိန်မှာ မင်းတို့ငရဲစခန်းကလွတ်ကြမှာပါ"

"လွတ်တာကတော့ ဟုတ်ပါပြီ၊ ဒီကနေ ရွာပြန်သွားလို့





ပြန်ရောက်ရင်လည်း ဂျပန်တွေရောက်လာပြီး ထပ်ဖမ်းရင် ခံကြရဦးမှာပါပဲ"

သံပချိုင်က ဝင်ပြောလိုက်သည်။

"စိတ်မပူပါနဲ့ကွာ... သူတို့နဲ့လွတ်အောင် ပြေးနိုင်တဲ့ နည်းလမ်းတွေရှိပါတယ်... နောက်တော့ ငါပြောပြပါ့မယ်"

ဆာဒူးကြီးက အေးအေးဆေးဆေးပင်ပြောသည်။

"ဟင်... ကျွန်တော်တို့က ခင်ဗျားနဲ့လိုက်ခဲ့ကြရမယ် ဟုတ်လား... ခင်ဗျားကရော ဘယ်ပြန်မှာမို့လဲ"

"ငါက ဟိမဝန္တာကလာတာ... ဟိမဝန္တာကိုပဲပြန်ရမှာပေါ့၊ မင်းတို့ ဒီချွေးတပ်စခန်းကလွတ်ပြီး ရွာပြန်သွားရင်လည်း ဂျပန်တွေရောက်လာပြီး ထပ်ဖမ်းဦးမှာပဲ၊ ထွက်ပြေးပြီးမှပြန်ဖမ်းမိရင် အသက်ရှင်ခွင့်ပေးမှာမဟုတ်ဘူး"

"ဒါကတော့ အမှန်ပါပဲ... ဒီဂျပန်တွေကလည်းဗျာ ကိုယ့်နေရာကိုယ်မနေပဲ ဘာကြောင့်များ ကျွန်တော်တို့ဆီရောက်လာပြီး အခုလိုနှိပ်စက်နေကြတာလဲ မသိပါဘူး"

"ဒါကတော့ကွာ... ကံကြွေးပါရင် ချေရတယ်၊ ဝဋ်ကြွေးရှိနေရင်လည်း ပြန်ဆပ်ရမှာပဲပေါ့၊ မင်းတို့ရဲ့ကံကြွေးကိုက သူတစ်ပါးနှိပ်စက်တာကိုခံရမယ်ဆိုပြီး ပါလာရင်တော့ အခုလိုပဲ ခံရမှာပေါ့"

"ဒါလည်း ဟုတ်မှာပါပဲ... ဘယ်လောက်ကြာအောင် ခံနေရပြီး၊ ဘယ်တော့များမှလွတ်ကြရမှာလဲ မသိဘူး"

"စိတ်မပူပါနဲ့ကွာ၊ သူတို့ ဒီမှာကြာကြာနေလို့မရပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



အများဆုံးကြာရင် သုံးနှစ်ပေါ့၊ နောက်နှစ်နှစ်ကြာရင် ဒီကပြန်ပြေးပြီး မင်းတို့ခံရသလို သူတို့လည်း ပြန်ပြီး ဝဋ်လည်တော့မှာပါ"

"ဘာပဲဖြစ်ဖြစ် ဒီစကားကြားရတာ အားရှိသလိုပါပဲ . . . ဒါပေမယ့် သူတို့မသွားခင် တစ်နှစ်. . . နှစ်နှစ်အတွင်းမှာ လူတွေ ဘယ်လောက်သေပြီး ဘယ်လောက်အနှိပ်စက်ခံကြရဦးမယ် မသိပါဘူး"

"ဒါကတော့ကွာ. . . ငါပြောသလိုပေါ့. . . ဝဋ်ကြွေးရှိသမျှတော့ ခံကြရမှာပေါ့၊ ဝဋ်ကြွေးကုန်တော့လည်း အလိုလိုပြီးသွားတာပါပဲ"

ဆာဒူးကြီးက စကားလည်းပြောရင်း နီမောင်ထည့်ပေးထားသောကြေးခွက်ထဲမှ ထမင်းရေဆမ်းကိုလည်း ဇွန်းဖြင့်ခပ်ယူကာ စားနေလေသည်။

"ဆာဒူးကြီးပြောတဲ့အတိုင်းဆိုရင် ကျွန်တော်တို့က ဒီတံတားတစ်စင်းဆောက်ပြီးလို့ တတိယမြောက်တံတားရောက်တဲ့အခါ လွတ်ကြမယ်လို့ပြောတယ်. . . ရွာပြန်လို့လည်းမဖြစ်သေးတော့ ဆာဒူးပြောသလိုပဲဖြစ်နေပြီ"

"ငါ့နောက်ကိုလိုက်ခဲ့ရင်လည်း နောက်ထပ်ငရဲခန်းတစ်ခုနဲ့တော့ ကြုံကြရဦးမှာပါပဲ"

"ဗျာ. . . ."

ဆာဒူးကြီးစကားကြောင့် နီမောင်တို့ငါးယောက်စလုံး အထိတ်တလန့်ဖြစ်ကာ မျက်လုံးပြူးသွားကြလေသည်။

"ဘယ်လိုငရဲခန်းမျိုး ရောက်ကြရမှာလဲ"





သံပချိုင်က ဝင်မေးလိုက်သည်။

"ဂျပန်တွေရဲ့ငရဲခန်းကလွတ်ရင် အင်္ဂလိပ်တွေရဲ့ငရဲခန်းကို ထပ်ဝင်ရဦးမယ်လို့ပြောတာကွ"

"ဒါဆိုရင်လည်း ကျွန်တော်တို့အဖြစ်က ဆီပူအိုးထဲကခုန်ချတော့မှ မီးပုံထဲရောက်သလိုမျိုး ဖြစ်နေမှာပေါ့"

"အမှန်ပေါ့ကွာ. . . သေမှာစိုးလို့ထွက်ပြေးတော့မှ နောက်ထပ်သေတွင်းတစ်ခုထဲရောက်ရမယ့်ဆိုရင်တော့ သေရမယ့်အတူတူ ခြေထောက်ညောင်းမခံပဲ ဒီမှာသေတာပဲ ပိုကောင်းမယ်ထင်ပါတယ်"

ဟု တစ်ယောက်တစ်မျိုးပြောကြလေသည်။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားနေသောအချိန်တွင် ဂျပန်တို့က ယိုးဒယားမြန်မာမီးရထားလမ်းကို(၁၉၄၂)ခုနှစ်မှ (၁၉၄၅)ခုနှစ်အထိ ချွေးတပ်သားပေါင်းများစွာတို့နှင့်ဖောက်လုပ်ခဲ့ကြသည်။

၎င်းကို'အရှေ့တောင် သေမင်းတမန်လမ်း'ဟု ခေါ်ဝေါ်ခဲ့ကြသည်။

တပြိုင်တည်းမှာပင် ဒုတိယကမ္ဘာစစ်ကာလ(၁၉၄၃)ခုနှစ်တွင် မြန်မာနိုင်ငံ အနောက်မြောက်ပိုင်းတွင် အင်္ဂလိပ်တို့က 'လီဒိုလမ်းမကြီး'ကိုဖောက်ခဲ့ကြသည်။

၎င်းလမ်းမှာ 'အနောက်မြောက်သေမင်းတမန်လမ်း'ဟု ခေါ်ကြလေသည်။

နီမောင်တို့ပြောနေသောစကားသံကြားသောအခါ



www.burmeseclassic.com

www.burmeseclassic.com



ဆာဒူးကြီးက ကိုယ်ကိုရှေ့သို့တိုးပြီး လေသံခပ်တိုးတိုးဖြင့် မေးလိုက်သည်။

"မင်းတို့ခြေညောင်းမခံချင်လို့ ဒီမှာနေတော့ရော ချမ်းသာကြမှာမို့လား"

ထိုစကားကြောင့် ဆာဒူးကြီးကိုဝိုင်းကြည့်နေကြလေသည်။

"ဒီမှာ ငါပြောမယ်. . . ငါက မင်းတို့ကိုအကြောင်းမဲ့ခေါ်နေတာ မဟုတ်ဘူး၊ ငါမေးမယ်. . . မင်းတို့မချမ်းသာချင်ကြဘူးလား"

"ဘယ်လိုချမ်းသာမှာလဲ. . . ဟင်"

"ငါ့နောက်ကိုလိုက်လာရင် မင်းတို့ချမ်းသာစေရမယ်"

ဆာဒူးကြီးစကားကြားသောအခါ များစွာ စိတ်ဝင်စားသွားကြလေသည်။

"ဒီလိုဆိုရင်တော့ လိုက်ခဲ့ရမှာပေါ့"

ဟု ဦးမွန်ထော်ကပြောလိုက်သည်။

ထိုသို့စကားပြောနေကြစဉ် ညဦးပိုင်းအချိန်ပင် ကျော်လာလေပြီ။

အပြင်ဘက်မှာတော့ လေမိုးငြိမ်နေသော်လည်း အမှောင်ထုကတော့ ဖုံးအုပ်ထားလေသည်။

ထိုအချိန်တွင် တံတားဆောက်ထားသောနေရာနှင့် မနီးမဝေးနေရာဘက်မှလူသံများ ပေါ်လာသည်။

ဆူဆူညံညံနှင့်စကားပြောဆိုနေသောအသံများကို စ





ခန်းချနေသောနေရာဆီမှ အတိုင်းသားကြားနေရသည်။

ထိုအသံများကြောင့် ဂျပန်များမှာလှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

သေနတ်များကိုင်ပြီး အပြင်ဘက်ထွက်ကြည့်ကြသည်။

ယခုအချိန်မှာ အင်္ဂလိပ်တပ်များ အချိန်မရွေး ရောက်လာပြီး တိုက်ခိုက်နိုင်သောအချိန်မျိုးဖြစ်သဖြင့် သတိဖြင့်နေကြရသောအချိန်မျိုးလည်းဖြစ်သဖြင့် ယခုကဲ့သို့ အချိန်မတော်မှ လူသံသူသံများကြားရသောအခါ အထိတ်တလန့် ဖြစ်သွားကြခြင်းဖြစ်၏။

ဂျပန်စစ်သားတို့က သေနတ်များ အဆင်သင့်ပြင်လျက် အသံများကြားရာသို့လှမ်းကြည့်သောအခါ အမှောင်ထဲမှာ လှုပ်ရှားသွားလာနေကြသောလူများကို လှမ်းမြင်ကြရသည်။

"ရန်သူ. . . ရန်သူ"

ဟု အချင်းချင်းပြောဆိုပြီး ထိုနေရာဘက်သို့ ခပ်သုတ်သုတ်သွားကြလေသည်။

စုစုပေါင်း ဂျပန်စစ်သား(၁၀)ယောက်ခန့် ရှိသည်။

ဆောက်လက်စတံတားအနီးသို့ ရောက်သွားသောအခါ အမှောင်ထဲမှာပင် လူတစ်စုက ထူထားပြီးသောတံတားတိုင်များကို ဖြိုလှဲနေကြသည်ကိုတွေ့ကြရသည်။

"ဟေ့. . . ရပ်လိုက်စမ်း၊ ဘာဖြစ်လို့တံတားတိုင်တွေကို လှဲနေကြတာလဲ"

ထိုသို့လှမ်းအော်လိုက်သော်လည်း အမှောင်ထဲမှလူများ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကတော့ ဂရုမစိုက်ပဲ တိုင်များကို လှဲမြဲလှဲနေကြသဖြင့် သေနတ်ဖြင့် ပစ်လေသည်။

"ဒိုင်း . . . ဒိုင်း . . . ဒိုင်း"

တိတ်ဆိတ်ငြိမ်သက်နေသောအချိန်တွင် သေနတ်သံများက နားကွဲမတတ်ဆူညံသွားလေတော့သည်။

သတ်သံများစဲသွားပြီးကြည့်လိုက်တော့ တံတားတိုင်များရှိသောနေရာတွင် တစ်ယောက်မှမတွေ့ရတော့ပေ။

စိတ်မကျေနပ်သဖြင့် မီးရောင်ဖြင့်လှမ်းထိုးကြည့်တော့ လူတစ်ယောက်မှမတွေ့ရပဲ တံတားတိုင်များလှဲချရာတွင် အသုံးပြုကြသည့်နွယ်ကြိုးခွေ၊ သစ်သားတိုင်စသည်တို့ကိုသာ တွေ့ကြရသည်။

သေနတ်ထိမှန်သဖြင့် တစ်ယောက်တစ်လေမှလဲကျကျန်ခဲ့သည်တော့ မတွေ့ရပေ။

ထိုနေရာမှာ အတော်ကြာအောင် စောင့်ကြည့်သော်လည်း နောက်ထပ်အရိပ်အယောင်မျှပင် မတွေ့ရတော့မှ တဲဘက်သို့ပြန်လာခဲ့ကြသည်။

ဂျပန်များ တဲသို့ပြန်ရောက်ရုံရှိသေးသည်။

တံတားရှိသောဘက်မှလူသံများ ထပ်ပေါ်လာပြန်သည်။ ထွက်ကြည့်တော့ လူရိပ်များ တွေ့ကြရပြန်သည်။

ထိုလူများက ထူပြီးသောတံတားတိုင်များအား နွယ်ကြိုးဖြင့်ပတ်ချည်ကာ မနီးမဝေးမှာရှိသောသစ်ပင်ကြီးတစ်ပင်သို့ရစ်ပတ်ကာ တုတ်ဖြင့် ဒလက်လှည့်သကဲ့သို့လှည့်ကြရာ တံတားတိုင်





များမှာ တအိအိဖြင့်ယိုင်ကျလာတော့သည်။

ထိုမြင်ကွင်းကိုမြင်သောအခါ ဂျပန်တို့မှာမျက်လုံးပြူးသွားပြီး ထိုနေရာသို့ အလျင်အမြန်သွားကာ သေနတ်ဖြင့်ပစ်ကြပြန်သည်။

"ဒိုင်း . . . ဒိုင်း . . . ဒိုင်း"

သေနတ်သံများ ဆူညံသွားပြီးနောက် တံတားတိုင်လှဲချနေသူများ ပျောက်သွားကြပြန်သည်။

ဤသို့ဖြင့် သေနတ်ဖြင့်ပစ်လိုက် ပျောက်သွားလိုက်၊ ဂျပန်များကဲ့သို့ပြန်ရောက်လိုက် တံတားတိုင်ကလှဲလိုက်ကြနှင့် တစ်ညလုံး မအိပ်ကြရပဲရှိလေသည်။

BURMESE CLASSIC .com

နောက်တစ်နေ့ နံနက်ပိုင်းအချိန်ရောက်တော့ မနေ့က ထူထားသောတံတားတိုင်တို့မှာ မူလအတိုင်းရှိမနေတော့ပဲ ယိုင်သည့်တိုင်ကယိုင် လဲသည့်တိုင်ကလဲနှင့်ဖြစ်နေသည်ကိုတွေ့ကြရသည်။

ထိုနေရာတစ်ဝိုက်မှာလည်း တိုင်လှဲရာတွင်အသုံးပြုသောနွယ်ကြိုးများ၊ သစ်သားတုတ်များကိုပါ တွေ့ကြရသည်။

သို့ကြောင့် မူလအတိုင်းဖြစ်အောင် နီမောင်တို့အပါအဝင် အလုပ်သမားများက ပြန်ထောင်ကြရသည်။

ညအချိန်ရောက်ပြန်လျှင် တံတားတိုင်လှဲသူများရောက်လာကာ လှဲကြပြန်လေသည်။

ဤသို့ဖြင့် နီမောင်တို့ကပြန်ထူလိုက်၊ ညအချိန်ရောက်သောအခါ တိုင်လှဲသူများက လာလှဲလိုက်ကြနှင့်တံတားဆောက်



www.burmeseclassic.com

www.burmeseclassic.com



ဆောက်၍ မရပဲရှိနေတော့သည်။

ဂျပန်စစ်သားများက စိတ်မကျေနပ်သဖြင့် ထိုအနီးတစ်ဝိုက်မှာရှိသောတောများအတွင်းသို့ လိုက်လံရှာဖွေကြသော်လည်း ရွာမဆိုထားနှင့်တဲတစ်လုံးမျှပင် မတွေ့ရပေ။

လူမဆိုထားနှင့်သက်ရှိသတ္တဝါဆို၍ ခွေးတစ်ကောင် ကြောင်တစ်မြီးမှုပင်မတွေ့ကြရသဖြင့် များစွာ အခက်တွေ့နေကြသည်။

တစ်နေ့တော့ နံနက်ပိုင်းအချိန် အလုပ်သမားများတန်းစီပြီး ငှက်ဖျားဆေးများဝေငှပေးနေစဉ် ဗမာစကားအတော်အသင့် နားလည်သောဂျပန်စစ်ဗိုလ်ရောက်လာသည်။

ထိုအခါ ဦးမွန်ထော်ကရှေ့ထွက်ပြီး ပြောပြလိုက်သည်။

“ဘာပြောစရာရှိသလဲ မာစတာ”

“ဒီနေရာမှာ တံတားဆက်ဆောက်လို့မရပါဘူး”

“ဘာကြောင့်လဲ”

“ကျတ်တွေနေရာမို့ပါ”

“ကျတ်ဆိုတာ ဘာလဲ”

“မကောင်းဆိုးဝါး မိစ္ဆာတွေပါ”

“သူတို့က ဘာကြောင့်နှောက်ယှက်နေတာလဲ”

“သူတို့နေတဲ့နေရာမှာ တံတားဆောက်တာကိုမကြိုက်ကြလို့ပါ”

ဂျပန်စစ်ဗိုလ်က ထိုအကြောင်းများကို အတန်အသင့်နားလည်သဘောပေါက်ထားပြီးဖြစ်သောကြောင့် ထွေထွေထူးထူးတော့မပြောပဲ အတော်ကြာအောင် စဉ်းစားနေသည်။





ပြီးမှ ဦးမွန်ထော်ရှေ့လာရပ်ရင်း မေးသည်။

“ဒီတော့ ဘယ်လိုလုပ်ရမလဲ”

“နောက်တစ်နေရာ ရွှေ့ဆောက်ရင်ရပါတယ်”

“သူတို့ကိုမှမမြင်ရတာ ဘယ်လိုနေရာရွေးမလဲ”

“တောင်ကုန်းတွေရှိတဲ့နေရာနဲ့ လွတ်ကင်းတဲ့နေရာမှာဆောက်ရင် အနှောက်အယှက်ကင်းသွားပါလိမ့်မယ်”

“ကောင်းပြီ. . . မင်းပြောတဲ့အတိုင်း လုပ်ကြည့်မယ် . . . မဟုတ်ရင်တော့ အပြစ်ပေးခံရမယ်”

ဦးမွန်ထော်က ဘာမှထပ်မပြောတော့ပဲ နောက်သို့ပြန်ဆုတ်သွားလေသည်။

ထိုနေ့မှစပြီး လမ်းကြောင်းကိုပြင်ဖောက်ပြီးနောက် တံတားကိုလည်း တောင်ကုန်းများနှင့် လွတ်ကင်းသောအခြားတစ်နေရာသို့ရွှေ့ဆောက်ကြလေရာ အနှောက်အယှက်မတွေ့ရတော့ပဲ ပြီးစီးအောင် ဆောက်နိုင်ခဲ့ကြပေသည်။

ထိုတံတားမှာ ဒုတိယမြောက်တံတားဖြစ်ပြီး ‘ကျတ်ကုန်းတံတား’ဟု အမည်တွင်ခဲ့ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉)

## ဧရဲတွင်းမှလွတ်မြောက်ခွင့်ရခြင်း

ယခုတစ်ဖန်တည်ဆောက်ရမည့်တံတားမှာ နီမောင်တို့အတွက် တတိယမြောက်တံတားပင်ဖြစ်ပေသည်။

ထိုတံတားတည်ဆောက်သောနေရာမှာ ခါတိုင်းတံတားများဆောက်သကဲ့သို့ချောင်းကိုဖြတ်ပြီး ဆောက်ရသောတံတားမျိုးတော့မဟုတ်ပေ။

တောင်ကုန်းများကြား၌ရှိသော လျှိုတစ်ခုကိုတံတားဖြတ်ဆောက်ကြရမည်ဖြစ်၏။

ငင်းလျှိုမှာ အောက်သို့ ပေ'၂၀၀'ကျော်လောက်နက်ပြီး အကျယ်အဝန်းက ပေ'၁၀၀'ခန့်အကျယ်ရှိလေသည်။

တစ်ဘက်သို့ သစ်လုံးကြီးများကိုတန်းပစ်ပြီး အပေါ်မှ



www.burmeseclassic.com

www.burmeseclassic.com



တံတားဆောက်ရန် လျာထားကြသည်။

ထိုနေရာမှာ မြစ်ချောင်းများအတွင်းမှာ အလုပ်လုပ်ကြ
သည်မဟုတ်သဖြင့် အတန်အသင့်သက်သာသည်ဆိုရသော်
လည်း အခြားအန္တရာယ်များတော့ ရှိသည်။

တောင်ကုန်း တောင်တန်းများကြားတွင်ရောက်နေပြီး
ထိုနေရာတစ်ဝိုက်မှာ တောထူထပ်သည်။

သစ်ပင်ကြီးများက တိုးမပေါက်အောင်ကောင်းလှသည်။

သစ်တော သစ်ချုံတို့ကလည်း လူတစ်ယောက်တိုးဝင်ဖို့
ပင် မလွယ်လောက်အောင် ထူထပ်ပိတ်ဆီးနေကြသည်။

ထိုနေရာတစ်ဝိုက်တွင် အခြားသစ်ပင်ကြီးများရှိသော်
လည်း အများဆုံးကတော့ ညောင်လန်းပင်ကြီးများဖြစ်ကြလေ
သည်။

ညောင်လန်းပင်ကြီးများမှာ နှစ်ပေါင်းများစွာကတည်း
ကရှိနေခဲ့သောကြောင့် အထိကရသစ်ပင်ကြီးများဖြစ်နေကြပေ
ပြီ။

အပင်ကကြီးသလို ညောင်လန်းကိုင်းတို့က မြေပေါ်
သို့အုပ်ဆိုင်းကျနေကြသည်။

ညောင်မုတ်ဆိတ်မွေးများကလည်း တွဲကျနေရာ အပင်
ခြေကိုပင် မမြင်နိုင်လောက်အောင်ရှိကြသည်။

ညောင်လန်းပင် တောအုပ်ကြီးမှာ တမျှော်တခေါ်ရှိနေ
လေရာ ထိုအထဲသို့ ဆင်အုပ်ကြီးဝင်သွားလျှင် ဝင်ရှာဖို့ မလွယ်
လှပေ။





ရထားလမ်းက ထိုညောင်လန်းတောအုပ်ထဲမှဖြတ်
ဖောက်ကြရမည်ဖြစ်ပြီး ထိုနေရာမှလွန်သောအခါမှ လျှိုကိုဖြတ်
မည့်တတိယတံတားကို ဆောက်ကြရမည်ဖြစ်ပေသည်။

ညောင်လန်းတောအုပ်ထဲသို့ ဝင်ရောက်အလုပ်လုပ်ကြ
တော့မည်ဆိုသောအခါ တောအတွေ့အကြုံများသောဦးမွန်
ထော်က သူ့အဖော်များကို သတိပေးသည်။

"ဒီတောအုပ်ထဲဝင်ရင် အထူးသတိထားကြပေတော့၊
ဒီတောအုပ်ထဲမှာအန္တရာယ်တွေ အများကြီးရှိနေနိုင်တယ်"

"ကျားတွေ ဆင်တွေကိုပြောတာလား ဘဘ"

"ကျားတွေ ဆင်တွေစတဲ့ တောတိရစ္ဆာန်အကောင်ကြီး
တွေက ဒီလောက်လူသံတွေကြားရင် နေရာရွှေ့သွားလောက်ပြီ၊
တောကောင်ကြီးတွေက မလှဲမရှောင်သာမှလူတွေကို ဒုက္ခပေး
ကြတာ"

"ဒါဖြင့် ဘယ်လိုသတ္တဝါမျိုးတွေလဲ"

"မြွေလိုအဆိပ်ပြင်းတဲ့သတ္တဝါတွေ ဒီညောင်လန်းတော
ထဲမှာ အများကြီးရှိနေမှာသေချာတယ်၊ ဒါပေမယ့် ငါတို့အတွက်
တတော့ စိတ်ပူစရာသိပ်မရှိလှပါဘူး"

"ဘာဖြစ်လို့လည်းဟင်"

"မင်းဆီမှာ ဆာဒူးကြီးပေးထားတဲ့မှော်ဝင်မြွေပတ်ရှိ
တယ် မဟုတ်လား၊ အဲဒါကိုအသုံးချလို့ရနိုင်တာပဲ"

ထိုစကားကြောင့် နီမောင်က သူကိုယ်ပေါ်မှာ ကိုယ်နှင့်
မကွာဆောင်ထားသောကြေးပြားလေးကို လက်ဖြင့် စမ်းကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

အိတ်ငယ်တစ်လုံးထဲမှာထည့်ပြီး လည်ပင်းမှာဆွဲထား သောကြေးပြားလေးက အသားနှင့်ထိပြီး အေးနေသည်။

"သူပေးလို့သာ ယူထားရတာပါ. . . ဘယ်လိုအသုံးချရ မှန်းတောင် မသိသေးပါဘူး"

"စိတ်မပူပါနဲ့ကွာ. . . သိဒ္ဓိရှိတဲ့ပစ္စည်းတွေက မင်းမ လုပ်တတ်လည်း အရေးအကြောင်းပေါ်လာရင် သူ့ဖာသာလို အပ်တာကို ဆောင်ရွက်သွားပါလိမ့်မယ်"

ဟု ပြောပြသည်။

နောက်တစ်နေ့မှာတော့ ညောင်လန်းတောအုပ်ကို ဝ တင်ဖောက်ကြလေသည်။

နီမောင်တို့စိတ်ထဲမှာတော့ ဆာဒူးကြီးပြောထားခဲ့သဖြင့် တတိယမြောက်တံတားဆောက်လျှင် လွတ်မြောက်ခွင့်ရနိုင် သည်ဆိုသောစကားကို အမှတ်ရနေပြီး များစွာ အားရှိနေကြလေ သည်။

"အခွင့်အရေးရမယ်လို့ ဆာဒူးကြီးကပြောထားပေမယ့် ငါတို့ရဲ့အားထုတ်မှုလည်း ပါမှရမယ်. . . ဝီရိယမရှိပဲနဲ့ဘယ်အ ရာမှအောင်မြင်မှု မရနိုင်ဘူး"

"မှန်ပါတယ်"

"လှေထဲက ငါးသုံးကောင်လိုပေါ့. . . အချိန်မတန် သေးပဲ တဝုန်းဝုန်းခုန်နေတဲ့ငါးက တံငါသည်လှော်တက်နဲ့ရိုက်လို့ သေရတယ်၊ ဒုတိယငါးကတော့ အခွင့်အရေးစောင့်ပြီး အခွင့်ရ





တာနဲ့ဝီရိယစိုက်ပြီး ကြိုးစားလို့လွတ်မြောက်သွားခဲ့တယ်"

"ဟုတ်ပါတယ်"

"တတိယငါးကတော့ ကံကောင်းရင် လွတ်မယ်လို့ယုံ ကြည်ပြီး လှေထဲမှာငြိမ်နေတာ နောက်ဆုံးအသတ်ခံရတယ်၊ ဒီ တော့ ဝီရိယနဲ့ကြိုးစားအားထုတ်မှုဆိုတာ မလိုအပ်ပဲနဲ့လည်း မသုံးရဘူး၊ လိုအပ်တဲ့အချိန်မှာလည်း မသုံးမိပဲမဖြစ်ရလေ အောင် သတိနဲ့စောင့်ကြရမယ်"

"အဘပြောတာကို သဘောပေါက်ပါတယ်. . . ကျွန် တော်တို့သတိဝီရိယထားပြီး အလုပ်လုပ်ရင်းနဲ့စောင့်ပါမယ်"

ဟု ပြန်ပြောလိုက်လေသည်။

ရှေ့၌ ရေးခဲ့သည့်အတိုင်း ညောင်လန်းတောအုပ်မှာ အပင်ချင်းဆက်၊ အကိုင်းချင်းယှက်နေသောကြောင့် နေပြောက် တိုးအောင် ရှိကြလေသည်။

အဆိုးဆုံးကတော့ မြေပေါ်သို့တွဲကျနေသောညောင် ဝုတ်ဆိတ်မွေးများပင် ဖြစ်သည်။

ထိုညောင်မုတ်ဆိတ်မွေးများကို အရင်ရှင်းကြရပြီး လမ်း နှင့်မလွတ်သောအခြားညောင်လန်းပင်ကြီးများကိုတော့ ခုတ်လှဲ ဝစ်ကြရသည်။

ဦးမွန်ထော်ကြိုတင်ပြောထားသကဲ့သို့ပင် တစ်နေရာ ရောက်သောအခါ အန္တရာယ်နှင့်စတွေ့ကြရသည်။

အခြားမဟုတ်ပေ။

ညောင်မုတ်ဆိတ်များကြားမှ များစွာသောကင်းမြီး



www.burmeseclassic.com

www.burmeseclassic.com



ကောက်များထွက်လာပြီးနောက် အလုပ်သမားများကိုအန္တရာယ်ပေးလေတော့သည်။

ကင်းမြီးကောက်များမှာ အကောင်အရွယ်အစားကြီးမြီး အနက်ရောင်ဖြစ်သည်။

အဆိပ်ပြင်းလှသဖြင့် အဆိပ်ဆူးဖြင့်ထိုးမိပါက မခံမရပ်နိုင်အောင် နာကျင်စေသည်။

ကင်းမြီးကောက်များမှာ အကောင်အရေအတွက်များသောကြောင့် သေနတ်နှင့်ပစ်မရ၊ တုတ်ခဲတို့ဖြင့်လည်း ရိုက်ပုတ်ဖယ်ရှား၍ မရကြပေ။

တစ်ကောင်ဖယ်လိုက်လျှင် နှစ်ကောင်ရောက်လာသည်။

နှစ်ကောင်သတ်လိုက်သောအခါ နောက်ထပ်ချောင်းများစွာရောက်လာကြသဖြင့် ထွက်ပြေးကြရသည်။

ကင်းမြီးကောက်အဆိပ်ဆူးထိုးမိသူတို့မှာ မခံမရပ်နိုင်ဖြစ်ကာ အော်ဟစ်နေကြသည်။

အသက်မသေကြသည့်တိုင် အဆိပ်တက်သောဝေဒနာကိုတော့ မချိမဆံ့ခံကြရသည်။

ထိုနောက်မှာတော့ ဂျပန်စစ်သားများက ကင်းမြီးကောက်များထွက်လာသောနေရာများကို မီးရှို့ပစ်တော့မှနောက်တစ်ရက်တွင် ကင်းမြီးကောက်များ ကင်းစင်သွားလေတော့သည်။

တစ်ကောင်မှမတွေ့ရတော့ပေ။





သို့ကြောင့် လမ်းဖောက်သောအလုပ်များကို ဆက်လုပ်နိုင်ကြလေသည်။

နီမောင်တို့ငါးယောက်မှာလည်း ဆာဒူးကြီးပြောထားသကဲ့သို့ တတိယမြောက်တံတားဆောက်ပြီပါက ထိုနေရာမှလွတ်မြောက်ခွင့်ရမည်ဆိုသောကြောင့် အခြေအနေကိုစောင့်ရင်း အလုပ်လုပ်ကြလေသည်။

ညောင်လန်းတောကြီးမှာ ထူထပ်လှသောကြောင့် လမ်းဖောက်ကြရသည်မှာ တော်တော်နှင့်ခရီးမရောက်နိုင်ပဲရှိတော့သည်။

ထို့ပြင် လမ်းဖောက်နေသောလမ်းတစ်လျှောက်မှာလည်း အန္တရာယ်အမျိုးမျိုးနှင့်ကြုံတွေ့ကြရလေသည်။

ညောင်လန်းတောမှာ အုပ်ဆိုင်းထူထပ်လှသောကြောင့် ထိုတောထဲမှာ နှစ်ပေါင်းများစွာ ခိုအောင်းနေကြသောတိရစ္ဆာန်မျိုးစုံတို့၏အန္တရာယ်ပြုခြင်းကို ခံကြရသည်။

အဆိပ်ပြင်းသောမြွေမျိုးစုံတို့အပြင် ကင်း၊ ပင့်ကူ၊ ကင်းခြေကောက်စသည်တို့လည်း ပေါများလှသည်။

အလုပ်သမားများမှာ မကြာခဏ မြွေကိုက်ခံကြရပြီး အချို့မှာဆေးမမီပဲ အသက်သေကြရသည်။

ဂျပန်တို့ကတော့ တစ်ယောက်သေလျှင် နောက်တစ်ယောက်ကိုအစားထိုးကာ ရက်ရက်စက်စက်စေခိုင်းကြသည်။

တစ်နေ့မှာတော့ ၎င်းတို့အတွက် ဝင့်လည်သောအဖြစ်အပျက်တစ်ခုနှင့်ကြုံရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က နေ့လည်ပိုင်းအချိန်တွင် ညောင်လန်းတော အုပ်ထဲမှာအလုပ်သမားများ ခေတ္တနားကြရသည်။

သို့ကြောင့် ညောင်လန်းပင်ကြီးများအောက်၌ ကိုယ့်အဖွဲ့နှင့်ကိုယ်စုပြီး ပါလာသောအစားအသောက်များကို စားသောက်နေကြသည်။

ဂျပန်စစ်သားများကတော့ ကြီးမားသောညောင်လန်းပင်ကြီးတစ်ပင်အောက်မှာဝိုင်းဖွဲ့ပြီး စားသောက်နေကြစဉ် ညောင်လန်းပင်ကြီးအပေါ်ဘက်မှအသံအချို့ ပေါ်ထွက်လာသည်။

"ကျလိ. . . ကျလိ"

"ကျလိ. . . ကျလိ"

အသံကရုတ်တရက် နားထောင်ပါက ငှက်အော်သံနှင့်တူသည်။

ပထမတော့ ဂျပန်များက အမှုမဲ့အမှတ်မဲ့ဖြင့် စားသောက်မြဲ စားသောက်နေကြသည်။

နောက်တော့ကြားနေရသောအသံက ပိုများလာသည်။

"ကျလိ. . . ကျလိ"

"ကျလိ. . . ကျလိ"

သို့ကြောင့် အပေါ်သို့မော့ကြည့်သူက မော့ကြည့်ကြသည်။

ထိုသို့မော့ကြည့်နေစဉ်မှာ အပေါ်မှာ အဖြူရောင်ပျစ်ချွဲချွဲအရေများက မိုးရေစက်များကျလာသကဲ့သို့ကျလာလေတော့သည်။





ထိုအရေစက်များက ဂျပန်များပေါ်သို့ကျလာရာ အချို့ဦးခေါင်းပေါ်၊ အချို့မျက်နှာပေါ်၊ အချို့ကိုယ်ပေါ်သို့ကျလေသည်။

ထိုအရေစက်များထိမိသောနေရာများမှာ ချက်ချင်းမီးခိုးငွေ့များထွက်လာပြီး ထိမိသမျှကိုလောင်ကျွမ်းလေတော့သည်။

ဦးထုပ်နှင့်ကိုယ်ပေါ်၌ ဝတ်ထားသောအဝတ်များအပြင် အသားများပါလောင်ကျွမ်းလေရာ အော်သံဟစ်သံများ ဆူညံသွားတော့သည်။

အမှန်တော့ အပေါ်မှကျလာသောအဖြူရောင်အရေများမှာ အဆိပ်ရေများဖြစ်သည်။

ထိုအဆိပ်ရေထိမိသောနေရာမှာ အဝတ်အစားဖြစ်စေ အသားဖြစ်စေ လောင်ကျွမ်းသဖြင့် မီးလောင်ပေါက်ကြီးများသဖွယ်ဖြစ်ကာ ပေါက်ထွက်ကုန်သည်။

ထိုအခါမှ ဂျပန်များမှာကြောက်လန့်တကြား အော်ဟစ်ကာ သစ်ပင်ပေါ်သို့သေနတ်များဖြင့် ပစ်လေတော့သည်။

"ဒိုင်း. . . ဒိုင်း. . . ဒိုင်း"

ထိုသို့ပစ်တော့မှ အပေါ်မှအသံများက ပိုမိုများပြားလာလေတော့သည်။

"ကျလိ. . . ကျလိ"

"ကျလိ. . . ကျလိ"

ထိုအသံများနှင့်မရှေးမနှောင်းမှာပင် ညောင်လန်းပင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



များပေါ်မှမည်းမည်းသတ္တဝါများ ခုန်ဆင်းလာလေတော့သည်။

"ဟာ. . . ဘာကောင်ကြီးတွေလဲ"

အပေါ်မှ ခုန်ဆင်းလာသောမည်းမည်းသဏ္ဍာန်သတ္တဝါ ကြီးများမှာ အခြားမဟုတ်ပေ။

တောကြီးပင့်ကူများပင် ဖြစ်သည်။

တစ်ကိုယ်လုံး အမွေးရှည်များရှိပြီး ခြေတံလက်တံများ ကရှည်သည်။

အကောင်အရွယ်အစားက အကြီးအသေးစုံလှပေရာ သာမန်ပင့်ကူအရွယ်အစားများအပြင် ခမောက်ဝိုင်း၊ လင်ဗန်း ဝိုင်း၊ ဆန်ကောဝိုင်းလောက်ထိ အရွယ်အစားကြီးသောပင့်ကူကြီး များအထိ ပါလေသည်။

အကောင်အရေအတွက်ကလည်း အတော်ပင်များရာ ညောင်လန်းပင်ပေါ်မှပန်းပွင့်များ ဖြန့်ကြဲချလိုက်သကဲ့သို့ရှိလေ သည်။

ဂျပန်များမှာ သူတို့ကအပေါ်သို့ ပင့်ကူကြီးများခုန်ဆင်း လာသောအခါ ပထမတော့ သေနတ်နှင့်ပစ်၊ ဓားနှင့်ခုတ် တုတ် ဖြင့်ရိုက်ကြသေးသည်။

နောက်တော့ မနိုင်မှန်းသိသောအခါမှာတော့ ဗူးဗူး ဝါးအော်ဟစ်ကာ သစ်ပင်အောက်မှထွက်ပြေးကြရလေသည်။

အခြေအနေက ထိုမျှနှင့်မပြီးတော့ပေ။

သစ်ပင်အောက်ရောက်လာသော တောကြီးပင့်ကူများ ကအနီးပတ်ဝန်းကျင်၌ နားနေသောအလုပ်သမားများရှိရာသို့





လာကြရာ အလုပ်သမားများလည်း ထွက်ပြေးကြရလေသည်။

အခြေအနေက အတော်ပင်ရှုပ်ထွေးသွားလေသည်။

ဂျပန်များမှာ သေဘေးနှင့်ကြုံတွေ့သောအခါ အလုပ် သမားများကိုပင် မကြည့်နိုင်တော့ပဲ ထွက်ပြေးကြလေသည်။

တောကြီးပင့်ကူများကလည်း တဖြည်းဖြည်း ပိုများလာ တော့သည်။

ညောင်လန်းတောကြီး တစ်တောလုံးမှာခိုအောင်းနေ ကြသောပင့်ကူများမှာ နေရာအနှံ့မှဆင်းလာကြသည်ဖြစ်ရာ ညောင်လန်းပင်၊ ညောင်လန်းကိုင်းများပေါ်မှာ မည်းမည်းလှုပ် နေသည်။

ညောင်မုတ်ဆိတ်များမှာလည်း တွဲလောင်းခိုနေကြရာ ပြည့်နေသည်။

မြေပြင်အနှံ့မှာရော သစ်ပင်နှင့်ခြုံများပေါ်မှာ တောကြီး ပင့်ကူများပြည့်နေသောကြောင့် အချို့ပြေးပေါက်မရှိပဲ ပိတ်မိနေ ကြလေပြီ။

တောကြီးပင့်ကူများမှာ အကောင်အရွယ်စားကြီးသလို အချို့မှာ မျက်လုံးနီနီများက အပြင်ဘက်သို့ထွက်နေသည်။

ချွန်ထက်သောအစွယ်နှစ်ချောင်းကလည်း ရှေ့သို့ငေါ ထွက်နေသည်။

ထိုအစွယ်ဖြင့် ကိုက်မိလျှင် အဆိပ်ရေများ ချက်ချင်း ထွက်လာပြီး နေရာမှာတင် တုံးကနဲလဲကျသွားစေသည်။

ပင့်ကူကြီးများက အဆိပ်မိပြီးလဲကျနေသူများကို ပင့်ကူ



www.burmeseclassic.com

www.burmeseclassic.com



မျှင်များဖြင့်ရစ်ပတ်ကာ သစ်ပင်ပေါ်သယ်တင်သွားကြလေသည်။

ထိုအဖြစ်အပျက်ကိုမြင်သောအခါ ဂျပန်စစ်သားများရော အလုပ်သမားများပါ ဘေးအန္တရာယ်လွတ်ရာသို့ထွက်ပြေးကြရလေသည်။

ထိုအခြေအနေတွင် နီမောင်တို့ငါးယောက်မှာ ဂျပန်စစ်သားများနှင့်ဝေးသောနေရာသို့ရောက်နေကြသည်။

ဂျပန်များမှာလည်း အသက်ဘေးအန္တရာယ်နှင့်ကြုံတွေ့နေကြရသဖြင့် အလုပ်သမားများကိုပင် ဂရုမစိုက်နိုင်ကြတော့ပေ။

ထိုအခြေအနေက သူတို့အတွက် မမျှော်လင့်ပဲရလာသောအခွင့်အရေးပင်ဖြစ်တော့သည်။

သို့ကြောင့် ငါးယောက်သားတိုင်ပင်ပြီး ညောင်လန်းတောအုပ်ထဲသို့ဝင်ပြေးရန် တိုင်ပင်ကြသည်။

သို့သော် မလွယ်လှပေ။

ထိုနေရာဘက်မှာလည်း တောကြီးပင့်ကူများကရှိနေကြသည်။

"နီမောင်. . . မင်း လည်ပင်းမှာဆွဲထားတဲ့မှော်ဝင်မြွေပတ်ကြေးပြားကို ထုတ်သုံးကြည့်ပါလား"

ဦးမွန်ထော်က ပြောသည်။

"ဘယ်လိုသုံးရမလဲ"

"ငါလည်းမသိဘူး. . . အပြင်ထုတ်ပြီး ပင့်ကူတွေကိုပြ





ကြည့်ပါလား"

ဟုပြောသဖြင့် လည်ပင်းမှာဆွဲထားသောကြေးပြားကိုထုတ်ယူလိုက်သည်။

ထို့နောက် လက်မှကိုင်ထားရာ သစ်ပင်များကြားမှကျလာသောနေရောင်ဖြင့် ထိမိသောအခါ အလင်းရောင်များလက်လာသည်။

နီမောင်က နေရောင်များများရသောနေရာသို့သွားကာကြေးပြားကိုထောင်လိုက်သည်။

နေရောင်ဖြင့်ထိလိုက်သောကြေးပြားမှ အလင်းရောင်များဖြာထွက်လာရာ အချို့မှာ ပတ်ဝန်းကျင်သို့ရောက်သွားလေသည်။

ထိုအလင်းရောင်နှင့်ထိမိသောပင့်ကူများမှာ တဖြည်းဖြည်း နောက်ဆုတ်သွားကြသည်။

ထိုအခြေအနေကိုမြင်တော့ အားရှိသွားသဖြင့် တဖြည်းဖြည်းရှေ့တိုးသွားရာ ရှေ့မှာရှိနေသောပင့်ကူများက နံဘေးသို့ဖယ်ပေးကြသည်။

ဤသို့ဖြင့် တဖြည်းဖြည်းနှင့်စခန်းနှင့် ဝေးသောတောအုပ်ထဲသို့ရောက်သွားကြလေတော့သည်။

"ဟန်ကျပြီ. . . သူတို့နဲ့တော့ အတော်ဝေးလာပြီ၊ ရှေ့ဆက်ပြေးပြီးလွတ်မြောက်ဖို့ ကြိုးစားရတော့မှာပဲ"

"ဂျပန်တွေ နောက်ကလိုက်လာရင် ဘယ်လိုလုပ်မလဲ"

"သူတို့တောင် အသက်ဘေးကလွတ်အောင် မနည်း



www.burmeseclassic.com

www.burmeseclassic.com



ပြေးနေရတာ မလိုက်ပါဘူး။ ဒီတောထဲဝင်လိုက်လာရင်လည်း ပင့်ကူတွေနဲ့တွေ့ပြီး သေကြမှာပဲ"

"ကျွန်တော်တို့တောင် ဆာဒူးကြီးပေးထားတဲ့ကြေးပြား လေးကြောင့် အခုလိုပြေးနိုင်ခဲ့ကြတာ. . . ဒါပေမယ့် ကျွန်တော် တို့သာလွတ်ခဲ့ပြီး ဆာဒူးကြီးပါမလာတာတော့ စိတ်မကောင်း ရာပဲ"

"ဒီအတွက် ဘာမှစိတ်မကောင်းဖြစ်မနေပါနဲ့၊ သူက နေ ချင်လို့နေတာ. . . မနေချင်လို့ထွက်လာရင် အချိန်မရွေးလာ ရတယ်၊ သူ့ကို ဘယ်သူမှမတားနိုင်ဘူး"

ဦးမွန်ထော်စကားကြားတော့မှ အားလုံးမှာစိတ် သာရာရသွားကြလေသည်။

သူတို့စိတ်ထဲမှာတော့ တတိယတံတားရောက်လျှ လွတ်မြောက်ခွင့်ရကြမည်ဟု ကြိုတင်ပြောထားသောဆာဒူးကြီး ကားကြောင့် အတော်ပင်အားရှိနေကြရာ ထိုနေရာမှဝေးနိုင်သ ဝေးအောင် ထွက်ပြေးကြလေတော့သည်။

သူတို့အတွက် ပထမရေတွင်းမှလွတ်ကင်းရန် လမ်း ပေါ်ခဲ့ကြပေပြီ။



# အခန်း( ၁၀ )

## ထူးဆန်းသောကန္တာရခရီးသည်(၁)

နီမောင်တို့တတွေ ဂျပန်များလက်မှလွတ်မြောက်ခဲ့ရ သည်မှာ ကံတရားကြောင့်ပေလား. . .။

ဒါမှမဟုတ် ကြိုးစားအားထုတ်မှုကြောင့်ပေလား. . .။

သို့မဟုတ် ဆာဒူးကြီးပေးထားခဲ့သောမှော်ဝင်မြွေပတ် ဟု ခေါ်သောကြေးပြားကြောင့်လားတော့ မပြောတတ်ပေ။

တိုက်တိုက်ဆိုင်ဆိုင်ပင် ဆာဒူးကြီးပြောခဲ့သည့်အတိုင်း တတိယမြောက်တံတားကိုရောက်သောအချိန်မှာပင် ကံကောင်း ထောက်မစွာဖြင့် လွတ်မြောက်ခဲ့ကြရပေသည်။

သူတို့လွတ်မြောက်လာခဲ့ကြသော်လည်း သူတို့ကိုအကူ အညီပေးခဲ့သော ဆာဒူးကြီးကို မတွေ့ရတော့သဖြင့် စိတ်မ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းဖြစ်မိကြသည်။

သူတို့ကျော်ဖြတ်ခဲ့သောတံတားများတွင် ပထမတေ ဖြတ်ခဲ့သောတံတားကို'ခေါင်းပြတ်တံတား'ဟု အမည်ပေးခဲ့ကြ ဒုတိယကိုတော့'ကျွတ်ကုန်းတံတား'ဟု အမည်ပေးခဲ့ကြသည

ယခုတတိယမြောက်တံတားကတော့ တံတားပြီးအော ပင်မဆောက်ကြရပဲ တံတားဆောက်ရန်ပြင်နေကြစဉ်မှာ လွတ်မြောက်လာခဲ့ကြလေသည်။

ထိုတံတားကိုတော့ ညောင်လန်းပင်များ ထူထပ်စွာ နေသောနေရာဖြစ်သောကြောင့်'ညောင်လန်းမြိုင်တံတား'ဟု အလွယ်တကူ အမည်ပေးထားကြလေသည်။

သူတို့သည် ထိုစခန်းမှထွက်ပြေးခဲ့ကြရာတွင် ဝေးနိုင် မျှ ဝေးအောင်ကြိုးစားပြေးခဲ့ကြသည်။

ထိုသို့ပြေးခဲ့သဖြင့် ခရီးအတော်ဝေးဝေးရောက်ခဲ့ လွတ်မြောက်ရန် အခွင့်အရေးရနေကြသော်လည်း လောလေ ဆယ်မှာတော့ သူတို့နေရပ်သို့ပြန်ဖို့အခွင့်အရေး မသာသေးပေ

သို့သော်လည်း မည်သည့်နေရာသို့ဦးတည်သွားရမ ကိုလည်း မဆုံးဖြတ်ရသေးပေ။

ထိုသို့ပြေးရင်းမှာပင် ညနေပိုင်းအချိန်လောက်ရော သော သူတို့ရောက်နေသောနေရာနှင့်မနီးမဝေးနေရာဆီမှ နတ်သံများကြားကြရသည်။

သို့ကြောင့် ထိုနေရာနှင့်ဝေးစေရန် ဆက်ပြေးခဲ့ကြ ညနေပိုင်းအချိန်လောက်တွင် ကျောက်တောင်တန်းများ





ကျောက်ဂူများရှိသောနေရာတစ်ခုသို့ ရောက်သွားကြသည်။

တစ်နေ့ကုန် မရပ်မနားပြေးခဲ့ကြရာ ယခုအချိန်ထိ ရေလည်း မသောက်ရ၊ ထမင်းလည်းမစားကြရသေးသဖြင့် တစ်ကိုယ်လုံး နွမ်းခွေကာ ခြေလက်ပင်မသယ်ချင်လောက်အောင် ဖြစ်နေသော်လည်း လောလောဆယ်အခြေအနေမှာစိတ်မချရသောကြောင့် တတ်နိုင်သမျှကြိုးစားပြီး ဆက်ပြေးကြရာ နေဝင်ချိန်ရောက်ကာနီးတော့မှ မိုးရိပ်များက မည်းမှောင်တက်လာသည်။

မကြာခင် မိုးသဲကြီးမဲကြီးရွာချတော့မည့်ပုံမျိုး ဖြစ်လာသည်။

"မိုးမရွာခင်. . . မိုးခိုဖို့နေရာရှာကြမှဖြစ်မယ်. . . မိုးရေစိုလို့မဖြစ်ဘူး၊ ငါတို့မှာလဲစရာ ဘာမှမပါဘူး. . . တော်ကြာဂျပန်သတ်လို့မသေပဲ အအေးပတ်ပြီး သေကြလိမ့်မယ်"

ဟုပြောဆိုကာ မိုးခိုရန် ဂူပေါက်တွေကိုတွေ့လိုတွေ့ငြား လိုက်ရှာကြစဉ် တစ်နေရာရောက်တော့ ကျောက်တောင်နံရံတစ်နေရာမှအသံကြားကြရသည်။

"မိုးရွာတော့မယ်. . . ဒီဂူထဲဝင်ကြဟေ့"

ထိုအသံမှာ အခြားမဟုတ်ပေ။

သူတို့မှတ်မိနေသော ဆာဒူးကြီးအသံဖြစ်မှန်းသိသဖြင့် အားလုံးဝမ်းသာသွားကြသည်။

သို့သော် မည်သည့်နေရာကပြောလိုက်မှန်းတော့ မသိရသေးပေ။

ခဏကြာတော့ သူတို့ရောက်နေသောနေရာအနောက်



www.burmeseclassic.com

www.burmeseclassic.com



ဘက်မှ ကျောက်တုံးတစ်တုံးပွင့်သွားပြီး ဂူပေါက်ဝတစ်ပေါက် တွေ့ကြရသည်။

"အထဲဝင်ကြ. . . မိုးရွာတော့မယ်"

အသံထပ်ကြားရတော့မှ အတွင်းသို့ဝင်ကြလေသည်။

ဂူပေါက်ဝကျဉ်းသော်လည်း အတွင်းမှာတော့ အတော်ကျယ်သောဂူကြီးတစ်ဂူဖြစ်သည်။

ဂူထဲမှာ ဆာဒူးကြီးရှိနေပြီး သူတို့အားလုံးအထဲရောက်တော့ ကျောက်တုံးဖြင့်ပြန်ပိတ်ထားလိုက်သည်။

မရှေးမနှောင်းမှာပင် အပြင်ဘက်၌ မိုးက သဲကြီးမဲကြီး ရွာချလာလေတော့သည်။

ဂူထဲမှာ မီးဖိုတစ်ဖိုရှိသဖြင့် အနွေးဓာတ်ရနေသည်။

ဆာဒူးကြီးက သူတို့ကိုရေနွေးကောက်ညှင်းကျည်တောင့်၊ ငှက်ပျောသီးမှည့်အပါအဝင် အစားအသောက်များကို ကျွေးရာ တစ်နေ့လုံး ဆာလောင်နေကြသဖြင့် ဟန်မဆောင်နိုင်ကြပဲ ဝမ်းပြည့်အောင်စားသောက်ကြရသည်။

ထိုသို့စားပြီးတော့မှ နေသာထိုင်သာရှိသွားကြသည်။

"အခုလို အစားအသောက်တွေကျွေးတာ ကျေးဇူးတင်ပါတယ်ဗျာ"

နီမောင်က ပြောလိုက်သည်။

"အတုံ့အလှည့်ပေါ့ကွာ. . . ငါဆာနေတုန်းက မင်းတို့က ကျွေးတယ် မင်းတို့ဆာတော့လဲ ငါက ပြန်ကျွေးနိုင်အောင် ဒီလိုပဲရှာဖွေထားရတာပေါ့"





တောတောင်ထဲမှာပြေးရင်းလွှားရင်းနှင့်မည်သို့မည်ပုံ အစားအသောက်များရအောင်ရှာထားသလဲဆိုသော မေးခွန်းကိုတော့ မမေးကြတော့ပေ။

"ဒါထက် ဆာဒူးကြီးက ဒီဂူထဲကို ဘယ်လိုကနေ ဘယ်လိုရောက်နှင့်နေတာလဲ"

"မင်းတို့ရောက်လာတော့မယ်ဆိုတာသိလို့ ဒီနေရာက လာစောင့်နေတာပဲပေါ့"

"ဒါထက် ကျွန်တော်တို့က ဘယ်ကိုသွားကြရမှာလဲ"

"ငါကတော့ ဟိမဝန္တာရောက်အောင်သွားရမယ်၊ မင်းတို့ကတော့ အနောက်မြောက်ဘက်က အိန္ဒိယနယ်စပ်ထိ ဆက်သွားကြရမယ်၊ မင်းတို့ အခုတံတားဘယ်နှစ်စင်းဖြတ်ခဲ့ကြရပြီလဲ"

"သုံးစင်းဆိုပါတော့"

"နောက်ထပ်တံတားခြောက်စင်း ဖြတ်ကြရဦးမယ်. . . နဝမမြောက်တံတားကိုဖြတ်ပြီးတဲ့အခါမှာတော့ မင်းတို့တွေ အခုလိုဆင်းရဲတွင်းကလွတ်ပြီး ချမ်းသာကြလိမ့်မယ်"

"ဒီစကားကြားရတာ ဝမ်းသာစရာပဲ"

သံပချိုင်က ပြောလိုက်သည်။

"ဒါထက် ဆာဒူးကြီးပြောတော့ အဲဒီမှာလည်း ဒီမှာလိုပဲ လမ်းရှည်ကြီးဖောက်နေတာဆိုတော့ ဒီလိုပဲ ချွေးတပ်သားတွေ ဆွဲနေတယ် မဟုတ်လား"

"ဟုတ်တယ်. . . ဂျပန်တွေက အရှေ့တောင်မှာ'မြန်မာ ယိုးဒယားလမ်း'ဖောက်နေသလို အနောက်မြောက်ဘက်မှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း အင်္ဂလိပ်တွေက 'လီဒိုလမ်းမကြီး' ဖောက်နေကြတယ် ဘာပဲဖြစ်ဖြစ် အဲဒီနေရာကိုတော့ မဖြစ်မနေကျော်ဖြတ်နိုင်မှ မင် တို့လိုချင်တာတွေ တွေ့ရနိုင်မယ်"

ဟုပြောရာ နောက်ထပ် ဘာမှမပြောသာတော့ပေ။

အပြင်ဘက်မှာတော့ မိုးက တစိမ့်စိမ့်ရွာနေဆဲပင်။

ဂူထဲမှာတော့ လေလုံမိုးလုံရှိနေကြသည့်အပြင် မီး လည်းရှိနေသောကြောင့် နွေးထွေးစွာ နေကြရသည်။

အချိန်ကလည်း ညဦးပိုင်းသို့ရောက်လာချေပြီ။

နီမောင်နှင့်ဦးမွန်ထော်တို့နှစ်ယောက်မှလွဲပြီး ကျန်သ ယောက်တို့မှာ ပင်ပန်းလာသည့်အပြင် ဗိုက်ပြည့်အောင်စာ သောက်ပြီးနောက် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေကြလေပြီ။

"မင်းတို့ ဘယ်လိုလွတ်မြောက်လာကြတာလဲ"

ဆာဒူးကြီးမေးသဖြင့် နီမောင်ကဖြစ်ကြောင်း ကုန်စ ပြန်ပြောပြလိုက်သည်။

"ပြောရရင်တော့ ဆာဒူးကြီးပေးထားခဲ့တဲ့မှော်ဝင်မြွေ ပတ်ကြေးပြားလေးကြောင့် လွတ်မြောက်ခဲ့ရတယ်ဆိုရမှာပဲ"

"ကြေးပြားကြောင့်စွမ်းတာ မဟုတ်ပါဘူး. . . ကြေ ပြားကတော့ သာမန်ပါပဲ၊ ကြေးပြားပေါ်မှာပါတဲ့အရုပ်တွေက စွမ်းတာပါ"

"ဘယ်လိုအရုပ်တွေလည်း ပြောပြပါဦး"

"မျက်နှာတစ်ဘက်မှာပါတာက မြွေနတ်သမီးပုံပဲ၊ ကျ တစ်ဘက်မှာပါတဲ့အရုပ်က ကဒူးဆီးယပ်လို့ခေါ်တဲ့ရုပ်ပုံတွေပဲ





"ဒီရုပ်ပုံတွေက ဘယ်လိုသိဒ္ဓိအစွမ်းမျိုးတွေရှိတာလဲ"

"အစီအရင်တွေနဲ့ပြုလုပ်ထားတဲ့ရုပ်ထုတွေ. . . အမှတ်သားတွေ. . . ပစ္စည်းတွေမှန်သမျှ အစွမ်းသိဒ္ဓိရှိကြတယ်၊ အမှန်တော့ ရှေးဟောင်းအတတ်ပညာတွေလို့ခေါ်ရမှာပဲ. . . မင်းကိုပေးထားတဲ့မှော်ဝင်မြွေပတ်က အဆိပ်ရှိတာတွေမှန်သမျှ နိုင်နင်းစေတယ်"

(အောက်ဖော်ပြပါအကြောင်းအရာအချို့မှာ ဆရာစံဇာဏီဘိုရေးသားသောလောကီအမှတ်သင်္ကေတများ စာအုပ်မှအချို့ကိုကောက်နုတ်ဖော်ပြထားခြင်းဖြစ်ပါသည်။)

၎င်းစာအုပ်တွင် သိဒ္ဓိရှိသောလောကီအမှတ်အသားတို့ကိုပြည့်စုံစွာ ဖော်ပြထားပေရာ အချို့ကိုကောက်နုတ်ဖော်ပြပေးရလျှင်. . . .

( ၁ ) ဟောရပ်စ်မျက်လုံး

( ၂ ) အန့်ခ်အမှတ်အသား၊

( ၃ ) နေနတ်မင်းတမန်တော်၊

( ၄ ) ချေးပိုးထိုး၊

( ၅ ) ပိရမစ်ပုံစာစု၊

( ၆ ) လိုတရဆိတ်ချို၊

( ၇ ) ကဒူးဆီးယပ်စ်၊

( ၈ ) DNA သင်္ကေတ၊

( ၉ ) ခြေစကြာတံဆိပ်၊

( ၁၀ ) ဟာကျူလီပီယကြိုးထုံး၊



www.burmeseclassic.com

www.burmeseclassic.com



( ၁၁ ) အချစ်စကြာ၊
( ၁၂ ) ယင်နဲ့ယန်၊
( ၁၃ ) တန်ခိုးရှိသောဆွာစတိကာ၊
( ၁၄ ) ခြေတော်ရာ၊
( ၁၅ ) မြွေမြီးကိုက်စက်ဝိုင်း၊
( ၁၆ ) အီဂျစ်မြွေလူသား

အစရှိသည်ဖြင့်ဖော်ပြထားပေသည်။

ယခုအောက်၌ ဖော်ပြသောအကြောင်းအရာတို့မှာ ထိုစာအုပ်မှအချက်အလက်များပင် ဖြစ်ပေသည်။

ကဒူးဆီးယပ်(စ) (CADU CEUS)သည် ဆေးပညာသင်္ကေတ၊ ဆေးဆရာတို့သုံးသောသင်္ကေတအမှတ်အသားဟူ၍ အများက အမှတ်အသားပြုကြသည်။

ထိုသင်္ကေတမှာ သေးသွယ်သောတုတ်တံဆေးတောင်ဝှေး အထက်ပိုင်းတစ်ဖက်တစ်ချက်၌ အတောင်ပံများပေါက်လျက် တုတ်တံတားမြွေနှစ်ကောင်က ရစ်ပတ်လျက်ရှိသောသင်္ကေတဖြစ်သည်။

ခရစ်မတိုင်မီ နှစ်ပေါင်း ၂၀၀၀ ခန့်ကစ၍ ဤသင်္ကေတကို နက္ခတ်ဗေဒင်နှင့်တကွ လျို့ဝှက်အပ်သောဆေးအတတ်ပညာများကို ထိန်းသိမ်းစောင့်ရှောက်သည့်အဖွဲ့အစည်း၏သင်္ကေတအဖြစ် သတ်မှတ်ခဲ့သည်။

၆ ရာစုဝန်းကျင်မှစ၍ ဆေးပညာ၏သင်္ကေတအမှတ်အသားအဖြစ် 'ကဒူးဆီးယပ်(စ)ကိုသုံးစွဲလာခဲ့သည်မှာ ယနေ့တိုင်





ဝင်ဖြစ်သည်။

အပိုလိုသည် ဇုစ် (Zeus)နတ်မင်းကြီးနှင့်လီတို (Leto)တို့၏သားဖြစ်သည်။

သူသည် ကမ္ဘာမြေနတ်မိမယ်၏မြစ်တော်သူဖြစ်သည်။

အပိုလိုနေနတ်သား၏ဉာဏ်စွမ်းသည် ထူးခြားမြင့်မားလှသဖြင့် ရှေ့ဖြစ်ဟောဗေဒင်အတတ်နက္ခတ်ပညာ၊ ဆေးပညာအစရှိသည့် ခက်ခဲနက်နဲလှသောကမ္ဘာဦးအတတ်ပညာအလုံးစုံတို ရက်ပိုင်း၊ လပိုင်းအတွင်း အတတ်ပညာကုန်စင်အောင်တတ်မြောက်ရုံသာမက ထိုပညာရှင်တို့၏အထွတ်အထိပ်ဖြစ်သောဆရာအဆင့်သို့ပင်ရောက်ရှိခဲ့လေသည်။

အပိုလိုနေနတ်သား၏တန်ခိုးထွားမှုကိုယှဉ်နိုင်သူမှာ ၂၄ နာရီသားအရွယ်ရှိသည့်ဟားမီး(စ) (Hermes)အမည်ရှိ နတ်သားငယ်ဖြစ်သည်။

အပိုလိုသည် သူ့နီးပါး ဉာဏ်ပညာထက်မြက်သူ ဟားမီး(စ)နတ်ဒေဝတာကို 'ကဒူးဆီးယပ်(စ)'အား လွှဲပြောင်းပေးလိုက်လေသည်။

ဟားမီး(စ) (Hermes)သည် ဇုစ် (Zeus)နတ်မင်းကြီးနှင့်မိုင်ယာ(Maia)နတ်မိမယ်မှမွေးဖွားသူဖြစ်သည်။

အလွန်တန်ခိုး ကြီးလှသော မိသားစုအစဉ်အဆက်မှ ဆက်နွယ်ပေါက်ဖွားလာသူ ဖြစ်သည်။

ဟားမီးသည် နက္ခတ်ပညာ၊ ဆေးဝါးအတတ်ပညာအစရှိသည့် ခက်ခဲနက်နဲလှသောအတတ်ပညာများကို အချိန်ပိုင်း၊



www.burmeseclassic.com

www.burmeseclassic.com



ရက်ပိုင်းအတွင်း ကုန်စင်အောင်တတ်မြောက်ပြီး ဆရာတစ်ဆူအဖြစ်ကိုရောက်လေသည်။

အပိုလိုထံမှလွှဲပြောင်းလက်ခံရရှိသော 'ကဒူးဆီးယပ်(စ) မြွေပတ်သင်္ကေတ'သည် ပညာရှင်ပါရဂူပါမောက္ခတို့၏သင်္ကေတဖြစ်သည်။

ထိုခေတ်ကာမှစ၍ 'ကဒူးဆီးယပ်(စ) မှော်ဝင်မြွေပတ်တုတ်ချောင်း'သည် ဟားမီး(စ)၏ပိုင်ဆိုင်မှု ဖြစ်လာသည်။

ရောမတို့က ဟားမီး(စ)ကို မာကျူရီ(Mercury)ဟု ခေါ်သည်။

၎င်းကိုပြဒါးနတ်သား၊ လေနတ်သားဟူ၍လည်း သတ်မှတ်သည်။

ဟားမီး(စ)သည် ဂရိစာပေကို စတင်တီထွင်ခဲ့သည်။

ဟားမီး(စ)ပိုင်ဆိုင်သော 'ကဒူးဆီးယပ်(စ)၏လျှို့ဝှက်ချက်များနှင့် နက်နဲသောအတတ်ပညာများအား သယ်ဆောင်ပုံမှာ များစွာစိတ်ဝင်စားဖွယ် ကောင်းလှသဖြင့် ဆက်လက်ဖော်ပြပါသည်။

ကဒူးဆီးယပ်(စ) (CADU CEUS)သင်္ကေတအမှတ်အသားကို( ၇ )ရာစုမှစ၍ ဆေးဝါးကုသမှုနှင့်တကွ ဆေးဝါးဖော်စပ်မှုနှင့် ပတ်သက်သောလုပ်ငန်း၏သင်္ကေတအမှတ်အသား (The Symbol Of Medical And Pharamaceuical)အဖြစ် သတ်မှတ်သည်။

ကဒူးဆီးယပ်(စ) (CADUCEUS)၏ပုံမှာအောက်ပါ





အတိုင်း ဖြစ်ပါသည်။



CADUCEUS ပုံ

အဆိုပါအမှတ်အသားကို 'အယ်ယူဆင်အီယန်လျှို့ဝှက်ဆန်းကြယ်အဖွဲ့ (Eleusinian Mysteries)စတင်အသုံးပြုခြင်းဖြစ်သည်။

'အယ်ယူဆီအီယန်လျှို့ဝှက်ဆန်းကြယ်အဖွဲ့ကြီး'



www.burmeseclassic.com

www.burmeseclassic.com



(Eleusinian Mysteries)ကို ခရစ်နှစ်မတိုင်မီ ၁၂၀၀(BC)ဝန်း
ကျင်တွင် 'ယူမိုပီတေး'(Eumolpidae)အမည်ရှိသောရသေ့သူ
တော်စင်ကြီး စတင်ထူထောင်ခဲ့ခြင်းဖြစ်သည်။

အဆိုအဖွဲ့ကြီးသည် ကမ္ဘာမြေကြီကိုစောင့်ရှောက်၍
ရှေးဟောင်းနက်နဲသောအတတ်ပညာဖြင့် လူသားတို့အား အ
ကျိုးပြုသောအဖွဲ့အစည်းဟူ၍ သတ်မှတ်သည်။

ထိုအဖွဲ့ကြီးမှနက်နဲသောပညာရပ်များကို အဆင့်ဆင့်
လက်ဆင့်ကမ်းသည်။

နက္ခတ်ပညာ၊ ဆေးဝါးအတတ်ပညာနှင့် နက်နဲသော
ပညာရပ်များကိုပင် မဖြန့်ဖြူးသောအဖွဲ့အစည်းကြီး ဖြစ်သည်။

အဖွဲ့ဝင်များသည် ကမ္ဘာ၏အလယ်ဗဟိုအချက်အချာ
ကမ္ဘာကြီးအား စတင်၍ ဖန်ဆင်းသောမြေနတ်သမီး ဂိုယာ
(GAEA)ပိုင်စိုးသော'ဒယ်(လ)ဖီး'(Delphi)နတ်ကွန်းတွင် အခြေ
ချကြသည်။

ဂိုယာအပါအဝင်'ရီယာ'(Rhea) 'ဒီမီတာ'(Demeter)
ပါဆီဖုန်း'(Persephone)စသောနတ်ဒေဝီတို့ကို ပူဇော်ကိုးကွယ်
သောအဖွဲ့အစည်းဖြစ်သည်။

အထူးသဖြင့် မြေကိုစောင့်ရှောက်၍ အရာရာဖန်ဆင်း
သောဂိုယာနတ်မိမယ်နှင့် မြေပြင်နှင့်လူသားတို့ကိုစောင့်ရှောက်
'ဒီမီတာ'တို့ကို ပူဇော်သောအဖွဲ့ဖြစ်သည်။

အယ်ယူဆီလီယန်လျှို့ဝှက်ဂိုဏ်းသားများ ကိုးကွယ်
သောမြေနတ်သမီးပုံကိုဖော်ပြထားပါသည်။







မြေနတ်သမီးပုံ

မြေပြင်၏ဗဟိုချက်မမှ နတ်ကွန်းကိုထူးခြားသောသူ
များမှ အစဉ်အဆက်စောင့်ရှောက်၏။ ပညာပေး၏။

၎င်းတို့အထဲမှ ထူးထူးချွန်ချွန်တတ်မြောက်သူတို့ကို
ဆရာအဆင့်'ကဒူးဆီးယပ်(စ)'အား ဆောင်ယူစေသည်။

အထက်ပါဖော်ပြခဲ့သည့်အတိုင်း နေနတ်သားအပိုလို
သည် ကဒူးဆီးယပ်(စ)ကိုလက်ခံရရှိခဲ့သူဖြစ်သည်။

အပိုလိုက ချီယွန်(Chiron)ကိုထပ်ဆင့်သင်ကြားပေး

www.burmeseclassic.com



သည်။ လျှို့ဝှက်အတတ်ပညာ၊ နက္ခတ်ပညာများဖြစ်ပေသည်။

ချီယွန်(Chiron)သည် လူတစ်ဝက် မြင်းတစ်ဝက်သတ္တဝါစင်တော်(Centaurs)တို့၏ဘုရင် ဖြစ်သည်။

ပညာသင်ကြားပို့ချသည့်ကျောင်းကို ဒယ်(လ)ဖီး(Delphi) နတ်ကွန်းတွင် ထားရှိသည်။

ချီယွန်သည် အပိုလိုပေးသော 'ကဒူးဆီးယပ်(စ)'ကို လက်မခံခဲ့ပေ။

ချီယွန်ကွယ်လွန်ပြီးနောက် အပိုလိုသည် ဟားမီး(စ) နတ်သားထံမှ စောင်းကောက်ကိုလက်ခံ၍ 'ကဒူးဆီးယပ်(စ)'ကို ဟားမီး(စ)အား ပေးခဲ့သည်

ဟားမီး(စ)သည် ၎င်းနတ်ဒေဝါတို့၏နတ်ကွန်းကိုစောင့်ရှောက်သော နတ်ဒေဝါတို့ကိုသင်ကြားပေးခဲ့သည်။

၎င်းတို့အနက်'ယူပိုပီတေး'အား နတ်ကွန်းကိုထိန်းသိမ်းခြင်းနှင့်ပညာရပ်များကိုထပ်မံ ပြန့်ပွားစေသည်။

'အယ်ယူဆင်အီယန်' (Eleusinian)လျှို့ဝှက်ဆန်း ကြယ်အဖွဲ့သားများက မြွေနှစ်ကောင်လိမ်ယှက်နေသော ကဒူးဆီးယပ်(စ)၏ပုံသဏ္ဌာန်သည် လူသားမျိုးစတို့၏အခြေခံဖွဲ့စည်းမှုဖြစ်ပြီး ဆေးဝါးကုသမှုအတတ်ပညာ၏အနှစ်သာရကိုဖော်ဆောင်သည်ဟု အဆိုပြုသတ်မှတ်လေသည်။

၎င်းကား ခရစ်မတိုင်မီ နှစ်ပေါင်း ၁၂၀၀ က အတတ်ပညာရှင်များ၏အဆိုဖြစ်ပေသည်။

ယခုခေတ်ကာလ ၂၀ ရာစုနှောင်းပိုင်းတွင် လူသားတို့၏





မျိုးရိုးဗီဇဖွဲ့စည်းမှု(DNA)ဟူသောအရာကို ၁၉၈၄ ခုနှစ်တွင် ဆွေဗင်တီပအို(Svaante Paabo)က စတင်လေ့လာတွေ့ရှိခဲ့သည်။

လေ့လာသုတေသနပြုချက်များအရ 'DNA'၏ဖွဲ့စည်းမှုသည် ဆေးပညာ 'ကဒူးဆီးယပ်(စ)၏ဖွဲ့စည်းမှုနှင့်တူညီကြောင်း အံ့ဩစွာ တွေ့ရှိခဲ့ရပေသည်။

'DNA'ဟူသောစကားလုံးသည် 'ဒီအောက်ဆီရီဘိုနျူးအာ လစ်အက်ဆစ်' ဟူသောအင်္ဂလိပ်ဘာသာစကား၏အမည်ဖြစ်သည်။

'ကဒူးဆီးယပ်(စ)၏မြွေနှစ်ကောင်တုတ်ချောင်းအားရစ်ပတ် နေသည့်အလား အမျှင်နှစ်ခုတစ်ခုနှင့်တစ်ခု လိမ်ယှက်ထားပြီး တစ်ဦးနှင့်တစ်ဦးမျိုးရိုးဗီဇအလိုက် ပုံသဏ္ဌာန်ကွဲပြားသည်။

'ကဒူးဆီးယပ်(စ)'၏ထိပ်ဖျားအတောင်ပံတစ်ခုစီတွင် အတောင်မွေး(၄)ချောင်း စီပါ၏။

၎င်းအတိုင်းပင်လျှင်'DNA'သည်လည်း အဓိကသတ္တုဓာတ် ( ၄ ) ပါးနှင့်ဖွဲ့စည်းထားသည်။

၎င်းတို့မှာ'A.T.G.C'ဟူသောဓာတ်(၄)မျိုး ဖြစ်သည် စကားလုံးအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

A ► ADEMINE

T ► THYMINE

G ► GAUNINE



www.burmeseclassic.com

www.burmeseclassic.com



C ► CYTOSINE

မြွေနှစ်ကောင်ပူးယှက်နေသည့် မြွေလိမ်မြွေကော
တစ်ခုစီမှ အဖေဘက်ကတစ်ခု၊ အမေဘက်ကတစ်ခုစီပါသော
'DNA'ဖွဲ့စည်းမှုကိုဖော်ပြထားသည်။

လူတစ်ဦးတစ်ယောက်စီရှိ အမျှင်တစ်ခုစီ၌ အမျှင်
ဖက်တစ်ချက်တွင် လေးမျိုးသောဓာတ်ပေါင်းစည်း၍ 'DNA'
စည်းမှုကို 'ကဒူးဆီးယပ်(စ)'၏အတွေးမှ လေ့လာတွေးခေါ်
သပ်ကြောင်း ရှေးဦး 'DNA'လေ့လာရေးအဖွဲ့က ဆိုသည်။

သက်ရှိတို့သည် သင်္ကေတတစ်မျိုးစီရှိသည်။ တစ်ဦး
တစ်ဦးသင်္ကေတမတူကြပေ။

၎င်းသင်္ကေတဖွဲ့စည်းမှုအရ သက်ရှိတို့တစ်ဦးနှင့်တစ်
ကွဲပြားမှုရှိပေသည်။

'ANEMINE'ဟု ခေါ်သောဓာတုပစ္စည်းသည် မျိုးရိုး
ဇ၏ပူခြင်း၊ အေးခြင်းအပေါ် တုံ့ပြန်မှုသဘာဝကိုဖော်ညွှန်းသည်

'THYMINE'ဟု ခေါ်သော အခြေခံဓာတ်သည် အ
ဆံပင်၊ အသားတို့၏မျိုးရိုးဗီဇတို့ကိုဖော်ညွှန်းသည်။

'GAUNINE'ဟု ခေါ်သောဓာတုပစ္စည်းသည် တွ
ကန်တုံ့ပြန်မှုသဘာဝကို ဖော်ညွှန်းသည်။

'CYTOSINE'ဟု ခေါ်သောဓာတုပစ္စည်းသည် ခေ
နှင့်သလိပ်ဗီဇသဘာဝတို့ကိုဖော်ညွှန်းသည်။

'DNA'ဖွဲ့စည်းမှုပုံသဏ္ဌာန်ကိုဖော်ပြထားပါသည်။







"DNA" ဖွဲ့စည်းမှုပုံသဏ္ဌာန်

စိတ်တန်ခိုးနှင့်စိတ်အာရုံကို တည်ဆောက်ကုန်သော
ကျင့်စဉ်ကိုကျင့်ကြကုန်သောသူများ ရှိပေသည်။

ဟိမဝန္တာတောင်တန်းရှိ သူတော်စင်များ၏ကျင့်စဉ်နည်း
ရယူကာ စိတ်တန်ခိုးကျင့်ကြံကုန်သော'ကွန်ဒလီနီ'
ndalini)အုပ်စုများက 'ကဒူးဆီးယပ်(စ)'မြွေနှစ်ကောင်ပတ်
တောင်ပံပါ သင်္ကေတသည် ၎င်းတို့၏တရားဓမ္မနှင့်ပတ်သက်
သောအခြေခံသင်္ကေတဖြစ်သည် ဟု ဆို၏။



www.burmeseclassic.com

www.burmeseclassic.com




ခန္ဓာကိုယ်၏ကျောရိုးတွင် နာ့(ဗ) (စ) (Nerves)တ မည်သောအကြောများသည် ကျောရိုးမှသည်ဦးနှောက်ဆီသို့ ရောက်ရှိသည်။

ခန္ဓာကိုယ်အတွင်း၌လည်း ချက္ကရတို့သည် အထက်ပ အတိုင်းရှိကြသည်။

မြွေနှစ်ကောင်ပတ်အတောင်ပံ တုတ်ချောင်း'ကဒူးဆီ ယပ်(စ)'သည် ယောဂီကျင့်စဉ်ကျင့်၍ စိတ်တန်ခိုးထူးဆန်းစွ ရရှိသောနည်းပညာဖြစ်သည်ဟု ဆိုကြသည်။

လူသားတို့၏ဦးနှောက်အတွင်း၌ မြွေပါးပြင်းထောင်နေ သည့်အတိုင်း တည်ရှိနေသောပုံနှင့်ဦးနှောက်၏ဖွဲ့စည်းမှုကို ဖော် ပြသောပုံကိုဖော်ပြပါသည်။




ဦးနှောက်၏ဖွဲ့စည်းမှု



တုတ်ချောင်းတွင် မြွေလိမ်ခြောက်ခုရှိသကဲ့သို့ ချက္ကရတွင် (၇)ချက်ရှိ၏။

တောင်ပံထိပ်တွင်ရှိသကဲ့သို့ ဦးခေါင်းထိပ်တွင်ရှိသကဲ့သို့ ဦးခေါင်းထိပ်တွင်ပွင့်သောအမြင့်ဆုံးနေရာအဖြစ် ယူ၏။

ချက္ကရ(၇)ချက် တည်ရှိသောနေရာများကိုဖော်ပြပါသည်။



ချက္ကရ(၇)ချက် တည်နေရာ

www.burmeseclassic.com



| ချက္ကရ | တည်နေရာ |
|---|---|
| မူလဒြ | မြီးညှောင့်ရိုးထိပ် |
| ဆာဒီသန | လိင်၏အထက် |
| မဏိပူရ | ချက် |
| အနာဟာတ | နှလုံး |
| ဝိသုဒ္ဓ | လည်မျို |
| အာဂျန | နှာရောင် |
| သဟဇာတ | ငယ်ထိပ် |

ဤသည်မှာ 'ကဒူးဆီးယပ်(စ)'အပေါ် တလေးတစား အသိအမှတ်ပြုသောသူတို့၏အယူအဆ ဖြစ်ပေသည်။

'ကဒူးဆီးယပ်(စ)' မြွေနှစ်ကောင်ပတ်အတောင်ပံသင်္ကေတသည် ဆေးဝါးကုသသောဆရာဝန်များ၊ သမားတော်များ၊ ဆေးဝါးပညာနှင့်အတတ်တို့ကိုသင်ယူသောစာသင်သားများ အထူးဆောင်ယူသင့်သောအဆောင်ဖြစ်သည်။

ထိုအဆောင်ကို သမားတော်တို့ဆောင်ယူကာ ဆေးစွမ်းသည်။ ဆုံးဖြတ်ချက် မှန်ကန်သည်။

လူမမာတို့အပေါ် ကုသသော ကုထုံးများ ထိထိမိမိရှိမည်။

ဆေးဝါးအတတ်ပညာသင်ကြားသော ဆရာဝန်များအဖို့ ဤအဆောင်ကိုဆောင်ယူခြင်းဖြင့် ကမ္ဘာဦးနက်နဲသောဆေး





ဝါးပညာတို့ကို အမွေခံရသူအဖြစ်ရရှိမည်ဟု ဆိုသည်။

ကျန်းမာရေးအညွှန်းရှိသူများအဖို့ ဤ'ကဒူးဆီးယပ်(စ)'အဆောင်ကို ဆောင်ယူခြင်းဖြင့် သမားကောင်းတွေ့ခြင်း၊ စေတနာအပြည့်ဖြင့် ဆေးဝါးကုသပေးမည့်သူပေါ် ပေါက်လာတတ်ကြောင်းသည်း ကမ္ဘာ့အဝှမ်းလက်တွေ့အသုံးချသူများက ပြောကြသည်။

လက်တွေ့သုံးဆောင်သူများက စိတ်စွမ်းအားကျင့်သူများအဖို့ ဤအဆောင်ကိုဆောင်ထားခြင်းဖြင့် သမထစွမ်းအားတိုးတက်သည်ဟု ဆိုကြသည်။

အထက်ပါအကြောင်းအရာအချို့ကို လေ့လာကြည့်လျှင် လောကီအစီအရင်များနှင့် ပတ်သက်သောသိဒ္ဓိတန်ခိုးများနှင့်ဆန်းကြယ်မှုများအကြောင်းကို တွေ့ကြရမည်ဖြစ်ပေသည်။

နီမောင်နှင့်ဦးမွန်ထော်တို့နှစ်ယောက်မှာလည်း ဆာဒူးကြီးကအေးအေးဆေးဆေးပြောပြနေသည်ကို နားထောင်ရင်းနှင့်များစွာ အံ့ဩနေကြလေသည်။

"ကျွန်တော်တို့ကို ငရဲခန်းကလွတ်မြောက်အောင် အခုလိုအကူအညီပေးတာ ကျေးဇူးတင်ပါတယ်ဗျာ"

"မလိုပါဘူးကွာ. . . သံသရာခရီးလျှောက်နေကြတဲ့လူတွေအချင်းချင်းပဲ၊ တစ်ကွေ့မဟုတ် တစ်ကွေ့၊ တစ်ဘဝမဟုတ် တစ်ဘဝမှာပြန်တွေ့နေကြတာပဲ၊ ဒီဘဝမှာ ငါက မင်းတို့ကိုအကူအညီပေးလိုက်တော့. . . နောင်ကြုံကြိုက်တဲ့ဘဝမှာ မင်းတို့က ငါ့ကိုတစ်လှည့်ပြန်ပြီး အကူအညီပေးကြပေါ့"

ဟု ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ညဉ့်နက်ပိုင်းရောက်သောအခါ နီမောင်နှင့် ဦးမွန်ထော်တို့လည်း အိပ်ရန်ပြင်ကြလေသည်။



## အခန်း(၁၁)

# လီဒိုလမ်းပေါ်မှအန္တရာယ်များ

အချိန်ကာလမှာ ၁၉၄၃ ခုနှစ်၊ နှောင်းပိုင်းကာလပင်ဖြစ်ပေသည်။

ထိုအချိန်တွင် တစ်ကမ္ဘာလုံးမှာ ဒုတိယကမ္ဘာစစ်မီးများတောက်လောင်နေသည်သာမက အာရှတိုက်နေရာအနှံ့အပြားမှာလည်း ဗြိတိသျှနယ်ချဲ့များနှင့်ဖက်စစ်ဂျပန်တို့နယ်မြေလုသောစစ်ပွဲများ ပေါပေါက်နေသောအချိန်ကာလဖြစ်သည်။

ထို့ကြောင့် စစ်ရေးအရ အဖက်ဖက်မှအသာစီးရစေရန် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကြိုးစားနေကြသောအချိန်မျိုးလည်းဖြစ်သည်။

ဂျပန်တို့က ၁၉၄၃ ခုနှစ်၊ ဩဂုတ်လတွင် အရှေ့တောင်



www.burmeseclassic.com

www.burmeseclassic.com



သေမင်းတမန်လမ်းမကြီးဟုခေါ်သော မြန်မာယိုးဒယားမီးရထား လမ်းမကြီးကိုဖောက်ခဲ့ကြသလို ၁၉၄၃ ခုနှစ်၊ ဒီဇင်ဘာလတွင် ဗြိတိသျှတို့က လီဒိုလမ်းမကြီးကိုဖောက်ခဲ့ကြသည်။

ဂျပန်တို့က ယိုးဒယားနယ်ဘက်မှတစ်ဆင့် ဂျပန်ကျွန်းများနှင့်အဆက်အသွယ်ရစေရန်၊ ထွက်ပေါက်ရစေရန် ပြုလုပ်ကြခြင်းဖြစ်သလို အင်္ဂလိပ်တို့ကလည်း အနောက်မြောက်ဘက်၌ ရှိသောအိန္ဒိယ၊ တရုတ်နယ်ဘက်သို့ထွက်ပေါက်ရစေရန် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကြိုးစားခဲ့ကြခြင်းဖြစ်သည်။

မည်သို့ပင်ဖြစ်စေ. . . .

ယိုးဒယားမြန်မာလမ်းမကြီးပင်ဖြစ်စေ၊ လီဒိုလမ်းမကြီးပင်ဖြစ်စေ၊ လူတို့၏အသက်ပေါင်းများစွာတို့ကို စတေးပြီး ဖောက်လုပ်ခဲ့ရသောလမ်းမကြီးများဖြစ်သောကြောင့် နှစ်ခုစလုံးကို သေမင်းတမန်လမ်းမကြီးများဟုသာ ခေါ်ဆိုပေသည်။

လီဒိုဟူသောအမည်မှာ အိန္ဒိယနိုင်ငံ၊ အာသံပြည်နယ်နှင့်ဘင်္ဂလားနယ်ကိုဆက်သွယ်ထားသောလမ်းဖြစ်ပြီး 'လီဒို'မြို့မှ အစပြုခဲ့သောကြောင့် လီဒိုလမ်းမကြီးဟု ခေါ်ဝေါ်ခဲ့ကြခြင်းဖြစ်သည်။

ဒုတိယကမ္ဘာစစ်ဖြစ်ပွားနေသော ၁၉၄၃ခုနှစ်၊ ဒီဇင်ဘာလ(၁)ရက်နေ့တွင် အင်္ဂလိပ်တို့က စတင်ဖောက်လုပ်ခဲ့ကြခြင်းဖြစ်သည်။

၁၉၄၃ ခု တစ်နှစ်တည်းမှာပင် ဂျပန်တို့က မြန်မာပြည်အောက်ပိုင်းဘက်တွင် မြန်မာယိုးဒယားလမ်းဖောက်ဖို့အတွက် မြန်မာပြည်အလယ်ပိုင်းနှင့်အောက်ပိုင်းနယ်များ၌နေသူများကို ချွေးတပ်သားအဖြစ် အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်ကာ အ





သုံးပြုခဲ့ကြသည်။

ထိုအတူ အင်္ဂလိပ်တို့ကလည်း လီဒိုလမ်းဖောက်လုပ်ရန်အတွက် မြန်မာနိုင်ငံအလယ်ပိုင်း၊ အထက်ပိုင်းမှာနေကြသူတို့အား ချွေးတပ်သားအဖြစ် အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်ကာ လမ်းဖောက်ရာတွင် အသုံးပြုခဲ့ကြလေသည်။

ထိုလမ်းများ ဖောက်လုပ်သောနေရာနှစ်နေရာစလုံးမှာ တောတောင်ထူထပ်ပြီး ရာသီဥတုကြမ်းသောနေရာဖြစ်သည့်အပြင် တောရိုင်းတိရစ္ဆာန်တို့နှိပ်စက်မှုကြောင့် လူအသေအပျောက်မြောက်များစွာ ရှိခဲ့ပေသည်။

ယိုးဒယားမြန်မာမီးရထား လမ်းဖောက်လုပ်ရာတွင်သော်လည်းကောင်း. . . .

လီဒိုလမ်းမကြီးဖောက်လုပ်ရာ၌သော်လည်းကောင်း မြန်မာပြည်မှချွေးတပ်သားပေါင်းမြောက်များစွာ သေဆုံးခဲ့ကြရာပေရာ နှစ်နေရာပေါင်းဆိုလျှင် ၂ သိန်းကျော်ခန့်ရှိမည်ဟု ခန့်မှန်းကြသည်။

ထိုသေဆုံးသူများထဲမှာ တောထဲမှာလူမသိသူမသိ သေဆုံးသွားကြသူများစာရင်း မပါဝင်သေးပေ။

လီဒိုလမ်းဖောက်လုပ်ရာတွင် မြန်မာနိုင်ငံနယ်နိမိတ်အတွင်း၌ ပတ်ကွိုင်တောင်တန်း၊ ရှင်ဗွေယံ၊ တနိုင်း၊ ဟူးကောင်း၊ မိုးကောင်း၊ မြစ်ကြီးနားမှဧရာဝတီမြစ်ကိုဖြတ်ကာ ဗန်းမော်၊ လားရှိုးအထိ ဖောက်သည်။

ထိုမှဆက်ပြီး တရုတ်ပြည်ဘက်၌ရှိသောစာကိုပိုလိုလမ်းမကြီးနှင့်ဆက်သွယ်ရန်ဖြစ်ပြီး ခရီးမိုင်ပေါင်း(၁၄၀၀)ခန့် ရှည်လျားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဆိုပါလမ်းကိုဖောက်လုပ်ရာတွင် တံတားပေါင်းအတို အရှည် ၁၃၀၀ ကျော်၊ အရေးပေါ် အဆောက်အဦ ၂၃၀၀ ကျော်၊ မော်တော်ကားစက်ပြင်ရုံနှင့်လက်နက်တပ်ဆင်ရုံပေါင်း(၇၀)ကျော်၊ ဟူးကောင်းတောင်ကြားရှိ ရှင်ဗွေယံအတွက် စက်ကြီး၊ စက်ငယ် (၂၀)ကျော်၊ (၇)တန်လေးသော တွင်ခုံစက်ကြီး(၂)လုံးနှင့်စက်ပြင်ရုံ(၂)ရုံ၊ ထိုစက်ပြင်ရုံနှစ်ရုံ၌ မော်တော်ကားစက်ပစ္စည်းအစိတ်အပိုင်းအားလုံးကို အပြီးအစီးပြုလုပ်ပေးနိုင်သည့်အထိ ပြီးပြည့်စုံသည်။

ထိုအပြင် လမ်းတစ်လျှောက်တွင် လေယာဉ်ကွင်း(၃၀)ကျော်နှင့်အရေးပေါ် လူနာသယ်လေယာဉ်ကွင်းငယ်အပိုင်းပေါင်း(၆၀၀)ကျော်ကို သီးသန့်အလုပ်သမားပေါင်း(၁၆၀၀၀)နှင့် ဖောက်လုပ်ခဲ့ကြသည်။

ကုန်ကျစရိတ်မှာ ဒေါ်လာသန်း(၁၃၀)သန်းဖြစ်သည်။

၁၉၄၃ ခုနှစ်မှစခဲ့သောထိုလမ်းကို ၁၉၄၅ ခုနှစ်တွင် အဆုံးသတ်ခဲ့သည်။

ဆက်လက်ဖော်ပြမည့်အကြောင်းအရာများမှာ ထိုသုံးနှစ်တာကာလတွင် လီဒိုလမ်းမကြီးဖောက်လုပ်ရာ၌ ကိုယ်တိုင်ပါဝင်ကြုံတွေ့ခဲ့ကြရသောမြန်မာနိုင်ငံမှ တိုင်းရင်းသားများဖြစ်ကြသည့် ချင်း၊ ကချင်၊ နာဂ၊ လီဆူး၊ ယောရင်စသည့်အလုပ်သမားများ၏ကိုယ်တွေ့အတွေ့အကြုံများကို ရေးသားထားခြင်းဖြစ်ပါသည်။

အရှေ့တောင်ဘက်တွင် ယိုးဒယားမြန်မာလမ်းမကြီးသည် သေမင်းတမန်လမ်းမကြီးဖြစ်သကဲ့သို့ အနောက်မြောက်ဘက်တွင်လည်း အိန္ဒိယမြန်မာလမ်းမကြီးဖြစ်သော'လီဒို'သည်





သေမင်းတမန်လမ်းမကြီး ဖြစ်ခဲ့လေသည်။

'လီဒို'ဟူသည်မှာ ဗြဟ္မပုတ္တရမြစ်ဝှမ်းရှိ ဘင်္ဂလားအာသံမီးရထားလမ်းဆုံ မြို့ကလေး'လီဒို'၏အမည်ကို အစွဲပြု၍ ခေါ်တွင်ထားသောလမ်းအမည်ဖြစ်သည်။

ထိုလမ်းသည် ပေ(၅၀၀၀)မျှ မြင့်သောပတ်ကိုင်တောင်တန်းကြီးကို ဝိုက်ခါ ဝေ့ခါ တက်လိုက်ဆင်းလိုက်နှင့်ဖောက်လုပ်လာပြီး ရှင်ဗွေသံဘက်သို့ဆင်းသက်လာ၏။

ထို့နောက် တစ်ဖန် ချင်းတွင်းမြစ်အဖျားချိုင့်ဝှမ်းအိုင်ကြီးကိုဖြတ်၍ ဟူးကောင်းတောင်ကြားဘက်မှကျော်လွှားကာ မိုးကောင်းတောင်ကြားဆီသို့ရောက်လာပြန်သည်။

ထိုမှ တစ်ဖန် မြစ်ကြီးနားသို့ဖောက်လုပ်ပြီး ဧရာဝတီမြစ်တစ်ဖက်ကမ်းမှဗန်းမော်ကိုဖြတ်ကာ တရုတ်မြန်မာလမ်းကြီးကို သာဆက်သည်။

ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီအချိန် အတန်ကြာကပင် အင်္ဂလိပ်တို့သည်အိန္ဒိယနှင့်မြန်မာပြည်ကို ထိုနေရာအတိုင်းလမ်းမကြီးဆက်ဖောက်ရန် ကြံစည်ခဲ့ကြဖူးသည်။ သို့သော် လက်တွေ့တွင် မဖောက်လုပ်နိုင်ခဲ့ကြချေ။

၁၉၄၂ ခုနှစ် စစ်ပွဲစတင်ဖြစ်သောအခါမှ အပူတပြင်းဖောက်ရမည့်အခြေအနေဖြစ်လာသည်။

ထိုအခါမှ စက်အား၊ ပစ္စည်းအားတောင့်တင်းသောအမေရိကန်တို့ကသာ ဖောက်ကြရန် သဘောတူပြီး ဂျင်နရယ်ဝေဘဲ(လ)က ဗိုလ်ချုပ်ကြီး စတီးဝဲ(လ)ကို လွှဲအပ်ခဲ့သည်။

လီဒိုလမ်းမကြီးကို အပူတပြင်းဖော်လုပ်ရခြင်းရယ်ရွယ်ချက်မှာ အင်္ဂလိပ်တို့အတွက် အရေးကြီးလှသောကိစ္စအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



များကြောင့် ဖြစ်သည်။

ဂျပန်တပ်များက ဒရကြမ်းထိုးစစ်ဆင်ပြီး မြန်မာပြည် ဝင်ရောက်သိမ်းပိုက်သောအခါ လီဒိုလမ်းမှာအမေရိကန်နှင့်အ လိပ်တို့အတွက် မဖြစ်မနေလိုအပ်သောလမ်းတစ်ခုဖြစ်လာ သည်။

ထိုကဲ့သို့ဖောက်လုပ်ရာမှာ လမ်းအနေအထားနှင့်တွေ့ ကြုံရမည့်အန္တရာယ်အခက်အခဲများကို မကြည့်နိုင်တော့သဖြ ဖြစ်သည့်နည်းနှင့်ဖောက်လုပ်ခဲ့ရသောသေမင်းတမန်လမ်းဖြစ်သည်

တောနက်ကြီးများ၊ တောင်မြင့်ကြီးများအပါအဝင် ထို ချိန်က လူသူအရောက်အပေါက်နည်းသော နေရာများကို ရောက်လုပ်ကိုင်ကြရာ အန္တရာယ်မျိုးစုံတို့နှင့်တွေ့ကြရသည်

ထိုလမ်းဖောက်ရာတွင် တွေ့ကြုံရသောအန္တရာယ်မျ က ယိုးဒယား-မြန်မာမီးရထားလမ်းဖောက်လုပ်ရာတွင် တွေ့ ကြုံရသောအန္တရာယ်များထက် ပိုများလေသည်။

တောဆင်ရိုင်းများ၊ ဟူးကောင်းကျားဟု နာမည်ကြီး သောဟူးကောင်းလွင်ပြင်တစ်ဝိုက်မှ ကျားဆိုးကြီးများ၊ ပစ္စည် တင်သောလော်လီကားကြီးများထက် ပိုကြီးသောမြွေပြိတ္တာ များ၊ လူဝံများ၊ မျောက်ဝံများ၊ ဝက်ဝံ၊ ကျားသစ်စသော လူ မကြောက်မရွံ့အန္တရာယ်ပေးနိုင်သောတောကောင်ကြီးများ. . .

ထိုတောကောင်ကြီးများထက် ပိုမိုကြောက်စရာကော သောသတ္တဝါများလည်း မြောက်များစွာရှိသည်။

ရေအိုင်ထဲ၊ ချောင်းငယ်များထဲမှာနေသော ပေါရိသာ ငါးများ. . . .

အကောင်အရွယ်အစားကြီးသောမျှော့ကြီးများ. . .





လူကိုတွယ်ကပ်မိလျှင်ခွာချ၍မရသော 'ကျွတ်'ကောင် များ၊ ဂူရှိကောင်များ. . . .

သွေးစုပ်လိပ်ပြာများ၊ လင်းနို့အုပ်များ. . . .

တောကြီးပင့်ကူနှင့်ကင်းမြီးကောက်များအပြင် ၎င်းတို့ အုံထဲသို့ကျသွားလျှင် အသက်ရှန်လမ်းမရှိသောပဒူကျင်းများ၊ ပုရွက်ဆိတ်နီကျင်းများ. . . .

စသော လူ့အသက်ကို အချိန်မရွေးအန္တရာယ်ပေးနိုင် သောတိရစ္ဆာန်မျိုးစုံတို့က အောက်ပိုင်းဒေသများထက် ပိုများလေ သည်။

အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံမြောက်ဖျားပိုင်း ဒေသများမှာ တောင်မြင့်ကြီးများနှင့်တောနက်ကြီးများနေရာအနှံ့ ရှိနေကြရာ လူကိုအန္တရာယ်ပေးသောတောတိရစ္ဆာန်တို့နေရာ အနှံ့ရှိနေကြရာ လူကိုအန္တရာယ်ပေးသောတောတိရစ္ဆာန်တို့နေ ရာအနှံ့တွင် မျိုးစုံစွာ ရှိနေကြခြင်းပင်ဖြစ်သည်။

အင်္ဂလိပ်တို့က မြန်မာပြည်မြောက်ဖျားဒေသဘက်တွင် လီဟာဒိုလမ်းဖောက်ရာတွင် အများဆုံးအသုံးပြုသောအလုပ်သ မားများမှာ ကုလားလူမျိုးများဖြစ်ကြသည်။

ကုလားလူမျိုးပေါင်းစုံတို့ကို အိန္ဒိယနိုင်ငံမှပေါ်လာပြီး လမ်းဖောက်ရာတွင်အသုံးပြုကြသော်လည်း အသုံးပြုရသောလူ အင်အားများက ဖျားသဖြင့် ရှိသည့်လူနှင့်မလုံမလောက် ဖြစ်ကြရ သည်။

လူပေါင်း ၂၀၀ ကျော်လောက်နှင့်ဖောက်လျှင် ဖြစ်နိုင် သည်ဟု ခန့်မှန်းထားသော်လည်း တကယ်တမ်းလုပ်သောအခါ အသေအပျောက်များသဖြင့် လူပေါင်းသောင်းချီပြီး အသုံးပြုခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



ရလေသည်။

အလုပ်သမားများကို အစုလိုက်အပြုံလိုက်သေအောင် ပြုလုပ်နိုင်သောအရာများထဲတွင် တောတိရစ္ဆာန်များထက် ပို၍ ကြောက်စရာကောင်းသောအရာတစ်ခုရှိသည်။

အခြားမဟုတ်ပါချေ။

ငှက်ဖျားရောဂါပင်ဖြစ်သည်။

ငှက်ဖျားရောဂါက တောထဲရောက်နေသူတိုင်းကိုဖြစ် စေနိုင်ရာ လူအသေအပျောက်များကြခြင်းဖြစ်၏။

သို့သော်လည်း အင်္ဂလိပ်နှင့်အမေရိကန်တို့က လီဒိုလမ်း ဖောက်ရာတွင် ခေါ်ယူအသုံးပြုသောလူများကို ဂျပန်တို့လိုမနှိပ် စက်ပေ။

ဖက်စစ်ဂျပန်တို့က လူများကို အတင်းအဓမ္မဖမ်းခေါ် လာပြီး တိရစ္ဆာန်များခိုင်းသလို နှိပ်စက်ပြီးခိုင်းသည်။

အစားအသောက်ကိုလည်း ကောင်းစွာ မကျွေးသဖြင့် ဝအောင် မစားရ မသောက်ရပေ။

အပြစ်တစ်ခုခုကျူးလွန်မိလျှင်သော်လည်းကောင်း၊ ကျူး လွန်သည်ဟု အထင်ခံရလျှင်သော်လည်းကောင်း လူမဆန်စွာ ညင်းပန်းနှိပ်စက်ပြီး နောက်ဆုံး ရက်ရက်စက်စက် သတ်ဖြတ်ပစ် လေ့ရှိသည်။

လက်သည်းခွံများ၊ ရေနွေးပူပူနှင့်လောင်း၊ မီးဖုတ်ထား သောသံချွန်ဖြင့်ထိုး၊ ဝါးရင်းတုတ်၊ ကြိမ်တုတ်များဖြင့်ရိုက်၊ လှံစွပ် ဖြင့်ထိုး၊ သစ်ပင်မှာဇောက်ထိုးဆွဲထား၊ မိုးရေထဲမှာ အစာရေစာမ ကျွေးပဲ သစ်ပင်မှာကြိုးတုပ်ထား စသောနှိပ်စက်မှုမျိုးစုံတို့ကို ငရဲ သားများကဲ့သို့နှိပ်စက်ကြပြီး နောက်ဆုံးတွင် သားသတ်သမားက





နွားသတ်၊ ဝက်သတ်သကဲ့သို့ ရက်ရက်စက်စက် သတ်ဖြတ်ပစ် သည်။

အင်္ဂလိပ်တို့ကတော့ ထိုသို့မဟုတ်ပေ။

အလုပ်သမားများ စုဆောင်းသည်။ ခေါ်လာသည်။

သို့မဟုတ် မိမိသဘောနှင့်လာရောက်လုပ်လျှင်လည်း လက်ခံပေးသည်။

ထိုသို့လမ်းဖောက်ရာတွင် အသုံးပြုသောအလုပ်သမား များကို တဲများဖြင့် ကောင်းမွန်စွာ ထားသည်။

အစားအသောက်ကိုလည်း ခွဲတမ်းဖြင့်ကောင်းစွာ ကျွေး သည်။

ငါးသေတ္တာဗူး၊ နို့ဆီဗူး၊ ပေါင်မုန့်၊ ပဲ စသောအစားအ သောက်များ ကျွေးသည်။

တစ်နေ့လျှင် လူတစ်ယောက်လုပ်အားခအတွက် ငွေငါး ကျပ်ပေးသည်။

ထိုအချိန်က ငွေတန်ခိုးရှိသောအချိန်ဖြစ်ရာ တော တောင်များထဲမှာနေကြသူများအတွက် စားလောက်ရုံပဲရပြီး ငွေ ရနိုင်လောက်သောအခွင့်အလမ်းများမရှိကြသဖြင့် ငွေငါးကျပ်ရ သောအခွင့်အရေးမှာ ၎င်းတို့အတွက် မဟာအခွင့်အရေးဖြစ်နေ သောကြောင့် အင်္ဂလိပ်များက အကြမ်းနည်းဖြင့်ဖမ်းဆီးခေါ် ဆောင်စရာမလိုပဲ ၎င်းတို့သဘောနှင့်လာရောက်လုပ်ကိုင်သူများ ခင် ရှိသည်။

အင်္ဂလိပ်တို့က အလုပ်သမားများနေသောတဲများတွင် ဆေးဝါးအစုံအလင်ထားသည့်အပြင် ဆေးမှူးနှင့်ဆေးတပ်သား များလည်း ထားပေးသည်။

ဝဏ္ဏထွန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



လမ်းဖောက်ရာမှာလည်း စက်ယန္တရားကြီးများအကူ ညီဖြင့်ဖောက်ကြရာ အခက်အခဲများတွေ့ကြရသော်လည်း အ တော်ပင် ခရီးတွင်ကြလေသည်။

ထိုသို့လာရောက်လုပ်ကြရာမှာတော့ အခြားသဘာဝ န္တရာယ်များနှင့်တော့ တွေ့ကြရသည်။

အင်္ဂလိပ်များနှိပ်စက်၍ မသေကြရသော်လည်း သဘာ ဝဘေးအန္တရာယ်များကြောင့် သေကြေပျက်စီးကြရသည်။

တောတိရစ္ဆာန်အကောင်ကြီးများ အန္တရာယ်ကြော သေရသည်ကသိပ်မရှိသော်လည်း အကောင်သေးသော်လည် အသက်အန္တရာယ်ကိုသေစေနိုင်သောသတ္တဝါများကြောင့်သေ အသေအပျောက်များသည်။

ယိုးဒယားမြန်မာမီးရထား လမ်းဖောက်သောနေရာမှ တော့ သဘာဝအန္တရာယ်ထက် ဂျပန်တို့နှိပ်စက်ခြင်းကြောင့် သေ ရတာပိုများသည်။

လီဒိုလမ်းမှာတော့ အင်္ဂလိပ်တို့နှိပ်စက်သောကြောင့် ဟုတ်ပဲ သဘာဝဘေးအန္တရာယ်များကြောင့် သေရတာပိုများသေ သည်။

တစ်ခါက မျှော့တွင်းထဲကျသွားသောအလုပ်သမား ချို့မှာ ဘယ်လိုမှကယ်၍မရပဲ သေဆုံးသွားကြသည်။

ထိုအတူ ပဒူကျင်းထဲကျသွားသောသူများမှာလည် မျက်စိအောက်မှာတင် အရိုးတခြား အသားတခြားဖြစ်သွား သည်။

ထိုထက်ပိုဆိုးသောအခြေအနေတစ်ခုလည်း ရှိသေ သည်။





နေ့လည်ဘက် အလုပ်နားချိန်တွင် သစ်တောအတွင်း၌ သောချောင်းတစ်ခုတွင်းသို့ ရေဆင်းချိုးကြလေသည်။

ထိုသို့ရေချိုးနေစဉ် ရေမျက်နှာပြင်မှာ ရုတ်တရက် ထ င်းအိုးပွက်သကဲ့သို့ဆူပွက်တက်လာသည်ကိုမြင်ကြရသဖြင့် အံ့ ဩနေကြစဉ် ပေါ်ရိုသာရင်းဟု ခေါ်သောအသားစားငါးများ ရောက်လာပြီး ဝိုင်းကိုက်ခြင်းခံကြရလေတော့သည်။

ပေါ်ရိုသာရင်းများမှာ အကောင်အရေအတွက်များပြီး လူတစ်ယောက်ကိုဝိုင်းကိုက်လျှင် မိနစ်ပိုင်းအတွင်းအရိုးတခြား အသားတခြားဖြစ်သွားစေနိုင်သည်။

အကောင်အရွယ်အစားက လက်ဝါးသာသာခန့်ရှိသော် လည်း ဦးခေါင်းကကြီးပြီး ပါးစပ်ပေါက်ကကျယ်သည်။

ထိုပါးစပ်ထဲတွင် လွှသွားနှင့်တူသောကြီးမားသည့်သွား များက ပြည့်နေသည်။

ထိုသွားများဖြင့်ကိုက်လျှင် အကွင်းလိုက်ပြတ်ပါသွား သည်။

တစ်ကောင်က တစ်ချက်ကိုက်၍ အသားတစ်ကွင်းပြတ် ပါသွားသောအခါ အကောင်အရေအတွက်များပြားစွာက ဝင် ရောက်ကိုက်ဖြတ်သောအခါ လူတစ်ယောက်မဆိုထားနှင့်အ ကောင်အရွယ်အစားကြီးသောတိရစ္ဆာန်များပင် ခဏချင်း အရိုး တခြား အသားတခြားဖြစ်သွားစေနိုင်သည်။

ပေါ်ရိုသာရင်းများရောက်လာမှန်းသိသည်နှင့် အချို့က ကမ်းပေါ်သို့အလျင်အမြန် တက်ပြေးကြသည်။

ထိုသို့တက်ပြေးနိုင်သဖြင့် အသက်မသေသော်လည်း တစ်ကိုယ်လုံးမှာတော့ အသားများ အကွင်းလိုက်ပြတ်ပါသွား



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ကြောက်စရာကောင်းသောဒဏ်ရာများရကြလေသည်၊

ရေထဲမှပြန်မတက်နိုင်သော သုံးလေးယောက်တတော့ လှမ်းကြည့်နေရင်းမှာပင် အော်ရင်း ဟစ်ရင်းနှင့်ရေထဲသို့ပြုတ်ကျ သွားတော့သည်။

ရေပြင်ပေါ်မှာတော့ လူများမတွေ့ရတော့ပဲ သွေးကွက် ကြီးများ ထနေသည်ကိုသာလှမ်းမြင်ရတော့သည်။

တစ်ခါက တောင်ပို့သဏ္ဍာန်ဖြစ်နေသောနေရာကို ဝင် ရောက်ဖယ်ရှားရာ ပုရွက်ဆိတ်အနီကောင်ကြီးများထွက်လာပြီး ဝိုင်းကိုက်သဖြင့် လူအချို့သေကြရသည်။

ပုရွက်ဆိတ်များမှာ အကောင်အရွယ်အစားကြီးပြီး အ ဆိပ်ပြင်းသောကြောင့် သေကြရခြင်းဖြစ်သည်။

ပုရွက်ဆိတ်ကိုက်သဖြင့်လဲကျသွားသောအခါ မြောက် များစွာသောပုရွက်ဆိတ်များရောက်လာပြီး ဝိုင်းကိုက်ရုံမက အ သားများကို တစ်စစီဖွဲ့ချီယူသွားလေရာ နောက်ဆုံးတွင် အရိုး ချည်းကျန်ခဲ့လေတော့သည်။

ယခုရေးပြသောအဖြစ်အပျက်များမှာ လီဒိုလမ်းမ ဖောက်လုပ်ရာတွင်တွေ့ရသော အန္တရာယ်များဖြစ်ပြီး နိဒါန်းအ ဆင့်မျှသာ ရှိပေသေးသည်။



## အခန်း(၁၂)

## နာဂရွာမှစိတ်ဝင်စားဖွယ်ရာ ဓာတ်လမ်း

နီမောင်တို့ရောက်သွားသောနေရာမှာ မြန်မာပြည် မြောက်ဖျားဒေသ၊ နာဂတောင်တန်းကြီးများတွင် အပါအဝင်ဖြစ် သော နန်ရှိဂန်တောင်ခြေဖြစ်သည်။

ထိုတောင်ခြေတွင် နာဂရွာတစ်ရွာရှိပြီး'နန်ရှိဂန်ရွာ'ဟု ပင် အမည်ပေးထားသည်။

အိမ်ခြေမများလှပဲ တဲငယ်၊ တဲစုများ စုဝေးနေထိုင်ကြ သောနေရာလည်း ဖြစ်သည်။

နာဂမျိုးနွယ်စုများမှာ အရေအတွက်အတော်ပင် များ ပြားလှသည်။

မူလက နာဂမျိုးနွယ်ကြီး(၄)မျိုးသာ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဎင်းတို့မှာ. . .

( ၁ ) ဆွမ်ပရာနာဂ

( ၂ ) ထန်ဂန်နာဂ

( ၃ ) စန်းနာဂ

( ၄ ) ဟိုင်းမီနာဂတို့ဖြစ်သည်။

ထိုလေးမျိုးမှ အမျိုးအစားပေါင်းများစွာ ကွဲပြားသွားသည်။

ဆွမ်ပရာနာဂမျိုးနွယ်တွင် တန်ကွန်နာဂ၊ ပါရာနဂ၊ မကူရီနာဂ (၃)မျိုးပါဝင်သည်။

တန်ဂန်နာဂတွင် ရော်ထိုင်နာဂ၊ လိုင်းနောင်နာဂ၊ မကျန်းနာဂ၊ ဆော်လော်နာဂ၊ ဆပွလော်နာဂ၊ ဂူမ္ဘာန်နာဂ၊ စလူနာဂ၊ စန္ဒူးနာဂ၊ ပုံညီနာဂ၊ နောက်အော်နာဂဟူ၍(၁၀)မျိုး ပါဝင်သည်။

စခန်းနာဂမျိုးနွယ်စုတွင် စန်းနာဂ၊ ဝေနာဂ၊ ကိုင်းယော်နာဂ (၃)မျိုးပါဝင်သည်။

ဟိုင်းမီနာဂကတော့ အမျိုးအနွယ်အများဆုံးဖြစ်သည်။

ဎင်းမျိုးနွယ်စုတွင် ကာဆန်းနာဂ၊ ကန်ကျိုးနာဂ၊ ကမန်းနာဂ၊ ကချိုးနာဂ၊ တနမ်းနာဂ၊ ကျမ်ကောက်နာဂ၊ ကျမ်ဖန်းနာဂ၊ ကျက်ဆန်းနာဂ၊ ကုတ်လွန်းနာဂ၊ ပိန်းလူးနာဂ၊ ရမ်ဆဲနာဂ၊ ရမ်းဆားနာဂ၊ ဆုံဆိမ်းနာဂ၊ မော်ရှမ်းနာဂ၊ ရိပ်ရိမ်းနာဂ၊ မဲဆောင်းနာဂ၊ ဆန်ကျစ်နာဂ၊ ဆန်ဝမ်းနာဂ၊ လုံလီနာဂ၊ လတ်တဲနာဂ၊ ထောင်လမ်းနာဂ၊ ပေါ်တဲနာဂ၊ ထောင်ဝဲနာဂ၊ မိတဲနာဂ၊





မ်နောနာဂ၊ ရစ်ရှေနာဂ၊ ရောင်ကွန်နာဂ၊ ဝေလန်းနာဂ၊ ဟာ ွမ်းနာဂ၊ ယာမီကိုးနာဂ၊ တောင်ကြဲနာဂ၊ လွမ်လူးနာဂ၊ ရမ်း နာဂ၊ ခလတ်နာဂ၊ ရှောက်ရမ်းနာဂ ဟူ၍ (၁၅)မျိုး ရှိသည်။

သို့ကြောင့် နာဂမျိုးနွယ်ကြီး(၄)မျိုးတွင် မျိုးနွယ်စုပေါင်း ၁)မျိုး ရှိပေသည်။

နာဂမျိုးနွယ်များမှာ မျိုးနွယ်စုအလိုက်ရောနှောနေထိုင် သော်လည်း ဓလေ့ထုံးစံ၊ အကျင့်စရိုက်ချင်းကတော့ မတူကြ း။

ဎင်းတို့သည် တောတောင်များထဲမှာပင် အနေများပြီး ိုယ့်အစုနှင့်ကိုယ်နေကြသည်က များသည်။

နေသောအိမ်များမှာ သစ်၊ ဝါးများဖြင့် ခြေတံရှည်အိမ် မျိုး ဆောက်လုပ်နေကြသည်။ အများအားဖြင့်တော့ အိမ်အ ယ်တွင် မီးဖိုကြီး ဖိုထားတတ်သည်။

အစားအသောက်ချက်ပြုတ်ခြင်း၊ တိရစ္ဆာန်အစာကျို တ်ခြင်း၊ အသားကင်ခြင်း၊ အခြောက်ပြုလုပ်ခြင်းအတွက် မီးဖို အသုံးပြုကြသည်။

နာဂတို့သည် အိမ်တစ်လုံးတွင် မိသားစု(၂)စု၊ (၃)စု ်နေကြရာ မိသားစုနှစ်စုရှိလျှင် မီးဖိုနှစ်ဖို မိသားစုသုံးစုရှိလျှင် ိုသုံးဖိုထားကြသည်။

နန်ရှိုဂန်ရွာမှာ အိမ်ခြေအတော်များပြီး စည်ကားသော ရာတစ်ခုဖြစ်သည်။နီမောင်တို့ကို ဦးဆောင်ခေါ်ဆောင်သွား ာ ဆာဒူးကြီးပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်၊ ဦးမွန်ထော်၊ သံပချိုင်၊ စောထီး၊ ငမဲအောင်တို့မှာ သံဖြူဇရပ်ချွေးတပ်စခန်းမှ ကံကောင်းထောက်မစွာ လွတ်မြောက်လာခဲ့သော်လည်း မိမိတို့နေရပ်သို့ မပြန်ဝံ့ကြသဖြင့် ဆာဒူးကြီးခေါ်ရာနောက်သို့ လိုက်ခဲ့ကြခြင်းဖြစ်သည်။

ထိုကဲ့သို့လိုက်လာရာမှာ အကြောင်းနှစ်ချက်ရှိသည်။

တစ်ချက်က ဂျပန်များလက်မှ လွတ်မြောက်စေရန်ဖြစ်သည်။

နောက်တစ်ချက်က တံတားကိုးစင်းပြည့်အောင် ကျော်ဖြတ်နိုင်ပါက ချမ်းသာစေနိုင်သော အခွင့်အရေးနှင့် တွေ့ရလိမ့်မည်ဟု ဆာဒူးကြီးကပြောခဲ့ဖူးသောကြောင့် ဖြစ်သည်။

ယိုးဒယားမြန်မာ မီးရထားလမ်းဖောက်ရာတွင် ပါဝင်ခဲ့စဉ်က တံတားသုံးစင်း ကျော်ခဲ့ပြီးလေပြီ။

သူတို့ကိုယ်တိုင် အမည်ပေးထားသော ခေါင်းပြတ်တံတား၊ ကျွတ်ကုန်းတံတားနှင့် ညောင်လန်းမြိုင်တံတားသုံးစင်းတို့ဖြစ်သည်။

ယခုအခါမှာတော့ ဆာဒူးကြီးခေါ်ရာနောက်သို့လိုက်လာကြရာ ရက်အတန်ကြာသောအခါ မြောက်ဖျားဒေသရှိ နာဂရွာတစ်ရွာသို့ ရောက်လာခဲ့ကြသည်။

ရှေ့မှလမ်းပြခေါ်လာသော ဆာဒူးကြီးမှာ ထိုခရီးလမ်းထိုနေရာများကို ရင်းနှီးကျွမ်းဝင်နေသကဲ့သို့ အခက်အခဲမရှိ သွားလာနိုင်ပေသည်။

ထိုနေရာသည် အိန္ဒိယနယ်ဘက်သို့သွားလျှင် မဝေးတော့ပေ။ နန်ရှိဂန်တောင်ကြောကိုကျော်ပြီး အနောက်မြောက်ဘက်တောင်ကြားလမ်းမှထွက်သွားလျှင် အိန္ဒိယနယ်သို့ရောက်နိုင်သည်။

ထို့ပြင် နန်ရှိဂန်ရှိသောရွာနှင့်လီဒိုလမ်းဖောက်နေသောနေရာမှာလည်း မဝေးလှပေ။

တစ်နေ့ ခရီးမျှသွားလျှင်ပင် ရောက်နိုင်ဝေသည်။

လမ်းဖောက်သောနေရာဘက်မှ ကျောက်တောင်များမှိုင်းခဲ့သောအသံများကိုပင် အတိုင်းသားကြားနေကြရသည်။ ထိုရွာသို့ရောက်ရန် တောင်ကြောတစ်ခုပေါ်မှ ဖြတ်သွားကြရသည်။

တောင်ကြောပေါ်မှလှမ်းကြည့်လျှင် သစ်ပင်၊ သစ်တောများ အုံ့ဆိုင်းနေသောအလယ်တွင် ဆောက်ထားသော တဲများ၏ခေါင်မိုးများကို လှမ်းမြင်ရသည်။

"ဒါ ဘာရွာလဲ ဆာဒူးကြီး"

"နာဂတွေနေတဲ့နန်ရှိဂန်ရွာလို့ခေါ်တယ်. . . ဟိုးခနောက်ဘက်မှာလှမ်းမြင်နေရတဲ့တောင်တန်းကြီးက နန်ရှိဂန်တောင်လို့ခေါ်တယ်. . . အဲဒီတောင်ကျော်လိုက်ရင် အိန္ဒိယကိုရောက်တယ်"

"ဆာဒူးကြီးက ဒီနေရာတွေကို အတော်ကလေးနှံ့စပ်ပုံရတယ်၊ ဒီနေရာတွေသွားလာဖူးတာပေါ့နော်"

"ရောက်ဖူးပါတယ်. . . ဒီရွာမှာ ငါ ဆေးကုပေးထားသို့ အသက်ရှင်နေတဲ့လူတွေရှိတယ်"

ဟုပြောပြတော့မှ သဘောပေါက်သွားကြသည်။







www.burmeseclassic.com

ထို့နောက်မှာတော့ ရွာရှိရာသို့ဆင်းခဲ့ကြလေသည်။

ရွာမှာရွာဝိုင်းကြီးဖြစ်ပြီး တစ်နေရာမှာတော့ အဝတ်အစားမဝတ်သောကလေးတစ်သိုက် ဆူဆူညံညံဖြင့် ဆော့ကစားနေကြသည်ကိုလှမ်းမြင်ရသည်။

သူတို့သည် ရွာထဲမှဖြတ်ကာ တစ်ဘက်ရွာထိပ်တွင်ရှိသောရွာလူကြီး (နာဂအကြီးအကဲ)အိမ်သို့သွားကြလေသည်။

ရွာလူကြီးနေသောနေရာနှင့်အိမ်မှာ ရှာရမခက်ပါချေ။

နာဂတိုင်းရင်းသားတိုင်း အလေးအမြတ်ထားသောပန်တုံးကြီးထားသောနေရာမှာ ရွာလူကြီးနေသောပန်အဆောက်အအုံပင်ဖြစ်ပေသည်။

ထိုရွာမှ ရွာလူကြီးမှာ ဦးထန်ဖုန်းရှိန်ပင်ဖြစ်သည်။

အသက် ၆၀ အရွယ်ခန့်ရှိပြီး ဘာသာစကားအတော်များများကိုတတ်ကျွမ်းသူဖြစ်သည်။

ဦးထန်ဖုန်းရှိန်က ဆာဒူးကြီးနှင့်သိကျွမ်းခင်မင်နေသူဖြစ်သည်။

နီမောင်တို့ရောက်သွားသော ဦးထန်ဖုန်းရှိန်နှင့်အဆင်သင့်ပင်တွေ့ကြရသည်။

"ဟာ. . . ဆာဒူးကြီးရောက်လာပြန်ပကောလား. . . အိမ်ပေါ်ကိုသာလာကြ၊ ဧည့်သည်တွေပါ တစ်ခါတည်း ခေါ်ခဲ့ပါ"

ဟုပြောကာ ၎င်းအိမ်ပေါ်သို့ခေါ်သွားသည်။

၎င်းနေသောအိမ်မှာ တန်းလျားကြီးသဖွယ် ဆောက်





ထားသောခြေတံရှည်တဲကြီးမျိုးဖြစ်သည်။

အိမ်ပေါ်သို့လှေခါးဖြင့် တက်ကြရသည်။ အပေါ်ရောက်တော့ လူအချို့ကိုတွေ့ရသည်။ ဦးထန်ဖုန်းရှိန်တို့ မိသားစုများပင် ဖြစ်၏။

အိမ်အလယ်နေရာလောက်တွင် နာဂအိမ်များ၏ထုံးစံအတိုင်း အလယ်နေရာလောက်တွင် မီးဖိုကြီးတစ်ဖိုရှိပြီး ထိုနေရာနှင့်မနီးမဝေးမှာထိုင်ကြလေသည်။

ထို့နောက် ဦးထန်ဖုန်းရှိန်က ဧည့်သည်များအတွက် အစားအသောက်များယူလာရန်ပြောလိုက်ရာ ခဏကြာတော့ အိမ်သားများကယူလာပြီး ချပေးသည်။

ကွမ်းအစ်၊ လက်ဖက်ရည်အိုး၊ ခေါင်ရည်၊ အသားကင်နှင့်ဆန်၊ ကောက်ညှင်း၊ ပျားရည်တို့ဖြင့်လုပ်ထားသော မုန့်များပင်ဖြစ်သည်။

ထိုမုန့်များကိုတော့ မုန့်ဖက်ထုပ်၊ ပျားရည်ကြော်၊ နှမ်းထောင်းအုပ်၊ ပျားရည်နှမ်းလုံး၊ ပျားရည်မုန့်လုံး စသည်တို့ဖြစ်သည်။

ပျားရည်ကြော်မုန့်မှာ နာဂတိုင်းရင်းသားတို့နှစ်သက်စွာစားသောက်ကြသည့် မုန့်တစ်မျိုးပင်ဖြစ်၏။

"ခရီးဝေးကလာကြတော့ ပင်ပန်းမှာပေါ့. . . အမောပြေစားကြသောက်ကြပါဦး"

ဟု စေတနာဖြင့် ကျွေးမွေးရာ နီမောင်တို့တစ်တွေမှာထိုတဲ့သို့သော အစားအသောက်ကောင်းများ မစားသောက်ကြရ

www.burmeseclassic.com



သည်မှာ အတော်ကြာပြီဖြစ်ကြသဖြင့် ခေါင်းမဖော်တမ်း စားသောက်ကြသည်။

သံပချိုင်က အရက်ကြိုက်သူဖြစ်သဖြင့် ခေါင်ရည်အတော်များများ သောက်လေသည်။ အသားကင်နှင့်ခေါင်ရည်မှာသူ့အတွက် နတ်သုဒ္ဓါတမျှ အရသာရှိနေဟန်တူသည်။

ဆာဒူးကြီးကတော့ ပျားရည်မုန့်အချို့ကိုသာ အနည်ငယ် စားသောက်သည်။

ဦးမွန်ထော်မှာ သူလွန်စွာကြိုက်နှစ်သက်သောလက်ဖက်ရည်သောက်ရပြီး ကွမ်းတစ်ယာကို ပါးစပ်ထဲထည့်ရသဖြင့် ဒီတစ်သက်တော့ သေမည်ဆိုလျှင်ပင် ကျေနပ်နေသည့်အမူအယာမျိုးဖြင့် အကျေနပ်ကြီး ကျေနပ်နေဟန် ရှိပေသည်။

နီမောင်၊ စောထီး၊ ငမဲအောင်တို့သုံးယောက်ကတော့ ဧည့်သည်များအတွက် အစားအသောက်များ တစ်ခုပြီးတစ်ခု တစ်မျိုးပြီးတစ်မျိုး လာချပေးနေသော နာဂမိန်းမပျိုလေးကို သတိပြုမိနေကြသည်။

ထိုမိန်းကလေးမှာ အသက် ၂၀ ကျော် အရွယ်ခန့်ရှိသေးပြီး မျက်နှာရော ကိုယ်လုံးကိုယ်ထည်ပါ ချောမောလှပသူတစ်ဦးဖြစ်ပေသည်။

"ဒါထက် ဆာဒူးကြီး ဘယ်ကပြန်လာတာလဲ. . . ဘယ်သွားမလို့လဲ"

စားသောက်ပြီးတော့ ဦးထန်ဖုန်းရှိန်ကမေးသည်။

"ကျုပ်က နေရာအနှံ့သွားနေပြီး ရောက်ချင်တဲ့နေရာရောက်နေတာပဲ၊ အခုတော့ ဟိမဝန္တာပြန်တော့မလို့ ဒီကိုဝင်လာတာ"

"ဒီတစ်ရွာလုံး ရောဂါတွေဖြစ်ပြီး အားလုံးသေကြမလိုဖြစ်နေတုန်း မမျှော်လင့်ပဲ ဆာဒူးကြီးရောက်လာပြီး ဆေးကုပေးလို့ အသက်ပြန်ရှင်ကြရတာကို အားလုံးက ကျေးဇူးတင်နေကြတယ်"

"မလိုပါဘူး. . . ကြုံကြိုက်လို့အကူအညီပေးခဲ့တာပဲ"

"ဒါထက် သူတို့ငါးယောက်က ဘယ်သူတွေလဲ. . . ဘယ်ခေါ်သွားမလို့လဲ"

ညနေပိုင်းအချိန်ရောက်တော့ လွယ်နောင်တို့မောင်နှမဟာ နီမောင်၊ စောထီး၊ ငမဲအောင်တို့သုံးယောက်ကို မနီးမဝေးမှာရှိသော စမ်းချောင်းရှိရာသို့ ရေချိုးရန် ခေါ်သွားလေသည်။

"နီမောင်. . . ရေချိုးတာတော့ ဟုတ်ပါပြီ၊ ငါတို့မှာအဝတ်လဲစရာအပိုမပါတော့ ဘယ်လိုလုပ်မလဲ"

"ဘယ်တတ်နိုင်မလဲ. . . သူတို့လည်း အဝတ်ပိုမှမပါဘူး၊ ဟိုရောက်တော့မှ အခြေအနေကြည့်လုပ်တာပေါ့"

စမ်းချောင်းရှိသောနေရာရောက်တော့ လွယ်နောင်ကပြောသည်။

"မင်းတို့သုံးယောက်နာမည်က ဘယ်သူတွေလဲ"

"ငါနာမည်က နီမောင်. . . သူက စောထီး၊ သူက ငမဲအောင်. . . ငါတို့က ညီအစ်ကိုတွေလိုပဲနေကြတယ်၊ မင်းတို့နာမည်တွေကရော. . ."







www.burmeseclassic.com

www.burmeseclassic.com



"ငါ့နာမည်က 'လွယ်နှောင်' လို့ခေါ်တယ်. . . ငါ့ညီ
လေးနာမည် ယာမီကိုလို့ခေါ်တယ်"

"သူက နာမည်လှသလို လူလည်းလှတယ်"

ထိုစကားကတော့ ပါးစပ်မှပြောလိုက်ခြင်းမဟုတ်ပဲ စိတ်
ထဲမှရေရွတ်လိုက်ခြင်းဖြစ်သည်။

"ငါတို့က မိတ်ဆွေတွေဖြစ်သွားကြပြီပေါ့. . . မင်း
သုံးယောက်က လမ်းဖောက်တဲ့ဆီလိုက်ခဲ့ကြမှာလား"

"ဟုတ်တယ်"

"ဟန်ကျတာပေါ့. . . ဦးလေးက ဒီတစ်ခေါက်သွား
ငါတို့မောင်နှမကိုခေါ်သွားမယ်လို့ ပြောနေတယ်၊ ငါတို့ကလည်
လိုက်သွားကြဖို့ပြင်နေကြတာ၊ အခု မင်းတို့ရောက်လာတော့ ဟ
ကျသွားပြီ"

"မင်းတို့မောင်နှမက အလုပ်လုပ်ဖို့သွားကြမှာလား"

"ငါတို့လည်း သေသေချာချာတော့ မသိရသေးဘူး
ကျရင်တော့ ဦးလေးက ပြောပြမယ်ထင်တယ်. . . ကဲ အချိ
တုန်း ရေချိုးကြ၊ မှောင်သွားရင် အေးတယ်"

"ငါတို့က ဘယ်လိုချိုးရမလဲ"

"ဟိုဘက်နားမှာကျောက်တုံးကြီးတွေ ရှိတယ်၊
နောက်ဝင်ပြီး လွတ်လွတ်လပ်လပ်ချိုးကြပေါ့ကွာ"

ဟုပြောတော့မှ သဘောပေါက်သွားကာ မနီးမဝေး
သောကျောက်တုံးကြီးများရှိရာသို့ ထွက်လာကြသည်။

ချောင်းက သိပ်မနက်လှပေ။ ရေကကြည်နေသေ





ကြောင့် အောက်ခြေကိုပင်မြင်နေရသည်။

ရေမချိုးရတာကြာပြီဖြစ်သဖြင့် ထိုကဲ့သို့ကြည်လင်အေး
သောရေကိုချိုးလိုက်သောအခါ ပင်ပန်းမှုများပြေပျောက်သွား
ကာ အတော်ပင် လန်းဆန်းလာကြသည်။

ညဦးပိုင်းအချိန်ရောက်တော့ ဦးထန်ဖုန်းရှိန်တို့ချက်ပြုတ်
ကျွေးမွေးသောအစားအသောက်တို့ကို ဝအောင်စားသောက်ကြရ
သဖြင့် ကျေးဇူးတင်၍မဆုံးအောင်ပင် ဖြစ်ကြရလေသည်။

ထိုသို့ကျွေးသော ဦးထန်ဖုန်းရှိန်မိသားစုကိုကျေးဇူးတင်
သလို ထိုနေရာသို့ရောက်အောင်ခေါ်လာသော ဆာဒူးကြီးကို
လည်း စိတ်ထဲမှကျေးဇူးတင်မိကြသည်။

ဘယ်လိုရည်ရွယ်ချက်ဖြင့် ထိုနေရာရောက်အောင် တ
ကူးတကခေါ်လာခဲ့သည်ကိုလည်း မသိကြရသေးပေ။

စားသောက်ပြီးသောအခါ မီးဖိုကြီးအနီးမှာ လက်ဖက်
ရည်သောက်ရင်း စကားပြောကြသည်။ ဦးထန်ဖုန်းရှိန်၏ ညီ
တော်သူ ဇမုန်းထန်က အကြောင်း စုံပြောပြခြင်းဖြစ်၏။

"လွန်ခဲ့တဲ့လက ငါနဲ့အဖော်သုံးယောက် လီဒိုလမ်း
ဖောက်တဲ့ဆီမှာသွားပြီး အလုပ်လုပ်ခဲ့ကြတယ်. . . ငါတို့အလုပ်
လုပ်တဲ့နေရာက ကျောက်ဂူတွေလည်း အတော်များတယ်၊
တောင်မြင့်ကြီးတွေ ချောက်ကမ်းပါးကြီးတွေလည်း ရှိတယ်"

နီမောင်တို့က ဇမုန်းထန်ပြောပြနေသည်ကိုစိတ်ဝင်စား
စွာ နားထောင်နေကြသည်။

"တစ်နေ့တော့ ငါတို့နဲ့အတူတူ အလုပ်လုပ်နေတဲ့အ



www.burmeseclassic.com

www.burmeseclassic.com



လိဆိုတဲ့နာဂတစ်ယောက် အလုပ်လုပ်ရင်းနဲ့ပျောက်သွားတယ်၊ ငါတို့က တောထဲမှာ ကျားဆွဲခံရပြီလို့ထင်နေကြတာ"

"သူ ဘယ်ရောက်သွားသလဲ"

"နောက်သုံးရက်လောက်ကြာတော့ သူပြန်ရောက်လာတယ်၊ သူနဲ့အတူ ရွှေတုံးတွေလည်းပါလာတယ်. . . သူပြောပြတာတော့ ငါတို့အလုပ်လုပ်နေတဲ့နေရာနားက ဂူပေါက်တစ်ခုထဲဝင်သွားရင်းနဲ့နောက်တော့ ဂူပေါက်က ထွက်လိုက်တာနဲ့ ချောက်ကမ်းပါးတစ်ခုကိုတွေ့ရတယ်တဲ့"

အားလုံးက စိတ်ဝင်စားနေကြသည်။

"ချောက်ကမ်းပါးကြီးနှစ်ခုကို ဟိုဘက်ကမ်း ဒီဘက်ကမ်းဖြတ်ထိုးထားတဲ့ကျောက်တံတားကြီးတစ်ခုလည်း ရှိတယ်၊ ကျောက်တံတားကြီးတစ်ခုလည်း ရှိတယ်. . . ဒါနဲ့အာလိလည်း ဖြစ်ချင်ရာဖြစ်သဘောနဲ့ကျောက်တံတားကြီးကနေ တစ်ဖက်ကိုကူးသွားတယ်"

"အတော်သတ္တိကောင်းတဲ့လူပဲ"

"သူလျှောက်သွားတဲ့ကျောက်တံတားကြီးက လူတစ်ယောက်လျှောက်သွားရုံလေးပဲ ရှိတာတဲ့၊ ဒါနဲ့ဟိုဘက်ကိုရောက်သွားတော့ ဂူပေါက်တစ်ခုထဲကိုရောက်သွားတယ်၊ အဲဒီဂူထဲမှာ သဘာဝအတိုင်း ပြန့်ကျဲနေတဲ့ရွှေတုံးတွေတွေ့ခဲ့ရတယ်လို့ ပြောတယ်"

"နောက်တော့ ဘယ်လိုဖြစ်သွားသလဲဟင်"

"ရွှေတုံးတွေတွေ့လို့ ဝမ်းသာနေတုန်းမှာ ဂူထဲကအသံတစ်မျိုးကြားလိုက်ရပြီး ဂူတစ်ဂူလုံး သိမ့်သိမ့်တုန်လာတာနဲ့ အာလိလည်းကြောက်လန့်ပြီး ရွှေတုံးသုံးလေးတုံးကောက်ယူပြီး လာလမ်းအတိုင်း ပြန်ပြေးထွက်ခဲ့ရတယ်၊ သူတံတားပေါ်ကဖြတ်လာပြီး ဒီဘက်ကိုပြန်ရောက်လို့ပြန်ကြည့်လိုက်တော့ စောစောကသူဖြတ်ကူးလာတဲ့ကျောက်တံတားကြီးကို မတွေ့ရတော့ဘူးလို့ပြောတယ်"

ထိုစကားကြောင့် ထပ်မံအံ့ဩကြရပြန်သည်။

"ဒီမှာ သူယူလာတဲ့ရွှေတုံးတွေ. . ."

ထိုသို့ပြောပြီး ဇမုန်းထန်က အိတ်တစ်လုံးဖြင့် ထည့်ထားသောရွှေတုံးသုံးလေးတုံးကို ကြမ်းပြင်ပေါ်သို့သွန်ချပြလိုက်သည်။

ရွှေတုံးများမှာ လက်သီးဆုပ်အရွယ်ခန့်ရှိပြီး ရေညှိများတက်နေသော်လည်း မီးဖိုမှမီးရောင်ဖြင့်ထိသောအခါ မူလရွှေရောင်များ လက်လာကြလေသည်။

နီမောင်နှင့်ဦးမွန်ထော်တို့က တစ်ယောက်တစ်တုံးစီကောက်ယူပြီး အသေအချာကြည့်သောအခါ ရွှေသားအစစ်များဖြစ်သည်ကိုတွေ့ကြရသည်။

ရွှေတုံးတစ်တုံး၏အလေးချိန်ပင် အတော်ပင်ရှိရာ သုံးလေးတုံးပေါင်းလိုက်လျှင်တော့ အလေးချိန်အတော်ပင် များလှပေသည်။

နီမောင်က လက်ထဲမှရွှေတုံးကိုကြမ်းပြင်ပေါ် ပြန်ချလိုက်ရင်း တစ်စုံတစ်ခုကိုသတိရသဖြင့် မေးလိုက်သည်။





www.burmeseclassic.com

www.burmeseclassic.com



"အာလိက ဘယ်မှာနေတာလဲ"

"ဒီရွာမှာနေတာပါပဲ. . . ဒါပေမယ့် အခုမရှိတော့ဘူး သေပြီ"

"ဟင်. . . ဘယ်လိုဖြစ်ပြီးသေတာလဲ"

"ရွာပြန်ရောက်ပြီး ညဘက်ရောက်ရင် အသံနက်ကြီးနဲ့ ထ,ထအော်ပြီး နောက်တစ်နေ့ရောက်တော့ သေတာပါပဲ"

ထိုစကားကြောင့် နီမောင်ကဆက်မမေးတော့ပေ။

အဘယ်ကြောင့်ဆိုသော် ဆန်းကြယ်သောအကြောင်းအရာများဖြစ်ပေရာ သူမေးလျှင်လည်း အဖြေရနိုင်မည်မဟုတ်ပေ။

"အာလိ သေသွားပြီးတဲ့နောက် ငါလည်း ရွာက အဖော်တွေခေါ်ပြီး သူဝင်သွားတဲ့ဂူပေါက်ကိုလိုက်ရှာကြသေးတယ်. . . ဒါပေမယ့် ဂူပေါက်တွေကများတော့ ရှာလို့မတွေ့သေးဘူး"

"ဂူပေါက်ရှာလို့တွေ့ရင်လည်း တစ်ဖက်ကူးဖို့ကျောက်တံတားကြီးကပျောက်နေတယ်ဆိုတော့ ဘယ်လိုကူးမလဲ"

"ဒါက ဟိုရောက်တော့မှအခြေအနေကြည့်လုပ်ကြရမှာပဲ အရေးကြီးတာက အာလိဝင်သွားတဲ့ဂူပေါက်ကို အရင်ရှာကြရမယ်"

"ဒါထက် တစ်ဖက်ဂူထဲမှာရွှေတုံးတွေရှိတယ်ဆိုပေမယ့် ဘယ်လိုသတ္တဝါမျိုးရှိနေတာလည်း မသိဘူး"

"ဒါလည်း ဟိုဘက်ရောက်အောင်ကူးနိုင်တော့မှစုံစမ်း





ကြည့်ရမှာ အရင်ဆုံး ဟိုဘက်ရောက်အောင်ကူးဖို့ကသာ အရေးကြီးတယ်၊ အခု မင်းတို့ရောက်လာတာ အတော်ပဲ ငါတို့တူဝရီး သုံးယောက်က အဲဒီနေရာသွားဖို့တိုင်ပင်နေကြတာ မင်းတို့ပါ လိုက်မယ်ဆိုရင်တော့ အဖော်ရမှာပဲ"

နီမောင်တို့လည်း ဇမုန်းထန်ပြောသောအကြောင်းအရာများကို စိတ်ဝင်စားကြလေသည်။

သို့သော်လည်း အချင်းချင်းမတိုင်ပင်ရသေးသောကြောင့် နောက်တစ်နေ့မှအဖြေပေးရန် ပြန်ပြောပြီး ညဥ့်နက်သောအခါ စကားဝိုင်းသိမ်းကာ အိပ်ယာဝင်ကြလေသည်။

နီမောင်အတွက်တော့ နာဂရွာလေးရောက်မှစိတ်လှုပ်ရှားစရာ နှစ်မျိုးနှင့်ကြုံတွေ့ရလေသည်။

တစ်ခုက ရွှေတုံးများကအကြောင်း. . .

နောက်တစ်ခုက နာဂမိန်းမပျို ယာမီကိုအကြောင်းပင်ဖြစ်ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၃)

## အင်ဖာရွှေမြို့တော် သဲလွန်စ

ခရီးပင်ပန်းလာသောအရှိန်ကြောင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားကြရာ နောက်တစ်နေ့ မနက်ပိုင်းအချိန်ရောက်မှပြန်နိုးလာလေတော့သည်။

သူတို့နိုးလာသောအချိန်တွင် ဆာဒူးကြီးကိုမတွေ့ရတော့ပေ။ အခြားနေရာပဲသွားနေသလား။ ဒါမှမဟုတ် ဟိမဝန္တာဘက်သို့ပြန်သွားလေပြီလား မသိကြတော့ပေ။

နီမောင်တို့တတွေလည်း သူတို့ကိုခေါ်လာသောဆာဒူးကြီးမရှိတော့သည့်နောက်ပိုင်းတွင် တခြားရွေးချယ်စရာလမ်းမရှိတော့အောင်ဖြစ်သွားကြသဖြင့် ဇမုန်းထန်တို့နှင့်အတူလိုက်ရန်သဘောတူလိုက်ကြလေသည်။

ဝဏ္ဏထွန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် ဇမုန်းထန်တို့လည်း သဘောကျသွားကြ
သည်။

"ဒါထက် အခုသွားမယ့်နေရာက အင်္ဂလိပ်တွေလည်း
ဖောက်နေတဲ့နေရာနဲ့အတော်ဝေးသလား"

"သိပ်တော့မဝေးလှဘူး"

"သူတို့မြင်သွားရင် ဘယ်လိုလုပ်ကြမလဲ"

"ဒီတော့လည်း ဟန်မပျက်အလုပ်ဝင်လုပ်ကြတာပေါ့
အလုပ်ဝင်လုပ်တော့ စားဖို့လည်းရတယ်၊ ပိုက်ဆံလည်းရတာပေါ့
. . . အဲဒီလိုလုပ်နေရင်းမှ 'အာလိ'ဝင်သွားတဲ့ဂူပေါက်ကို ရှာကြ
တာပေါ့"

"ဒါလည်း ကောင်းတာပါပဲ. . . တစ်ချက်ခုတ် နှစ်ချက်
ပြတ်ပေါ့၊ ဒီအတိုင်းလျှောက်သွားနေရင် အင်္ဂလိပ်တွေနဲ့တွေ့လို့
မသင်္ကာရင် အဖမ်းခံနိုင်တယ်"

ထိုကဲ့သို့ ခရီးထွက်ရန်တိုင်ပင်သောအခါ နီမောင်တို့က
ငါးယောက်ဖြစ်ပြီး ဇမုန်းထန်တို့က တူဝရီးသုံးယောက်စလုံး
လိုက်ကြမည်ဖြစ်သည်။

ထိုခရီးမျိုးကို ယာမီကိုလိုက်မည်ဆိုသောကြောင့် ပထမ
တော့ နီမောင်စိတ်ထဲမှာအံ့သြသွားသည်။

နောက်တော့ ပျော်ရွှင်သလိုဖြစ်မိလေသည်။

နေ့လည်ဘက်တွင် နီမောင်တစ်ယောက်ထဲ သစ်ပင်ရိပ်
တွင်ရှိနေစဉ် ယာမီကိုရောက်သည်။

"နင့်နာမည်က ဘယ်သူလဲ"





"ငါ့နာမည်က နီမောင်လို့ခေါ်တယ်လေ"

"မှတ်မိသွားပြီ. . . ငါ့နာမည်က ယာမီကို"

"နင့်နာမည်ကို လွယ်နောက်ပြောပြကတည်းက ငါက
မှတ်မိပါတယ်"

ထိုစကားကြောင့် သဘောကျသောအမူအယာဖြင့် ပြုံး
လိုက်သည်။

"နင်က ဗမာလား. . . ဘယ်ကလာတာလဲ"

"ငါက ဗမာတစ်ယောက်ပဲ. . . ဟိုးမြေပြန့်ဘက်ကလာ
တာ"

"အဝေးကြီးပဲနော်"

"ဒီလိုလာခဲ့လို့လည်း နင်တို့နဲ့တွေ့ရတာပေါ့"

"ဒီလောက်ဝေးတဲ့နေရာကို ဘာဖြစ်လို့လာတာလည်း
ဟင်"

"ငါတို့မြေပြန့်ဘက်မှာ ဂျပန်စစ်သားတွေရောက်နေ
တော့ အလုပ်လုပ်လို့မကောင်းတော့ဘူး၊ ဒါကြောင့် ဆာဒူးကြီး
ခေါ်လို့လိုက်လာတာ"

"သူက ဒီရွာရောက်လာတုန်းကလည်း ရွာကလူတွေ
ဆေးကုပေးသွားသေးတယ်"

"ဟုတ်တယ်. . . သူက နေရာအနှံ့လျှောက်နေတာ
. . . ဒါထက် ခရီးထွက်ရင် နင်ပါလိုက်ခဲ့မှာလားဟင်"

"လိုက်မှာပေါ့. . . ငါက အဲဒီလိုစွန့်စွန့်စားစားသွားလာ
လုပ်ကိုင်ရတာတွေကို သဘောကျတယ်. . . ခါတိုင်းလည်း



www.burmeseclassic.com

www.burmeseclassic.com



လွယ်နေ့ခင်နဲ့နှစ်ယောက် တောထဲသွားနေကျပဲ"

"ငါလည်း အခုလိုသွားလာရတာကို စိတ်ဝင်စား တယ်"

"ကောင်းတာပေ့ါ. . . နင်တို့ပါတော့ အဖော်ကောင်း တာပေ့ါ"

ဟုပြောပြီး ယာမီကိုက ထိုနေရာမှပြန်ထွက်သွားလေ သည်။

နောက်တစ်နေ့မှာတော့ ရိက္ခာခြောက်များ၊ သဘာ ဆေးများ၊ လက်နက်ကိရိယာများယူဆောင်ပြီး ခရီးစထွက်ကြ လေသည်။

ဦးထန်ဖုန်းရှိန်က သူတို့ကိုရွာထိပ်ရောက်သည်အထိ လိုက်ပို့ပေးသည်။

ခရီးထွက်ကြရာတွင် နီမောင်တို့က ငါးယောက်၊ ဇမုန်း ထန်တို့ကသုံးယောက်ဖြစ်သဖြင့် ဇမုန်းထန်က လူများကို တွက်ပြီး လက်သီးဆုတ်ခန့်ရှိသောကျောက်ခဲတစ်လုံးကိုကော ယူပြီး ရေရွတ်လိုက်ပြီး လွယ်အိတ်ထဲထည့်လိုက်သည်။

"ငါတို့ခရီးထွက်မှာရှစ်ယောက် မဟုတ်ဘူး. . . ကျောက်ခဲနဲ့ဆိုရင် ကိုးယောက်ဟေ့ ကိုးယောက်၊ အနှောက်အ ယှက်မပေးကြနဲ့တော့"

ဟုပြောဆိုရေရွတ်ပြီးမှ နန်ရှိဂန်တောင်ကြောအတိုင် မြောက်ဘက်သို့ဦးတည်ပြီး ခရီးစတင်ထွက်ကြလေသည်။

နီမောင်တို့လည်း ၎င်းတို့အတွက် ခရီးအသစ်တစ်ခု





စတင်ကြရခြင်းဖြစ်သောကြောင့် များစွာစိတ်ဝင်စားမှု ရှိကြလေ သည်။

လမ်းတစ်နေရာရောက်သောအခါ ဦးမွန်ထော်ကပြော သည်။

"နီမောင် ဟိုမှာတုန်းက တံတားဘယ်နှစ်စင်းဖြတ်ခဲ့ရပြီး ပြီလဲ"

"တံတားသုံးစင်းကျော်ခဲ့ကြပြီးပြီ ဘဘ"

"ဒီလိုဆိုရင် နောက်ထပ်တံတားခြောက်စင်းကျော်ဖြတ် နိုင်ရင် ငါတို့ချမ်းသာဖို့လမ်းစ တွေ့ကြရတော့မှာပေ့ါကွာ"

ဦးမွန်ထော်က တံတားကိုးစင်းကျော်ဖြတ်ပြီးပါက သူ တို့အတွက် ချမ်းသာနိုင်သောအခွင့်အရေးတစ်ခုနှင့်ကြုံတွေ့ရ မည်ဆိုသော ဆာဒူးကြီးပြောသွားသာစကားကိုပြန်ပြောလိုက် ခြင်းပင် ဖြစ်၏။

"ဒီလိုဆိုရင်တော့ လမ်းမှာတွေ့တဲ့တံတားတွေကို ရေ တွက်ပြီးမှတ်ထားရမယ်"

ဟုပြောပြီး သွားရာလမ်းမကြီးဖောက်နေသောနေရာနှင့် အတော်နီးသောနေရာသို့ရောက်သွားကြသည်

မိုင်းခွဲသံများ၊ သစ်ပင်ကြီးများလှဲချသံကိုပင် ကြားကြရ ပေပြီ။ လမ်းတစ်နေရာရောက်တော့ ခရီးတစ်ထောက်နားကြ သောအခါ ဇမုန်းထန်ကပြောသည်။

"ငါတို့လမ်းဖောက်တဲ့နေရာမှာဝင်ပြီး အလုပ်လုပ်ရင်နဲ့ ဝှပေါက်ကိုရှာကြမယ်၊ နင်က မိန်းကလေးလိုမနေနဲ့ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



လေးလိုအသွင်ပြောင်းပြီး နေမှရမယ်”

“ဘာဖြစ်လို့လဲ”

“အဲဒီမှာအလုပ်လုပ်နေကြတဲ့လူတွေမှန်သမျှ အနယ် နယ် အရပ်ရပ်ကလာကြတဲ့လူတွေချည်းပဲ. . . နောက်ပြီး ကု လားအလုပ်သမားတွေများတယ်. . . မိန်းကလေးလိုနေရင် နှင့် အတွက် အန္တရာယ်မကင်းဘူး”

ဟု သတိပေးသည်။

တကယ်တော့ ရွာမှထွက်လာကတည်းက ယာမီကိုမှာ ယောကျ်ားလေးတစ်ယောက်လိုပင် ဘောင်းဘီကြမ်း၊ အကျီကြမ်း များ ဝတ်ဆင်ထားလေသည်။

ဆံပင်ကိုနောက်ဘက်မှာ စုထုံးထားပြီး ဦးထုပ်ဟောင်း တစ်လုံးကို ခပ်အုပ်အုပ်ဆောင်းထားသောကြောင့် ရုတ်တရက် ကြည့်လျှင် ယောကျ်ားလေးတစ်ယောက်နှင့်အတော်ပင် တူလှ သည်။

ထို့နောက်မှာတော့ သူတို့သည် လမ်းဖောက်သောနေ ရာသို့ဦးတည်ပြီး သွားကြလေသည်။

သူတို့ရောက်သွားသောအချိန်မှာ မိုးကုန်စအချိန်ဖြစ် သောကြောင့် မိုးရာသီလောက်ရာသီဥတုမဆိုးလှတော့ပေ။

ထိုစခန်းသို့ရောက်သောအခါ လမ်းဖောက်ရေးတာဝန် ခံများထံမှာ စာရင်းပေးပြီး ဝင်လုပ်ကြလေသည်။

ဒီနေ့ရောက်ပြီး စာရင်းပေးလျှင် နောက်တစ်နေ့တွင် အလုပ်ကြမ်းလုပ်သောအဖွဲ့နှင့်အတူ တောထဲဝင်ပြီး အလုပ်လုပ်





ကြရသည်။

သူတို့သည် တောခုတ်သောအဖွဲ့တွင် တာဝန်ကျသည်။

တောခုတ်သောအဖွဲ့မှာ လမ်းဖောက်ရန် လျာထားသောလမ်းကြောင်းတစ်လျှောက်မှာရှိသော သစ်ပင်ကြီးငယ်များကိုခုတ်ထွင်ရှင်းလင်းကြရခြင်း ဖြစ်သည်။

တောခုတ်သမားများကလမ်းကြောင်းဖော်ပြီးလျှင် မြေတူးစက်များတက်လာပြီး မြေတူးကာ လမ်းဖောက်သည်။ အကြမ်းဖောက်ပြီးသောလမ်းများပေါ်မှာ ကျောက်တုံးကျောက်ခဲများခင်းပြီးလျှင် ကားများသွားလာ၍ ရပေသည်။

နီမောင်တို့ရောက်သွားသောအချိန်မှာ လမ်းဖောက်နေသောနေရာက ဟူးကောင်းတောင်ကြားဘက်သို့ရောက်နေချေပြီ။

ထိုနေရာတစ်ဝိုက်မှာ တောင်မြင့်ကြီးများရှိသည်။တောထူသည်။ ဟူးကောင်းကျားကဲ့သို့ လူကိုအန္တရာယ်ပေးနိုင်သော တောတိရစ္ဆာန်တို့ ပေါများသည်။

ရှေ့မှတောခုတ်ပေးရသော အလုပ်သမားများမှာလည်း အန္တရာယ်မျိုးစုံတို့နှင့်ကြုံတွေ့ရသည်။

ဆင်၊ ကျားကဲ့သို့သောတိရစ္ဆာန်အပြင် မျှော့၊ ကျွတ်၊ ခြင်ကောင်ကဲ့သို့ အကောင်သေးသလောက် သွေးစုပ်ကြမ်းသော သတ္တဝါများလည်းရှိသည်။

ထိုသတ္တဝါများမှာ အကောင်အရွယ်အစားသေးသော်လည်း လူကိုကပ်မိလျှင် ခွာမရတော့ပေ။ သွေးမဝမချင်း ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



မှခွာချမရပဲ သွေးဝတော့မှ အလိုလိုကွာကျသွားပေသည်။

ငှင်းတို့ကိုကွာစေလိုလျှင် ထုံး၊ ဆား၊ ဆေးရွက်ကြီး၊ တောထဲမှာငွေရှာရွက်ကိုပွတ်ချေပြီး လိမ်းထားပါက သွေးစုပ်သတ္တဝါများ မတွယ်ကပ်နိုင်ကြပေ။

ထိုစခန်းရောက်သည့်နေ့မှာပင် ဇမုန်းထန်က တောထဲမှာအလွယ်တကူရနိုင်သောငွေရှာရွက်များကိုပေးထားပြီး အကြောင်းရှိလျှင် အသုံးချပုံများကိုပါပြောပြထားသည်။

မနက်ပိုင်း တောထဲမသွားခင် တစ်ကိုယ်လုံး ငွေရှာရွက်ကိုချေပြီး အရည်ကိုလိမ်းထားပါက သွေးစုပ်သတ္တဝါများ မတွယ်ကပ်နိုင်ပေ။

လမ်းဖောက်သောနေရာတွင် နေရာအနှံ့မှခေါ်ဆောင်လာသောအလုပ်သမားမျိုးစုံ၊ လူမျိုးပေါင်းစုံတို့တွေ့ကြရသည်။

အများအားဖြင့်တော့ အိန္ဒိယ၊ မဏိပူရ၊ အာသံနယ်မှကုလားအလုပ်သမားများ၊ ဂေါရခါး၊ ပန်ချာပီအလုပ်သမားများ များစွာပါဝင်ပြီး ဒေသခံ ကချင်၊ ချင်း၊ နာဂ၊ ရှမ်း စသောဒေသခံအလုပ်သမားများလည်း ပါဝင်ကြသည်။

ထိုအလုပ်သမားများကို စားနပ်ရိက္ခာအပြင် တစ်နေ့ငါးကျပ်နှုန်း လုပ်အားခပေးသဖြင့် ပျော်ရွှင်စွာဖြင့် လုပ်ကိုင်ပေးနေကြလေသည်။

အင်ဂျင်နီယာနှင့်စစ်သားများက လမ်းဖောက်ရမည့်အကြောင်းများကို တိုင်းတွာသတ်မှတ်ပေးသည်။

ထိုအကြောင်းအတိုင်း တောရှင်းသူများ၊ သစ်ပင်ခုတ်၊





သစ်ပင်လှဲသူများ၊ ခုတ်ထွင်ပြီးသောသစ်ပင်များကိုရှင်းသူများက ဓား၊ လွ၊ ကပ်ပါးစသောလက်နက်များအသုံးပြုပြီး ခုတ်ထွင်ဖယ်ရှားပစ်ကြသည်။

မြေလမ်းကြောင်းပေါ်လာလျှင် မြေတူးစက်၊ မြေညှိစက်များရောက်လာပြီး အလုပ်လုပ်ကြသည်။

လမ်းနှင့်မလွတ်သောကျောက်တောင်၊ ကျောက်စွန်းများ၊ တောင်ကမ်းပါးယံများကိုပိုင်းခွဲပြီး ရှင်းသည့်အဖွဲ့ကရှင်းသည်။

မြေညှိပြီးလျှင် မြေသိပ်စက်ဖြင့်ဖိပြီးနောက် ကျောက်ခင်းသူ၊ မြေသားလောင်းသူ၊ မြောင်းဖောက်သူ၊ တံတားဆောက်သူတို့က သူ့တာဝန်နှင့်သူ နောက်မှလိုက်လုပ်ကြရသည်။

တံတားများမှာ လီဒိုမှ ယူနန်အထိ သုံးမိုင်လျှင် တံတားတစ်စင်းနှုန်းတည်ဆောက်ကြရာ လမ်းတစ်လျှောက်တွင် တံတားကြီး၊ တံတားငယ်ပေါင်း မြောက်များစွာ တည်ဆောက်ခဲ့ရသည်။

နီမောင်တို့အဖွဲ့ပင် ထိုစခန်းသို့ရောက်ခဲ့ကြသည်မှာ ရက်အတော်ကြာခဲ့ကြပေပြီ။

ထိုကာလအတွင်းမှာ ဘေးအန္တရာယ်အချို့နှင့်တွေ့ရသော်လည်း ပြောပလောက်အောင်မရှိကြသဖြင့် ရေးသားဖော်ပြခြင်း မပြုတော့ပေ။

နီမောင်နှင့်ယာမီကိုတို့နှစ်ယောက်အပါအဝင် တစ်ဖွဲ့လုံးမှာလည်း ရက်အတော်ကြာအောင် အတူနေ၊ အတူစား၊ အတူတူအလုပ်လုပ်ခဲ့ကြသဖြင့် တစ်ယောက်အကြောင်း တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်သိကြပြီး ခင်မင်ရင်းနှီးနေကြလေပြီ။

နီမောင်နှင့်ယာမီကိုတို့နှစ်ယောက်ဆိုလျှင် ပါးစပ်မှဖွင့်မပြောသော်လည်း တစ်ယောက်သဘော တစ်ယောက်ရိပ်မိနေကြလေပြီ။

ဇမုန်းထန်နှင့်လွယ်နောင်တို့နှစ်ယောက်ကလည်း ထိုအခြေအနေကိုရိပ်မိသော်လည်း ထွေထွေထူးထူးဝင်ရောက်ပြောဆိုခြင်း မပြုကြပေ။

သူတို့ရောက်ခဲ့ပြီး တံတားဆောက်သောအလုပ်များတွင် ပါဝင်လုပ်ကိုင်ခဲ့ကြရာ တံတား(၅)စင်းပြီးခဲ့ချေပြီ။

ယိုးဒယားမြန်မာလမ်းတွင် ဆောက်ခဲ့သောတံတား(၃)စင်းနှင့်ဆိုပါက တံတား(၈)စင်း ကျောက်ဖြတ်ပြီးခဲ့ပေပြီ။

တစ်ညမှာတော့ နီမောင်က ဦးမွန်ထော်ကိုပြောပြလိုက်သည်။

"အဘ. . . ကျွန်တော်တို့ ဒီရောက်မှတံတား(၅)စင်းဆောက်ပြီးသွားပြီ၊ ဟိုမှာ (၃)နဲ့ဆိုရင် တံတား(၈)စင်းပြီးသွားပြီ"

"နောက်ထပ်တံတားတစ်စင်းကျော်ပြီးရင် ငါတို့တွေရည်ရွယ်ချက်အောင်မြင်တော့မှာပါ. . . ဒါထက် ဇမုန်းထန်ငါတို့သွားရမယ့်လမ်းစတွေ့ရပြီလား"

"သိပ်မဝေးတော့ဘူးထင်တယ်. . . မြောက်ဘက်မှာမြင်နေရတဲ့တောင်မြင့်ကြီးတွေရှိတဲ့နေရာကို သွားကြရမယ်"

"ဒီနေရာကို ဘယ်လိုခေါ်ကြသလဲ"

"ကျွန်တော်တော့ မသိဘူး. . . သူတို့ပြောသံကြားတာ





တော့ 'အင်ဖာ'လို့တော့ ပြောသံကြားတယ်"

"ဟင် အင်ဖာ. . . ဟုတ်လား"

"ဟုတ်တယ် အဘ. . . ဘာဖြစ်လို့လဲ"

"အခုမှဆက်စပ်မိတော့တယ်. . . အင်ဖာဆိုတာ သာမန်နေရာမျိုးမဟုတ်ဘူး။ ပျောက်ကွယ်နေတဲ့ အင်ဖာရွှေမြို့တော်ကြီးရှိလို့ ဒီနာမည်ပေးထားကြတာပဲ"

"ဟင်. . . ရွှေမြို့တော်ကြီးဟုတ်လား"

"ဟုတ်တယ်. . . အင်ဖာရွှေမြို့တော်ဆိုတာ တစ်မြို့လုံး ရွှေတွေနဲ့ပြည့်နေတဲ့ရွှေမြို့တော်ကြီးပဲ"

"အံ့သြစရာပဲ"

"ဟုတ်တယ်. . . အင်ဖာရွှေမြို့တော်ကြီးကွယ်ပျောက်နေခဲ့တာ နှစ်ပေါင်းအတော်ကြာနေခဲ့ပြီ. . . အစအနကိုရှာလို့မတွေ့တော့တာ. . . အခုမှ နတ်ကောင်းနတ်မြတ်တွေက လမ်းညွှန်ပေးလို့ လမ်းစပေါ်လာတာဖြစ်မယ်"

ဦးမွန်ထော်စကားကြားသောအခါ အားလုံးအံ့သြနေကြလေသည်။

အင်ဖာရွှေမြို့တော်တည်ရှိခဲ့သောနေရာမှာ မြန်မာပြည်နယ်နိမိတ်နှင့်ခရီးမိုင်မဝေးလှပေ။ အနောက်မြောက်ဘက် မိုင် ၅၀ ဝန်းကျင်မျှသာကွာဝေး သောနေရာ၌ ရှိခဲ့သည်။

ပင်လယ်ရေပြင်အထက် ပေပေါင်း ၂၆၀၀ ခန့်မြင့်သောနေရာ၌ တည်ရှိခဲ့သည်။

သုံးဖက်သုံးတန်တွင် ပေပေါင်း ၈၀၀၀ ကျော်မြင့်သော

www.burmeseclassic.com



တောင်စဉ်တောင်တန်းများက ဝန်းရံထားလေသည်။

ရွှေထွက်ရာ အရပ်ဖြစ်သောကြောင့် တစ်မြို့လုံး နေအိမ်
အဆောက်အအုံမှစပြီး အသုံးအဆောင်ပစ္စည်းများအထိ ရွှေ
သားဖြင့်ချည်းပြုလုပ်ကာ အသုံးပြုခဲ့ကြသည်။

အင်ဖာ(အချို့က အင်ကာရွှေမြို့တော်ဟု ရေးသားဖော်
ပြကြသည်။) လူမျိုးများနေကြသောကြောင့် အင်ဖာရွှေမြို့တော်
ဟု ခေါ်ဝေါ်ကြသည်။

နောက်ပိုင်း ကျူးကျော်တိုက်ခိုက်သူများ ဝင်ရောက်လာ
သဖြင့် ရွှေမြို့တော်ကြီးတစ်ခုလုံး တစ်စမကျန်အောင် ဖျောက်
ဖျက်ခဲ့ကြရာမှ ကမ္ဘာပေါ်မှာပျောက်ကွယ်သွားသောမြို့ပျောက်
စာရင်းဝင်တစ်ခု ဖြစ်ခဲ့ရသည်။

ယခုတော့မမျှော်လင့်ပဲ သဲလွန်စတစ်ခုပေါ်လာခဲ့ချေပြီ
"ဒီရွှေမြို့တော်ကြီးသတင်းကိုသိကြတဲ့ ရတနာသိုက်ရှာ
ဖွေတဲ့မုဆိုးတွေဟာ ဒီနေရာကိုလာရောက်ရှာဖွေခဲ့ကြပေမယ့်
ဘယ်သူမှရှာမတွေ့ခဲ့ကြဘူး။ ဘေးအန္တရာယ်တွေကြောင့် ခေ
ကြေပျက်စီးပြီး ပြန်ပြေးခဲ့ကြရတယ်"

"ဒါဖြင့် ကျွန်တော်တို့ရှာတွေ့တယ်ဆိုရင်တော့ ...
ကောင်းတယ်လို့ဆိုရမှာပဲ"

"ဒါပေမယ့် လွယ်လွယ်နဲ့တော့ရမယ် မထင်ဘူး...
မမျှော်လင့်တဲ့အန္တရာယ်တွေနဲ့တွေ့ရနိုင်တယ် တခြားမကြည့်
ရွှေတုံးတွေရလာတဲ့အာလီကိုပဲကြည့်... ရှာပြန်ရောက်တာ
နဲ့သေတာပဲ"





"သတိတော့ ထားကြရမှာပေါ့... ဒါထက် ဇမုန်းထန်
ငါတို့သွားရမယ့်နေရာသေချာပြီဆိုရင်တော့ ဒီရက်ပိုင်းမှာပဲ
အစီအစဉ်လုပ်ပြီး ဒီနေရာကထွက်ကြရင်ကောင်းမယ်...
တော်ကြာ အင်္ဂလိပ်တွေရိပ်မိသွားရင် မလွယ်ဘူး"

"အဘ... ကောင်းသလိုသာစီစဉ်ပါ၊ ကျွန်တော်တို့က
တော့ နောက်ကလိုက်ကြရုံပါပဲ"

ဟု ပြောဆိုတိုင်ပင်ကာ စကားဝိုင်းသိမ်းလိုက်ကြလေ
သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၄)

# ဘာမှောင်ရိပ်ထဲမှာဘာန္တရာယ်

သူတို့သည် လမ်းဖောက်သောနေရာတွင် နောက်ထပ် ဘစ်ပတ်ခန့် အလုပ်လုပ်ကြပြီးနောက် အခွင့်သာသောတစ်နေ့ ၥွင် ထိုနေရာမှထွက်ပြေးခဲ့ကြလေသည်။

သူတို့သည် တောင်မြင့်ကြီးများရှိသောနေရာဘက်သို့ဦး ည်ကာ ခရီးဆက်ကြလေသည်။

စခန်းမှထွက်ဖို့ကြံစည်ကြစဉ်ကတည်းက အသားဗူး၊ ငါး နှင့်ရိက္ခာများ၊ ဆေးမှူးများပေးထားခဲ့သောဆေးများအပြင် း၊ ကပ်ပါး စသောလက်နက်များကိုပါ လူစေ့တက်စေ့ယူ ဆောင်လာခဲ့ကြသည်။

၎င်းတို့က တောရှင်း တောခုတ်ရသောအဖွဲ့တွင်ပါဝင်ရ

ဝဏ္ဏထွန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ထိုပစ္စည်းများကို အလွယ်တကူ ယူလာနိုင်ကြခြင်းဖြစ်လေသည်။

အလုပ်စခန်းမှ သူတို့တစ်ဖွဲ့လုံး ပျောက်သွားသော်လည်း မလုပ်ချင်သဖြင့် ပြန်သွားကြသည်ဟုသာထင်ပြီး မည်သူကမှ တကူးတက လိုက်လံရှာဖွေကြမည်မဟုတ်ပေ။

တစ်ခုပဲ ရှိသည်။ အင်္ဂလိပ်များ လမ်းဖောက်နေသောနေရာသို့ ဂျပန်စစ်တပ်များက မကြာခဏ လာရောက်တိုက်ခိုက်လေ့ရှိသဖြင့် သွားရင်းလာရင်းနှင့် တောထဲမှာ ဂျပန်စစ်သားများနှင့် ပက်ပင်းတိုးမှာကိုသာ စိုးရိမ်ရသည်။

ထိုသို့တိုးပါက လွယ်မည်မဟုတ်ပေ။ သို့ကြောင့် တောထဲမှာ သွားရင်းနှင့်သတိထားနေရသည်။

တစ်နေရာရောက်တော့ နားရင်းနှင့်နီမောင်က ပြောသည်။

"အဘ. . . ကျွန်တော်တို့တံတား ၈ စင်းကျော်ခဲ့ပြီးပြီနော်၊ ဆာဒူးကြီးပြောသွားတဲ့အတိုင်းဆိုရင် နောက်ထပ်ကျော်ဖြတ်စရာ တံတားတစ်စင်းပဲကျန်တော့တယ်"

ထိုအခါ ဦးမှန်ထော်ကပြောသည်။

"နောက်ထပ်ဖြတ်ဖို့ကျန်တဲ့ တံတားတစ်စင်းက အာလီဖြတ်ခဲ့တဲ့ ကျောက်တံတားကြီးပဲဖြစ်ဖို့ များတာပေါ့"

"ဒါထက် အဲဒီတံတားကြီးကပျောက်နေတယ်ဆို. . ."

"ပျောက်နေတယ်ဆိုပေမယ့် သူတောင်မြင်ရလို့ တံတားပေါ်ကဖြတ်ပြီး တစ်ဖက်ဂူထဲက ရွှေတုံးတွေတောင် ယူလာခဲ့မှာပဲ ပျောက်တဲ့အခါ ပျောက်. . . ပေါ်တဲ့အခါ ပေါ်နေလို့ဖြစ်မှာပေါ့"

"အတော်ထူးဆန်းတာပဲနော်"

"တကယ်လို့ ဟိုနေရာရောက်အောင်သွားရင် ဒါထက်ဆန်းကြယ်တာတွေ တွေ့ရနိုင်သေးတယ်"

ဟု ပြောလေသည်။

ဤသို့ဖြင့် တစ်ရက်ပြီးတစ်ရက်ခရီးဆက်ခဲ့ကြရာ လမ်းဖောက်နေသောနေရာနှင့် အတော်ဝေးလာခဲ့ပေပြီ။

မိုင်းခွဲသံများပင် သိပ်မကြားရတော့ပေ။

သုံးရက်မြောက်သောနေ့မှာတော့ တောင်မြင့်ကြီးများဝန်းရံနေသောနေရာသို့ ရောက်သွားကြလေသည်။

ထိုနေရာနှင့်မနီးမဝေးရောက်သွားသောအခါ အချိန်မရှိတော့သဖြင့် ကျောက်တောင်နံရံ၌ရှိသောဂူပေါက်တစ်ခုထဲသို့ဝင်ကာ နားကြလေသည်။

ထင်းရှာ၊ ရေရှာသူကရှာ၊ မီးမွှေးသူက မွှေး၊ မီးရလာသောအခါ အစားအသောက်များစီစဉ်သူက စီစဉ်နှင့်အလုပ်ရှုပ်နေကြသည်။

အစားအသောက်ကလည်း ထွေထွေထူးထူး ချက်ပြုတ်နေစရာမလိုပဲ ပါလာသောအသားဗူး၊ ငါးဗူးများဖောက်ပြီး အခြားအစားအသောက်များနှင့်ရောနှောစားသောက်ကြခြင်းပင်ဖြစ်သည်။

မီးဖိုပေါ်မှာ တန်းဆွဲပြီး ကျိုထားသောရေနွေးအိုးထဲသို့







www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ခြောက်ခါးခါးခပ်ပြီး ပူပူနွေးနွေးသောက်ရသည်မှာ အရသာရှိလှပေသည်။

တစ်နေ့လုံး ပင်ပန်းထားသမျှ ပြေပျောက်သွားစေသည်။

စားသောက်ပြီးကြသောအခါ ကင်းစောင့်သူကစောင့်ပြီး ကျန်လူများက အိပ်ကြလေသည်။

ညဦးပိုင်းအချိန်မှာ နီမောင်က ကင်းစောင့်သည်။

သူက ဓားတစ်လက်ကို နံဘေးမှာချထားပြီး လက်ဖက်ရည်သောက်ရင်း စောင့်နေသည်။

ကျန်လူများကတော့ တစ်နေ့လုံးပင်ပန်းလာကြသည်ကတစ်ကြောင်း. . . . ဝမ်းပြည့်အောင်လည်း စားသောက်ကြရသဖြင့် မီးဖိုမှ အပူငွေ့ဖြင့် အိပ်ကြရာ မကြာမီ ဟောက်သံများပင်ထွက်လာပြီး အိပ်ပျော်ကြလေပြီ။

အပြင်ဘက်မှာတော့ အမှောင်ရိပ်များဖုံးလွှမ်းစပြုလာချေပြီ။ တောင်မြင့်ကြီးများကြား၌ ရောက်နေသောကြောင့် ပိုပြီးမှောင်နေသည်။

ညဦးပိုင်းအချိန်ရောက်တော့ နှင်းများ တဖွဲဖွဲကျလာသည်။ ထိုကဲ့သို့ နှင်းများကျလာသောကြောင့် ပိုပြီး ဝိုးတဝါးဖြစ်သွားတော့သည်။

ပတ်ဝန်းကျင်၌ ရှိနေသောအရာဝတ္ထုများကိုပင် ဝိုးတဝါးမြင်ရတော့သည်။

ညဦးပိုင်းအချိန်ရောက်တော့ ညပိုင်းရောက်မှအစာရှာထွက်လာသောတောတောင်ကြီးများ အသံကိုကြားကြရသည်။





ကျားဟိန်းသံ၊ ကျားသစ်အော်သံ၊ ဝက်ဝံအော်သံများကို နေရာအနှံ့မှ ကြားရသည်။

အချို့အော်သံများက အတော်နီးပြီး အချို့အော်သံများက အတော်ဝေးဝေးမှကြားရခြင်းဖြစ်သည်။

အခြားတောတိရစ္ဆာန်အကောင်ငယ်ကလေးများက ညမှာအိပ်ပြီး နေ့ဘက်ရောက်မှအစာရှာထွက်ကြသည်။

တောကောင်ကြီးများကတော့ ထိုသို့မဟုတ်ပေ။

အရိပ်ကောင်းသောတစ်နေရာမှာ တစ်နေကုန်အိပ်နေတတ်ပြီး ညအချိန်ရောက်မှအစာရှာရန် ထွက်လာလေ့ရှိကြသည်။

သူတို့အတွက် နေ့အချိန်ထက် ညဘက်တွင် အစာရှာထွက်ခြင်းက သားကောင်ကိုဖမ်းမိစေရန် အခွင့်အရေးပိုရစေသောကြောင့်ဖြစ်သည်။

ညဘက်အိပ်ပျော်နေသော တောကောင်ငယ်လေးများမှာ တောကောင်ကြီးများအော်သံ၊ ဟိန်းဟောက်သံများကြားရပါက ကြောက်လန့်တကြားဖြစ်ကာ အမှောင်ထဲ၌ ပြေးမိပြေးရာ ပြေးရင်းမှ တောကောင်ကြီးများ ရှေ့ရောက်သွားကာ အလွယ်တကူ ဖမ်းဆီးသတ်ဖြတ်ခံကြရသည်။

ညအချိန် အမဲလိုက်ထွက်လာသောတောကောင်ကြီးများမှာ တစ်ကောင်တည်းလာလေ့မရှိပဲ နှစ်ကောင် သုံးကောင်စုပေါင်းပြီး ထွက်လေ့ရှိသည်။

ဒါက စုပေါင်းပြီး အမဲလိုက်သောနည်းတစ်မျိုးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သုံးကောင်လာလျှင် တစ်နေရာစီခွဲလိုက်သည်။

တစ်ကောင်က ဟိန်းသံ၊ အော်သံပေးလိုက်လျှင် ကြောက်လန့်တကြား ပြေးထွက်လာသောသားကောင်ကို ကျန်နှစ်ကောင်က စောင့်ဖမ်းသည်။ ပြေးပေါက်မရှိပေ။

သားကောင်ကိုဖမ်းမိလျှင် သုံးကောင်မျှဝေစားသည်။

သို့သော် စည်းကမ်းတော့ရှိသည်။

သားကောင်ကိုဖမ်းမိသောကျားက အရင်စားသောက်ခွင့်ရပြီး ကျန်နှစ်ကောင်က နောက်မှစားသောက်ရသည်။

နီမောင်က လက်ဖက်ရည်သောက်ရင်း အပြင်ဘက်မှ အခြေအနေကိုကြည့်ရာ မနီးမဝေးနေရာမှဖြတ်သွားသောပုံရိပ်သဏ္ဌာန်အချို့ကို လှမ်းမြင်ရသော်လည်း သဲသဲကွဲကွဲတော့ မမြင်ရပေ။

မည်သည့်တောတိရစ္ဆာန်ဖြစ်စေ လူနှင့်မီးဖိုရှိသောနေရာသို့ မလာကြပေ။ မြင်သည်နှင့်ပင် ဝေးဝေးရှောင်သွားလေ့ရှိကြသည်။

တောထဲမှာမီးပုံရှိလျှင် မကောင်းဆိုးဝါးများလည်း အနားမကပ်ဝံ့ကြပေ။

နီမောင်ထိုင်နေစဉ် သူရှိရာသို့ ယာမီကိုရောက်လာပြီး မီးပုံနံဘေးမှာထိုင်သည်။

နီမောင်က လက်ဖက်ရည်တစ်ခွက်ငှဲ့ပြီး လှမ်းပေးတော့ ယူပြီးသောက်သည်။

"နင် အိပ်မပျော်ဘူးလား"





"ပျော်ပါတယ်. . . တစ်ရေးနိုးလို့ထလာတာ၊ နင်အိပ်ချင်ရင် အိပ်ပါလား၊ ငါစောင့်ပေးမယ်"

ယာမီကိုစကားကြားတော့ နီမောင်က တစ်ချက်ပြုံးလိုက်သည်။

"ရပါတယ်. . . ငါ မအိပ်ချင်သေးပါဘူး"

"ဒါထက် မေးရဦးမယ်. . . နင်တို့မြောက်ဖျားဘက်ကို လာကြတာ. . . ရွှေတုံးတွေရှာဖို့လားဟင်"

"မဟုတ်ပါဘူး. . . ရွှေတုံးတွေအကြောင်းက နင်တို့ရွာရောက်မှသိရတာပါ"

"ရွှေတုံးတွေရခဲ့ရင်ရော. . . တစ်ခါတည်း ပြန်သွားမှာလား"

"ပြန်ရမှာပေါ့. . . ဟိုမှာ ငါ့အဖေနဲ့အမေရှိသေးတယ်၊ ငါက မိဘတွေကိုလုပ်ကျွေးနေရတာ"

"တခြားမိသားစုတွေကော မရှိဘူးလား"

နီမောင်က ခေါင်းခါပြလိုက်သည်။

"ငါတို့ပြန်ရင် နင် အလည်လိုက်ခဲ့ပါလား၊ ငါတို့နေတဲ့နေရာမှာ မြို့တွေ ရွာတွေလည်းရှိတယ်၊ လူတွေလည်း အများကြီးရှိတယ်. . . ပျော်စရာကောင်းတယ်"

"လိုက်တော့ လိုက်ချင်တာပေါ့. . . ဒါပေမယ့် အဝေးကြီးရယ် ဟိုရောက်သွားရင် ငါ ပြန်လာတတ်မှာမဟုတ်တော့ဘူး"

"ဒီတော့လည်း ဟိုမှာပျော်ရင် တစ်သက်လုံးနေပေါ့"

"ဟင်. . . ငါ့ကို ဘယ်သူကခေါ်ထားပေးမှာမို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ ခေါ်ထားမှာပေါ့. . . နင်ပျော်ရင် ငါက တစ်သက်လုံး ခေါ်ထားချင်တာ"

ထိုစကားကြောင့် ယာမီကိုမျက်နှာပေါ်မှာ ရှက်သွေးဖြာသောအရိပ်အယောင်အချို့ ယှက်သန်းသွားသည်။

သူမအနေဖြင့် နာဂမိန်းမပျိုတစ်ယောက်ဖြစ်သဖြင့် လူပျို အပျိုဆောင်မှာလည်း သွားအိပ်ဖူးသည်။

ယောက်ျားပျိုများနှင့်လည်း နီးနီးကပ်ကပ်တွေ့ဖူးသည်။

သို့သော် ယခုလိုမျိုးတော့ ရင်မခုန်ခဲ့ဖူးပေ။

နာဂယောက်ျားပျိုများ၏ လူပျိုစကားပြောခြင်းကိုလည်း အကြိမ်ပေါင်းများစွာ ကြားခဲ့ရဖူးသည်။

ယခုလို ရှက်သွေးဖြာခြင်းမျိုးလည်းလည်းမရှိခဲ့။ စိတ်ဝင်စားမှုလည်း တစ်ကြိမ်တစ်ခါမမှ မဖြစ်ခဲ့ဖူးသေးပေ။

ယခုတော့ နီမောင်ပြောနေသောစကားကိုနားထောင်နေရင်းနှင့်ရှက်နေသလို ရင်ခုန်နေသလို ခံစားနေမိလေသည်။

"နင်ပြောနေတာ လူပျိုစကားလားဟင်"

သူမက ပွင့်ပွင့်လင်းလင်းမေးလိုက်တော့ နီမောင်ကပြုံးပြီး ခေါင်းညိတ်ပြသည်။

"ဟုတ်ပါတယ်. . . နင်သဘောပေါက်တယ် မဟုတ်လား"

"သိပ်တော့ နားမလည်ပါဘူး. . . စိတ်ထဲကတော့ သိနေသလိုပဲ"

"ဒီတော့ ငါ့ကိုစိတ်ဆိုးသလား"





"ဟင့်အင်း. . . ဒါ စိတ်ဆိုးစရာမှမဟုတ်တာ. . . ငါ အပျိုဘဝရောက်ကတည်းက လူပျိုစကားအပြောခံခဲ့ရတာ အကြိမ်မနည်းတော့ပါဘူး"

"နင့်မှာ ချစ်သူရှိနေပြီလား"

သူမက ခေါင်းခါပြသည်။

"ဒါဖြင့် ငါ့အချစ်ကိုလက်ခံပေးပါလား၊ နင်သဘောတူရင် လူကြီးတွေဆီမှာခွင့်တောင်းလက်ထပ်ပြီး တစ်ခါတည်း ခေါ်သွားမယ်လေ"

"ငါစဉ်းစားနေတာက တခြားမဟုတ်ပါဘူး၊ ငါတို့က တွေ့ရတာ သိပ်မကြာသေးတော့ နင် ငါ့အပေါ်မှာ တကယ်ချစ်တာလား၊ မဟုတ်ဘူးလားဆိုတာတော့ သေသေချာချာ မသိရသေးဘူး"

"မှန်ပါတယ်. . . ဒါ နင့်ဘက်ကစဉ်းစားရမယ့် အခွင့်အရေးတစ်ခုပါပဲ၊ ငါဘက်ကပြောဝံ့တာကတော့ နင့်ကိုတကယ်ချစ်တာပါ. . . တစ်သက်လုံး သစ္စာရှိရှိနဲ့လက်တွဲသွားဖို့လည်း စိတ်ကူးထားပါတယ်"

"နင် ဒီက မပြန်ခင်တော့ ငါ့သဘောကိုပြောပါ့မယ်"

နီမောင်က ကျေကျေနပ်နပ်နှင့်ပင် ခေါင်းညိတ်ပြလိုက်သည်။

အချိန်ကလည်း တဖြည်းဖြည်းနှင့်ညဉ့်နက်ပိုင်း အချိန်ဘက်သို့ရောက်လာချေပြီ။

အပြင်ဘက်မှာ နှင်းများက ပိုများသဖြင့် တစ်နေ့ရာနှင့်



www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာမမြင်နိုင်လောက်အောင် ဖြစ်လာလေသည်။

နီမောင်နှင့်ယာမီကိုတို့နှစ်ယောက် မီးပုံနံဘေးမှာထိုင်ရင်း အေးအေးဆေးဆေးစကားပြောနေကြစဉ် အပြင်ဘက်မှ တော၁တိုးလာသောခြေသံအချို့ကြားရသဖြင့် စကားဖြတ်ပြီး လှမ်းကြည့်လိုက်ကြသည်။

နှင်းများပိတ်ဆီးနေသောကြောင့် ခြေသံသာကြားရပြီး သဲသဲကွဲကွဲတော့ မမြင်ရသေးပေ။

နီမောင် စိတ်ထဲမှာတော့ အစာရှာထွက်လာသောတောကောင်ကြီးတစ်ကောင် သူတို့ရှိရာဘက်သို့ရောက်လာခြင်းဖြစ်မည်ဟု ထင်မိသည်။

ထိုအခိုက်မှာပင် ကြားနေရသောခြေသံက တဖြည်းဖြည်းနီးလာသကဲ့သို့ရှိပြီး နှင်းတောထဲမှာလှုပ်ရှားမှုတစ်ခုကိုပင် ဝိုးတဝါး လှမ်းမြင်လာရသည်။

နီမောင်ထင်ထားသလို တောတိရစ္ဆာန်တစ်ကောင်နှင့်တော့ မတူလှပေ။

လူဝံတစ်ကောင်ကဲ့သို့ ခန္ဓာကိုယ်ထွားကျိုင်းပြီး အရပ်အမောင်းမြင့်မားသော လူတစ်ယောက်နှင့် တူလှသော ပုံပန်းသဏ္ဌာန်မျိုး ဖြစ်သည်။

"လူဝံတစ်ကောင်ထင်တယ်"

နီမောင်က ခပ်တိုးတိုးရေရွတ်လိုက်သည်။

"လူဝံမဟုတ်ဘူး... လူဝံကို ငါမြင်ဖူးတယ်"

"ဒါဖြင့် ဘာလဲ... လူနဲ့တူပေမယ့် ဒီလောက်ခန္ဓာ





ကိုယ်အရွယ်အစားကြီးနေတာ လူတော့မဖြစ်နိုင်ဘူး... ဘီလူးများဖြစ်နေသလား"

ထိုစကားကြောင့် ယာမီကိုပင်မျက်လုံးပြူးသွားသည်။

"ဘီလူး... ဟုတ်လား"

"ငါထင်တာ ပြောတာပါ... မသေချာပါဘူး"

သူတို့နှစ်ယောက်အချင်းချင်းပြောနေကြစဉ် အိပ်နေကြသူများနိုးလာပြီး ထကြည့်ကြသည်။

နှင်းတောထဲမှာရပ်နေသောသဏ္ဌာန်ကြီးကို လှမ်းမြင်သောအခါ မျက်လုံးပြူးသွားကြသည်။

"ဘာကောင်လဲ"

"လူတော့လူပဲ... ဒါပေမယ့် လူမဟုတ်ဘူး"

"ဟာ စကားကလည်း နှစ်လုံးတည်းနဲ့ကပ်ရှုပ်နေပြန်ပြီ... လူမဟုတ်ရင် ဘာကောင်လဲ"

"ငါလည်း မသိဘူး"

ထိုအခါ ဇမုန်းထန်က တစ်စုံတစ်ခုကိုသတိရသဖြင့် ပြောလိုက်သည်။

"ငါ အခုမှသတိရတယ်... အာလိတစ်ယောက်ရွှေတွေယူပြီး ပြန်လာတော့ သေကာနီးကယောင်ကတမ်း အော်ပြောသွားတာရှိတယ်"

"ဘာလဲ"

"ဘီလူးကြီးတွေလာနေပြီတဲ့... သူပြောတာမှန်ရင် အခု မြင်နေရတာ ဘီလူးကြီးများဖြစ်နေမလား"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် နည်းနည်းတော့ စိုးရိမ်စိတ်ဝင်သွားကြသည်။

အကယ်၍ဝင်လာလျှင် တိုက်ခိုက်ရန်အတွက် လက်နက်များကိုလည်း အဆင်သင့်ကိုင်ထားလိုက်ကြသည်။

သို့သော် နှင်းတောထဲမှာရပ်နေသောသတ္တဝါကြီးကတော့ ရှေ့တိုးမလာပဲ နေရာမှာ ရပ်မြဲရပ်နေလေသည်။

အတန်ကြာတော့မှ နောက်ကြောင်းသို့လှည့်ပြီး တောထဲသို့ဝင်သွားလေတော့သည်။

ထိုအခါမှ သက်ပြင်းချနိုင်ကြတော့သည်။

ထိုညက ဘယ်သူမှပြန်မအိပ်ကြတော့ပဲ လက်ဖက်ရည်သောက်ရင်း၊ စကားပြောရင်းနှင့်စောင့်နေကြသော်လည်း နောက်ထပ်အခြေအနေကတော့ မထူးခြားပါချေ။



## အခန်း(၁၅)

## ပျောက်ကွယ်နေသောရွှေမြို့တော်

နောက်တစ်နေ့ နံနက်ပိုင်းအချိန်တွင် အစားအသောက်များကစားသောက်ပြီး ခရီးဆက်ကြလေသည်။

ဇင်းတို့သည် အာလီပြောထားခဲ့သည့်အတိုင်း တောင်ခြင့်ကြီးသုံးလုံး ဖိုခနောက်ဆိုင်ရှိနေသောနေရာဆီသို့ ဦးတည်သွားကြရာ တောင်တက်လမ်းများချည်း ဖြတ်သွားကြရသည်။

ပေပေါင်း နှစ်ထောင်ကျော်၊ သုံးထောင်ခန့်မြင့်သောတောင်ကြောပေါ် ရောက်လာသည်အထိတော့ ကြီးကြီးမားမားသားအန္တရာယ်အနှောက်အယှက်မျိုး မတွေ့ကြရပေ။

ညက နှင်းတောထဲမှာ အန္တရာယ်ရိပ်အငွေ့တစ်ခုကိုတွေ့မြင်ခဲ့ကြရသဖြင့် သတိဖြင့်သွားကြရာ လမ်းတစ်လျှောက်လုံး



www.burmeseclassic.com

www.burmeseclassic.com



မှာတော့ ထိုပုံသဏ္ဌာန်နှင့်တူသောသတ္တဝါကိုမျှပင် မတွေ့ကြရပေ။

ဤသို့ဖြင့် နားလိုက်၊ သွားလိုက်ဖြင့် တဖြည်းဖြည်းသွားကြရာ တောင်မြင့်ကြီးသုံးလုံး ဖိုခနောက်ဆိုင်ဖြစ်နေသောနေရာနှင့် မဝေးလှသောတောအုပ်အတွင်းသို့ ရောက်သွားကြသည်။

ထိုနေရာရောက်တော့ ခဏနားကြသည်။

"ဒီတောအုပ်ကျော်ရင်တော့ အာလိရောက်ခဲ့တဲ့ ကျောက်ဂူကို မဝေးတော့ဘူး"

"ဒါပေမယ့် ဒီတောအုပ်ထဲကဖြတ်သွားရမှာတော့ စိတ်ထဲကတစ်မျိုးပဲ"

လွယ်နောင်က တောအုပ်အခြေအနေကြည့်ကာပြောသည်။

"ဘယ်လိုဖြစ်လို့လဲ"

"ကြည့်ပါလား. . . တောထဲမှာ ငှက်တွေရော မျောက်တွေရော တစ်ကောင်မှမမြင်ရဘူး၊ အသံလည်းမကြားရဘူး. . . မထူးခြားဘူးလား"

"ထူးတော့ထူးခြားပါတယ်. . . ဒါပေမယ့် အကြောင်းတစ်ခုခုကြောင့် ငြိမ်သက်နေတာလည်း ဖြစ်နိုင်တာပဲ၊ ပြောရရင်တော့ မုန်တိုင်းမကျခင် ငြိမ်သက်နေတာမျိုးပေါ့"

ထိုသို့ပြောပြီး သစ်ပင်ကြီးတစ်ပင်အောက်၌ ခဏနားနေကြစဉ် တောအုပ်ထဲမှထူးခြားသောအသံအချို့ကို စတင်ကြားလာရသည်။





"ရှီး. . . ရှီး. . . ရှီး. . . ရှီး"

လေချွန်သံကဲ့သို့ အသံများက သူတို့ရှိနေသောပတ်ဝန်းကျင်တစ်ဝိုက်မှနေရာအနှံ့ကြားလာရခြင်း ဖြစ်သည်။

"ရှီး. . . ရှီး. . . ရှီး. . . ရှီး"

"ဘာသံတွေလဲ"

"မြွေတွန်သံတွေ မဟုတ်လား"

"များလှချည်းလား"

"တစ်ခုခုအကြောင်းရှိနိုင်တယ်. . . သတိထားကြ"

ဟု ဇမုန်းထန်က သတိပေးလိုက်သည်။

ထိုအခိုက်မှာပင် မြွေတွန်သံများကဲ့သို့ အသံများက တဖြည်းဖြည်းပိုနီးလာပြီး လှုပ်ရှားသံများပေါ် ထွက်လာသည်။

လှုပ်ရှားသံများက နေရာအနှံ့မှကြားလာရသည်။

အခြေအနေက တဖြည်းဖြည်းနှင့်သိသာလာသည်။

ချုံများ၊ တောင်ပို့များ၊ တွင်းပေါက်များထဲမှရှိသမျှ မြွေများ ထွက်လာကြသည်။

သစ်ပင်ပေါ်၌နေသောမြွေများ အောက်သို့ဆင်းလာကြသည်။

ထိုမြွေများသည် တရှီးရှီးနှင့်အသံပေးရင်း အခြားတစ်နေရာမှ အသံကြားရာသို့သွားကြလေသည်။

နီမောင်တို့ရှိနေသောသစ်ပင်ကြီးပေါ်မှ အလောတကြီးဆင်းလာသောမြွေအချို့မှာ အောက်သို့ပြုတ်ကျကာ သူတို့ကိုယ်ပေါ်ရောက်လာသော်လည်း အန္တရာယ်မပေးပဲ အသံများကြား



www.burmeseclassic.com

www.burmeseclassic.com



ရာသို့သာ အလောတကြီးသွားနေကြသည်။

"မြွေတွေကို ဘာမှမလုပ်ကြနဲ့ . . . ခေါင်းပေါ်မှာဦးထုပ်ဆောင်းထားကြ၊ အဝတ်တင်ထားကြ"

ဟု ဇမုန်းထန်ကသတိပေးသဖြင့် အဝတ်များ၊ ခေါင်းဆောင်းများကို ဦးခေါင်းပေါ်တင်ကာ ငြိမ်နေကြသည်။

သစ်ပင်ပေါ်မှပြုတ်ကျလာသော (အချို့ခုန်ချလာဟန်ရှိသည်။) မြွေများမှ သစ်ပင်အောက်၌ရှိနေကြသည့်နီမောင်တို့ဦးခေါင်းပေါ်နှင့်ကိုယ်ပေါ်သို့ ပြုတ်ကျလာသော်လည်း မည်သို့မှအန္တရာယ်မပေးပဲ အလောတကြီးနှင့်ပင် ထွက်သွားကြလေသည်။

၎င်းတို့ထွက်သွားသောနေရာမှာ 'တရှိုးရှိုး' နှင့် အသံများပေါ်ထွက်နေသောနေရာဘက်သို့ဖြစ်သည်။

ထိုအခါမှ ပတ်ဝန်းကျင်သို့ကြည့်လိုက်ရာ နေရာအနှံ့မှထွက်လာသောမြွေများမှာ ချုံများ၊ သစ်ပင်များနှင့်မြေပြင်ပေါ်မှာပြည့်နေတော့သည်။

မြွေအမျိုးအမည်စုံလင်လှပြီး အဆိပ်ရှိသည့်မြွေရော အဆိပ်မရှိသည့်မြွေများပါ ရောထွေးလျက်ရှိသည်။

အကောင်အရွယ်အစားကလည်း လက်မောင်းလုံးပေါင်လုံးလောက်အကောင်ကြီးများမှအစ ခြေမလက်မ၊ လက်သန်းများလောက်အထိ အရွယ်အစားမျိုးစုံပါဝင်သည်။

အချို့မြွေများက တိုတိုတုတ်တုတ်ပင်ရှိသော်လည်း အချို့မြွေများက အလျားအတော်ရှည်ကြသည်။

မည်သို့ပင်ဖြစ်စေ. . . .





အရွယ်အစားအမျိုးမျိုးပါဝင်သောမြွေများသည် တရှိုးရှိုးနှင့်မြွေတွန်သံများပေါ်ထွက်နေသောနေရာဘက်သို့ ဦးတည်သွားနေကြသည်။

တောထဲတွင် မြွေမိတ်လိုက်နေခြင်းဖြစ်သည်။

ထိုကဲ့သို့မိတ်လိုက်ရာမှာ တစ်ကောင်ချင်း နှစ်ကောင်ချင်းမဟုတ်ပဲ ပတ်ဝန်းကျင်တစ်ဝိုက်မှာရှိရှိသမျှသော မြွေများစုပေါင်းပြီး မိတ်လိုက်ကြခြင်းဖြစ်သည်။

ပထမတော့ တစ်ကောင်ချင်း နှစ်ကောင်ချင်းမှစသည်။

ခဏကြာတော့ ထိုနေရာသို့ အခြားမြွေမျိုးစုံတို့ရောက်လာကြပြီး ဝင်ရောက်လုံးထွေးကာ မိတ်လိုက်ကြရာမှ တဖြည်းဖြည်းနှင့်အလုံးကြီးလာသည်။

နောက်ဆုံးတော့ ကြီးမားသောမြွေလုံးကြီးဖြစ်လာပြီး ဘစ်နေရာမှတစ်နေရာ လိမ့်သွားနေတော့သည်။

ထိုမြွေလုံးကြီးလိမ့်ကျလာသောအခါ သစ်ပင်သစ်ကိုင်းများ၊ ကျောက်တုံးကျောက်စွန်းများဖြင့် ထိမိခိုက်မိသဖြင့် အပိုင်းပိုင်းပြတ်ကျန်ခဲ့သည်။

အချို့လည်း အကောင်းကြီးသောမြွေများ ရစ်ပတ်၍သော်လည်းကောင်း၊ မြွေအလုံးကြီးဖိမိ၍သော်လည်းကောင်း အပိုင်းပိုင်းပြတ်ကျန်ခဲ့သည်။

မြွေအလုံးကြီးဖြတ်သွားရာလမ်းတစ်လျှောက်တွင် မြွေအပိုင်းအပြတ်များစွာတို့ ကျန်ခဲ့သည်။

ထိုမြွေများမှာ ထက်ပိုင်းပြတ်သွားသော်လည်း အသက်



www.burmeseclassic.com

www.burmeseclassic.com



မသေသေးသောကြောင့် လွန့်လူးကာ ကျန်ခဲ့သည်။

မိတ်လိုက်နေသောမြွေလုံးကြီးထဲမှာတော့ အဆိပ်မရှိသောမြွေ၊ အဆိပ်ရှိသောမြွေတို့ရောထွေးနေသည်။

သို့ကြောင့် အဆိပ်မရှိသောရေမြွေနှင့်အဆိပ်ပြင်းသောငန်းမြွေတို့မိတ်လိုက်ရာမှ ပေါက်လာသောမြွေသည် ရေမြွေပင်ဖြစ်သော်လည်း အဆိပ်ရှိနေတတ်သည်။

ရေမြွေအမ၏ရုပ်ပင်ဖြစ်သော်လည်း အဆိပ်ပြင်းသောငန်းမြွေ၏ဗီဇပါသဖြင့် အဆိပ်ရှိနေခြင်းဖြစ်၏။

သို့ကြောင့် ရေမြွေကိုက်သဖြင့် သေရသည်ဆိုခြင်းမှာ အခြားမဟုတ်ပေ။

ထိုအကြောင်းကြောင့်ပင် ဖြစ်ပေသည်။

မြွေမှန်သမျှ အဆိပ်ရှိသည်ဖြစ်စေ အဆိပ်မရှိသည်ဖြစ်စေ မထေမဲ့မြင် မပြုလုပ်သင့်ပါချေ။

နီမောင်တို့မှာ အဝတ်များကိုခေါင်းပေါ်တင်ထားရင်း မလှုပ်ဝံ့ကြသေးပဲ အခြေအနေကိုကြည့်နေကြသည်။

မကြာမီ မြွေတွန်သံများက တဖြည်းဖြည်းနီးလာသည်။

တဝေါဝေါနှင့်လိမ့်ဆင်းလာသောအသံကြီးကို ကြားရသည်။

ထိုအသံကြီးနှင့်အတူ သစ်ကိုင်းကျိုးသံ၊ သစ်ပင်လှုပ်ခတ်သံများကြားရပြီးနောက် မရှေးမနှောင်းမှာပင် တောစပ်မှ မြွေလုံးကြီးလိမ့်ထွက်လာသည်။

သူတို့ရောက်နေသောနေရာနှင့်မဝေးလှပေ။





မြွေလုံးကြီးဖိမိသောကြောင့် သစ်ပင်ငယ်ကလေးများ ကျိုးပဲ့ပိပြားကုန်သည်။

ပတ်ဝန်းကျင်တစ်ဝိုက်မှာရှိနေကြသော အခြားမြွေများကလည်း အခြားဘာကိုမှဂရုမစိုက်တော့ပဲ တရှီးရှီးမြည်သံပြုလျက် မြွေလုံးကြီးရှိရာသို့ပြေးသွားကာ ဝင်ရောက်လုံးထွေးကြသည်။

မြွေလုံးကြီးက အရွယ်ကြီးလာသောအခါ တစ်နေရာမှ တစ်နေရာသို့ ဘောလုံးတစ်လုံးကဲ့သို့လိမ့်နေရာမှနောက်တော့ တောစောင်းတစ်ခုမှအောက်ဘက်သို့ တဝေါဝေါဖြင့် လိမ့်ဆင်းသွားလေတော့သည်

ထိုမြွေလုံးကြီးကြီးလိမ့်ကျသွားရာ လမ်းတစ်လျှောက်မှာတော့ မြွေအပိုင်းအပြတ်များက နေရာအနှံ့အပြားကျန်ခဲ့လေတော့သည်။

နောက်တော့ တဖြည်းဖြည်းနှင့်အသံများဝေးသွားကာ ပျောက်သွားတော့သည်။

ထိုအခါမှပင် နီမောင်တို့လည်း သက်ပြင်းချကာ အသက်ဝအောင်ရှူနိုင်ကြတော့သည်။

"ကဲ. . . ငါတို့လည်း အချိန်ရှိတုန်း ရှေ့ကိုခရီးဆက်ကြရအောင်၊ လမ်းမှာတော့ မြွေအပိုင်းအပြတ်တွေ အများကြီးရှိနေလိမ့်မယ်၊ အဲဒါတွေနဲ့မထိမိကြစေနဲ့၊ မိတ်ရိုန်တက်နေတဲ့မြွေထိမိရင် ဆေးမမီဘူး"

ဟု ဦးမွန်ထော်ကသတိပေးသဖြင့် ရှေ့သို့ခြေလှမ်းနိုင်ပင်



www.burmeseclassic.com

www.burmeseclassic.com



မရဲတရဲ ဖြစ်နေကြသေးသည်။

နောက်မှ မြွေလုံးကြီးလိမ့်ကျလာသောနေရာနှင့်ဝေးရာမှ ကွင်းလျှောက်ကြရလေသည်။

ထိုနေရာနှင့်အတော်ဝေးဝေး ရောက်လာတော့မှ မျောက်အော်သံ၊ ငှက်အော်သံနှင့်အခြားတိရစ္ဆာန်များအော်သံကို ကြားကြရသည်။

"စောစောက တောတစ်တောလုံး တိတ်ဆိတ်ငြိမ်သက်နေတာ. . . မြွေတွေမိတ်လိုက်ကြတော့မှာသိလို့ ကြောက်လို့ ငြိမ်နေကြတာ ဖြစ်မယ်"

ထိုကဲ့သို့စကားတပြောပြောဖြင့်လျှောက်လာကြရာ တောအုပ်မှထွက်ခဲ့ကြသည်။

တောအုပ်အပြင်ဘက်ရောက်တော့ အပေါ်မှမိုးနေသောတောင်မြင့်ကြီးသုံးလုံးကို မြင်ကြရသည်။

တောင်ကြီးသုံးလုံးမှာ ဖိုခနောက်ဆိုင်အနေအထားမျိုးရှိပြီး ပေပေါင်း အတော်မြင့်သဖြင့် မော့ကြည့်လျှင်ပင် တောင်ထိပ်သို့မမြင်ကြရပေ။

ထိုနေရာရောက်တော့ရပ်လိုက်ပြီး ဇမုန်းထန်ကပြောသည်။

"ဒီဖိုခနောက်ဆိုင်ရှိနေတဲ့ တောင်မြင့်ကြီးသုံးလုံးရှိတဲ့နေရာဟာ အာလိရောက်ခဲ့တဲ့နေရာပဲဖြစ်မယ်၊ အဲဒီကျောက်တောင်နံရံတွေမှာ ဂူပေါက်ဝတွေ အများကြီးရှိတယ်"

ထိုသို့ပြောပြီး တောင်မြင့်ကြီးသုံးလုံးရှိရာသို့တက်ခဲ့ကြ





လေသည်။

တောင်မြင့်ကြီးများရှိသောနေရာရောက်ဖို့ပင် မြေပြင်မှ ပေ ၃၀၀၀ နီးပါး တက်ကြရပေရာ ညနေပိုင်းအချိန်ရောက်တော့မှ တောင်ရင်ပြင်ပေါ်သို့ရောက်သွားကြသည်။

ထိုနေရာရောက်တော့ ကျောက်တောင်နံရံများ၌ မြောက်များစွာသော ဂူပေါက်ဝများကိုတွေ့ကြရသည်။

"ဂူပေါက်ဝတွေက အများကြီးပဲ ဘယ်ဂူပေါက်ထဲဝင်ရမလဲ"

"ဒါတော့ မသိသေးဘူး. . . ဒီနေရာရောက်တော့မှ စိတ်ရှည်ရှည်နဲ့လိုက်ကြည့်ရမှာပဲ. . . လောလောဆယ်တော့ ဒီညအတွက်နားဖို့ ဂူပေါက်တစ်ပေါက်ရှာကြရမယ်"

ဟုပြောပြီး သင့်တော်သောဂူပေါက်တစ်ခုထဲဝင်ပြီး စခန်းချကြလေသည်။

ထုံးစံအတိုင်း ရေရှာ၊ ထင်းရှာပြီး ဂူထဲမှာမီးဖိုကြီးတစ်ဖိုဖိုပြီး အစားအသောက်များ စားသောက်ရင်းမှပင် မှောင်စပျိုးလာချေပြီ။

ထိုနေရာသည် သူတို့အတွက် စိမ်းသောနယ်မြေတစ်ခုဖြစ်သောကြောင့် မည်သူမှကောင်းစွာ မအိပ်ကြပဲ စကားပြောရင်း စောင့်ကြသည်။

ညဥ့်နက်ပိုင်း အချိန်ရောက်သည်အထိ ထူးထူးခြားခြားမတွေ့ရတော့မှ အဖွဲ့ခွဲပြီး အိပ်သူအိပ်၊ စောင့်သူကစောင့်ပေးကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်၊ စောထီး၊ ငမဲအောင်တို့သုံးယောက်က ညဥ့်နက်ပိုင်းအချိန် စောင့်ပေးကြသည်။

သူတို့စောင့်ပေးတော့ ကျန်လူများက စိတ်ချလက်ချ အိပ်ကြလေသည်။

ထုံးစံအတိုင်း အိပ်ချင်စိတ်ပြေစေရန်နှင့်လက်ဖက်ရည် ခါးခါးသောက်ရင်း စကားပြောနေကြသည်။

"နီမောင်. . . မင်း ကောင်မလေးနဲ့အဆင်ပြေသွားပြီလား"

"ငါ့သဘောကတော့ ဖွင့်ပြောပြီးပြီ. . . သူ့သဘောတော့ မသိရသေးဘူး"

"အဆင်ပြေမှာပါ. . . သူကလည်း မင်းကို စိတ်ဝင်စားနေပုံရပါတယ်"

"တကယ်လို့ သူကလက်ခံရင် မင်းက ဘယ်လိုလုပ်မှာလဲ"

"သူ့မိဘတွေဆီမှာ ခွင့်တောင်းလက်ထပ်ပြီး ခေါ်သွားမယ်လေ"

"သူက လက်မခံခဲ့ရင်ကော"

"ဒါကတော့ ကံတရားပဲပေါ့"

"ဒီလောက်စိတ်မလျှော့ပါနဲ့. . . ကောင်မလေးက မင်းသဘောကိုလက်ခံမယ် ထင်ပါတယ်"

ဟု စောထီးနှင့်ငမဲအောင်က အားပေးကြသည်။

ညဥ့်နက်ပိုင်းအချိန်ရောက်သောအခါ ထူးခြားသောအသံများကြားကြရသည်။





အသံကြားရသောနေရာက တောင်မြင့်ကြီးသုံးလုံးအလယ်နေရာဘက်ဆီမှဖြစ်သဖြင့် သုံးယောက်သားအပြင်သို့ထွက်ကြည့်ကြသည်။

ကွက်လပ်နေရာမှာတော့ အံ့ဩစရာ. . . မြင်ကွင်းအချို့ကိုလှမ်းမြင်ကြရသည်။

အခြားမဟုတ်ပေ။

ထိုနေရာမှာ မီးရောင်များ လင်းထိန်နေသည်။

မီးရောင်ကြောင့် ရွှေရောင်ဝင်းလက်နေသောအဆောက်အဦးများကိုပါ လှမ်းမြင်ရသည်။

ထိုအဆောက်အဦးများကြားမှာ သွားလာနေကြသောလူများကိုလည်းမြင်ရသဖြင့် များစွာ အံ့ဩသွားကြလေသည်။

"အင်ဖာရွှေမြို့တော်ကြီးများလား"

နီမောင်က တအံ့တဩရေရွတ်လိုက်သည်။

"ငါတို့ ဒီနေရာရောက်စက ဘာမှမမြင်ရပါဘူး. . . အခုမှ ဘယ်နေရာကရောက်လာတာလဲ"

"ဟုတ်ပါရဲ့ အံ့ဩစရာပဲ. . . လူတွေမှဟုတ်ရဲ့လား"

စောထီးနှင့်ငမဲအောင်ကလည်း အံ့ဩနေကြသည်။

"ဒါမျိုးတွေက ငါတို့မသိနိုင်ဘူး. . . အဘတို့ကိုခေါ်ပြမှဖြစ်မယ်"

ဟုပြောပြီး အိပ်နေသူများကိုနှိုး၍ အကျိုးအကြောင်းပြောပြီး အားလုံးအပြင်ဘက်သို့ထွက်ကြည့်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေရောင်တဝင်းဝင်းနှင့်အဆောက်အဦးနှင့် သွားလာနေသောလူများကိုတွေ့မြင်ရသောအခါ တအံ့တသြ ဖြစ်နေကြသည်။

"အင်ဖာရွှေမြို့တော်ကြီး တကယ်ရှိခဲ့တာပါလား"

ဟု ဦးမွန်ထော်က ရေရွတ်လိုက်လေသည်။

"အခုမြင်နေရတာကရော ဘာတွေလဲဟင်"

"ဝိညာဉ်တွေပဲဖြစ်မှာပေါ့. . . အင်ဖာရွှေမြို့တော်ကြီး ပျောက်ကွယ်သွားတာ နှစ်ပေါင်းများစွာ ကြာခဲ့မှုပဲ. . . ရှေးနှစ်ပေါင်းများစွာက ဒီတောင်မြင့်ကြီးသုံးလုံးရဲ့အလယ်မှာ အင်ဖာရွှေမြို့တော်ကြီးရှိနေခဲ့ပုံပဲ"

"ဒီတော့ ဘယ်လိုလုပ်ကြမလဲအဘ"

"ဘာမှလုပ်လို့မရသေးဘူး. . . သူတို့ အဲဒီမှာ ဘယ်အချိန်ထိရှိနေပြီး ဘယ်အချိန်မှာ ဘယ်ဂူပေါက်ထဲကိုဝင်သွားတယ်ဆိုတာ ကြည့်နေရမယ်"

ဟုပြောရင်း ကြည့်နေကြရာ အပြင်ဘက်မှာ နှင်းများကြောင့် ချမ်းအေးလှသည်ကိုပင် သတိမမူမိကြပဲရှိကြလေသည်။

ရွှေမြို့တော်ကြီးအတွင်းမှာ သွားလာနေကြသောလူများကတော့ သူတို့အချင်းချင်းပြောဆိုနှုတ်ဆက်ရင်း တစ်နေရာမှ တစ်နေရာ သွားလာနေကြသည်။

နီမောင်တို့ရှိနေသောနေရာနှင့် အနည်းငယ်ဝေးသော်လည်း ထွန်းထားသောမီးရောင်များကြောင့် မြင်ကွင်းများကို အတိုင်းသား မြင်နေရသည်။





ပြောဆိုနေသောအသံများကိုလည်း အတိုင်းသားကြားနေကြရသည်။

တစ်ညလုံး ထိုကဲ့သို့သွားလာနေကြရာမှ အရှေ့ဘက်တောင်ပေါ်မှ အာရုဏ်ဦးအလင်းရောင်များတက်လာသောအခါမှာတော့ မနီးမဝေးမှာရှိသောဂူပေါက်ဝတစ်ခုအတွင်းသို့ အားလုံးဝင်သွားကြလေတော့သည်။

သူတို့အားလုံး ဂူထဲဝင်ရောက်သွားပြီးသောအခါ လင်းနေသောမီးရောင်များပျောက်သွားကာ ပကတိအခြေအနေအတိုင်း ပြန်လည်မှောင်မည်းသွားတော့သည်။

"သူတို့ဝင်သွားတဲ့ဂူပေါက်ဝကိုသာ သေသေချာချာ မှတ်ထားကြပေါ့၊ မနက်ဖြန် အဲဒီဂူပေါက်ထဲကို ငါတို့ဝင်ကြရလိမ့်မယ်"

ဟုပြောဆိုကာ မိမိတို့စခန်းချနေသောဂူအတွင်းသို့ပြန်ဝင်လာကြလေသည်။

အပြင်ဘက်မှာတော့ အာရုဏ်ဦးအလင်းရောင်များ တက်စပြုလာချေပြီ. . .။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၆)

## နဝမမြောက်မရဏတံတား

နောက်တစ်နေ့ နံနက်ပိုင်းအချိန်မှာတော့ ရာသီဥတုက သာယာနေသည်။

မြူနှင်းများကြားမှ နေရောင်ခြည်ပင်လင်းလက်နေသည်။

နီမောင်တို့လည်း အစားအသောက်များကို ဝမ်းဝအောင်စားသောက်ပြီးနောက် အပြင်သို့ထွက်ခဲ့ကြသည်။

တောင်မြင့်ကြီးများခံနေသောကြောင့် နေရောင်ခြည်က အလယ်ကွက်လပ်နေရာသို့မရောက်သေးပေ။

သို့ကြောင့် ထိုနေရာတစ်ဝိုက်တွင် မြူနှင်းများက ဝေ့ဝဲနေလျှင်ပင်ရှိသေးသည်။

ဝဏ္ဏထွန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုလွင်ပြင်မှာတော့ ဘာမှမရှိတော့ပေ။

ညက မီးရောင်များ အောက်မှာမြင်တွေ့ခဲ့ရသောရွှေရောင်တဝင်းဝင်းနှင့် အဆောက်အဦးများသည် လည်းကောင်း၊ လူများသည်လည်းကောင်း ဘာမှမရှိတော့ပေ။

လွင်ပြင်ကျယ်ကြီးသဖွယ်ဖြစ်နေသော ကွက်လပ်ကြီးသာလျှင် ရှိနေသည်။

သူတို့အဖွဲ့သည်ပါလာသောလက်နက်များကို ကိုယ်စီကိုယ်ငှကိုင်လျက် လွင်ပြင်ကျယ်နေရာသို့ဆင်းလာကြသည်။

သူတို့တွင် ဓားနှင့်ကပ်ပါး(ရဲဒင်းအကြီးစား)လောက်သာပါကြပြီး အခြားလေးမြားလက်နက်ပင်မပါကြပေ။

အဘယ်ကြောင့်ဆိုသော် လမ်းဖောက်သောချွေးတပ်စခန်းမှထွက်လာကြသောကြောင့် ဖြစ်သည်။

သို့သော်လည်း အသွားထက်လှသောကပ်ပါးကြီးများကတော့ အားကိုးလောက်သောလက်နက်မျိုးဖြစ်သည်။

အရိုးရှည်တပ်ထားသောကပ်ပါးဖြင့် ခုတ်လျှင် လူမဆိုထားနှင့်ခြေသလုံး၊ ပေါင်လုံးခန့်သစ်ပင်ဆိုလျှင်ပင် တစ်ချက်နှစ်ချက်ထက် ပိုမခုတ်ရပေ။

အချို့ဆိုလျှင် တစ်ချက်ခုတ်ရုံနှင့်တိကနဲပြတ်ကျသွားလောက်အောင် အသွားထက်လှသောလက်နက်ပစ္စည်းဖြစ်သည်။

သူတို့အဖွဲ့တွင် သစ်ခုတ်ရာတွင် အသုံးပြုသောဓားများအပြင် ထိုကပ်ပါးမျိုးနှစ်လက်ပါလာသည်။





သူတို့သည် ကွက်လပ်ရှိရာသို့ဆင်းလာကြပြီး ညကလူများဝင်သွားသောဂူပေါက်ဝရှိရာဘက်သို့သွားကြလေသည်။

ဂူပေါက်ဝရောက်ပြီး အတွင်းသို့အခြေအနေကြည့်တော့ ဘာမှမတွေ့ရပေ။

ဂူကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

သို့ကြောင့် အတွင်းသို့ဝင်ကြည့်ကြသည်။

ဂူမှာ ထုံးကျောက်ဂူမျိုးဖြစ်ပြီး အတွင်းမှာ အတော်ပင်ကျယ်ဝန်းလေသည်။

ဂူတစ်ဂူလုံး ထုံးကျောက်ခဲများ အမှုန့်များဖြင့် ဖြူဖွေးနေသည်။

"သတိထားကြ. . . အထဲဝင်ကြည့်ကြမယ်"

ဇမုန်းထန်က ပြောပြောဆိုဆိုနှင့်ရှေ့မှဝင်သွားရာ ကျန်လူများကလည်း လက်နက်များကို အဆင်သင့်ကိုင်ကာ နောက်မှလိုက်ကြလေသည်။

အတွင်းရောက်သောအခါ ဂူနံရံများပေါ်မှာပြုလုပ်ထားသောရုပ်ထုအမြောက်အများကို တွေ့ကြရသည်။

နှစ်ပေါင်းများစွာကြာမြင့်ပြီဖြစ်သောကြောင့် ရုပ်ထုအချို့မှာပြိုပျက်နေသော်လည်း ကျောက်နံရံပေါ်မှာထွင်းထုထားသောရုပ်ထုများကတော့ ရှိသေးသည်။

အချို့ရုပ်ထုများမှာ မိန်းမရုပ်ထုများဖြစ်ပြီး အများအားဖြင့်တော့ တိရစ္ဆာန်ရုပ်ထုများနှင့် ကြောက်မက်ဖွယ်ကောင်းသောပုံပန်းသဏ္ဌာန်ဖြစ်သောရုပ်ထုများပင် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုရုပ်ထုများမှာ ထုံးကျောက်ရေများကြောင့် ဆေးသုတ်ထားသကဲ့သို့ဖြူဖွေးနေကြသည်။

"ဒါ အင်ဖာလူမျိုးတွေနေသွားခဲ့တဲ့နေရာဟောင်းတွေဖြစ်ဖို့များတယ်၊ ပျောက်ကွယ်နေတဲ့အင်ဖာမြို့ဟောင်းကြီးရဲ့သဲလွန်စတွေပဲ"

ထိုသို့ပြောရင်း ရှေ့ဆက်သွားရာအတွင်းသို့ရောက်သောအခါ အနည်းငယ်မှောင်လာလေသည်။

သို့သော် အဖြူရောင်ထုံးကျောက်များကြောင့် အတန်အသင့်အလင်းရောင်ရနေလေသည်။

သို့ကြောင့် မီးတုတ်များပင်မလုပ်တော့ပဲ ဖြည်းဖြည်းချင်း အဟွင်းသို့ဝင်သွားကြသည်။

ဂူမှာအတွင်းရောက်သော်လည်း အတော်ပင်ကျယ်ဝန်းနေသည့်အပြင် လမ်းမှားစရာမရှိပဲ လမ်းပေါက်တစ်ခုသာတွေ့ရလေသည်။

တစ်နေရာရောက်သောအခါမှာတော့ မြေပေါ်မှာပြန့်ကျဲနေသောလူအရိုးစုတစ်ခုကို တွေ့ကြရသည်။

အရိုးစုများမှာတစ်ခုချင်းစီဖြစ်ကာ ပြန့်ကျဲနေသည်။

ဂူထဲမှာအချိန်အတော်ကြာအောင် သွားမိသောအခါ တစ်ဘက်ဂူပေါက်ဝမှဝင်လာသောအလင်းရောင်အချို့ကို လှမ်းမြင်ကြရသည်။

"ဒီဂူက နှစ်ဘက်ထွက်ပေါက်ရှိတဲ့လိုဏ်ခေါင်းလိုဂူမျိုးပဲ"

ထိုသို့ပြောပြီး ခပ်သုတ်သုတ်သွားကြသောအခါ ဂူပေါက်





ဝမှထွက်ကာ အပြင်ဘက်သို့ရောက်သွားကြသည်။

သူတို့ရောက်သွားသောနေရာမှာ ချောက်ကမ်းပါးနံရံတစ်ခု၌ဖြစ်ပြီး ရှေ့ဆက်သွား၍မရတော့ပေ။

လှမ်းကြည့်လိုက်တော့ သူတို့ရှေ့မှာနက်ရှိုင်းသောချောက်ကမ်းပါးကြီးသာရှိနေပြီး တံတားတော့မတွေ့ကြရပေ။

"အာလီကူးသွားတုန်းက ဒီနေရာမှာ ကျောက်တံတားတစ်ခုရှိတယ်လို့ပြောတယ်၊ အခု ဘာမှမရှိပါလား"

"သူတောင် ကူးသွားသေးတာပဲ ရှိရမှာပေါ့"

ထိုသို့ပြောပြီး ဦးမွန်ထော်ရှေ့သို့တိုးကြည့်သည်။

ထိုအချိန်တွင် နေရောင်ခြည်က ကောင်းစွာ ရနေပြီဖြစ်ရာ ချောက်ကမ်းပါးအတွင်းသို့ထိုးကျနေသည်။

ဦးမွန်ထော်က ချောက်ကမ်းပါးစွန်းနေရာသို့သွားကာ ချောက်ထဲသို့ငုံ့ကြည့်လိုက်သည်။

"မင်းက ရှေ့မှာရှိနေတဲ့တံတားကိုမြင်မှ မမြင်ပဲကိုး၊ ဟို ချောက်ထဲမှာကြည့်လိုက်ပါလား၊ ကျောက်တံတားကြီးက ရှိနေတာပဲ"

"ဟင်. . . ဘယ်မှာလဲ"

ထိုအခါမှ ဇမုန်းထန်အပါအဝင် အနီးမှာရှိနေသူများက ရှေ့သို့တိုးကြည့်ကြသည်။

"ဟိုမှာလေ"

ဦးမွန်ထော်က ချောက်ထဲတွင် နေရောင်ခြည်ကြောင့် ပေါ်နေသောကန့်လန့်ဖြတ်အရိပ်မည်းကြီးကို လက်ညှိုးထိုးပြလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"တံတားအရိပ်ကြီးပါလား. . . တံတားက ဘယ်ပျောက်နေတာလဲ"

"ရှိပါတယ်. . . ငါလက်တွေ့ပြပါမယ်"

ထိုသို့ပြောပြီး ဝါးလုံးတုတ်တစ်ချောင်းကိုယူပြီး ထိုနေရာ၊ တစ်ဝိုက်သို့လိုက်ယမ်းကြည့်ရာ မကြာမီ တစ်ခုခုနှင့်ထိမိသောအသံမျိုး ပေါ်လာသည်။

"ဒေါင်. . . ဒေါင်. . . ဒေါင်"

"ဒီနေရာမှာ ကျောက်တံတားရှိတယ်"

"ငါ့အထင်ပြောရရင်တော့ တံတားတစ်ခုလုံးကို ပြဒါးလို့ဆေးတွေသုတ်ထားတာဖြစ်မယ်. . . ဒါကြောင့် နေ့ဘက်အလင်းရောက်ရလာရင် တံတားက တဖြည်းဖြည်းပျောက်သွားပြီ၊ ညဘက်မှောင်လာတော့မှ တံတားကပြန်ခေါ်လာတာမျိုးဖြစ်မယ်၊ ဒါကြောင့် အာလီကူးလာတုန်းက တံတားမြင်နေရပြီးနောက်တော့ ပျောက်သွားတာ ဖြစ်နိုင်တယ်"

ထိုအခါမှ သဘောပေါက်သွားကြလေသည်။

သို့သော်လည်း တံတားရှိနေမှန်းသိနေပါသော်လည်း မမြင်ရသဖြင့် တစ်ဘက်သို့ဘယ်လိုကူးရမှန်းမသိအောင် ဖြစ်နေကြသည်။

"ဒါဖြင့် ဘယ်လိုကူးကြမလဲ အဘ"

"ငါစီစဉ်ပါ့မယ်. . . စောထီးနဲ့ငမဲအောင် ဂူထဲမှာရှိတဲ့ ထုံးကျောက်မှုန့်တွေကိုရသမျှ အဝတ်နဲ့ထုပ်ပြီး ယူလာခဲ့ကြ"





ဟု ခိုင်းသဖြင့် လွယ်နောင်ပါလိုက်သွားပြီး သုံးယောက်သားဂူထဲပြန်ဝင်သွားကြလေသည်။

ခဏကြာတော့ အထုပ်တစ်ထုပ်စီဆွဲကာ ပြန်ထွက်လာကြသည်။

ဦးမွန်ထော်က ၎င်းတို့ယူလာသောအထုပ်တစ်ထုပ်ထဲမှ ထုံးကျောက်မှုန့်များကို လက်ဖြင့်ယူပြီး ကျောက်တံတားရှိလောက်သောနေရာသို့မှန်းကာ ဖြူးချလိုက်လေသည်။

ထိုသို့ဖြူးချလိုက်သောအခါ အဖြူရောင်လမ်းကြောင်းပေါ်လာလေတော့သည်။

အနံ့သုံးပေခန့်ကျယ်သောကျောက်တံတားကြီးပင် ဖြစ်သည်။

"အံ့ဩစရာပဲ"

"ရန်သူတွေရောက်လာရင် ကူးစရာတံတားမရှိလို့ ပြန်လှည့်သွားအောင်စီမံထားတဲ့တံတားပျောက်တစ်ခုပဲပေါ့"

"အခုတံတားတွေ့ပြီဆိုတော့ ကူးကြမလား"

ဇမုန်းထန်က တက်ကြွသောအမူအယာဖြင့်မေးလိုက်သည်။

"နေဦး. . . အရမ်းကူးသွားလို့မဖြစ်သေးဘူး၊ အာလီကူးသွားတုန်းက ဟိုဘက်ဂူထဲမှာ အန္တရာယ်တစ်ခုနဲ့တွေ့ခဲ့ရပုံပဲ"

"သူမသေခင်က ဘီလူးလို့အော်နေတာပဲ. . . လမ်းမှာတုန်းကတွေ့ခဲ့ရတဲ့သတ္တဝါကြီးများ ဖြစ်မလားပဲ"

"ဒီတော့ ဟိုဘက်မကူးခင် အန္တရာယ်နဲ့တွေ့ရင်ဘယ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နည်းရင်ဆိုင်မယ်၊ တကယ်လို့ အန္တရာယ်ကောင်လိုက်လာရင် ဘယ်ပုံဘယ်နည်းထွက်ပေါက်ရအောင်လုပ်မယ်ဆိုတာ အရင်စီစဉ်ထားသင့်တယ်. . . ပြီးမှကူးကြရင် မကောင်းဘူးလား"

"ကောင်းပါတယ်"

ထိုသို့တိုင်ပင်ပြီး နည်းအမျိုးမျိုးစဉ်းစားကြလေသည်။

သူတို့ဆီမှာ လက်နက်ကြီးကြီးမားမားမပါကြပေ။

ထို့ကြောင့် အခြားနည်းဗျူဟာသုံးရန် ကြံစည်စိတ်ကူးကြသည်။

သူတို့အထဲတွင် ဇမုန်းထန်နှင့်လွယ်နောင်တို့က အမဲလိုက်ကျွမ်းကျင်သူများ ဖြစ်သည်။

တောကောင်များကို သုတ်ကိုင်းများ၊ ထောင်ချောက်များဆင်ပြီး ဖမ်းဆီးနိုင်ကြသူများဖြစ်သဖြင့် သူတို့နှစ်ယောက်ကပင် ဦးဆောင်ပြီး ပြုလုပ်ကြသည်။

ဦးစွာ ကျောက်တံတားအနီးမှာရှိသောအရင်းက ပေါင်လောက်ရှိပြီး အဖျားက ခြေသလုံးလောက်ရှိပြီး သစ်ပင်ရှည်အချို့ကိုဖြတ်ယူပြီး အရွက်နှင့်သစ်ကိုင်းများကိုခုတ်ယူသည်။

ထို့နောက် တစ်ဖက်မှာ တိုင်ငုတ်၊ သစ်ပင်တို့တွင်စိုက်ပြီး အရင်းသားက နွယ်ကြိုးဖြင့် ခိုင်ခံ့အောင် တုပ်နှောင်ထားသည်။

အဖျားပိုင်းကိုတော့ နွယ်ကြိုးကြီးတစ်ချောင်းဖြင့် ချည်လျက် အတော်ဝေးဝေးသို့ဆွဲယူသွားသောအခါ လေးကိုင်းသဖွယ် ကိုင်းညွတ်သွားသည်။

ကြိုးကို သစ်ပင်တစ်ပင်မှာချည်ထားပြီး အကြောင်းရှိပါ





က ထိုနွယ်ကြိုးကိုခုတ်ဖြတ်လိုက်ပါက သုတ်ကိုင်းသဖွယ်ကန်ထွက်သွားပြီး တံတားပေါ်မှာရှိနေသောအရာကို တံတားပေါ်မှ လွင့်စဉ်ကျအောင် ရိုက်ချစေနိုင်သောနည်းပင်ဖြစ်သည်။

အားလုံးအဆင်သင့်ပြင်ပြီးတော့မှ ထိုဂူပေါက်ထဲမှာပင် မိုးချုပ်သည်အထိ အချိန်စောင့်ကြလေသည်။

နေဝင်သွားပြီး အလင်းရောင်ပျောက်သွားသောအခါ ကျောက်တံတားကြီးက ရေးရေးပေါ်လာသည်။

ညဦးပိုင်းအချိန်ရောက်၍ မှောင်သွားသောအခါ ကျောက်တံတားကြီးကို အထင်းသားမြင်ကြရသည်။

ကျောက်တံတားကြီးမှချောက်ကမ်းပါးနှစ်ခုပေါ်တွင် မေးတင်နေရာ အင်ဖာလူမျိုးတို့ပြုလုပ်ခဲ့သလား. . . ဒါမှမဟုတ် သဘာဝအတိုင်းဖြစ်ပေါ်နေသလားတော့ မသိကြရ ပေ။

"တံတားကြီးတော့ မြင်နေရပြီ. . . ဟိုဘက်ကိုကူးကြမယ်၊ ဒါပေမယ့် အားလုံးကူးလို့တော့မဖြစ်ဘူး၊ တချို့က ဟိုဘက်ကူးသွားပြီး အခြေအနေကြည့်မယ်. . . တချို့က ဒီဘက်မှာစောင့်နေကြမယ်"

ထိုသို့ပြောသောအခါ လူခွဲရန်တိုင်ပင်ကြသည်။

နီမောင်၊ စောထီး၊ ငမဲအောင်၊ သံပချိုင်၊ ဇမုန်းထန်တို့ငါးယောက်က တစ်ဘက်ကို့ကူးသွားကြမည်ဖြစ်ပြီး ဒီဘက်ကမ်းမှာတော့ ဦးမွန်ထော်နှင့်လွယ်နောင်၊ ယာမီကိုတို့မောင်နှမနှစ်ယောက်ကျန်ခဲ့ကြမည် ဖြစ်သည်။

တစ်ဘက်သို့ကူးမည့်အဖွဲ့တွင် ဓားများနှင့်ကင်းပါးတစ်



www.burmeseclassic.com

www.burmeseclassic.com



လက်ပါသည်။

အကယ်၍ ရွှေတုံးများ အဆင်သင့်တွေ့ပါကထည့်ယူရန် ခြင်းတောင်းနှင့်အိတ်အချို့ကိုလည်း တစ်ပါတည်း ယူဆောင်သွားကြသည်။

ထို့နောက် အချင်းချင်းပြုလုပ်မည့်အစီအစဉ်များကိုပြောပြီးနောက် ရှေ့ဆင့်နောက်ဆင့်ဆိုသလို ကျောက်တံတားပေါ်မှစတင်ကူးကြလေသည်။

ရှေ့ဆုံးမှဇမ္ဗူန်းထန်ကနေပြီး နီမောင်က နောက်ဆုံးနေရာမှလိုက်လေသည်။

ကျောက်တံတားမှာ ဗျက်အကျယ်သုံးပေခန့်ရှိသဖြင့် လူတစ်ယောက် ကောင်းစွာ ကူးနိုင်သည်ဆိုသော်လည်း အောက်တွင် ပြဒါးများရှိနေသဖြင့် နှင်းရေနှင့်ထိသောအခါ ချောနေသည်ကတစ်ကြောင်း၊ နံဘေးမှာအကာအရံမရှိသည်က တစ်ကြောင်း။

လေပြင်းပြင်းတိုက်သောအခါ ဟန်ချက်မပျက်စေရန်ထိန်းရသည်မှာခက်ခဲသည်က တစ်ကြောင်းကြောင့် သတိကြီးစွာထားပြီး ကူးကြရသည်။

အထူးသဖြင့် ပြဒါးများဖြင့် ချောနေသောကျောက်သားပေါ်မှာခြေချော်မကျသွားစေရန် ထိန်းလျှောက်ရသည်မှာ အခက်ခဲဆုံးဖြစ်သည်။

အကယ်၍ ဘယ်လိုအကြောင်းမျိုးနှင့်ဖြစ်စေ တံတားအောက်သို့ပြုတ်ကျသွားပါက အသက်ရှင်စရာအကြောင်းမရှိနိုင်ပါချေ။





ငါးယောက်သား သတိကြီးစွာထားကာ တဖြည်းဖြည်းကူးသွားကြရာ နောက်ဆုံးမှာတော့ တစ်ဘက်ချောင်းကမ်းပါးပေါ်သို့ရောက်သွားကြသည်။

ထိုအခါမှ အသီးသီးအသက်ဝအောင် ရှူကြရလေသည်။

ငါးယောက်သား တစ်ဘက်ကမ်းပါးပေါ်ရောက်သည်အထိတော့ အခြေအနေက မထူးခြားသေးပေ။

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

မုန်တိုင်းမကျခင် ငြိမ်သက်နေခြင်းမျိုးလည်း ဖြစ်ကောင်းဖြစ်နိုင်ပေသည်။

ထို့နောက် အခြေအနေကိုကြည့်ပြီးနောက် အသင့်ယူလာသောမီးတိုင်နှစ်တိုင်ကို မီးထွန်းလိုက်လေရာ မီးအလင်းရောင်ကြောင့် ပတ်ဝန်းကျင်ကိုမြင်ရလေသည်။

သူတို့ရောက်နေသောနေရာနှင့်မနီးမဝေးနေရာမှာ အတန်အသင့်ကျယ်သောဂူပေါက်ဝတစ်ခု ရှိနေသည်။

ထို့ကြောင့် ထိုဂူပေါက်ဝရှိရာသို့သွားကြလေသည်။

အပေါက်ဝရောက်ပြီး မီးရောင်ဖြင့်အခြေအနေကြည့်တော့လည်း မထူးခြားသဖြင့် အတွင်းသို့ဝင်ကြည့်ကြသည်။

အပေါက်ဝမှာတော့ ထူးထူးခြားခြား ဘာမှမတွေ့ရပေ။

ဂူနံရံများမှာတော့ ကျောက်သားကိုထွင်းထုထားသောရုပ်ပုံများကို တွေ့ရသည်။

အချို့ရုပ်ပုံများကိုမြင်သောအခါ နီမောင်က တစ်ခုတစ်



www.burmeseclassic.com

www.burmeseclassic.com



ခုကိုသကိရသဖြင့် ၎င်းလည်ပင်းမှာဆွဲထားသောအိတ်ထဲမှ ဆာဒူးကြီးပေးထားခဲ့သောကြေးပြားလေးကိုထုတ်ယူပြီး ကြည့်လိုက်သည်။

ကြေးပြားတစ်ဘက်တစ်ချက်၌ ပါသောရုပ်ပုံနှစ်ခုမှာ ဂူနံရံ၌ထွင်းထားသောရုပ်ပုံများနှင့်တစ်ထေရာတည်း တူနေလေတော့သည်။

နီမောင်က ကြေးပြားလေးကို အိတ်ထဲပြန်ထည့်ထားလိုက်သည်။

"အာလိရောက်ခဲ့တာ ဒီဂူပေါက်ပဲ. . . သူ့ရွှေတုံးတွေရလာတာလဲ ဒီဂူထဲကပဲ ဖြစ်မှာပဲ၊ အပေါက်ဝမှာတော့ ဘာမှတွေ့ရဘူး။ အတွင်းဝင်ကြည့်ကြမလား"

ဇမှန်းထန်က ပြောသည်။

"ရောက်မှတော့ ဝင်ကြည့်ကြတာပေါ့. . . ဒါပေမယ့် အရေးအကြောင်းပေါ်ရင် အဆင်သင့်ဖြစ်အောင်တော့ သတိထားကြ"

ဟုပြောပြီး အတွင်းသို့ဝင်ကြည့်ကြသည်။

ဂူမှာအတွင်းပိုင်းရောက်တော့လည်း အတော်ကျယ်ပြီး အတွင်းဘက်တွင် လူအရိုး၊ တိရစ္ဆာန်အရိုးတို့ကို ထပ်တွေ့ကြရပြန်သည်။

ဂူအတွင်းမှာ သတ္တဝါတစ်ကောင်ကောင်ရှိနေပြီး လူနှင့်တောတိရစ္ဆာန်တို့ကိုဖမ်းယူလာပြီး ဂူထဲရောက်တော့မှစားသောက်ပစ်ရန် တူသည်။





ထိုနေရာနှင့်မနီးမဝေးရောက်သောအခါ ကြမ်းပြင်ပေါ်မှာပြန့်ကျဲနေသောရွှေတုံးရွှေခဲများကို စတင်တွေ့ကြရသည်။

မီးရောင်ကြောင့် အရောင်တလက်လက်တောက်နေသောရွှေတုံးရွှေခဲများမှာ နေရာအနှံ့အပြားမှာရှိနေကြသည်။

"ဟိုမှာ ရွှေတုံးတွေတွေ့ပြီ"

"ကဲ. . . မြန်မြန်လေးသာ ထည့်ကြတော့ဟေ့"

ထိုသို့ပြောပြီး တွေ့သမျှ ရွှေတုံးရွှေခဲများကို ခြင်းနှင့် အိတ်များထဲသို့ကောက်ထည့်ကြလေတော့သည်။

သံပချိုင်မှာ လောဘကြီးသူဖြစ်သဖြင့် အခြားသူများကောက်နေသောနေရာမှာ အတူမကောက်ပဲ ပို၍များသောအတွင်းပိုင်းသို့ဝင်ပြီး ကောက်သည်။

အခြားသူများက သတိပေးသော်လည်းမရပေ။

သူဝင်သွားသောနေရာဘက်တွင် ရွှေတုံးရွှေခဲများ ပိုများသည်ဆိုသော်လည်း လူအရိုး တိရစ္ဆာန်အရိုးများက အနှံ့အပြားရှိနေပြီး သွေးညှီနံ့နှင့်အပုတ်နံ့များက လှိုင်နေလေသည်။

တစ်နေရာရောက်သောအခါ ရွှေတုံးရွှေခဲများကို လောဘတကြီးကောက်ယူနေစဉ် နောက်ဘက်မှထူးခြားသောအသံတစ်သံကြားလိုက်ရသည်။

ထိုအသံကြောင့် အထိတ်တလန့်နှင့်လှည့်ကြည့်လိုက်သည်။

ထိုအခါမှ သူ့နောက်တွင်ရပ်နေသောလူ့ဘီလူးကြီးတစ်ကောင်ကို တွေ့ရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



လူနှင့်ပုံပန်းသဏ္ဌာန်တူသော်လည်း အရပ်အမောင်းက လူထက်ပိုမြင့်သည်။

တစ်ကိုယ်လုံး အဖုအပိမ့်ကြီးများထွက်နေသောကြောင့် ကိုယ်လုံးက သာမန်လူထက် နှစ်ဆလောက်ပိုကြီးနေသည်။

ခြေတံလက်တံများကလည်း ပိုရှည်သည်။

မျက်နှာမှာလည်း အဖုအထစ်ကြီးများဖြင့် ဘီလူးတစ်ကောင်မျက်နှာမျိုး ဖြစ်နေသည်။

နီရဲနေသောမျက်လုံးနှစ်လုံးက အပြင်သို့ပြူးထွက်နေသည်။

နှာခေါင်းက အထဲသို့ချိုင့်ဝင်နေကာ ပါးစပ်ကပြဲထွက်နေသောကြောင့် ငေါထွက်နေသည်သွားနှင့်အစွယ်တို့က အပြင်သို့ထွက်နေသည်။

လူ့ဘီလူးကြီး၏ပုံပန်းသဏ္ဌာန်မှာမြင်ရုံနှင့် ကြောက်စရာကောင်းလှပေရာ ထိုအခါမှ သံပချိုင်မှာ မျက်လုံးပြူးသွားလေတော့သည်။

သူ့ကိုမြင်တော့ လူ့ဘီလူးကြီးကဖမ်းဆီးရန် ရှေ့သို့တိုးလာလေသည်။

သံပချိုင်လည်း ရွှေတုံးများထည့်ထားသောအိတ်ကိုဆွဲပြီး ထွက်ပြေးလေတော့သည်။

"ပြေးကြဟေ့. . . ဘီလူးကြီးလာနေပြီ"

ထိုအချိန်တွင် နီမောင်တို့တတွေမှာလည်း ရွှေတုံးများကိုကောက်ထည့်နေကြရာ အတော်ရနေကြပြီဖြစ်၏။





သံပချိုင်အော်သံကြားသောအခါ အားလုံးလန့်သွားကြသည်။

"တံတားပေါ်သို့ရောက်အောင် အမြန်ပြေးကြဟေ့"

ထိုသို့အော်ရင်းနှင့်သံပချိုင်က သူတို့အနီးပြန်ရောက်လာသည်။

ကြည့်လိုက်တော့ နောက်မှလိုက်လာသောဘီလူးကြီးကို တွေ့ကြရသည်။

"ထွက်မပြေးကြနဲ့. . . ထွက်ပြေးရင် လွတ်မှာမဟုတ်ဘူး၊ အားလုံးရပ်ပြီး သူ့အခြေအနေကြည့်ရအောင်"

ဟု တိုင်ပင်ပြီး ဓား၊ ကပ်ပါး၊ မီးတုတ်များကိုင်ပြီး ရပ်နေသောအခါ လူ့ဘီလူးကြီးလည်း တုံ့သွားသည်။

"လူတော့ လူပဲ. . . ဘယ်လိုပုံဖြစ်နေတာလဲ"

ဇမုန်းထန်က တိုးတိုးရေရွတ်လိုက်သည်။

"တစ်ကိုယ်လုံး အဖုအပိမ့်ကြီးတွေထွက်ပြီး ပုံပျက်ပန်းပျက်ဖြစ်နေတာက ပြဒါးတွေကြောင့်ပဲ ဖြစ်မယ် နောက်ပြီး အသားစိမ်းတွေစားလို့ အခုလောက်ကြီးသွားနေတာပဲ ဖြစ်မယ်"

"ဘယ်လိုလုပ်မလဲ. . . သူ့ကြည့်ရတာ လူစိတ်ပျောက်နေပြီ၊ သူနဲ့တိုက်ခိုက်လို့ဖြစ်ပါ့မလား"

"ဒီလိုလုပ်မယ်. . . တံတားနားရောက်အောင် တဖြည်းဖြည်း ပြန်ဆုတ်သွားမယ်. . . ပြီးမှ တစ်ယောက်ချင်း ဖြတ်ပြေးမယ် မကောင်းဘူးလား"

နီမောင်အကြံပေးသည့်အတိုင်း သဘောကျကြသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းနှင့်နောက်သို့ဆုတ်ပေးရာ လူ့ဘီလူးကြီးကလည်း ပါးစပ်မှတဂီးဂီး၊ တဂဲဂဲမာန်ဖီရင်း ရှေ့သို့တိုးလိုက်လာသည်။

တံတားထိပ်ရောက်တော့ ရပ်လိုက်ကြသည်။

ဦးစွာ သံပချိုင်က အရင်ပြန်ပြေးလေသည်။

ထိုသို့ပြေးသော်လည်း မှောင်နေသည်ကတစ်ကြောင်း၊ တံတားပေါ်မှာနှင်းရည်များ စိုစွတ်နေသဖြင့် ချော်နေသောကြောင့် ခရီးမတွင်လှပေ။

စိတ်သွားတိုင်း လျင်လျင်မြန်မြန်သွားလို့မရပဲ ဖြေးဖြေးချင်းသာသွားရလေသည်။

ထိုထက် အခြေအနေဆိုးသည်က နှင်းများပိုကျလာခြင်းဖြစ်သည်။

သတိထားပြီးသွားနေရင်းမှ တစ်နေရာရောက်တော့ ခြေချော်ပြီးလဲကျသွားရာ ရွှံတုံးများထည့်ထားသောအိတ်မှာ အောက်သို့ပြုတ်ကျသွားလေတော့သည်။

လောဘကြီးသောသံပချိုင်မှာ ရွှေတုံးအများကြီးထည့်ယူလာသဖြင့် ဟန်ချက်ပျက်ကာ ရွှေအိတ်ပြုတ်ကျသွားခြင်းဖြစ်ပေသည်။

စိတ်ထဲမှယူကျုံးမရဖြစ်မိသော်လည်း မတတ်နိုင်ပေ။

နေရာမှထပြီး တစ်ဖက်ကမ်းသို့ရောက်အောင် သွားရသည်။

သူ့နောက်မှ စောထီးနှင့်ငမဲအောင်တို့တစ်ယောက်ပြီးတစ်ယောက် လိုက်လာကြသည်။





ကျန်ခဲ့သောနီမောင်နှင့်ဇမုန်းထန်တို့မှာလည်း မီးတုတ်နှင့်ရိုက်လိုက် ကပ်ပါးဖြင့်လှမ်းခုတ်လိုက်သဖြင့် လူ့ဘီလူးကြီးရှေ့မတိုးအောင် ခြောက်လှန့်ထားကြသည်။

"ကဲ. . . ဦးလေး သွားပေတော့၊ သူ့ကို ကျွန်တော်ထိန်းထားပေးမယ်"

"မင်းတစ်ယောက်တည်း ဖြစ်ပါ့မလား"

"ဒီလိုပဲလုပ်ရမှာပဲ မြန်မြန်သာသွားပေတော့. . . ဟိုဘက်ရောက်ရင်သာ သုတ်ကိုင်းကြိုးကိုခုတ်ဖြတ်ဖို့ အဆင်သင့်ပြင်ထား"

ဇမုန်းထန်ကခေါင်းညိတ်ပြပြီး တံတားပေါ်သို့ ခပ်သုတ်သုတ်သွားလေတော့သည်။

နေရာတွင် နီမောင်တစ်ယောက်တည်းကျန်ခဲ့သောအခါ လူ့ဘီလူးကြီးကဂရုမစိုက်တော့ပဲ ရှေ့သို့တိုးဝင်လာလေတော့သည်။

အနားရောက်လာသောနီမောင်က မီးတုတ်ဖြင့် လှမ်းခုတ်သည်။

လူ့ဘီလူးကြီးက ပထမတစ်ချက်ကိုသာ လက်ဖြင့်ကာပြီးနောက်တစ်ချက်ရိုက်တော့ မီးတုတ်ကို လက်ဖြင့်ရိုက်ချလိုက်ရာ လွင့်စင်ကျသွားလေသည်။

ထိုအခါ နီမောင်ကို လက်ဖြင့်ဖမ်းဆွဲလေသည်။

နီမောင်က ကပ်ပါးဖြင့် ခုတ်သည်။

ချက်ကောင်းထိသော်လည်း နောက်မဆုတ်ပဲ ထပ်ဆွဲ



www.burmeseclassic.com

www.burmeseclassic.com



ပြန်သည်။

မလွတ်သာတော့သဖြင့် အောက်ဘက်သို့လှဲချကာ ခြေထောက်ကို ကပ်ပါးဖြင့်ခုတ်သည်။

"ဒုတ်. . . ."

ကပ်ပါးက အသွားထက်သောကြောင့် ခြေဖဝါးတစ်ခြမ်းပြတ်ကျသွားသည်။

လူ့ဘီလူးကြီးက အထိနာသွားသောကြောင့် ဝူးဝူးဝါးဝါးအော်ရင်း နံဘေးနားမှာရှိသောကျောက်တုံးကိုယူပြီး အပေါ်မှပေါက်ချသည်။

သူလက်မြှောက်လိုက်စဉ်မှာပင် နီမောင်က ဘေးသို့လှိမ့်ထွက်ပြီးရှောင်သဖြင့် သီသီလေးလွဲသွားလေသည်။

လူ့ဘီလူးကြီးက နောက်တစ်ကြိမ်ကျောက်တုံးတစ်တုံးကောက်ယူနေစဉ်မှာပင် နီမောင်က ကျောက်တံတားရှိရာသို့ထွေပြေးလေသည်။

ထိုအခါ ကျောက်တုံးကြီးကိုပြန်ပစ်ချပြီး ထော့နဲ့ထော့နဲ့ဖြင့် နောက်မှပြေးလိုက်လာသည်။

ဘီလူးကြီးမှာခြေထောက်နာနေသော်လည်း ထိုတံတားပေါ်မှာသွားလာနေကြဖြစ်သောကြောင့် အတော်မြန်သည်။

နီမောင်မှာသာ အောက်မှချော်နေသောကြောင့် သတိဖြင့် သွားနေရသည်။

သို့တိုင်အောင် ဟန်ချက်ပျက်သွားပြီး အောက်သို့ပြုတ်ကျလုမတတ် ဖြစ်ရသေးသည်။





ထိုသို့ဟန်ချက်ပျက်ပြီး အရှိန်တန့်သွားလျှင် နောက်မှလိုက်လာသောလူ့ဘီလူးကြီးက မှီလာပြီး လက်ဖြင့်လှမ်းဆွဲသည်။

ထိုသို့ဆွဲလျှင် ကပ်ပါးဖြင့်လှည့်ခုတ်ပြီး ဆက်ပြေးရပြန်သည်။

တစ်ဖက်ကမ်းသို့ရောက်ကာနီးတော့ ယာမီကိုအသံကိုကြားရသည်။

"အစ်ကို. . . နောက်ကလိုက်လာနေတာ မှီတော့မယ် . . . မြန်မြန်ပြေး. . . မြန်မြန်ပြေးခဲ့"

သို့ကြောင့် သတိကြီးစွာထားပြီး မြန်မြန်ပြေးရာ တစ်ဖက်ကမ်းသို့ပြန်ရောက်သွားလေသည်။

ထိုအချိန်မှာ ဘီလူးကြီးကလည်း နောက်မှထက်ကြပ်မကွာလိုက်လာရာ ချောက်ကမ်းပါးနှင့်နီးလာသောအခါ လွယ်နောင်က သုတ်ကိုင်းကြိုးကိုခုတ်ဖြတ်ချလိုက်တော့သည်။

"ဒုတ်. . . ."

"ဝှီး. . . ."

"ဝုန်း. . . ."

ထိုအသံများက တစ်ပြိုင်နက်တည်း ပေါ်ထွက်လာပြီး လေးကိုင်းသဖွယ်ဖြစ်နေသောသစ်လုံးတံကြီးက လူ့ဘီလူးကြီးကို အရှိန်ပြင်းပြင်းဖြင့် ရိုက်ချလိုက်ရာ ချောက်ထဲသို့ပြုတ်ကျသွားလေတော့သည်။

ထိုအခါမှပင် အားလုံးမှာ သက်ပြင်းချနိုင်ကြလေတော့



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သည်။

နီမောင်တို့အတွက်တော့ အန္တရာယ်များလှသော'နဝမမြောက်မရဏတံတား'ကို ကျော်ဖြတ်နိုင်ခဲ့ကြပြီ ဖြစ်ပေတော့သတည်း။



# အခန်း(၁၇)

## နှလုံးသားချင်းဆက်တွဲလက်မဏ္ဍာ

ထိုအဖြစ်အပျက်များဖြစ်ခဲ့ပြီး ရက်အနည်းငယ်ကြာသောအခါ လီဒိုလမ်းဖောက်သောနေရာနှင့် ဝေးသောနေရာမှ ကွင်းရှောင်ပြီး ပြန်ခဲ့ကြရာ နံနှိုက်ရွာသို့ချောမောစွာ ပြန်ရောက်ကြလေသည်။

ထိုရွာသို့ပြန်ရောက်သောအခါ ၎င်းတို့ရလာသောရွှေတုံးများကိုစုပေါင်းပြီး အညီအမျှခွဲဝေယူကြသည်။

ဦးထန်ဖုန်းရှိန်ကတော့ ပြောသည်။

"ငါတို့လို တောထဲမှာနေတဲ့သူတွေအတွက်ကတော့ ဒီရွှေတုံးတွေက ဘာမှတန်ဖိုးမရှိလှပါဘူး။ ဗူးသီးတစ်လုံးကမှ ချက်စားလို့ရသေးတယ်. . . ရွှေတုံးရှိလည်း ငါတို့အရပ်မှာတော့

www.burmeseclassic.com



ဘာမှလုပ်လို့မရပါဘူး၊ တစ်ခါတလေ ရပ်ဝေးက ကုန်သည်တွေရောက်လာရင်တော့ သူတို့မှာပါတဲ့ကုန်ပစ္စည်းတွေနဲ့ လဲယူတန်ယူရမှာပဲ"

ထိုအခါ လွှယ်နောင်. . . .

"ကျွန်တော်တို့ မောင်နှမနှစ်ယောက်အတွက်ကတော့ ရွှေတုံးတွေရလာတာထက် စွန့်စားရတဲ့ခရီးသွားအတွေ့အကြုံတွေရခဲ့တာက ပိုပြီး တန်ဖိုးရှိလှတယ်"

ဟု ဝင်ပြောသည်။

ထိုရွာပြန်ရောက်ပြီးနောက် မိမိတို့အရပ်ဒေသသို့ပြန်ကာနီးတော့ နီမောင်က ယာမီကိုနှင့်တွေ့ပြီး မေးလေသည်။

"ငါတို့ပြန်တော့မယ်. . . နင် ငါ့ကိုအဖြေပေးနိုင်မလား"

"အဖြေမပေးခင် မေးစရာတော့ရှိသေးတယ်"

"ဘာမေးမှာလည်း မေးလေ"

"ငါကို တကယ်ချစ်တာဟုတ်ရဲ့လား"

"မချစ်ပဲနဲ့တော့ ဒီစကားမျိုးပြောပါ့မလား ယာမီကိုရယ်၊ အခုထိ ငါကိုမယုံကြည်သေးဘူးလား"

"ယုံကြည်ပါတယ်. . . ဒါပေမယ့် သေချာအောင်တော့ မေးရတာပေါ့"

"ငါ နင့်ကို တကယ်ချစ်တာပါ. . . တစ်သက်လုံး သစ္စာရှိရှိနဲ့လက်တွဲသွားပါ့မယ်"

"ဒီစကားကြားရတာ ဝမ်းသာပါတယ်. . . ဒီလိုဆိုရင်





လည်း အဖေ့ဆီမှာ တောင်းရမ်းပြီး ယူပေါ့. . . ငါ လက်ခံပါတယ်"

ဟု အပြုံးလေးဖြင့် ပြောသည်။

ထိုအခါမှ နီမောင်လည်း တထင့်ထင့်ဖြစ်နေသောမတင်မကျ ကိစ္စတစ်ခုအဖြေရသဖြင့် ပျော်ရွှင်လာလေတော့သည်။

"နင့်ဆီက ဒီလိုစကားမျိုးကြားရတာ ငါဝမ်းသာပါတယ် ယာမီကိုရယ်"

ထိုကဲ့သို့ တစ်ဦးနှင့်တစ်ဦး နားလည်မှုရသွားကြပြီးနောက်တွင် လူကြီးများကိုအသိပေးခွင့်တောင်း၍ နာဂဓလေ့ထုံးစံအတိုင်း ထိမ်းမြားလက်ထပ်ခြင်းပြုကြလေသည်။

နီမောင်ဘက်မှ ဦးမွန်ထော်က မိဘနေရာမှဆောင်ရွက်ပေးလေသည်။

၎င်းတို့ရလာသော ရွှေတုံးအချို့ရောင်းချပြီး နွား၊ ဝက်စသည်တို့ဝယ်ယူပြီး မင်္ဂလာပွဲတွင်ကျွေးမွေးလေသည်။

ထို့နောက် နာဂရွာတွင် ရက်အတန်ကြာအောင်နေပြီးမှ မိမိတို့နေရပ်သို့ပြန်ရန် ပြင်လေသည်။

ပြန်ကာနီးတော့ လွှယ်နောင်က ပြောသည်။

"ငါ့ညီမကို မင်းနဲ့ပေးစားရတာ ငါတော့ သိပ်ပြီးဝမ်းသာတာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ မင်းကသတ္တိကောင်းတဲ့သူပဲ. . . လူ့ဘီလူးကြီးကိုတောင် ချောက်ထဲပြုတ်ကျအောင်လုပ်နိုင်တယ်"

ထိုစကားကြားတော့ နီမောင်ကရယ်နေသည်။

"ငါတစ်ယောက်တည်း သတ္တိကောင်းလို့မဟုတ်ပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ကွာ. . . အားလုံးတက်ညီလက်ညီနဲ့သတ္တိကောင်းကြလို့ နိုင်ကြတာပါ"

"ဘာပဲဖြစ်ဖြစ် ငါကတော့ မင်းကိုသဘောကျတယ်၊ ဖြစ်နိုင်ရင် ငါတို့ရွာမှာပဲ အမြဲနေစေချင်တာ"

"ဟိုမှာ. . . ငါ့မိဘတွေရှိသေးတယ်. . . ဟိုမှာ သူတို့အတွက်စီစဉ်စရာတွေ စီစဉ်ပေးပြီးလို့ ချွေးမချောကိုပြုပြီးရင် ငါတို့ပြန်လာခဲ့ပါ့မယ်"

"ဒီစကားကြားရတာ ဝမ်းသာပါတယ်ကွာ. . . ငါ့ညီမလေးကိုသာ ဂရုစိုက်လိုက်ပါ"

"စိတ်ချပါ. . . ယောက်ဖရယ်"

ဟုပြောရာ လွယ်နောင်က ရယ်နေလေသည်။

ထို့နောက်မှာတော့ နီမောင်၊ ဦးမွန်ထော်၊ စောထီး၊ ငမဲအောင်၊ သံပချိုင်တို့ငါးယောက်အပြင် ယာမီကိုပါပါလာသောကြောင့် ခြောက်ယောက်ဖြစ်သွားသော ခရီးသွားအဖွဲ့သည် နန်ရှိဂန်ရေတောင်တန်းကြီးရှိသောနေရာကို ကျောခိုင်းကာ မိမိတို့အရပ်ဒေသသို့ ပြန်ခဲ့ကြလေသည်။

သူတို့စိတ်ထဲမှာတော့ လာတုန်းကနှင့်မတူကြတော့ပဲ ရွှေတုံးများရလာခဲ့သောကြောင့် ပျော်ရွှင်တက်ကြွနေကြလေသည်။

ဆာဒူးကြီးနှင့်တွေ့စဉ်က ပြောခဲ့သလို တံတားကိုးစင်ကျော်ဖြတ်ပြီးပါက ချမ်းသာခြင်းနှင့်တွေ့နိုင်သည်ဆိုသောစကားမှာ ယခုတော့ မှန်ကန်ခဲ့ပေပြီ။





နီမောင်အတွက်ကတော့ ရွှေတုံးများထက်ပိုပြီး နှစ်သက်ဖွယ်ဖြစ်စေသော ချစ်သူတစ်ယောက်ကိုရခဲ့သောကြောင့် အခြားသူများထက်ပိုမို ပျော်ရွှင်နေမည်ကတော့ သေချာလှပါသည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော(နဝမမြောက်ကျောက်ပြဒါးလမ်း)အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း နိဂုံးကမွတ် အဆုံးသတ်ပြီ ဖြစ်လေတော့သတည်း။

အနီယာဟောတုသုခိအတ္တာနံပရိဟရန္တု. . . ။

## ကြိုသင်

စာပြီးချိန် - ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ( ၅ )ရက်၊
ကြာသပတေးနေ့ နံနက်( ၉ ) ရက်. . . ။



BURMESE CLASSIC .com

www.burmeseclassic.com